www.burmeseclassic.com

ငါသေခဲ့သော်...
ငါ့နိုင်ငံတော်အတွက်၊ သွေးတစ်စက်မျှ
ပေးဆက်ရခြင်း။ ရလာဒ်ကြွင်းကို
သေတွင်းထဲမှ၊ ငါခုန်ထ၍
အားရဝမ်းသာ ဖြစ်ရစေ။

# မောင်လှမျိုး

(ချင်းချောင်းခြံ)

# U-G 18

BURMESE CLASSIC .com



(ဒီမိုကရေစီသမိုင်းနောက်ခံ "ဘဝ" ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသည့်ကာလ - ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ
(ပထမအကြိမ်)
စာအုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ကွန်ပျူတာ - ပြည့်ဖြိုး
မျက်နှာဖုံးဒီဇိုင်း - မင်းမြင့်နိုင်

ထုတ်ဝေသူ

ဒေါ်တင်တင်အုန်း (၀၃၇၄၀) စိန်သရဖူစာပေ
အမှတ် (၆၆)၊ (၆) လမ်း၊ လမ်းမတော်မြို့နယ်။

အတွင်းပုံနှိပ်သူ

ဦးကျော်ရှင် (၀၅၄၁၇)(ရွှေခြသေ့်ပုံနှိပ်တိုက်)
(၂၂၅) အခန်း-၂ (၃၁)လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ

ဦးအေးမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)
(၁၂၉၉) အောင်သုခ(၂၇)လမ်း၊ (၆)ရပ်ကွက်၊ သာကေတ။

၀၉၅ . ၈၃
လှမျိုး မောင် (ချင်းချောင်းခြံ)
U.G.18 / မောင်လှမျိုး (ချင်းချောင်းခြံ) - ရန်ကုန်၊
စိန်သရဖူစာပေ ၊ ၂၀၁၂ ။
၃၇၅ - စာ ၊ ၁၁ ၉ × ၁၇ .၅ စင်တီ။
(၁) U.G.18

BURMESE CLASSIC .com

တင်တင်အုန်း
စီ စ ဉ် သ ည်

# စိန်သရဖူ
စာပေ

အမှတ်(၆၆)၊ ပထမထပ်၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၂၁၇၅၂

www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး [ချင်းချောင်းခြံ]

# U.G 18

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၈ ခုနှစ်၌ မမွေးဖွားသေးသော

တူမလေးကျော့ရှင်းသွယ်နှင့် ဒီမိုကရေစီသို့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သေရင်အာဇာနည် ရှင်ရင်သူ့ရဲကောင်း

ဦးစွာပထမ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွက်၊ ကောင်းမြတ်မှန်ကန်သည့်စိတ်ဓာတ်ဖြင့်၊ အသက်၊ သွေး၊ ချွေးတို့ကို၊ ရဲရဲဝံ့ဝံ့စွန့်စားစွာ၊ ပေးဆပ်ခဲ့ကြကုန်သော၊ ကျဆုံးခဲ့ကြကုန်သော၊ ရဟန်း ရှင် လူ၊ ကျောင်းသား ကျောင်းသူတို့နှင့်တကွ (မည်သည့်လူတန်းစားကိုမဆို၊ မည်သည့်လူမျိုးကို မဆို)၊ ဤစာမျက်နှာများမှ တစ်ဆင့်၊ နှလုံး သည်းပွတ်ဖြင့်၊ တ,သကြေကွဲစွာ တမ်းတ,လျက်၊ မြတ်နိုးရိုကျိုးစွာ၊ အလေးပြုပါသည်။

ထို့ပြင် တစ်ဝ၊ ယနေ့ထက်တိုင် (နောင် ...အနာဂတ်တိုင် အဆုံး)၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွက်၊ ဘဝအနစ်မွန်းခံကာ၊ စွမ်းစွမ်းတမံ၊ ကြိုးပမ်းဆောင်ရွက်လျက် ရှိကြကုန်သော၊ မြန်မာ ပြည်ချစ်သူ့ရဲကောင်းများကိုလည်းကောင်း၊ တိုး ...ရှေးပဖေသဏီ မင်းအဆက်ဆက်၊ ခေတ်အဆက်ဆက်၊ မှ ...သည်၊ ယနေ့ထက်တိုင်၊ မြန်မာနိုင်ငံတော်အတွက်၊ အသက်ပေးစတေးခဲ့ကြကုန်သော၊ ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်, ရဟန်းအာဇာနည်, လူ့အာဇာနည်တို့အား လည်းကောင်း၊ လက်အုပ်ချီမိုး ရှိခိုးလျက်၊ နှိမ့်သလေးမြတ်စွာ ဂါရဝ,ပြုပါသည်။

အမှန်က၊ ဒီ ... ဝတ္ထုကို၊ သေရင် အာဇာနည်, ရှင်ရင် သူ့ရဲကောင်း

www.burmeseclassic.com



... လို့ အမည်ပေးချင်တာပါ။ ဒါပေမဲ့ ... ဘဝ, နေနည်းနဲ့သက်ဆိုင်တဲ့ စာအုပ်တစ်အုပ်ကို၊ ဒီ ... နာမည် ပေးပြီးပြီ ဖြစ်တဲ့အတွက်၊ ဒုတိယ ... အလိုက်ဖက်ဆုံး၊ (အနှစ်သက်ဆုံး)၊ အမည်ဖြစ်တဲ့ ... **U.G 18** ... လို့ပဲ၊ အမည်ပေးလိုက်ရခြင်း၊ ဖြစ်ပါသည်။

✳

ပြည်သူကို၊ ဒုက္ခပေးမှု၊ ဖောက်ပြန်ရေးသမား မတုတ်။ ရသည့် ဘဝ, ဖြစ်သည့်အခြေနှင့် မတင်းတိမ်နိုင်ဘဲ၊ မိမိ အခွင့်အာဏာ၊ ရာထူး ဌာနန္တရကို၊ အမှီပြုလျက်၊ ကျိုကျိုတက် ကြွယ်ဝ,အောင်၊ ဆောင်ရွက်နေကြ သူများသည်လည်းကောင်း၊ ရသည့်လ,စာထက်၊ ပိုမိုကြွယ်ဝ,နေကြသူ များသည်လည်းကောင်း၊ ဖောက်ပြန်သူများ ... တု၊ ငယ်စဉ်ကတည်းက၊ ကျွန်တော် ရိုးစွပ်ခဲ့ပါသည်။

ကိုယ့်ကိုယ်ကိုယ်၊ အခွင့်အာဏာကို အသုံးပြုသူတို့နှင့်၊ ပူးပေါင်း လျက်၊ ကိုယ့်ဘဝ ကြွယ်ဝ,အောင်၊ လုပ်ခဲ့မိလေသလား ...တု၊ လူမှန်းသိစ, ကတည်းက၊ အစဉ် ... ဆန်းစစ်ခဲ့ရသည်။ မည်သူမဆို၊ လက်မောင်း ကြွက်သားကြီး ညွှစ်ထုတ်ပြလျက်၊ တိုင်းပြည်အတွက်၊ ဘာမျှမစွမ်း ဆောင်နိုင်ခဲ့သော်ငြား၊ ကိုယ့်လ,စာ၊ ကိုယ့်အရည်အသွေးလောက်မျှနှင့်၊ အပိုအလိုမရှာ၊ နွမ်းပါးစွာ ...“ဘဝ” ရပ်တည်ခဲ့ကြသူတို့သည်လည်း၊ တိုင်းပြည်၏သူရဲကောင်းများ၊ အာဇာနည်များအဖြစ်၊ (ကျွန်တော်အပါအဝင်) အားလုံးက၊ အသိအမှတ်ထားကာ အလေးအမြတ်ပြုရမည်ပင် ဖြစ်သည်။





ပြည်ကျိုးကို မဆောင်နိုင်သည့်တိုင်၊ ကိုယ်ကျိုးကို မရှာခဲ့ကြ ရှာသော၊ မည်သူ့ကိုမဆို အာဇာနည်သူရဲကောင်းများအဖြစ်၊ ကျွန်တော်, လိုက်လှဲစွာ၊ အလေးပြုလိုပါသေးသည်။

✳

ဤ ... (အပြော) ဝတ္ထုစာအုပ်သည်။ ၁၉၈၈–ခုနှစ်က၊ ကျွန်တော် ... သေဆုံးခဲ့လျှင်၊ ကျွန်တော် ရေးသားဖြစ်လိမ့်မည်မဟုတ်ပါ။ ကျွန်တော် သည်၊ သမိုင်းထဲက လူ (သာမန်) တစ်ဦးအဖြစ်၊ ကိုယ့်ကိုယ်ကိုယ် ခံယူ လျက်၊ ဤစာအုပ်ကို၊ ရေးသားပါသည်။ ထို့ကြောင့် ဤ (အပြော) ဝတ္ထု စာအုပ်သည် ... (စကားပြောပုံစံဖြင့်၊ ရေးသားတင်ပြထားသော၊ စာအုပ် သည်) နိုင်ငံတစ်နိုင်ငံ၏ ကြီးမားကျယ်ပြန့်လှန်သော၊ သမိုင်းကြောင်းကြီးထဲ မှ၊ ဆယ်ကျော်သက်၊ လူငယ်တစ်ဦး၏၊ သမိုင်းနှင့် ထိတွေ့ခဲ့ရသည့်၊ သာမန် မှတ်တမ်းငယ်လေးမျှသာ ဖြစ်ပါသည်။ (နိုင်ငံရေး သမ္မာကျမ်းစာကြီးတစ် စောင်ပမာ၊ မဖတ်ရှုမိစေရန်၊ ရိုသေလေးမြတ်စွာ၊ ပန်ကြားလိုပါသည်။)

ကျွန်တော့် ဘဝ,လုံခြုံရေးအရ၊ (သိမ်းဆည်း မြှတ်နိုးခဲ့ရသော နေ့စဉ်မှတ်တမ်းနှင့်၊ အခြားသော အမှတ်တရ) ပစ္စည်းများကို၊ လွှန်ခဲ့သော နှစ် များစွာက,ပင်၊ ဖျောက်ဖျက်ပစ်ခဲ့ရသည့်အတွက်၊ ဤ (ဝတ္ထု) စာတမ်း များတွင်၊ နေ့, ရက် ကာလ, ဒေသများ၊ အဖြစ်အပျက်များသည်၊ မူလ, သမိုင်းကြောင်းနှင့် လွဲချော်ခဲ့သည်ရှိသော်၊ ဖြည့်ဆည်း (နားလည်)ပေးတော်မူ ပေးစေလိုပါသည်။ ဆယ်ကျော်သက် လူငယ်တိုင်း၊ တိုင်းရေးပြည်ရေးကို၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားစေလိုသော၊ အဓိက, ရည်ရွယ်ချက်၊ တစ်ခုတည်းဖြင့် ဤစာအုပ်ကို ရေးခြင်း ဖြစ်ပါသည်။

ရန်မျိုးအောင် ... ဟု၊ အမည်ပေးလိုက်သော၊ ဇာတ်ကောင်သည်၊ တော်လှန်ရေး ခေါင်းဆောင်လည်းမဟုတ်။ နိုင်ငံရေး ပညာရှင်လည်း မဟုတ်သော၊ သမိုင်းထဲက၊ သာမန်လူ တစ်ဦးသာ ဖြစ်ပါသည်။ ထို လူ (သာမန်) တစ်ဦး၏၊ စိတ် ခံစားမှု, စိတ်ဆန္ဒ, (လက်လှမ်းမီသလောက် ထမ်းရွက်ခဲ့သည့်) သမိုင်းပေးတာဝန်တို့ကို၊ တင်ပြဖော်ဆောင်ရာ၌၊ ထိုခေတ်, ထိုအခါက၊ ပြည်သူလူထု၏၊ ကိုယ်ပွားငယ်တစ်ခုအဖြစ်၊ ပေါ်လွင်ခဲ့သည် ဆိုရုံမျှဖြင့်၊ ဤစာအုပ်ကို၊ ရေးသားရကျိုး၊ နပ်ပြီ ... ဟု၊ ကျွန်တော် ခံယူပါသည်။ ထို ... အခါကာလ,က၊ တရားမျှတ,မှုကို လိုလားသော၊ လူငယ်ထုအားလုံးကို၊ ကိုယ်စားပြုသည် ... ဟုလည်း၊ မှတ်ယူစေလိုပါသည်။ လူငယ်များကို၊ တိုင်းရေး ပြည်ရေးထဲ၊ ဝင်မပါအောင်၊ တန့်တား သင်အံပေးခဲ့ကြသော၊ မည်သူ့,ကိုမဆို၊ အနာဂတ်ကို၊ လုပ်ကြံသူ ... ဟု၊ ကျွန်တော် ယိုးစွပ်ဖူးသကဲ့သို့၊ လမ်းအမှား, ယုံကြည်မှုအမှား ... များဆီသို့၊ တွန်းပို့လှေ့ရှိသူများကိုလည်း၊ အနာဂတ်ကို၊ မိုင်းတိုက်သူ ... ဟု၊ ကျွန်တော်ထင်မြင်ခဲ့ဖူးပါသည်။ ထို ... လူ (၂) မျိုးစလုံးထဲတွင်၊ ကျွန်တော် မပါဝင်လိုပါ။

လူငယ်သည် နိုင်ငံ၏ အနာဂတ်ဟု၊ ဆိုထားကြပါလျက်၊ လူငယ်ကို ဖြုံခွင်းခြင်း၊ ပိတ်ပင်ခြင်း၊ အာရုံမှားစေခြင်းသည်၊ တိုင်းပြည်နိုင်ငံ၏ အနာဂတ်ကို၊ ဖျက်ဆီးခြင်းသာ ဖြစ်ပါသည်။

တိုင်းပြည် ငြိမ်းချမ်းပါက လူငယ်တွေ၏ နေရာ ... ကျယ်ပြန့်ပါသည်။ တိုင်းပြည် ယိမ်းယိုင်ပါက၊ လူငယ်တွေ၏ ဘဝ ... ယိမ်းယိုင်တတ်ပါသည်။ ကျွန်တော့်ဇာတ်ကောင်၊ ရန်မျိုးအောင်၏ ဘဝ, မယိမ်းယိုင်အောင်၊ သူ ... ဘာတွေ ဘယ်လို လှေ့လာ သိမြင် ရင်ဆိုင်ခဲ့သလဲ ဆိုတာ ကျွန်တော် မဖော်ညွှန်းနိုင်ခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် ထိုစဉ်အခါက၊ သူ့ဘဝကို၊ မည်သည့် နိုင်ငံရေး ဦးဆောင်စနစ်ကမှ၊ လမ်းပြ ဖော်ညွှန်းပေးနိုင်ခဲ့ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

သို့သော် ... ရန်မျိုးအောင်သည် ကိုယ့် ယုံကြည်ချက်နှင့် ... ကိုယ်၊ ကိုယ့် မျှော်လင့်ချက်နှင့် ... ကိုယ်၊ သမိုင်းထဲမှာ၊ ဆက်လက်ရှင်သန်နိုင်စွမ်းရှိခဲ့၏။ ထို့ကြောင့် သူသည် ... သမိုင်း၊ သမိုင်းသည် သူအဖြစ်၊ ကျွန်တော် မြင်အောင် ရေးသားခဲ့ရသည်။ ။

မည်သို့ပင်ဖြစ်စေ တိုင်းနိုင်ငံအတွက်၊ အသက် ဘဝ,တို့ကို၊ စတေးခဲ့ကြသူများအားလုံးတို့အား၊ သေရင် အာဇာနည်၊ ရှင်ရင် သူရဲကောင်း အဖြစ် ရိုကျိုးတ[illegible]ထားလျက်၊ ကျွန်တော် ... လေးမြတ်စွာ ဂါရဝပြုနေပါဦးမည်။

တ,သစ္စာ၊ အလေးပြုလိုက်ပါသည် ...။

(လွန်ခဲ့သော ကာလ,များက၊ ရေးသားခဲ့ဖူးသည့်၊ အမှာစာ တချို့တွင်၊ "ကျွန်တော် မပျော်နိုင်သေးပါ" ... ဟု၊ ကျွန်တော်၊ ရင်ဖွင့်တင်ပြခဲ့ဖူးပါသည်။ ရေးချင်ရာ ... ကို၊ ရေးသားခွင့် မရရှိသေးသဖြင့်၊ မပျော်နိုင်သေးခြင်း ... ဖြစ်ကြောင်း၊ ပိတ်ဆွေ (စာဖတ်သူ) များ၊ ခန့်မှန်းသိရှိကြပေလိမ့်မည်။

ယခု ... ရေးချင်ရာ ... ရေးလို့ ရပြီ ... ဟု၊ ယူဆ,ချင်သဖြင့်၊

www.burmeseclassic.com



ကျွန်တော် ... စိတ်တထင့်ထင့်ဖြင့်၊ ရေးသားတင်ပြလိုက်မိပေပြီ။ အားလုံးနှင့်တကွ၊ ကျွန်တော် ... ပျော်ပိုက်ရှင်မြူးချင်ပေပြီ ...)။ ။

လေးစားခင်မင်လျက်,

မောင်လှမျိုး(ချင်းချောင်းခြံ)
2012 - June 19
10:46 (a.m)



# မြေစာ

www.burmeseclassic.com

www.burmeseclassic.com

## (က)

U.G (ယူ ဂျီ) ဆိုတာ၊ (Under Ground) ဆိုတဲ့ ဝေါဟာရရဲ့ အတိုကောက် စာလုံးဆိုပါတော့။ မြန်မာ အဓိပ္ပာယ်၊ မြေအောက်တော်လှန်ရေးလို့ပဲ၊ ခေါ်မလား။ မပြောတတ်ပါဘူး။

တိုင်းပြည်တစ်ပြည်ရဲ့၊ ခေတ်အဆက်ဆက်မှာ၊ အုပ်ချုပ်သူမင်းအစိုးရကို၊ (ကိုလိုနီ အစိုးရကိုပဲ ဖြစ်ဖြစ်၊ အမျိုးသား အစိုးရကိုပဲဖြစ်ဖြစ်)၊ ဆန့်ကျင်, တော်လှန် (တိုက်ခိုက်) ကြတော့မယ်ဆိုရင်၊ ထင်ထင်ပေါ်ပေါ် တိုက်ခိုက်တော်လှန်တာမျိုး ရှိသလို၊ ဗျူဟာသဘောတရားအရပဲ ဖြစ်ဖြစ်၊ အားအင်မမျှတဲ့ အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ်၊ U.G (Under Ground) [မြေအောက်တော်လှန်ရေးအဖွဲ့] မျိုး ဖွဲ့စည်းပြီး၊ စည်းရုံးတာ၊ လှုံ့ဆော်တာ၊ စီမံတာမျိုးလည်း၊ ရှိကြရတယ်။

ကျွန်တော်တို့၊ ဘာကို တော်လှန်ခဲ့ကြသလဲ။

ဘာလို့ တော်လှန်ခဲ့ကြသလဲ။

ဘာကြောင့် တော်လှန်ခဲ့ကြသလဲ။

ဘယ်လို တော်လှန်ခဲ့ကြသလဲ။

(အောင်ရော . . . အောင်မြင်ခဲ့ကြရဲ့လား)။

ကျွန်တော့် နာမည် ရန်မျိုးအောင်။



www.burmeseclassic.com

www.burmeseclassic.com



U.G (18)... လို့ခေါ်တဲ့၊ မြေအောက်တော်လှန်ရေးအဖွဲ့ ... ရဲ့ အဖွဲ့ဝင်။ အသက် (၂၁)။

*

ဒီအသက် ဒီအရွယ်လေးနဲ့ ဒီအဖွဲ့ထဲဝင်ပြီး ကျွန်တော်တို့ ဘာကြောင့်၊ ဒီ တော်လှန်ရေးအလုပ်ကို၊ လုပ်ခဲ့ကြတာလဲ။

အသက်လေးမှ (၂၁) နှစ်တည်းပါဗျာ။ ကိုယ့်အိမ်အလုပ်ကိုယ် ... ကူလုပ်၊ ကိုယ့်ရည်းစားနဲ့ကိုယ်၊ လျှောက်သွား၊ ပျော်ပါး၊ ကိုယ့်ကျောင်းကိုယ်တက်၊ ကိုယ့်တဝ,ကိုယ်ထောင်ရမယ့် အရွယ်လေးပါ။

လမ်းဘေးမှာ ဂစ်တာတီး၊ သီချင်းတွေ အော်ဆို၊ အဝတ်အစား ဒီဇိုင်းအသစ်တွေနဲ့ တက်ကိုယ်လုံး ဆင်မြန်းပြီး ... လူပျိုလှည့်ရမယ့် အရွယ်ပါ။ ဒါပေမဲ့ ... ကျွန်တော်တို့ လူပျိုလှည့်ဖို့ အချိန်မရခဲ့ဘူး။

ကိုယ် နင်းထားတဲ့ မြေကြီး၊ ကိုယ်ရှင်သန်တဲ့ တိုင်းပြည်ကို၊ ဘယ်သူ အုပ်စိုးပြီး၊ ဘာတွေလုပ်နေသလဲ၊ တွေးသိမိလိုက်တဲ့ အချိန်မှာပဲ၊ ဇာတိသွေး ... တွေ၊ တဖွားဖွား အုံကြွလာပြီး တော်လှန်ရေး စိတ်ဓာတ်တွေ၊ တဝုန်းဝုန်းထ, လာရတော့တာပေါ့။

တစ်ခုတော့ ဝန်ခံပါတယ်ဗျာ။ အမှောင်ထဲက ကျွတ်ကျွတ်ချင်းတော့၊ တော်လှန်ရကောင်းမှန်း၊ ဘယ်သိမှာလဲ၊ တော်လှန်တယ်





... ဆိုတာ၊ ဖိနှိပ်မှု ရှိမှ၊ သူ့အလိုလို ထ,ကြွလာတဲ့၊ မွေးရာပါ ... လူသား စိတ်ပါ။

ပိတ်ပင်တားဆီးထားတယ် ... ဆိုတာ၊ မသိမချင်း၊ လူဆိုတာ၊ ကိုယ့်ကိုယ်ကိုယ်၊ လွတ်လပ်နေတယ် ... လို့၊ ထင်မိတတ်တယ်လေ၊ ဖိနှိပ်ချုပ်ချယ်တာ ခံနေရပြီ ... လို့၊ သိပြီဆိုတာနဲ့၊ (အပိတ်အပင်, အတားအဆီးတွေကြားထဲမှာ၊ နေနေရသူ ... လို့၊ ကိုယ့်ကိုယ်ကိုယ် သိလိုက်ရပြီဆိုတာနဲ့)၊ လူဆိုတာ၊ ရုန်းထွက်ဖို့ ကြိုးပမ်းရတော့တာပါပဲ။

အသိဉာဏ် မြင့်မားတဲ့ "လူ" မဆိုထားနဲ့၊ အသိဉာဏ်နိမ့်ပါးတဲ့ တိရစ္ဆာန်တောင်၊ ဖိနှိပ်ချုပ်နှောင်ထားရင်၊ ဘယ် ... ငြိမ်ခံနေမှာလဲဗျာ။ ရသလောက်တော့၊ ရုန်းကြ, ကန်ကြ၊ တိုးကြ၊ ဝှေ့ကြရတယ် မဟုတ်လား။

ကျွန်တော်တို့က၊ လူလေဗျာ။

ဦးဆောင်သူ နောက်က၊ ငြိမ်ငြိမ်လေး လိုက်နေပါလျက်၊ းဆောင်သူ ညံ့ဖျင်းရင်၊ (ဒါမှမဟုတ်) ဦးဆောင်သူ မတရားရင်၊ ဒါမှမဟုတ်)၊ ဦးဆောင်သူ လှည့်ဖြားရင်၊ အဲဒီ ဦးဆောင်သူရဲ့ နောက်က, ဆက်လိုက်ဖို့ မဖြစ်နိုင်တော့သလို၊ အဲဒီ ဦးဆောင်မှုရဲ့ အောက်မှာ၊ ငြိမ်ခံနေဖို့ အစီအစဉ် မရှိတော့ဘူး။

စေတနာ မေတ္တာနဲ့ ဦးဆောင်တာ မှန်ရင်တောင်၊ လမ်းအမှားဘက်ကို မှားပြီး ... ခေါ်ဆောင်နေပြီဆိုတာ၊ သိလျက်နဲ့တော့၊ ကျွန်တော်တို့ လမ်းအမှားထဲ ... ဆက်လျှောက်ကြမှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆက်မလျှောက်ချင်တာကို၊ ငြင်းဆန်ပါလျက်နဲ့၊ အမိန့်၊ အာဏာနဲ့၊ ငါ . . . ဦးဆောင်သူ၊ ငါ့ . . . ကို၊ ဘယ်သူမှ ဆန့်ကျင်ခွင့် မရှိဘူး . . . လို့ ငါ တကော,ကောမယ်ဆိုရင်တော့၊ အဲဒီဦးဆောင်သူကို၊ ကျွန်တော်တို့၊ သေချာပေါက် ဆန့်ကျင်ကြရမှာပါပဲ။

ဆန့်ကျင်မှုကို၊ ပိတ်ပင်ဦးမယ်ဆိုရင်လည်း၊ အဲဒီပိတ်ပင်မှုကို၊ တော်လှန်ရမှာပဲ။ တော်လှန်ရေးဆိုတာ၊ လူတစ်ယောက်ရဲ့ မွေးရာပါ ဗီဇတာဝန်ပဲ . . . လို့၊ ကျွန်တော် နားလည်ချိန်မှာ၊ ကျွန်တော့် အသက် (၁၈) နှစ်၊ စွန်းစွန်းလေးပဲ ရှိပါသေးတယ်။

ကျွန်တော့်ရဲ့တော်လှန်လိုစိတ်က၊ အမေမွေးကတည်းက၊ ပါလာတာ မဟုတ်ပါဘူး။ မွေးပြီးမှ၊ လူမှန်းသိခါစ,ကနေ၊ တဖြည်းဖြည်း သမိုင်းဖြစ်စဉ်က,နေ၊ ရင်ထဲကို၊ စီးဝင်လာခဲ့တာပါ။

တကယ်တော့၊ လူဆိုတာ၊ လူ့သမိုင်းထဲက၊ ဇာတ်ကောင်တစ်ကောင်ပါပဲ။ အထူးသဖြင့်၊ အစိုးရတွေ ညံ့ဖျင်းရင်၊ လူငယ်ဆိုတာ၊ သမိုင်းရဲ့ . . . , ဓားစာခံလေးတွေပါ။ မြေစာပင်လေးတွေပါ။

❊ ❊ ❊



# ညမထွက်ရ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

"ဟဲ့ ... ကလေး။ မောင်မျိုး။ သေချင်လို့
လား။ လာခဲ့ ... အထဲဝင်"
ညနေ စောင်းစ။ မှောင်ရီပိုးတဝါး။
အဘွား ဒေါ်သီတာရဲ့ ဟန့်တားသံ။

"အိမ်ရှေ့မှာ၊ ဆော့မလို့၊ အဘွားရဲ့"

"လာခဲ့၊ အပြင်မထွက်ရတော့ဘူး။ နေဝင်မီး
ငြိမ်း ... ဟဲ့၊ နားလည်ရဲ့လား"

"အန်"

အဘွား ပြောတဲ့၊ နေဝင်မီးငြိမ်းဆိုတာ ဘာလဲ။ ကျွန်တော် မသိဘူး။ ကျောင်းမှာလည်း၊ မသင်ဘူး။ ကျူရှင်မှာလည်း၊ မကြားဖူးဘူး။ ကျွန်တော်က, အဲဒီတုန်းက၊ တတိယတန်းလေ။

အင်း။ အဘွားပြောတဲ့ နေဝင်မီးငြိမ်း ... ဆိုတာ၊ စတုတ္ထတန်းရောက်မှ၊ သင်မယ်ထင်ပါရဲ့ ... လို့ တွေးမိသေးတယ်။ လူကတော့၊ အဘွား ချိုင်းက,ဆောင့်ဆွဲလို့၊ အိမ်ထဲပါလာခဲ့ရတယ်။

"ဖေဖေ၊ နေဝင်မီးငြိမ်းဆိုတာ ဘာကိုပြော
တာလဲ"

www.burmeseclassic.com



"ညဘက် အပြင်မထွက်ရဘူးလို့ ပြောတာကွ"

"ဘွားဘွားကြီးက၊ အဲလိုမပြောဘူး။ နေဝင်မီးငြိမ်း . . . တဲ့"

"အဓိပ္ပာယ် အတူတူပဲ။ ညဘက်၊ အပြင်မထွက်ရတာ"

မေမေက . . . ,

"ဟိုးတုန်းက၊ ရွာတွေမှာဆိုရင်၊ နေဝင်မီးငြိမ်းဆိုရင်။ တကယ်ကို၊ မီးပါငြိမ်းထားရတာ"

"သားတို့အိမ်က၊ မှန်အိမ်မီးပါ၊ ငြိမ်းထားရမှာလား"

"မြို့မှာ၊ မငြိမ်းရပါဘူး။ ည . . . အပြင်မထွက်ရတာပဲ၊ ရှိတယ်။ မီးငြိမ်းဖို့ မလိုဘူး"

"အပြင်ထွက်ရင်၊ ဘာဖြစ်မှာလဲ"

အမေက၊ ကြင်ကြင်နာနာ ဖြေပါတယ်။

"မထွက်ပါနဲ့ဆို၊ ထွက်ရင်။ မင်းကို ပစ်သတ်မှာပေါ့"

"ဘယ်သူက၊ ပစ်မှာလဲ"

"အစိုးရက၊ ပစ်မှာ"

"အစိုးရက၊ လူဆိုးတွေကို၊ ပစ်တာ မဟုတ်ဘူးလား"



## U.G 18

"တိုင်းပြည် မငြိမ်မသက်ဖြစ်ရင်၊ ဒီလိုပဲ၊ ညမထွ…ရ အမိန့်ထုတ်…ယ်။ သားရဲ့"

အမေ ဝင်ရှင်းပြပေမယ့်၊ ကျွန်တော် ဘာမှ နားမလည်။

"တိုင်းပြည်မငြိမ်မသက်ဖြစ်တာ ဘာကိုပြောတာလဲ . . . မေမေ။ လျှင်လျှပ်တာ၊ ပြောတာလား"

"အရေးအခင်းဖြစ်တာကို ပြောတာ"

နောက်ထပ်၊ ကျွန်တော် နားမလည်တဲ့၊ စကားလုံး တစ်လုံး။ ထပ်တိုးလာတာပဲ၊ အဖတ်တင်ပါတယ်။

ဘာတဲ့ . . . အရေးအခင်း . . . တဲ့။

"အခု . . . အရေးအခင်းဖြစ်နေလို့လား ဖေဖေ"

"အင်းပေါ့။ နင်တို့ ကျောင်းတွေ ပိတ်တာ။ အရေးအခင်းဖြစ်လို့၊ ပိတ်တာ"

"ဘာ အရေးအခင်းဖြစ်လဲဟင်"

"ဦးသန့် အရေးအခင်း"

". . . ။ . . ."

". . . ။ . . ."

"ကျောင်းသားတွေက၊ ဦးသန့်ရဲ့ အလောင်း၊ ဝင်လုတာ . . . တဲ့"

☼



www.burmeseclassic.com

www.burmeseclassic.com



**အိမ်ခေါင်းရင်းခန်း**က၊ အင်ဂျင်နီယာကျောင်းတက်နေတဲ့ **မမ မြင့်မြင့်စန်း**ရဲ့ ငိုသံကို၊ ကျွန်တော် ကြားရတယ်။ မမ မြင့်မြင့်စန်းက၊ သပိတ်မှောက် ကျောင်းသားတွေကို၊ ထမင်းသွားချက်ကျွေးနေတာတဲ့။ အခု . . . ပစ်လို့ ခတ်လို့၊ ပြန်လာတာတဲ့။

ကိုစိုးဝင်း . . . ဆိုတဲ့၊ အထက်တန်းကျောင်းသားကြီးတစ်ယောက်ကိုလည်း၊ သူ့ သူငယ်ချင်းတွေ၊ တွဲပြီး၊ အိမ်ပြန်လာပို့တာ၊ ကျွန်တော် မြင်လိုက်ရတယ်။ အဲဒီ့ အစ်ကိုကြီးရဲ့ ခြေထောက်မှာ၊ ပတ်တီးတွေ၊ စည်းထားတာ၊ တွေ့ရတယ်။ သေနတ်မှန်လာတာ . . . တဲ့။

"ခွေးမ,သား။ မင်း . . . အိမ်ထဲမဝင်နဲ့" ,

ငှက်ကြီးတောင် ဓားဆွဲပြီး၊ သေနတ်ဒဏ်ရာနဲ့ ပြန်လာတဲ့၊ သားဖြစ်သူကို၊ ကြိမ်းဝါးဟန့်တားနေတဲ့၊ ရပ်ကွက်ကောင်စီဥက္ကဋ္ဌ ဦးမြကို၊ ငေးကြည့်ပြီး၊ ကျွန်တော် နားမလည်ဘူး ဖြစ်သွားတယ်။

"သား . . . ဒဏ်ရာ၊ ရလာတာကို၊ ဓားနဲ့ ဆီးခုတ်ဖို့ ပြင်တဲ့ . . . အဖေ"

စိတ်ထဲမှာ၊ ကျွန်တော် အဲဒီလို၊ သတ်မှတ်လိုက်မိတယ်။

"မေမေ၊ ဦးမြက၊ ဘာဖြစ်လို့ ကိုစိုးဝင်းကို၊ ဓားနဲ့ ခုတ်မယ်လုပ်တာလဲ",

"သြော် . . .၊ သူက၊ ကောင်စီလူကြီးလေ။ အစိုးရကို၊ ဆန့်ကျင်တာ၊ သူ့ကို ဆန့်ကျင်တာနဲ့ အတူတူပဲ . . . တဲ့။ ပြောတာ မကြားဘူးလား"





ကျွန်တော် ခေါင်းသာ ညိတ်လိုက်ရတယ်။ ဘာမှန်းမသိတဲ့ သားသမီး အနာဂတ်ရ ဖြစ်လာရင်၊ မိဘက . . ., ပြေးလွှားဆီးကြိုပြီး ကြင်နာယုယရမယ် . . . လို့၊ ကျွန်တော် သိထားတာ။

အခု မြင်ကွင်းကြီးက၊ တစ်မျိုးကြီးပဲ။

အဖေက၊ သားကို၊ ဓားနဲ့ ခုတ်ရလောက်အောင်၊ သားက၊ ဘာအပြစ်ကို၊ ကျူးလွန်ခဲ့လို့လဲ။

အစိုးရကို၊ ဆန့်ကျင်တာ၊ အဖေက၊ ဘာဖြစ်လို့ ကြားထဲက၊ နာနေရတာလဲ။ ခုနက၊ အမေပြောသလို၊ သူက၊ ကောင်စီလူကြီးမို့လို့လား။ [အစိုးရက၊ ကောင်စီလူကြီးအဖြစ်၊ ရာထူးပေးထားတာ ခံရတဲ့၊ မိဘက၊ သားသမီးအပေါ်ကိုတောင်၊ (အစိုးရကိုထိရင်) ဓားနဲ့ ရွယ်ရက်သတဲ့လား။]

အဖေ ဗိုလ်မှူးသာရ မင်းကြီးကို၊ သား။ အဖတသတ် သတ်ဖြတ်မိတာ။

အဖတသတ်၊ ဒေဝဒတ်နဲ့ ပေါင်းမိလို့ပဲ . . . လို့ ကျွန်တော် မူကြိုကျောင်းသားလေးအရွယ်ကတည်းက၊ သိထားတာ။ အခု . . . သားကို၊ အဖေက သတ်ဖို့၊ ဓားဆွဲနေတဲ့၊ ကောင်စီဥက္ကဋ္ဌ ဦးမြက, ရော၊ ဘယ်သူနဲ့ ပေါင်းမိလို့လဲ။

သူရော . . . ဒေဝဒတ်နဲ့ ပေါင်းမိလို့လား။

ဒီနေ့ခေတ် . . . ဒီနေ့အခါမှာရော . . .၊ ဒေဝဒတ် ရှိနေပါဦးမလား။ ဒါမှမဟုတ်၊ ဒေဝဒတ်လို လူတွေ ရှိနေသေးသလား။ ကျွန်တော် မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက၊ ကျွန်တော် တတိယတန်း။ အသက် (၉) နှစ်။

အဲဒီအချိန်ကာလ,က . . . ၁၉၇၅ ခုနှစ်။

* * *



(၈)

ညမထွက်ရအမိန့်၊ ကျောင်းသားတွေ ချီတက်လာပြီ၊ မျက်ရည်ယိုဗုံး,စ,ခဲ့တယ်။ ဦးသန့်အလောင်းကို၊ ရန်ကုန်တက္ကသိုလ်ထဲမှာ၊ ဂူသွင်းလိုက်ပြီ၊ အစိုးရက၊ ဂူကို ပြန်ဖျက်လိုက်ပြီ။ ၁၉၇၅– ခုနှစ်၊ ဦးသန့်အရေးအခင်း။ ကျွန်တော် တတိယတန်း။ ကျောင်းတွေပိတ်။

အဲဒီလောက်ပဲ၊ ကျွန်တော် သိခဲ့ရတာပါ။ ဘာနိုင်ငံရေးမှ မသိဘူး။ တော်လှန်ရေးဆိုတာလည်း၊ ဘာမှန်း မသိဘူး။ ကျောင်းပိတ်လို့၊ စိတ်ထဲမှာ၊ ပျော်တောင် ပျော်ခဲ့မိပါသေးတယ်။

*

သို့သော် . . .

ကလေးဘဝ, ကလေးအရွယ်နဲ့ မြင်ရ, တွေ့ရ, ကြားရတာတွေကို၊ ကျွန်တော်က၊ ပြီးစလွယ်၊ မေ့မပစ်တတ်ခဲ့ဘူး။

အဲဒီလို . . . အမြင်, အတွေ့, အကြားတွေ . . . ၊ ဟို . . . တစ်စ, ဒီ . . . တစ်စ, ထုပ်ပိုးစုစည်းပြီး ဉာဏ်မမီတဲ့ ဆက်စပ်မှုတွေနဲ့၊ ဆက်စပ်ကြည့်မိတာ . . . ခဏ ခဏ။

ခေါင်းထဲမှာ ရှုပ်သွားတယ်။ မေးခွန်းတွေ များလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားနဲ့ အစိုးရ . . . မတည့်။ ဗ. က. ပ (ဗမာပြည်ကွန်မြူနစ်ပါတီ) နဲ့ အစိုးရ မတည့်။ ဟိုလူက . . . အဖြူ, ဒီလူက . . . အနီ။ ဆိုတာမျိုးတွေလည်း၊ လူကြီးတွေ စကားဝိုင်းထဲ၊ တစ်စွန်းတစ်စ။

"မေမေ။ မြသန်းထွဋ်ရဲ့အဖေ ဦးထင်ကျော်က၊ ထောင်ထဲမှာ သေတာဆို"

မြသန်းထွဋ်ဆိုတာ၊ ခေါင်းရင်းအိမ်က၊ ကျွန်တော့်သူငယ်ချင်း။ သူ့မှာ . . . အဖေ မရှိတော့ဘူး။ ကျွန်တော်လ,သား သူ . . . လ,သားအရွယ်မှာ၊ သူ့အဖေ၊ ဦးထင်ကျော်၊ ထောင်ထဲမှာ၊ ဆီးချုပ်, ဝမ်းချုပ် ရောဂါနဲ့၊ သေသွားတယ်လို့၊ ကြားသိထားခဲ့ရတာ၊ ကြာပြီ။

ဒီနေ့ကျမှ မေးချင်စိတ်ရှိလို့၊ မေးမိတာ။

"နင်တို့ . . . သန်းထွဋ်တို့ ဘယ်မှတ်မိမှာလဲ။ ကိုထင်ကျော်ကို၊ သူတို့သားအမိ၊ သေမှ တွေ့ခွင့်ရတာ"

"အမေရော . . . ၊ လိုက်သွားတာလား"

"မောင်နှမ,တော်တယ်ဆိုပြီး၊ အလောင်း . . . သွားကြည့်ကြတာပေါ့။ လွတ်ဖို့ သိပ်မလိုတော့ဘူး။ လွတ်ခါနီး ဆုံးတာ"

"ဦးထင်ကျော်က၊ ဘာဖြစ်လို့ အဖမ်းခံရတာလဲ"

"ဗကပမို့လို့"





"ဗကပဆိုတာ၊ ဘာလဲ မေမေ"

"ကွန်မြူနစ်"

အသက် (၉) နှစ်သားလောက်နဲ့ ခေါင်းထဲမှာ၊ နေဝင်မီးငြိမ်း, သပိတ်မှောက်။ ဆန္ဒပြ။ တော်လှန်ရေးအစိုးရ။ (စစ်အစိုးရ)။ ဆိုရှယ်လစ်။ ကွန်မြူနစ်။ . . . သောင်းကျန်းသူ။ အလင်းဝင်၊ . . . စတဲ့ ဝေါဟာရတွေ၊ တပြုံ့တကျဲ အေးခဲ ခိုဝင်ခဲ့ရပါတယ်။

"ကွန်မြူနစ်တွေကို၊ အစိုးရက ဘာဖြစ်လို့၊ ဖမ်းတာလဲ"

"သူပုန်မို့လို့"

"သူပုန်ဆိုတာ ဘာကို ပြောတာလဲ"

"အစိုးရကို၊ ပုန်ကန်ရင်၊ သူပုန်ပေါ့"

"ဒါဆို၊ ကျောင်းသားတွေက၊ သူပုန်တွေလား မေမေ"

"ကျောင်းသားက၊ ကျောင်းသားပေါ့ဟဲ့"

"အစိုးရနဲ့ ကျောင်းသားနဲ့ ဘယ်သူ အသက်ကြီးလဲဟင် . . . မေမေ"

"အစိုးရက၊ ကြီးတာပေါ့"

"အသက်ကြီးတဲ့သူက၊ အသက်ငယ်တဲ့သူကို၊ အနိုင်မကျင့်ရဘူး . . . တဲ့။ သားတို့ ဆရာကြီး၊ ဆရာ ဦးစံရွှေက ပြောတယ်။

ကြီးသူကို၊ ရိုသေ။ ရွယ်တူကို လေးစား။



www.burmeseclassic.com

www.burmeseclassic.com



ငယ်သူကို၊ သနား . . . တဲ့''

အဘွားက . . . ဝင်ပြောသည်။

''မင်း ကေရာဇ်ဆိုတာကို၊ ရှိသေရတယ်

မြေးရဲ့၊ မပုန်ကန်ရဘူး။

မင်းမြှောင်တွေနဲ့လည်း၊ သင့်အောင်နေရ

တယ်''

''မင်းမြှောင်ဆိုတာ ဘာလဲ . . . အဘွား''

''မင်းမြှောင်ဆိုတာ၊ သူကြီးတို့၊ ရပ်ကွက်

လူကြီးတို့ကို၊ ခေါ်တာ။

သူတို့နဲ့ မသင့်မြတ်ရင်လည်း၊ ဘုရင်နဲ့ မသင့်

မြတ်သလိုပဲ၊ ဒုက္ခရောက်တယ်''

ဘုရင်ဆိုတာ၊ သံလျက်ကြီး တကားကားနဲ့ လူကြီးကို၊ ခေါ်

တာလောက်ပဲ၊ ကျွန်တော် သိပါတယ်။ ပြီးတော့ . . . ဘုရင်ဆိုတာ၊

လူက,ဖြစ်တာပဲ . . လောက်တော့၊ နည်းနည်း ခန့်မှန်းတတ်တယ်လေ။

❊ ❊ ❊



# လမ်းဘေးအကြော်ဆိုင်တွေ

# ဖျက်

www.burmeseclassic.com

www.burmeseclassic.com

(ဃ)

ကြည့်မြင်တိုင်မြို့နယ်၊ စလင်းဘောလုံးကွင်းနားမှာ၊ ကျွန်တော် သူငယ်ချင်းတွေနဲ့၊ ဘောလုံးသွားကန်နေရင်း၊ လူတွေ ရုတ်ရုတ်,ရုပ်ရုက်မို့ ငေးကြည့်မိလိုက်တယ်။

ခပ်လှမ်းလှမ်း ဆိုက်ကားဂိတ်အနီးက၊ အကြော်ဆိုင်ကို၊ လူကြီးတစ်စုက၊ ဖျက်ဆိုင်းနေတာ တွေ့ရတယ်။

အခုမှ သတိပြုမိတာ၊ အဲဒီ အောက်ကြည့်မြင်တိုင်လမ်းတစ်လျှောက်က၊ တဲအိမ်အစုတ်တွေ၊ အကြော်တဲတွေ ... ကို၊ ဖျက်ဆိုင်းနေတယ်ဆိုတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့၊ ကျွန်တော်က, အဲဒီ လမ်းတစ်လျှောက် ဖြတ်လာခဲ့ရတာလေ။ စိတ်က, ဘောလုံးထဲ မရောက်တော့ဘူး။ အဲဒီနား၊ သွားရပ်နေမိတယ်။

"အဲဒီဆိုင်က၊ ဘာဖြစ်လို့ ဖျက်ရတာလဲ ဦးလေး"

လက်ထဲမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ... ဆိုတဲ့ အိတ်တစ်အိတ်ဆွဲထားတဲ့ လူကြီးကို၊ ကျွန်တော် မေးလိုက်မိတယ်။

"ဒီ ... ရထားလမ်းက၊ နံပါတ်ဝမ်းကြီး လာမှာကွ။ အဲဒါကြောင့်၊ လမ်းဘေးက ယိုင်တိုးနေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖယ်နိုင်းတာ''

''နံ့ပါတ်ဝမ်းကြီးဆိုတာ၊ ဘာကိုပြောတာလဲ''

''ဦးနေဝင်း၊ ဦးနေဝင်း''

''ဦးနေဝင်းဆိုတာ နံပါတ်ဝမ်းလား'' ... ဟု၊ အနီးရှိ ဆိုက်ကားဂိတ်မှ၊ ဆိုက်ကားဆရာကြီးကို၊ ကျွန်တော် မေးသည်။ (ထိုဆိုက်ကားဆရာက၊ ကျွန်တော့်သူငယ်ချင်း၏ဖခင်)။ သူငယ်ချင်းရဲ့ ဖခင်က၊ ခေါင်းအညိတ်။

''အဲဒီ့ ... ဦးနေဝင်းက၊ ဒီ ... ရထားလမ်းကို၊ ဘာလာလုပ်မှာလဲ''

ကျွန်တော် ... ဆက်အမေး။

''ပြည်ရထားစီးပြီး၊ လာမှာကွ''

''သူက၊ ပြည်ကို သွားမှာလား''

''အေး။ ပြည် ... ပေါက်ခေါင်းကို သွားမှာ''

''အဲဒါနဲ့၊ ဒီ ... အကြော်တဲတွေ ဖျက်တာနဲ့ ဘာဆိုင်လို့လဲ''

ဆိုက်ကားဆရာ၊ မဖြေ၊ ခုနက၊ အိတ်ကိုင်ထားတဲ့ လူကြီးက၊

''မနက်ဖြန် နေ့လယ်၊ နံ့ပါတ်ဝမ်းကြီးက၊ ရထားပြတင်းပေါက်က,နေ၊ ဒီဘက်ကြည့်လိုက်လို့၊ ကြည့်မြင်တိုင်မှာ၊ တဲစုတ်တွေချည်းပဲဆို၊ မကောင်းဘူး။ အဲဒါကြောင့်၊ ဖျက်ခိုင်းတာ''





''မြင်သွားရင်၊ ပိုကောင်းတာပေါ့။ တဲတွေ မြင်သွားတော့၊ တိုက်တွေ ဆောက်ပေးဖို့ သူ ... စဉ်းစားနိုင်တာပေါ့။

အခုဟာက၊ ဦးလေးတို့က၊ မမြင်အောင်၊ ဖုံးနေသလိုကြီး''

''မင်းက ဘာအကောင်လဲ။ မင်းက ဘယ်သူလဲ။ ဘာလို့၊ လာမေးတာလဲ''

ဘုရားစူးရချည်ရဲ့။ ကျွန်တော် ဘာပြန်ပြောရမှန်း တကယ် မသိဘူး။

''ကျွန်တော့်သား သူငယ်ချင်းပါ။ ဘောလုံး လာကန်ကြတာ။

ဟော့ကောင်။ ငမျိုး။ သွားစမ်း။ လူကြီးတွေကို၊ ဟိုမေး ဒီမေးနဲ့ ...။ သွား ...။ ...''

အဲဒီတုန်းက၊ ကျွန်တော့်အသက် ဆယ့်လေးနှစ်။ ကျွန်တော် ဘယ်တော့မှမမေ့တဲ့၊ ကြည့်မြင်တိုင် ရထားလမ်းဘေးက၊ အဖြစ်အပျက်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

U.G 18

## (၁)

"တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲ
ရေး ... ဒို့အရေး ... ဒို့အရေး။

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ...
ဒို့အရေး ... ဒို့အရေး။

...။ ...။

ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး ...
အောင်ရမည် ... အောင်ရမည်"

ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီလ–၁၂)၊ လူထုအစည်းအဝေး။ ကျင်းပ,မည့်နေရာ။ ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း (ယခင်–မြင်းပြိုင်ကွင်း)။

ကျွန်တော်တို့ မြို့နယ်က လူတွေက၊ မြို့နယ်ကောင်စီရုံးရှေ့ကနေ အဲဒီကျိုက္ကဆံကွင်းအထိ၊ ချီတက်ကြရတယ်။ ပါးစပ်က, လည်း ကြွေးကြော်သံတွေ၊ အော်ဟစ်သွားကြရတယ်။

အပျော်သက်သက် လိုက်သွားတာမျိုးတော့ မဟုတ်ဘူး။ နိုင်ငံတစ်ဝန်းက၊ တိုင်းရင်းသားအားလုံး၊ ဒီ ... အစည်းအဝေးကို၊ လာကြရတယ် ... လို့၊ ကြားလို့။ ဒါဆို ... ဟိုးတုန်းက၊ ပင်လုံညီလာခံ ... ဆိုတာလည်း၊ ဒါမျိုးပဲ နေမှာပဲ ... ဆိုတဲ့၊ အတွေး။

ပြီးတော့ ... ဒီ ... ပြည်ထောင်စုနေ့ လူထုအစည်းအဝေးကြီးကို၊ နိုင်ငံအုပ်ချုပ်နေတဲ့သူတွေ၊ ဦးဆောင်နေတဲ့၊ ခေါင်းဆောင်တွေ၊ လာမှာပဲ ... ဆိုတဲ့ အတွေး။ အဲဒီ ... အတွေးနဲ့၊ ကျွန်တော် လိုက်လာ ဘာ။

လိုက်လာရင်း၊ ကျွန်တော် သတိထားမိတာ တစ်ခုရှိတယ်။ ဘာတဲ့ ...။

"ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး
... အောင်ရမည်" ... ဆိုတဲ့။

ကြွေးကြော်သံ။

[ဒါဆိုရင် (အောင်ရမည် ... လို့၊ အော်နေရသေးတယ် ဆိုရင်) မအောင်မြင်သေးဘူး ... ဆိုတဲ့ အဓိပ္ပာယ်ပေါ့ ... လို့၊ တွေးမိတယ်]

※

နေ့လယ် (နေပူပူ) ၁–နာရီလောက်မှာ၊ ကျိုက္ကဆံကွင်းပြင်ကြီးထဲကို၊ ရောက်တယ်။ ညနေ (၄) နာရီအထိ၊ ဒီအတိုင်း၊ နေပူကြီးထဲမှာ။

(၄) နာရီ ထိုးတော့။ အစည်းအဝေးစ။

ဦးနေဝင်းရဲ့ သဝဏ်လွှာကို ဖတ်တယ်။





www.burmeseclassic.com

www.burmeseclassic.com



ဩော် ... သူ မအားလို့ မလာနိုင်တာဘဲ။

ဒီလိုတွေးတယ်။

နောက်,

သမ္မတ ဦးစန်းယုရဲ့ သဝဏ်လွှာကို ဖတ်တယ်။

သမ္မတရဲ့ သဝဏ်လွှာကို ဖတ်တယ်ဆိုတော့၊ သမ္မတ, လည်း၊ မလာဘူးပေါ့။

ဒါဆို ... ပြည်ထောင်စုနေ့ (ဟိုးတုန်းက ... ပင်လုံအစည်းအဝေးလုပ်တဲ့နေ့။ ပင်လုံညီလာခံကျင်းပ,တဲ့ ... နေ့) မှာ၊ တိုင်းပြည်ခေါင်းဆောင် (၂) ယောက်၊ မလာဘူးဆိုတဲ့၊ သဘောပေါ့။

ကျွန်တော် (တကယ်) နိုင်ငံရေး နားမလည်ပါဘူး။ ဒါပေမဲ့ ကျွန်တော် ... လူ။ သာမန်လူ။ သာမန်အတွေးတော့၊ တွေးခွင့်ရှိပါတယ်။

ပြည်ထောင်စုနေ့ဆိုတာ မြန်မာပြည်ရဲ့ အရေးကြီးဆုံး။ လွတ်လပ်ရေးရဲ့ ရှေ့ပြေး ... နေ့။ ပြည်ထောင်စုနေ့ လူထုအစည်းအဝေးကြီး ... တဲ့။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်း ... စတဲ့, စတဲ့, တိုင်းရင်းသား လူမျိုးစုတွေတောင်၊ အစုလိုက်အဖွဲ့လိုက်၊ လာကြရတဲ့၊ အခမ်းအနား။

ကျွန်တော့် လူငယ်အတွေးနဲ့ ပြောရရင်၊ ကျွန်တော်တို့၊ တစ်နေ့လုံး၊ နေပူထဲ ထိုင်စောင့်နေတာ၊ ကိုယ့်တိုင်းပြည်နဲ့၊ ခေါင်းဆောင်တွေကို၊ မြင်ဖူးချင်လို့ဗျ။

သူတို့ ... ဘာပြောမလဲ။ နားနဲ့ဆတ်ဆတ် ကြားချင်လို့။





အခုတော့၊ ကျွန်တော်တို့က၊ နေပူထဲမှာ၊ ငါးခြောက်ပြားတွေလို့ ကော့ပျံနေရ။ သူတို့က ... သဝဏ်လွှာဆိုတဲ့၊ စာရွက်လေး (၂) ရွက်နဲ့။

ကျွန်တော် အဲဒီ၊ ကျိုက္ကဆံကွင်းထဲက၊ ထ,ပြန်ခဲ့တယ်။ တာဝန်ရှိ၊ ရဲသားတစ်ယောက်က၊ အစည်းအဝေးပြီးမှ၊ ပြန်ရမယ် ...တဲ့။

ကျွန်တော် အပေါ့သွားချင်လို့ ပြန်တာ ... ဆိုပြီး မရ,မက၊ ထွက်ဖို့ ကြိုးစားတယ်။ ဒါကို၊ ခွင့်မပြုဘူး။ ခွင့်မပြုရင်၊ ကျွန်တော် ဒီအတိုင်း၊ ဒီကွင်းထဲမှာ ... အပေါ့သွားလိုက်မှာ ... လို့၊ ပြောပြီး လုံချည်မ,တယ်။

ဟိုဘက် ရပ်ကွက်က၊ ကောင်စီလူကြီး (ရပ်ကွက်ကောင်စီဝင်) တစ်ယောက်, ရောက်လာပြီး၊ ကျွန်တော့်ကို၊ နားရင်းအုပ်တယ်။

"မင်း ... ဘာဖြစ်နေတာလဲ"

"သေးပေါက်မလို့"

"မင်းတော့ကွာ။ လာခဲ့ ... ဒီကို"

ကျွန်တော့်ကို၊ ကွင်းထဲက ဆောင့်ဆွဲပြီး၊ ခေါ်လာတယ်။ သူ့နာမည်က၊ ဦးမောင်မောင်မြင့် ... တဲ့။

"မောင်မျိုး၊ မင်း ... ဘာပြဿနာ ရှာနေတာလဲ"

"ကျွန်တော် ... ဦးနေဝင်းနဲ့၊ ဦးစန်းယုနဲ့ လာမယ်ထင်လို့ လိုက်လာတာလေ ဦးဘိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်မြင့်ရဲ့ အိမ်ခေါ်နာမည်က၊ ဦးဘိုဘို။

"အေး . . . အခု အကြောင်းရှိလို့ မလာတာ နေမှာပေါ့။ အဲဒါ . . . ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး။ ထ,ပြန်ချင်တာနဲ့ ပြန်မယ် လုပ်တာ။ ရဲက . . . မပြန်ရဘူးဆိုလို့ သေးပေါက် ချင်တယ့်ပြောပြီး။ ခွင့်တောင်းတာ၊ မရလို့ လူကြား ထဲ ပေါက်ချမလို့"

"မင်းက . . . လူငယ်စိတ်မဟုတ်ဘူး။ သူပုန် စိတ်"

"ကျွန်တော်က . . . သူပုန်စိတ်။ ဟုတ်လား"

မကျေမနပ် အမေး။

"ဟုတ်တယ်။

အုပ်ချုပ်ခံလူတန်းစားက၊

အုပ်ချုပ်ခံလူတန်းစားလိုပဲ၊

နေရတယ်ကွ။ ဒါမှ အန္တရာယ်ကင်းတယ်"

ဒီ . . . စကား အပြောခံရတဲ့ အသက်အရွယ်ကို၊ ကျွန်တော် မမှတ်မိပေမယ့်၊ အဲဒီ အရွယ်မှာ၊ ကျွန်တော် အဌမတန်း (၂) ခါ ဖြေပြီးပြီ။ နဝမတန်း (၂) ခါ ဖြေပြီးပြီ။

ကျောင်းစာတွေထဲမှာ၊ ပါတဲ့ . . . ပြည်ထောင်စုနေ့နဲ့ အခု ကျွန်တော် ကြုံရတဲ့ ပြည်ထောင်စုနေ့၊ ကွဲလွဲနေတယ် . . . လို့ ကျွန်တော် ခံစားရတယ်။





ကျွန်တော့်ကို၊ သူပုန်လို့ ပြောတဲ့ ဦးဘိုကိုလည်း ကျွန်တော် စိတ်ဆိုးတယ်။

"လူအချင်းချင်း၊ တစ်ယောက်နဲ့တစ်ယောက် အုပ်ချုပ်နေတယ်ဆိုတာ၊ မဖြစ်သင့်ဘူး။

တစ်ယောက်က တစ်ယောက်ကို၊ အုပ်ချုပ်ရ အောင်၊ အဲဒီ အုပ်ချုပ်တဲ့လူက၊ ဘာ . . . အပိုပါလာ လို့လဲ။

ပြီးတော့၊ ကျွန်တော် အခုတွေးတာ ရှင်းရှင်း လေး။

ပြည်သူလူထုက၊ ခြေကျင် ချီတက်ပြီး လာရ တဲ့ . . . ခရီး။ ကြိုဆိုဂုဏ်ပြုမယ့် ခေါင်းဆောင်တွေ . . . မရှိဘူး။

သဝဏ်လွှာ နှစ်စောင်ပဲ ရှိတယ်။ အဲဒါ . . . ကို၊ ကျွန်တော် မကြိုက်ဘူး။ အဲဒီ မကြိုက်တဲ့ စိတ် က၊ သူပုန်စိတ်ဆိုရင် . . . ၊

ဒီနေ့က,စပြီး၊ ကျွန်တော် သူပုန်လုပ်မယ် . . . ဦးဘို"

"ကဲပါ . . . မောင်မျိုးရယ်။ မင်း ပြန်တော့။ ဒီမှာ ပြဿနာတက်မယ်။ ညကျမှ၊ ဦးဆီလာခဲ့။ ဦး . . . ပြောပြမယ်။ ဟုတ်ပြီလား"

ကျွန်တော့်ကို ကားခ, ပေးပြီး၊ ပြန်လွှတ်လိုက်တယ်။ ဘာကို



www.burmeseclassic.com

www.burmeseclassic.com



...သယ်သူ့ကို မကျေနပ်မှန်း မသိတဲ့ မကျေနပ်စိတ်နဲ့ ကျွန်တော် အိမ်ပြန်လာခဲ့တယ်။

*

အိမ်ပြန်ရောက်မှ ကျွန်တော် သတိထားမိတယ်။ ကျွန်တော့် အဖေက၊ မြို့နယ် ပါတီဝင် ... ဆိုပဲ။

ပါတီယူနစ် အစည်းအဝေး ... ဆိုတာမျိုး၊ ပါတီညီလာခံ ဆိုတာမျိုးတွေ၊ အဖေ သွားသွားနေတာကို၊ အခုမှ သတိပြုမိတယ်။

ဒါဆို ... အဖေက၊ မြန်မာ့ဆိုရှယ်လစ်ပါတီဝင်ပေါ့။ ဒါဆို ... "ဆိုရှယ်လစ် ခေတ်ပြောင်း တော်လှန်ရေး၊ အောင်ရမည် ... အောင်ရမည်" ... လို့ အော်နေရသေးတဲ့၊ အဖေတို့ ပါတီကြီးက၊ မအောင်မြင်သေးဘူးပေါ့။

* * *



၁၉၆၂-ခုနှစ်

အာဏာသိမ်းပွဲ

www.burmeseclassic.com

www.burmeseclassic.com

## (၈)

"မင်းကို၊ ဦးဘို ... နားရှင်းအုပ်လိုက်တာ။ မင်း ... ရဲနဲ့ ပြဿနာတက်မှာစိုးလို့"

"ကျွန်တော်သိပါတယ် ဦးဘို။ ကျွန်တော် မသိတာက၊ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ခေါင်းဆောင်တွေ၊ ဘာကြောင့်၊ လူထုနဲ့ မထိတွေ့တာလဲ ... ဆိုတာပဲ"

"ဗဟိုဦးစီးစနစ်လေ"

ကျွန်တော် နားမလည်သော၊ ဝေါဟာရ။

"ဟိုတုန်းက၊ တိုင်းပြည်ခေါင်းဆောင်တွေ၊ ရပ်ထဲ,ရွာထဲ လှည့်လည်ဖူးတယ် ... လို့ ကျွန်တော် ... စာထဲဖတ်ရတယ်။

ဝန်ကြီးချုပ် ဦးနုဆိုရင်၊ ကမ္ဘာအေးလိုဏ်ဂူ တော်အတွက်၊ ပြည်သူ ပြည်သားတွေ၊ ဒါနပါဝင်နိုင်အောင်၊ ဂျစ်ကားနဲ့၊ ကိုယ်တိုင် အလှူလိုက်ခံပေးတာ။ မာတ်ပုံ မြင်ဖူးတယ်"

"အဲဒီ ဦးနုဆိုက၊ ဦးနေဝင်းက၊ အာဏာ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းလိုက်တာ"

"အာဏာသိမ်းတယ်ဆိုတော့၊ အနိုင်ကျင့်လိုက်တာပေါ့။ ဘယ်တုန်းက သိမ်းတာလဲ ဦးဘို"

"အဲ ...၊ ၁၉၆၂-ခုနှစ်၊ မတ်လ-၂ ရက်"

"ပြည်သူတွေ သဘောတူလား"

"မင်း ... ဘာလုပ်မလို့လဲ"

"ပြည်သူလူထု သဘောမတူဘဲ၊ လက်နက်နဲ့ အာဏာသိမ်းရင်၊ ဒါ ... အနိုင်ကျင့်တာပေါ့ ဦးဘိုရဲ့"

"မောင်မျိုး။ မင်း ... သူပုန်ဖြစ်တော့မယ်"

"သူပုန်ဆိုတာ နှစ်မျိုးရှိတယ် ဦးဘို။

အများပြည်သူကို၊ ဒုက္ခပေးတဲ့ သူပုန်။ ဘုရင်ကို၊ ပုန်ကန်တဲ့ သူပုန်။ ကျွန်တော်က ... ဘယ်သူပုန် ဖြစ်နိုင်လဲ"

ဦးဘို၊ ရယ်နေပါလေရော။

"အဲ ...၊ ပြည်သူကို ရင်ဝယ်သားလို စောင့်ရှောက်တဲ့၊ မင်းအစိုးရကို၊ နှောင့်ယှက်ရင်လည်း၊ အဲဒါ ... သူပုန်ပဲ။

ပြည်သူကိုပါ အနိုင်ကျင့်ထားတဲ့၊ မင်းအစိုးရကို၊ နှောင့်ယှက်ပုန်ကန်ရင်၊ အဲဒါ ... သူပုန်မဟုတ်ဘူး။ အဲဒါ ... တော်လှန်ရေးသမား"





"ဟား ...။ အမယ်လေး။ မောင်မျိုး။ မင်း ... ပါးစပ်ထဲ၊ အဲဒါတွေ ဘယ်လို ရောက်လာတာလဲဟင်။

မင်းပြောတော့၊ ကြီးလာရင် ကဗျာဆရာ လုပ်မှာဆို၊ အခု ... မင်း ပြောတာတွေက၊ ကဗျာ မဆန်ဘူး။ နိုင်ငံရေး ... စကားတွေ"

"ကျွန်တော် စာမေးပွဲတွေ ကျတယ် ဦးဘို။ ဘာဖြစ်လို့လဲဆိုတော့၊ ကျွန်တော် စာမကျက်လို့။

စာမေးပွဲ အောင်ရုံလောက်၊ ကျွန်တော် စာမကျက်ဘူး။ ဖတ်စာအုပ်ထဲ၊ ရှိတဲ့စာ ကျွန်တော် အကုန်ဖတ်ပစ်တာ။ အခု ... ကျွန်တော် ကျောင်းစာအုပ် ဆိုရှယ်လစ် ဘောဂဗေဒနဲ့ သမဝါယမ ဘောဂ,ဗေဒ ဖတ်နေတယ်။

စာမေးပွဲဖြေဖို့တော့၊ ကျွန်တော် စာမကျက်ဘူး။ ဆယ်မှတ်တန်လောက် ကျက်၊ ဆယ်မှတ်တန်လောက် ... သိ။ စာမေးပွဲအောင်။

ကျုံ့တဲ့ဟာ၊ ဘာမှမသိတာမျိုး၊ ကျွန်တော် မလုပ်ဘူး။

အဲဒီတော့၊ ဦးဘို၊ ကျွန်တော့်ကို၊ ပြောပြ။ အာဏာသိမ်းတယ် ... ဆိုတာ၊ အနိုင်ကျင့်တာ ဟုတ်လား ... မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"... လိုအပ်လို့၊ သိမ်းခဲ့ရတာလို့၊ ဦးဘို လက်ခံထားတယ် မောင်မျိုး။

၁၉၆၂–ခုနှစ်မှာ၊ တပ်မတော်က၊ နိုင်ငံ့ အာဏာကို၊ မသိမ်းလို့ မဖြစ်ဘူး။ အဲဒါကြောင့် ..."

"... လူကြီးတွေပြောတာ ကျွန်တော် ကြားဖူးတာကတော့၊ ဖယ်ဒရယ်မူကြောင့်၊ ပြည်ထောင်စု ပြိုကွဲမတတ်ဖြစ်နေတာ မဟုတ်ဘူး။ ... လို့ ဦးနု ... ပြောဖူးတယ် ... တဲ့။ ဘာပဲဖြစ်ဖြစ်ပါ။ အခု ... အနှစ် ၂၀ ကျော်နေပြီလေ၊ တစ်ယောက်ယောက်ကို၊ ပြန်လွှဲပေးရတော့မှာပေါ့"

"အခု ... တပ်မတော် အစိုးရမဟုတ်ဘူး လေကွာ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်နေတာလေ။ ဆိုရှယ်လစ်အစိုးရ ဖြစ်နေပြီ"

"မဟုတ်ပါဘူး။ ဘဲ? ... ယူနီဖောင်းကနေ အရပ်ဝတ်ပြောင်းတာပါ။

လူက ... ဒီလူတွေပဲဟာ"

"မောင်မျိုး။ မင်း ... ငယ်သေးတယ်နော် ပါးစပ်အတင့်မရဲနဲ့"

"ပါးစပ်က၊ စကားပြောရုံနဲ့၊ အပြစ်ဒဏ်သင့်တတ်တယ်ဆိုရင်၊ ဒီ ... နိုင်ငံ မလွတ်လပ်သေးဘူးပေါ့ ဦးဘိုရဲ့"





"ကဲ ...။ မင်းထိုက်နဲ့ မင်းကဲ။ ဦးဘို၊ သိသလောက် ပြောပြမယ်။

၁၉၆၂–ခုနှစ်၊ တပ်မတော်အစိုးရ၊ အာဏာသိမ်းတယ်။ အားလုံး ဆန့်ကျင်ကြတယ်။ ဒါပေမဲ့ ... ဘယ်သူမှ၊ ထိထိရောက်ရောက် မဆန့်ကျင်နိုင်ဘူး။ ရှင်းပြီလား"

"ဘာဖြစ်လို့လဲ။ သေနတ်ရှိလို့လား"

"သေမှာ ကြောက်ကြလို့နေမှာပေါ့"

"ကြောက်နေရသေးတယ်ဆိုရင်လည်း၊ ဒီ ... နိုင်ငံ မလွတ်လပ်သေးဘူး ဦးဘို"

"မင်းဘာသာ၊ ကြိုက်သလို သတ်မှတ်ကွာ။ ငါပြောချင်တာ ဆက်ပြောပြမယ်။

၁၉၆၂–ခုနှစ်၊ ဇူလိုင်လ (၈) ရက်နေ့မှာ၊ တပ်မတော်အစိုးရက၊ ရန်ကုန်တက္ကသိုလ် သမဂ္ဂ အဆောက်အအုံကို၊ မိုင်းဗုံးခွဲပစ်လိုက်တယ်"

"သမဂ္ဂ အဆောက်အအုံထဲမှာ၊ ကျောင်းသားတွေရှိလား"

"ငါ ... မပြောဘူး။ မင်းဘာသာ လေ့လာ။ ငါ ပြောချင်တာက၊ အဲဒီတုန်းက၊ ငါလည်း ... မင်းအရွယ်ပဲ။ ဘာမှ မသိဘူး။

ငါတို့ မိတာက၊ ၁၉၇၄–ခုနှစ်၊ ဦးသန့်အရေး



www.burmeseclassic.com

www.burmeseclassic.com



အခင်။ ကောင်းကောင်းမီတယ်''

''ကျွန်တော်က နည်းနည်းမီတယ်''

''ရှေ့က၊ ၁၉၆၂-ဝန်းကျင်၊ ကျောင်းသားကြီးတွေက၊ ငါတို့ကို၊ မှာတယ်။ ဆက်ပြီး တော်လှန်ကြပါ ... တဲ့။

ဦးဘိုကလည်း၊ မင်းကို၊ ဆက်ပြီး မှာလိုက်ပါတယ်။ မောင်မျိုးရယ်။ မင်းတို့ ... လူငယ်တွေ၊ ဆက် ... ပြီး၊ တော်လှန်ကြပါ ... လို့''

''ဪ ...။ ဦးဘိုက၊ ကျွန်တော့်ကို၊ မကန့်ကွက်ဘူးကို၊၊ ကျွန်တော်က၊ ကန့်ကွက်နေတယ် ထင်တာ''

''ကန့်ကွက်တာ မဟုတ်ပါဘူးကွာ။ ဦးဘို ... စိုးရိမ်တာပါ။

နိုင်ငံရေးစကား တစ်ခုရှိတယ်ကွ။ ကျုပ်တို့ နိုင်ငံရေးသမားတွေရဲ့ ဆုလာဘ်ဟာ၊ သူတောင်းစားခွက်နဲ့၊ ထောင်နှုတ်ခမ်းပဲ ... တဲ့။

မင်း ... ဘဝ, ထိခိုက်မှာ စိုးလို့ပါ''

''ထိခိုက်လည်း၊ ကံပေါ့ ဦးဘိုရယ်။ ကျွန်တော် နိုင်ငံရေးသမား မလုပ်ပါဘူး။

ကျွန်တော် ကဗျာဆရာပဲ လုပ်မှာပါ။ ဒါပေမဲ့ ကိုယ် ရပ်တည်နေတဲ့၊ မြေကို၊ ဘယ်သူ ဦးဆောင်





နေသလဲ။ ဘယ်လို ဦးဆောင်နေသလဲ၊ ကိုယ် ... မော့ကြည့်ရမယ့်လူလား ... ဦးညွှတ်ရမယ့်လူလား။ ဖယ်ထုတ်ပစ်ရမယ့် လူလား ... ဆိုတာတော့၊ ကျွန်တော် လေ့လာဖို့၊ လိုလိမ့်မယ်။

ဘယ်နိုင်ငံမှာမှ၊ နိုင်ငံရေးသမား မရှိပါဘူး ဦးဘိုရယ်။

အစိုးရကို၊ မကျေနပ်တဲ့သူနဲ့ ကျေနပ်နေတဲ့သူ၊ ဒါပဲ ရှိတာပါ။ ကျေနပ်တဲ့သူက အစိုးရကို ကူညီ။ မကျေနပ်တဲ့သူက၊ အစိုးရကို၊ ပုန်ကန်။

ဒီ ... နှစ်မျိုးပဲ ရှိတာပါ။ နိုင်ငံရေးသမား ဆိုပြီး ... သီးသန့် လူတန်းစား၊ မရှိပါဘူး။ အဲ ... ကျွန်တော့်လို၊ မကျေနပ်ချက်လေးတွေ စု ... စု ... ပြီး၊ တစ်ချိန်ချိန်မှာ၊ ပုန်ကန်မိမယ်ဆိုရင်တော့။ ဒါကို ... တော်လှန်ရေးသမား ... လို့ ခေါ်စေချင်တယ် ... ဟဲ ဟဲ''

''ပေါ်လွင်မပြူ၊ ကောင်းရာတုလျက်၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း ... တဲ့၊ မင်း ... ကြားဖူးတယ် မဟုတ်လား''

''ဟုတ်ကဲ့''

''မင်း ...၊ အစိုးရကို ဆန့်ကျင်တဲ့ အလုပ် တစ်ခုခု လုပ်တော့မယ်ဆိုရင်။ မင်း ... မပေါ်လွင်



www.burmeseclassic.com

www.burmeseclassic.com



စေနဲ့။

ဒီနွေ ပေါ်လွင်ပြီဆိုတာနဲ့ မင်း . . . နောက်နွေ တောင်ထဲ ရောက်မှာပဲ"

"ဟုတ်ကဲ့။ အဲဒီ့ စကားကို ကျွန်တော် မှတ်ထားပါ့မယ်"

"ဗိုလ်ချုပ်အောင်ဆန်း။ အင်္ဂလိပ်ကို တော်လှန်ခဲ့တာ၊ အချုပ် . . . ရက်ပိုင်းပဲ ကျဖူးတယ်။

ထောင်မကျဖူးဘူး။ မင်းလည်း . . . ထောင်မကျစေနဲ့။ ထောင်ကျရင်၊ မင်း . . . လုပ်ချင်တာလုပ်ဖို့ အချိန် ဆုံးရှုံးတယ်"

"ကျွန်တော် . . . ဘာမှ၊ မလုပ်သေးပါဘူး ဦးဘို။ အခုမှ . . . လေ့လာတုန်းပါ။

ကျွန်တော်တို့က၊ လူ။ လူကို၊ လက်နက်နဲ့ အုပ်ချုပ်ထားတာမျိုး။ လုံးဝ . . . လက်မခံဘူး။

လောလောဆယ်၊ ဒီလောက်ပဲ ခံစားထားပါသေးတယ်။

ဒါနဲ့ . . . ဦးသန့်နဲ့ ဦးနေဝင်းနဲ့က၊ မတည့်ဘူးလား"

"ဘာဖြစ်လို့လဲ"

"ဦးသန့်အရေးအခင်းဖြစ်တယ်ဆို"

"သမိုင်းအထောက်အထားတော့၊ ငါလည်း





မသိဘူး။

ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်ဆီမှာ၊ ဦးနေဝင်းက၊ နိုင်ငံအတွက် အကူအညီတောင်းဖူးတာ၊ အဆင်မပြေဘူး . . . တဲ့။

ဒါ . . . , ငါ ကောလာဟလ ကြားတာနော်။ သေသေချာချာတော့ မသိဘူး"

"ဪ . . . အဲဒါကြောင့်၊ ဦးသန့်သေတော့၊ ကြဲတောသုသာန်မှာ၊ ဖြစ်သလို၊ သင်္ဂြိုဟ်ဖို့ လုပ်တာပေါ့၊ ဟုတ်လား"

"အဲဒါကို၊ သေသေချာချာ မသိတာ။ ဒါပေမဲ့ ကျောင်းသားတွေ၊ အလောင်းကို၊ ဝင်လုကြတယ်။

ငါတို့တော့ ဝင်မပါဘူး။ ကြောက်လို့။ တစ်ခုတော့ ရှိတာပေါ့။ ခေတ်အဆက်ဆက်။

တိုင်းပြည်ရဲ့ သမိုင်းကို၊ ကျောင်းသားက၊ ဦးဆောင်လာတာ။ အဲဒါကိုတော့၊ ငါ . . . ဂုဏ်ယူတယ်။

ဒါပေမဲ့ . . . ထောင့်ကိုးရာ ခြောက်ဆယ့်နှစ်က၊ စ,ပြီး . . . ၊ အစိုးရနဲ့ကျောင်းသား။ မတည့်တော့တာ။ ဘာကြောင့်လဲ။

အဲဒါ . . . မင်း, လေ့လာ။ စဉ်းစား"

"ဦးဘိုက၊ ဒီ . . . အစိုးရကို၊ မကြိုက်ဘဲနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ရပ်ကွက်ကောင်စီဝင်။ လုပ်နေတာလဲ''

''ဘယ်အစိုးရ လက်ထက်ပဲ ဖြစ်ဖြစ်၊ ကိုယ့်ရပ် ကိုယ့်ရွာကို၊ ကိုယ့်ဘာသာ၊ စောင့်ရှောက်ရမယ်လေကွာ။ အဲဒါကြောင့်၊ ရပ်ကွက်ကောင်စီဝင်၊ လုပ်နေတာ''

''ကျွန်တော် ဖတ်ထားတဲ့၊ ဆိုရှယ်လစ်ဘောဂဗေဒ။

အဲဒီအထဲမှာ၊ ဆိုရှယ်လစ်စနစ် အောင်မြင်ဖို့နှစ်တစ်ရာ ... စီမံကိန်း ချရမယ် ... တဲ့။

အဲဒီ နှစ်တစ်ရာကို၊ အနှစ်နှစ်ဆယ်စီ၊ ငါးခါခွဲရမယ် ... တဲ့။

ပြီးရင် ...

ပထမ အနှစ်နှစ်ဆယ် နှစ်ရှည်စီမံကိန်း၊ ဒုတိယ အနှစ်နှစ်ဆယ် နှစ်ရှည်စီမံကိန်း ... ဆိုပြီး၊ အနှစ်တစ်ရာကို၊ ငါးပိုင်းခွဲရမယ်။

ပြီးမှ ...

ပထမ အနှစ်နှစ်ဆယ် နှစ်ရှည်စီမံကိန်း။ အဲဒီ အနှစ်နှစ်ဆယ်ထဲမှာမှ၊ ပထမ လေးနှစ်စီမံကိန်း။ ဒုတိယ လေးနှစ်စီမံကိန်း။ တတိယ လေးနှစ်စီမံကိန်း။ စတုတ္ထလေးနှစ် စီမံကိန်း။ ပဉ္စမ လေးနှစ်စီမံကိန်း ... ဆိုပြီး။ ငါးပိုင်း ပိုင်းရမယ် ...တဲ့။





အဲဒီလို ... ပထမ အနှစ်နှစ်ဆယ် နှစ်ရှည်စီမံကိန်းကို၊ လေးနှစ်စီ ငါးခါခွဲပြီး၊ ကြိုးစားလို့မအောင်မြင်ရင် ...

နောက်ထပ်၊ ဒုတိယ အနှစ်နှစ်ဆယ် နှစ်ရှည်စီမံကိန်းကို၊ ထပ်ပြီး၊ ရေးဆွဲ။

ပြီးရင် ...

ဒုတိယ အနှစ်နှစ်ဆယ် နှစ်ရှည်စီမံကိန်းကို၊ ပထမ, လေးနှစ်စီမံကိန်း၊ ဒုတိယ လေးနှစ်စီမံကိန်း ... ဆိုပြီး ငါးခါ ထပ်ခွဲပြီး၊ ကြိုးပမ်းရမယ် ... တဲ့။ ဦးဘို ..., အခု ... အနှစ်နှစ်ဆယ်ကျော်ပြီ ... ဆိုတော့၊ ပထမ အနှစ်နှစ်ဆယ် နှစ်ရှည်စီမံကိန်းကြီးပြီးပြီပေါ့နော်''

''အေး''

''အခုထိ ... အောင်ရမည်ပဲ ကြွေးကြော်နေရသေးတယ်ဆိုတော့၊ ဒါ ... မအောင်မြင်သေးလို့ပေါ့။

အခု ... ကျွန်တော်နဲ့ဦးဘိုနဲ့ စကားပြောနေချိန်မှာ၊ ဒုတိယ အနှစ်နှစ်ဆယ် နှစ်ရှည်စီမံကိန်းရဲ့ ပထမ လေးနှစ်ထဲကို၊ ရောက်နေပြီ ဆိုတော့ ...၊ ဆိုရှယ်လစ်စနစ်နဲ့ ချီတက်လာတာ အနှစ် နှစ်ဆယ်ကျော်ပြီဆိုတဲ့ သဘောပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အင်း။ အဲဒီတော့။ မင်း . . . က၊ ဘယ်လို . . . သတ်မှတ်ချင်တာလဲ"

"မသတ်မှတ်တတ်ပါဘူး။ ကျွန်တော်က၊ သာမန်အတွေးပဲ၊ တွေးကြည့်တာပါ။

မုန့်ဟင်းခါးရောင်းတာ၊ အနှစ် နှစ်ဆယ်။ မိသားစု မဖူလုံသေးဘူးဆိုရင်။ ချက်နည်းပြောင်းရင် ပြောင်း။ ဒါမှမဟုတ် . . . တခြားဟာ ပြောင်းရောင်း . . .။ အဲဒီလောက်ပဲ တွေးမိတယ်"

"မောင်မျိုး"

"ဗျ"

"မင်း . . .၊ အနာဂတ်မှာ၊ တိုင်းပြည် ခေါင်းဆောင်လုပ်ဖို့ ရည်ရွယ်ချက် ရှိလား"

"မရှိဘူး။ ကျွန်တော် ကဗျာဆရာပဲ လုပ်မှာ။

ဒါပေမဲ့ . . . ဒူးနေရာ ဒူး။ တော်နေရာ . . . တော်။ မဟုတ်ရင်တော့၊ ကျွန်တော် . . .၊ နေရာမှန် . . . လူမှန်ဖြစ်အောင်၊ လုပ်ရလိမ့်မယ် ထင်တယ်။

ကြီးကြီးကျယ်ကျယ်၊ မတန်မရာ ပြောရရင်။ ဗိုလ်ချုပ်အောင်ဆန်းလိုပေါ့။

လွတ်လပ်ရေးရပြီးရင်၊ ကျုပ်က, စာပဲရေးမှာ . . . ဆိုတာလေ။ ဟဲဟဲ။ ကျွန်တော်လည်း။ လွတ်လပ်ရေးရပြီးရင်၊ ကဗျာပဲ ရေးမယ်။ ကဗျာ





ဆရာပဲ လုပ်မယ်"

"ဟောကောင်၊ တီးတိုးပြောစမ်း။ ထောင့်ကိုးရာ လေးဆယ့်ရှစ်ခုနှစ်ကတည်းက၊ တို့တိုင်းပြည်၊ လွတ်လပ်ရေး ရပြီးသားပါကွ"

"ဟဲဟဲ။ အဲဒါ . . . က၊ ကိုလိုနီ လက်အောက်က၊ လွတ်လပ်ရေး။

အခု . . . ကျွန်တော် စ,လုပ်မှာက၊ အမျိုးသား လွတ်မြောက်ရေး။ တစ်နည်းအားဖြင့်။ မြန်မာပြည်ရဲ့ ပထမလွတ်လပ်ရေးနေ့၊ ဇန်နဝါရီလ, လေးရက် . . . လိုမျိုး။

မြန်မာပြည်မှာ၊ ဒုတိယ လွတ်လပ်ရေးနေ့။ ဒါမှမဟုတ်၊ လွတ်မြောက်ရေးနေ့ . . . ဆိုတာမျိုး၊ ရှိလာအောင်၊ လုပ်မှာ။ အမျိုးသားလွတ်မြောက်ရေးနေ့ဆိုပါတော့။ ဟဲဟဲ"

"အခု . . . မင်း, မလွတ်လပ်လို့လား"

"ဦးဘိုတောင်၊ စကားသံ တီးတိုးလေး ပြောနေတာ မဟုတ်လား။

လူပဲ၊ ပြောချင်တာကို၊ ရဲရဲဝံ့ဝံ့၊ ပြောရမှာပေါ့။ အစိုးရကို၊ ဝေဖန်စကားလေး၊ ပြောတာတောင် လေသံမထွက်ရဲတာ။ အဲဒါ . . . မလွတ်လပ်တာပေါ့။ ဦးဘိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . တကယ် နိုင်ငံရေးသမား . . . မလုပ်ဘူးနော်"

"မြန်မာပြည်မှာ နိုင်ငံရေးသမား မရှိဘူး။ အစိုးရကို မကြိုက်တဲ့လူနဲ့ မှီပြီး စားနေရလို့ ကြိုက်ချင်ယောင်ဆောင်နေရတဲ့ လူတွေပဲ၊ ရှိတယ်"

"ကဲ . . . ထားပါ၊ မင်း . . . တစ်ခုခုဖြစ်လို့ တောခိုတာတို့ ဘာတို့။ မလုပ်ဘူး မဟုတ်လား . . . လို့၊ ငါ . . . မေးတာ"

"ဘယ်တော့မှ တောမခိုဘူး။ ဘာဖြစ်လို့လဲ ဆိုတော့၊ ကျွန်တော် စာတွေထဲ ဖတ်ကြည့်တာ။ တောခိုတဲ့လူတွေ၊ . . . နှစ်ပေါင်း လေးငါးဆယ်၊ ပြန်မလာဖြစ်တော့ဘူး။

မြို့မှာရှိတဲ့ အစိုးရကို၊ ဝေဖန်ဖို့ တောထဲ သွားရင်၊ ဝေးတာပေါ့။ ကျွန်တော်က . . . အနီးကပ် ဆော်ချင်တာ"

"မင်း . . . အဖမ်းခံရမှာ၊ မကြောက်ဘူးလား"

"ကြောက်တာပေါ့။ ဒါပေမဲ့ . . . ကြောက်ကြောက်နဲ့ လုပ်ရမှာပဲ။ ဦးဘိုပဲ . . . ပြောတယ်လေ။ ဗိုလ်ချုပ်အောင်ဆန်းက၊ ထောင်မကျဖူးဘူးဆို"

"မင်း . . . အခု၊ ဘာတွေလုပ်နေလဲ"

"စာဖတ်နေတယ်။ သခင်သန်းထွန်းရဲ နောက်ဆုံးနေ့များ . . . တို့။ နောက် . . . ဆရာမောင်ကိုယုရေးတဲ့၊ ကမ္ဘာကျော် ပျောက်လဲချက်များ . . . တို့။ . . . အများကြီးပဲ။ ဖတ်နေတာ"

"မင်း . . . ဆယ်တန်း မဖြေတော့ဘူးလား"

"အောင်မှာလည်း မဟုတ်ဘူး။ ဖြေလည်း . . . မဖြေချင်ဘူး။

နံ့ထောက်ဖြေပြီး၊ အောင်တဲ့ပညာရေးကို၊ ကျွန်တော် မယုံကြည်ဘူး"

"ဒုက္ခပါပဲ။ မင်း . . . တကယ် သူပုန်ဖြစ်နေတာပဲ"

"အဲဒီလို၊ မပြောပါနဲ့ ဦးဘို။ ကျွန်တော် မြန်မာပါ။

ကိုယ့်မင်း ကိုယ်ချင်း။ ကိုယ့်အရှင်သခင်၊ ကိုယ့်ဘုရင်နဲ့ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကျွန်းနဲ့၊ နေခဲ့ကြတဲ့၊ မြန်မာလူမျိုးက၊ ပေါက်ဖွားလာတဲ့သူပါ။

ဘယ်ပြည်သူပြည်သားမဆို၊ ကိုယ့်ခေါင်းဆောင်ကို၊ ချစ်ခင်ရိုသေချင်ကြတာချည်းပါပဲ။

ဒါပေမဲ့ . . . အုပ်ချုပ်တာ မဟုတ်ဘဲ၊ အုပ်ပြီး ချုပ်ထားတာမျိုးဆိုရင်တော့၊ သိကြားမင်း လာအုပ်ချုပ်ရင်တောင်၊ ကျွန်တော် . . . လေးခွနဲ့ဖြစ်ဖြစ် ပြန်ပစ်မှာပဲ"





www.burmeseclassic.com

www.burmeseclassic.com



"ဦးဘို။ စာပေးစာယူ တက်နေရတဲ့ ... တက္ကသိုလ်ကျောင်းသား၊ ဝန်ထမ်းပါကွာ။

ဦးဘို။ မင်းလို ... စိတ်မျိုး၊ မထားဖူးဘူး။ မင်းကို၊ ချီးလည်း ကျူးချင်တယ်။ မြှောက်လည်း၊ မပေးရဲဘူး။ ဒါပေမဲ့ ... မင်းရဲ့ စိတ်ကို၊ ဂုဏ်ယူပါတယ်ကွာ"

"ကျွန်တော် ... ဘာမှ၊ သိပ်မသိသေးပါဘူး ဦးဘို။ ဒါပေမဲ့ ... ဆိုရှယ်လစ်စနစ်ဆိုတာ သာတူညီမျှစနစ်ဆိုတာတော့ သိတယ်။ ဒါပေမဲ့ ..., သာတူညီမျှ ဆိုတာကို၊ ကျွန်တော် ... အပြင်မှာ၊ မတွေ့ဖူးဘူး။ ဆင်းရဲသားတွေက၊ ဘတ်(စ)ကား တိုးစီးနေကြရတယ်။

သူတို့ ... သူတို့ ... သူတို့တွေက၊ သရီးတူး ... သရီးတို့, နိုင်းတူးနိုင်းတို့၊ စီးနေကြတယ်။

ပြီးတော့ ... သမဝါယမ ဘောဂဗေဒ၊ ကျွန်တော် လေ့လာတယ်။

ရောဘတ်အိုဝင်နဲ့ ဒေါက်တာဝီလျံကင်း၊ သာယာဝ,ပြောတဲ့ လောကသစ်ကို၊ ထူထောင်ကြမယ် ... တဲ့။

သမဝါယမဆိုတာ၊ ဆိုရှယ်လစ်စနစ်ရဲ့ အရန်အင်အား ... တဲ့။



U.G 18

ရပ်ကွက်ထဲက၊ သမဝါယမဆိုင်မှာ၊ ကျွန်တော်တို့အတွက် ဆင်ချေးတုံးဆပ်ပြာပဲ၊ ရှိတယ်။

ဇစိန်ဆန်နဲ့၊ ညှော်မထအဆန်ပဲ ရှိတယ်။

ငကြွဲဆန်၊ မီးဒုံးဆန် ... ဆိုတာ၊ အသံပဲ ကြားလိုက်ရတယ်။ ပျောက်ပျောက်သွားတယ်၊ အဲဒါ ... ရပ်ကွက်ထဲက သမဝါယမ။

စာထဲက ... ဆိုရှယ်လစ်၊ စာထဲက သမဝါယမက၊ အင်မတန်ကောင်းပေမယ့်၊ ရပ်ကွက်ထဲမှာ ... ဆိုရှယ်လစ် မရှိဘူး။ မသမ, မမျှတ,ဘူး။

ကျွန်တော် ... ဒါလောက်ပဲ၊ သိပါသေးတယ် ဦးဘို။ တခြား ဘာမှ၊ မသိသေးပါဘူး။

အဲ ... ဆိုရှယ်လစ် စီးပွားရေးအတွက်၊ အရင်းရှင်တွေဆီက၊ ပိုင်ဆိုင်မှုတွေကို၊ ပြည်သူပိုင် သိမ်းရမယ် ... တဲ့။ အဲဒါ ... လုပ်သင့်တဲ့ အလုပ်၊ ဟုတ်ရဲ့လား။

ဟုတ်တယ်ဆိုရင်ကော၊ သိမ်းထားတဲ့ အရာတွေအပေါ်၊ သိမ်းတဲ့သူတွေက၊ အ,ဂတိ ကင်းရဲ့လား။ ဆိုတာတွေ ... ကျွန်တော် သိပ်,မသိသေးဘူး"

"ကဲ ... မောင်မျိုး၊ ရော့ ... ၊ မင်းအတွက် ဦးဘို လက်ဆောင်ပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ထူထူ တစ်အုပ်။
ကျွန်တော့်ကို လှမ်းပေးရင်း . . .

"မင်းက . . . အခုမှ အသက်လေး ဆယ့်ရှစ်နှစ်လောက်ပဲ ရှိသေးတယ်။

ကိုယ့်ဘဝ . . . ဘာလုပ်မယ်ဆိုတာလည်း ရည်ရွယ်ချက် ထားပြီးသား။

ကိုယ့်တိုင်းပြည် ဘာဖြစ်နေသလဲဆိုတာလည်း မျက်ခြည်မပြတ်ဘူး။

မင်း . . . တကယ် ကဗျာဆရာဖြစ်မယ် ထင်ပါတယ်။

မင်းနေထိုင်တဲ့ နိုင်ငံရဲ့ . . . သမိုင်းကြောင်း တစ်စိတ်, တစ်ဒေသပါတဲ့၊ ဒီ . . . စာအုပ်။

မင်းကို၊ ဦးဘို၊ ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးတယ်ကွာ"

ကျွန်တော် . . . ရိုသေစွာ လက်ကမ်းယူလိုက်တယ်။

စာအုပ်ရဲ့မျက်နှာဖုံးမှာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ဓာတ်ပုံငယ်နဲ့ စာအုပ်အမည်ကို၊ တွေ့ရပါတယ်။

ရေးသူ – ဦးသန်းဖေမြင့်

၆၂–၆၇ သမိုင်းဝင် မှတ်တမ်းများ။

* * *



# ၆၂–၆၇ ခုနှစ်

# သမိုင်းဝင် မှတ်တမ်းများ

ပထမအကြိမ်

၁၉၆၈–ခု၊ ဇန်နဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

(ဆ)

၁၉၆၂–ခုနှစ်၊ မတ်လ (၂) ရက်နေ့

နံနက် (၁) နာရီမှ စ၍ နိုင်ငံတော်အာဏာကို တော်လှန်ရေးအစိုးရ သိမ်းယူသည်။ ၎င်းနေ့ နံနက် (၂) နာရီအချိန်တွင်၊ တပ်မတော်မှ ဝင်ဒါမီယာသို့ဝင်၍၊ လူမျိုးစုလွှတ်တော် နာယကကြီး စဝ်ရွှေသိုက်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး မန်းဘခိုင်၊ ပ. ထ. စ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ။ ကယားခေါင်းဆောင်များကို၊ ဖမ်းဆီးခေါ်ဆောင်သွားသည်။

(၂) နာရီခွဲတွင်၊ ဦးနုအား ခေါ်သွားသည်။

(စာ–၁)

✳

မတ်လ (၃) ရက်

နံနက် (၈) နာရီ (၁၅) မိနစ်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက၊ ယိုယွင်းနေသော တိုင်းပြည်ကို၊ ထိန်းသိမ်းကြောင်း၊ ကြေညာချက်ထုတ်ပြန်သည်။

(စာ–၂)

✳



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေး အစိုးရအား ကန့်ကွက်ကြောင်း၊ လူငယ်တပ်ဦးနှင့် ၎င်း၏ မဟာမိတ်အဖွဲ့ (၉) ဖွဲ့က၊ ကြေညာချက်ထုတ်သည်။

(တ-၅)

✳

(၅) ရက်

တော်လှန်ရေးကောင်စီ၏ သဘောထားနှင့် လုပ်ငန်းစဉ်များမှာ၊ ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်မည့် သဘောထားလုပ်ငန်းစဉ်များဖြစ်၍၊ ဖ. ဆ. ပ. လ အဖွဲ့ချုပ်မှ၊ ပူးပေါင်းကူညီမည်ဟု၊ ဖ. ဆ. ပ. လ အဖွဲ့ချုပ်၊ အလုပ်အမှုဆောင် အစည်းအဝေးမှ၊ ဆုံးဖြတ်သည်။

(တ-၆)

✳

ဧပြီ (၅) ရက်

တော်လှန်ရေး ကောင်စီဝင်များအား၊ တစ်ဦးချင်းအနေနှင့်သော်လည်းကောင်း၊ အဖွဲ့အစည်းအားဖြင့်သော်လည်းကောင်း၊ လက်ဆောင်ပေးခြင်းမှ၊ လုံးဝ ရှောင်ကြဉ်ကြရန်၊ လေးနက်စွာ၊ မေတ္တာရပ်ခံထားသည်။

............ ॥ ............ ॥

(တ-၂၄/၂၅)

✳





ဇူလိုင် (၈) ရက်

ဆူပူမှုဖြစ်ပွားရာ ဖြစ်သည့်၊ ရန်ကုန်တက္ကသိုလ်သမဂ္ဂ အဆောက်အအုံအား၊ တော်လှန်ရေး အစိုးရက၊ မိုင်းဗုံးဖြင့်၊ ဖြိုဖျက်လိုက်သည်။

တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက၊ ရန်ကုန်တက္ကသိုလ်အဖြစ်အပျက်နှင့် ပတ်သက်၍၊ တိုင်းပြည်သို့ မြန်မာ့အသံမှ တစ်ဆင့် မိန့်ခွန်းပြောကြားသည်။

မန္တလေးတက္ကသိုလ်မှ ကျောင်းသား တစ်ဦးခေါင်းဆောင်များကို၊ ဆိုင်ရာမှ ဖမ်းဆီးလိုက်သည်။

(တ-၃၉)

✳

ဩဂုတ် (၁၈) ရက်

ပ. မ. ည. တ လက်အောက်ခံ အဖွဲ့အစည်းတစ်ခု ဖြစ်သည့်၊ အေ. ဘီ. ကေ. အို (ခေါ်) ကရင်အမျိုးသား အဖွဲ့ချုပ်ကို၊ ပ. မ. ည. တ သဘာပတိ အစည်းအဝေးမှ၊ ပ. မ. ည. တ ထောက်ခံသော၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အား၊ သိပ္ပံနည်းကျ ဆိုရှယ်လစ်စနစ် မဟုတ်ဟု၊ ပြောဆို၍၊ ထုတ်ပယ်သည်။

(တ-၄၄)

✳



www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာ (၉) ရက်

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ဂန္ဓီခန်းမ၌ ဗမာပြည်အလုပ်သမားပါတီ၊ ရန်ကုန်ခရိုင်၊ ဒုတိယအကြိမ်မြောက်၊ ခရိုင်လုံးဆိုင်ရာ၊ ကွန်ဂရက်ကျင်းပရာ၊ "တော်လှန်ရေးကောင်စီရဲ့ လုပ်ငန်းရပ်များကို၊ အပြုသဘောနဲ့ ဝေဖန်ရလျှင်၊ ဆိုရှယ်လစ်စနစ်ကို၊ ထူထောင်လိုတဲ့အတွက်၊ အာဏာသိမ်းလိုက်ရကြောင်းသဘောကို၊ ကြေညာထားသည့် အားလျော်စွာ၊ ရှေ့သို့ ဆက်လက်၍၊ ရဲရဲကြီး ချီတက်သွားဖို့ လိုပါတယ်" ဟု၊ ဝိဓူရ–သခင် ချစ်မောင်က၊ ပြောကြားသည်။

(စာ–၄၆)

☼

စက်တင်ဘာ (၂၈) ရက်

ရန်ကုန် ကမ္ဘာအေး သမဝါယမ တန်ဆောင်းတွင်၊ နယ်သစ် သမဝါယမ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကျင်းပ,ရာ၊ တော်လှန်ရေးအစိုးရဆိုတာ၊ ယ ထ စ အစိုးရကို၊ တော်လှန်ပြီး တက်လာလို့၊ ခေါ်တာ မဟုတ်ကြောင်း၊ စီးပွားရေး စနစ်ဖြစ်က၊ ပုဂ္ဂလိကပိုင်မှ အများပြည်သူပိုင်စနစ်သို့၊ ကူးပြောင်းတဲ့ ကာလဖြစ်သည်၊ ဆိုရှယ်လစ် တော်လှန်ရေးကို၊ အမည်ပြုပြီး၊ တော်လှန်ရေး အစိုးရ ခေါ်ဆိုကြောင်းဖြင့်၊ သမဝါယမဌာန တာဝန်ခံ ဗိုလ်မှူးချုပ် တင်ဖေက၊ မိန့်ကြားသည်။

(စာ–၄၉)

☼





အောက်တိုဘာလ (၁၁) ရက်

၁၉၆၂–၆၃ ခုနှစ်၊ ဘတ်ဂျက်ကို ကြည့်ပါက၊ ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးကို၊ အလေးပေးနေရဆဲ ဖြစ်ကြောင်း၊ ကာကွယ်ရေး အသုံးစရိတ်မှာ၊ မည်သည့်နှစ်ကမှ၊ ၃၆–ရာခိုင်နှုန်းထက်၊ ကျသွားသည်ကို၊ မတွေ့ရကြောင်း ..............................

........... .................॥

(စာ–၅၁)

☼

အောက်တိုဘာလ (၁၅) ရက်

၂၆၅–သိန်းတန် အင်းယားလိပ်ဟိုတယ်ကို စတင်ဖွင့်လှစ်သည်။

(စာ–၅၁)

☼

နိုဝင်ဘာလ (၂၂) ရက်

ညောင်ရွှေစော်ဘွားကြီးဟောင်း စပ်ရွှေသိုက်၊ ထိန်းသိမ်းထားရာ စခန်းတွင်၊ ရုတ်တရက်၊ နှလုံးလေရိုက်၍၊ ကွယ်လွန်အနိစ္စရောက်သွားသည်ဟု၊ ဆိုင်ရာမှ၊ ကြေညာသည်။

(စာ–၅၆)

☼



www.burmeseclassic.com

www.burmeseclassic.com



**ဒီဇင်ဘာ (၅) ရက်**

**ရန်ကုန်**တက္ကသိုလ် အဆောင်အသီးသီး၌ အော်ဟစ်ဆူပူ **[illegible]** ဖြစ်ပွားသည်။

(စာ-၅၉)

☼

၁၉၆၃-ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်

တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း၊ လွတ်လပ်ရေး မိန့်ခွန်းကို၊ အသံလွှင့် ပြောကြားသည်။

ရန်ကုန်တက္ကသိုလ် သဟာယနှင့် စာဖတ်အသင်းဖြစ်မြောက်ရေး၊ ယာယီကော်မီတီမှ၊ ၁၉၆၂-ခုနှစ်၊ ဇူလိုင်လ ၇-ရက်နေ့က၊ သေဆုံးခဲ့ကြသော၊ ကျောင်းသားများအား၊ ရည်စူး၍ ဆွမ်းကျွေး အမှူဝေသည်။

(စာ-၆၃)

☼

(၁၂) ရက်

..........................................

၁၉၆၂-ခုနှစ်၊ ဇူလိုင်လ၊ ၇-ရက်နေ့ အရေးအခင်းကြောင့်၊ ဖြိုဖျက်ခဲ့ရသည့်၊ ရန်ကုန်တက္ကသိုလ်မှ၊ ကျောင်းသားသမဂ္ဂအတွက်၊ ကျောက်တိုင်ကို၊ ကျောင်းသားများက၊ ပြန်လည် စိုက်ထူသည်။

(စာ-၆၄)





ဖွန်လ (၁၅) ရက်

အလင်းဝင် ဗမာပြည်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင်များ ဖြစ်ကြသည့်၊ ဗိုလ်ရဲထွန်း၊ ဗိုလ်စိန်တင်၊ ဗိုလ်ရဲမောင်နှင့် ဗိုလ်သာဒိုးတို့က၊ ပြည်သူလူထုနှင့် ဗမာပြည် ကွန်မြူနစ်ပါတီသို့ ပန်ကြားချက်တစ်ရပ်၊ ထုတ်ပြန်ရာ၌၊

"မြန်မာနိုင်ငံ၏ ပြဿနာအားလုံးကို၊ ဖြေရှင်းရာ၌ ပြည်တွင်း ငြိမ်းချမ်းရေးသည်၊ သော့ချက် ပြဿနာဖြစ်ပြီး။ ယနေ့ အခြေအနေတွင်၊ လက်နက်နှင့် ဖြေရှင်းခြင်းထက်၊ ပြဿနာအားလုံးကို၊ စေ့စပ်ဆွေးနွေးခြင်း၊ အပြန်အလှန် လိုက်လျောခြင်း။ နည်းလမ်းသာ အကောင်းဆုံး ဖြစ်သည်" ...ဟူ၍၊ ဖော်ပြပါရှိသည်။

(စာ-၈၂)

☼

(၂၆) ရက်

ရဲနီ ဗိုလ်ချုပ်ကျော်ဝင်းနှင့်အဖွဲ့ ငြိမ်းချမ်းရေး ဆွေးနွေးရန်၊ ရန်ကုန်သို့ ရောက်ရှိလာသည်။

အလံနီပါတီ ရဲနီ ဗိုလ်ချုပ်ကျော်ဝင်းနှင့်အဖွဲ့၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံ သွားရောက်၍ ဂါရဝပြုသည်။

(စာ-၈၄)

☼



www.burmeseclassic.com

www.burmeseclassic.com



ဩဂုတ်လ (၁၃) ရက်

..............................................

...............။

ငြိမ်းချမ်းရေးကို၊ ပြီးစလွယ်လုပ်လျှင်၊ အမြောက်သံ၊ ဗုံးသံ ကြားထဲတွင်၊ ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း၊ အလံနီ ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ်၊ သခင်စိုးက၊ သတင်းစာ ကွန်ဖရင့်တွင် ပြောကြားသည်။

(စာ-၉၂)

☼

ဩဂုတ်လ (၁၃) ရက်

သခင်ကိုယ်တော်မှိုင်းအား သခင်စိုး လာ၍ ဂါရဝပြုသည်။

(စာ-၉၂)

☼

ဩဂုတ်လ (၂၁) ရက်

..............................................

...............။

ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရာ၌၊ ပြည်တွင်းစစ် စ,တင်ဖြစ်ရသည့်၊ ဇစ်မြစ်များကို၊ ယထာဘူတကျကျ၊ ရှာဖွေဖယ်ရှားနိုင်မှသာ၊ ပြည်တွင်းငြိမ်းချမ်းရေး တည်





ဆောက်နိုင်မည်ဟု၊ ယုံကြည်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ချုပ်မှ၊ ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

(စာ-၉၅)

☼

စက်တင်ဘာလ (၈) ရက်

..............................................။

တစ်နေ့ ပြည်သူလူထုထံမှ အာဏာဆင်းသက်ရမည် ဆိုသည့်အတိုင်း၊ လူထုထံမှ၊ အာဏာတောင်းခံပွဲ၊ တစ်နေ့ မုချဖြစ်ရမည်ဟု၊ သတင်းစာရှင်းလင်းပွဲ၌ ပမညတ အတွင်းရေးမှူး ဗိုလ်မြသွေးက ပြောကြားသည်။

(စာ-၉၆)

☼

အောက်တိုဘာလ (၁) ရက်

တော်လှန်ရေးကောင်စီ ဥပဒေအမှတ် (၄၇) ကို၊ ထုတ်ပြန်ကာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ လုပ်ငန်းများ အောင်မြင်ထ, မြောက်ရေးအတွက်၊ လိုအပ်သော ဘဏ္ဍာငွေများကို၊ နိုင်ငံတော်၏ ဘဏ္ဍာငွေမှပင်၊ ကျခံရမည်ဟု၊ သတ်မှတ်လိုက်ကြောင်း၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက၊ ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

(စာ-၁၀၅)

☼



www.burmeseclassic.com

www.burmeseclassic.com



နိုဝင်ဘာလ (၉) ရက်

သမ္မတဟောင်း ဒေါက်တာဘဦး ကွယ်လွန်သည်။

(စာ-၁၁၀)

✳

နိုဝင်ဘာလ (၁၆) ရက်

တော်လှန်ရေးအစိုးရနှင့် မဒညတ ဆွေးနွေးပွဲပျက်ပြီးနောက်၊ မြို့ပေါင်း (၂၇) မြို့မှ၊ နိုင်ငံရေးခေါင်းဆောင်များ၊ စာရေးဆရာများ၊ သတင်းထောက်များ၊ စုစုပေါင်း ၂၇၁-ဦးကို၊ ထိန်းသိမ်းလိုက်သည်။

(စာ-၁၁၁)

✳

ဒီဇင်ဘာလ (၂) ရက်

..........................................။

မော်လမြိုင်ကောလိပ်ကို၊ ရက်အကန့်အသတ်မရှိ ပိတ်လိုက်သည်။ ညမထွက်ရအမိန့်ထုတ်ပြီး၊ ကျောင်းသား (၂၃) ဦးကို၊ ဆိုင်ရာမှ၊ ထိန်းသိမ်းလိုက်သည်။

(စာ-၁၁၄)

✳





ဒီဇင်ဘာလ (၆) ရက်

အောက်တိုဘာလ (၂၈) ရက်နေ့က ပိတ်လိုက်သော ရန်ကုန်တက္ကသိုလ်ကို အမြန်ဆုံးဖွင့်ပေးရန်၊ ဖမ်းဆီးထားသော ကျောင်းသူကျောင်းသားများအား အမြန်ဆုံး လွှတ်ပေးရန်နှင့်၊ ကျောင်းသူကျောင်းသားများကို၊ ကျောင်းမထုတ်ရန်၊ မေတ္တာရပ်ခံလျက်၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂနှင့် ရန်ကုန်ခရိုင်လုံးဆိုင်ရာ၊ ကျောင်းသားများ သမဂ္ဂမှ၊ ပူးတွဲ ကြေညာသည်။

(စာ-၁၁၆)

✳

၁၉၆၄-ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်

ပုပ္ပါးတောင်သူလယ်သမား နိုးနှောဖလှယ်ပွဲ နောက်ဆုံးနေ့တွင်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက၊ “မိမိတို့တွင် အတွေ့အကြုံ ပြည့်ပြည့်စုံစုံ မရှိ၊ ဆိုရှယ်လစ်နိုင်ငံ ထူထောင်ရေးကို၊ မကြုံကြိုက်သော အစိတ်အပိုင်းကလည်း၊ နှောင့်ယှက်၍ အခက်အခဲတွေ့နေရသည်။ အကူးအပြောင်းကာလ,တွင်၊ အခက်အခဲ တွေ့ရဦးမည် ဖြစ်သည်။ ကုန်သည်နှင့်အစိုးရ ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေသည်။ တစ်နေ့တွင်မူ၊ အစိုးရပဲ နိုင်ရမည်။ ကန့်တကော့အမျိုးမျိုး ခုက္ခဆက်ပေးနေလျှင်၊ ယခင်ကကဲ့သို့၊ ညင်ညင်သာသာနှုပ်တော့မည် မဟုတ်ဟု၊ ကြေညာလိုက်သည်ဟု၊ ပြောကြားသည်။

(စာ-၁၂၁)

✳



www.burmeseclassic.com

www.burmeseclassic.com





(၂၆) ရက်

ထိုင်းကာကွယ်ရေး ဝန်ကြီး မာရှယ်ဒါဝီ ရန်ကုန်မှ မထွက်ခွာမီ မင်္ဂလာဒုံလေဆိပ်၌ သတင်းထောက်များနှင့် တွေ့ဆုံရာတွင်၊ "ဗမာပြည်မှ နိုင်ငံရေးသမားအချို့ ယိုးဒယားနယ်ပယ်ထဲတွင်၊ ရှိနေသည်ဆိုသော ကိစ္စနှင့် ပတ်သက်၍ ပြောရလျှင်၊ မိမိသိသလောက် မရှိပါ။

တရားဝင်လည်း ဘာမျှမသိပါ။ သို့သော်လည်း၊ နိုင်ငံရေး အရ ခိုလှုံခွင့် တောင်းလျှင်၊ ၎င်းတို့အား၊ ကြင်နာသောအားဖြင့်၊ ခိုလှုံခွင့်ပေးရမည်ဟု၊ ပြောဆိုသည်။

(စာ-၁၂၄/၁၂၅)

☼

ဖေဖော်ဝါရီလ (၁၂) ရက်

၁၇-ကြိမ်မြောက်၊ ပြည်ထောင်စုနေ့ အခမ်းအနားကို၊ မန္တလေးမြို့ ပြည်ထောင်စုကွင်း၌ ကျင်းပရာ၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး တိုင်းရင်းသား လူမျိုးများအပေါ်၊ တော်လှန်ရေး ကောင်စီ၏သဘော ထား ခံယူချက် ထုတ်ပြန်သည်။

ငွေကြေးအခက်အခဲကြောင့် အမျိုးသား သတင်းစာ ရပ်ဆဲ သွားသည်။

(စာ-၁၂၀



မတ်လ (၄) ရက်

..........................................

.................။

.........၊ ဗမာချင်း ရက်ရက်စက်စက် မလုပ်ချင်၊ လက်တွဲ လုပ်ကြရန် တောင်းပန်လိုသည်။ ဤသို့ ဖိတ်ခေါ်၍ မရလျှင်၊ ရှေးက မြို့တည် နန်းတည်ရာတွင်၊ စတေးသကဲ့သို့၊ ဆိုရှယ်လစ်စနစ် တည် ဆောက်ရာတွင်လည်း၊ စတေးရမည်ဆိုလျှင် စတေးမည်" ဟု၊ ထည့် သွင်း ပြောကြားသွားသည်။

(စာ-၁၃၀)

☼

(၇) ရက်

တက္ကသိုလ် ဆူပူမှုပြုခဲ့သော ကျောင်းသား ၂၉၉ ဦးအား၊ သက်ဆိုင်ရာ စာမေးပွဲများသို့၊ ဝင်ရောက်ဖြေဆိုခွင့် မပြုကြောင်း၊ ဆိုင်ရာမှ ကြေညာသည်။

(စာ-၁၃၀)

☼

(၂၈) ရက်

..........................................

.................။



www.burmeseclassic.com

www.burmeseclassic.com





...............။ ၁၉၆၄–ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ်–၄ ဖြင့် ၁၉၆၄–ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို၊ ကာကွယ်သည့် ဥပဒေကို၊ ထုတ်ပြန်သည်။ ထိုဥပဒေအရ နိုင်ငံရေး, အဖွဲ့အစည်းအားလုံးကို၊ ဖျက်သိမ်းလိုက်ပြီး၊ ပါတီကိုစွဲ ဆက်လုပ်သူ အား၊ ထောင်ဒဏ် ၅–နှစ်၊ အပြစ်ပေးမည် ဖြစ်သည်။

(တ–၁၃၃)

※

ဧပြီ (၁၆) ရက်

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဂ္ဂန်းမ၌ တက္ကသိုလ် အထက်တန်းပညာ၊ သင်ကြားမှု နှီးနှောဖလှယ်ပွဲ ကျင်းပရာ၊ ပညာရေး တာဝန်ခံ ဗိုလ်မှူးလှဟန်က "လက်ရှိပညာရေးစနစ်ကို၊ ဆက်လက် ကျင့်သုံးရန် မဖြစ်သဖြင့်၊ ပညာရေးစနစ် ပြုပြင်မျိုးထောင်သည့် နေရာတွင်၊ ယခုတည်ဆောက်နေသော၊ ဆိုရှယ်လစ်စနစ်နှင့် တစ်ပြေးတည်း ကိုက်ညီမည့် ပညာကို အခြေခံ ခံယူချက်ကို၊ ချမှတ်ရန် လိုသည်။

(တ–၁၃၆)

※

(၂၆) ရက်

...................................................

..............။

ကမ္ဘာအေး ကုန်းမြေရှိ ၁၁–သိန်းတန် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပြတိုက်၊ ဖွင့်လှစ်သည်။

(တ–၁၃၇)

※

မေလ (၁၇) ရက်

...................................................

..............။

တော်လှန်ရေးကောင်စီ ဥပဒေ အမိန့်အမှတ် ၇–အရ၊ ၁၉၆၄–ခုနှစ်၊ ကျပ်တစ်ရာတန်ငွေစက္ကူနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို၊ တရားဝင်ငွေအဖြစ်မှ၊ ရုပ်သိမ်းသည့် ဥပဒေကို ထုတ်ပြန်သည်။

(တ–၁၄၁)

※

၁၉၆၇–ခုနှစ်၊ ဇွန်လ (၂၃) ရက်

မော်စီတုံးတံဆိပ် တပ်ဆင်ခြင်း မပြုရန် တားမြစ်ခြင်းကို၊ မကျေနပ်၍ ဆန္ဒပြခဲ့သော၊ ရန်ကုန်လ,သာ အလယ်တန်းကျောင်း (၁) နှင့် မူလတန်းကျောင်း (၃) တို့ကို၊ ရက်အကန့်အသတ်မရှိ ပိတ် ထားလိုက်သည်။

(ဇူ–၂၄၇)

※





www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ (၂) ရက်

••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••••

••••••••••••••••။

ပုဒ်မ (၁၄၄) အမိန့်၊ နောက်ထပ် ၇-ရက် တိုးမြှင့်သတ်မှတ်လိုက်ကြောင်း၊ ရန်ကုန်ခရိုင်၊ ရာဇဝတ်တရားသူကြီးရုံးမှ၊ ထုတ်ပြန်လိုက်သည်။

(စာ-၂၄၈)

☼

ဩဂုတ်လ (၁၄) ရက်

••••••••••••••••••••••••••••••••••••••••

••••••••••••••••။

စစ်တွေမြို့တွင်၊ ဆန်လုယက်မှု ဖြစ်ပွားရာ၊ မေတ္တာရပ်ထိန်းသိမ်းသော်လည်း၊ မရသဖြင့်၊ တိကျကျ အရေးယူရာ၊ လူ (၁၈) ဦး၊ သေဆုံးပြီး၊ (၄၉) ဦး၊ ဒဏ်ရာရရှိသွားသည်ဟု၊ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီရုံးခန်း၌၊ သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင်၊ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဒု-ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်ကျော်က၊ ပြောကြားသည်။

(စာ-၂၅၁)

☼





အောက်တိုဘာလ (၁၇) ရက်

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူး၊ ဗိုလ်မှူးချုပ် စန်းယုသည်၊ ရာဝတီတိုင်းအတွင်းမှ၊ ပါတီယူနစ် စည်းရုံးရေးမှူးများနှင့်၊ ပါတီစည်းရုံးရေးရာ ကိစ္စရပ်များကို၊ ဆွေးနွေးသည်။

(စာ-၂၅၄/၂၅၅)

☼

၂၄) ရက်

မုံရွာခရိုင်တွင် သိန်းငါးဆယ်ခန့် ခုံးမည်ဟု၊ ခန့်မှန်းရသည့်ရေဘေးကြီး ပေါ်ပေါက်သည်။

(စာ-၂၅၅)

☼ ☼ ☼



www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်တဲ့သူကာ၊ အုပ်ချုပ်တဲ့၊

အလုပ် ... လုပ်။

ကာကွယ်တဲ့သူကာ၊ ကာကွယ်တဲ့၊

အလုပ် ... လုပ်။

အဲဒါ ...

နိုင်ငံရေးပဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

"မင်း . . . ပြဿနာတက်လို့ဆို၊ ကျောင်းမှာ"

မြသန်းထွဋ်က၊ ဒသမတန်း (ဘီ)။ ကျွန်တော်က ဒသမတန်း (ဂျီ)။ ကျောင်းအုပ်ဆရာကြီး ရုံးခန်းမှာမဟုတ်တဲ့၊ ဆရာမ,များ နားနေခန်းမှာ၊ အတန်းမှူး ဆရာမ,ရဲ့၊ စားပွဲမှာသာ ဖြေရှင်းရင်ဆိုင်ရသည့် ပြဿနာ။

ပြဿနာကြီးကြီးမားမား မဟုတ်ပေမယ့်၊ ကျွန်တော့်ကို၊ အတန်းမှူးက, ခေါ်ယူမေးမြန်းတယ်ဆိုတဲ့ သတင်းက, နည်းနည်းတော့၊ ပြန့်သွားပုံပါပဲ။

စာသင်ခန်းချင်း ဝေးပေမယ့်၊ ကျောင်းဆင်းချိန်လောက်မှာတော့၊ မြသန်းထွဋ်ရဲ့ သတင်းကြားပြီးလောက်ပြီ ထင်ပါရဲ့။ ဘယ်က, ကြားသလဲ မမေးမိတော့ပါဘူး။

"ပြဿနာက၊ မော်နီတာနဲ့၊ ငါနဲ့ တက်တာကွ။ ဆရာမ,နဲ့ တက်တာ မဟုတ်ဘူး"

"အတန်းမှူး၊ ခေါ်တာဆို။ မင်းကို"

"ပထမ,တော့ ငါ့ တစ်ယောက်တည်း ခေါ်တာ။ နောက်မှ . . . မော်နီတာကိုပါ၊ ခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မော်နီတာနဲ့ မင်းနဲ့၊ ရန်ဖြစ်လို့လား"

ကျွန်တော် ခေါင်းယမ်းပြလိုက်ပြီး . . .

"လမ်းစဉ်လူငယ် သင်တန်း။ ဖောင်တွေ၊ ဝေထားတယ် မဟုတ်လား။ ကိုးတန်းနဲ့၊ ဆယ်တန်းတွေကို"

"အေးလေ"

"ငါ . . .၊ မူလ,တန်းတုန်းက၊ တေဇလူငယ် သင်တန်း၊ မတက်ဖူးဘူး။

ငါးတန်းဖြေပြီးတဲ့ နှစ်တုန်းက,တော့၊ ရှေ့ဆောင်လူငယ်သင်တန်း တက်ဖူးတယ်လေ"

"အင်း"

"အဲဒီ . . . သင်တန်းမှာ၊ ငါ့အတွက်၊ ဘာမှ၊ ဗဟုသုတ မရခဲ့ဘူး။ တခြားသူတွေအတွက်တော့၊ ရချင်ရမှာပေါ့"

"အခုက . . .၊ ရှေ့ဆောင်လူငယ်သင်တန်း အတွက်၊ မဟုတ်ဘူးလေ။ လမ်းစဉ်လူငယ် သင်တန်း အတွက်ပဲလေ"

"ဟုတ်ပါတယ်။ ငါ . . ., ဖောင်တော့ ဖြည့်ပြီးသား။ ဒါပေမဲ့ . . . ပြန်မတင်ရသေးဘူး။

ငါ . . တက်သင့်,မတက်သင့် စဉ်းစားနေတာ။ လမ်းစဉ်လူငယ် တို့လူငယ် . . . ပြည်ကျိုး



တိုးစေကွယ် . . . ဆိုတဲ့၊ ရေဒီယိုသီချင်း။ မင်း . . . ကြားဖူးတယ်နော်"

"အေး။ ကြားဖူးတယ်"

"ဘယ်လမ်းစဉ်ရဲ့ လူငယ်လဲ . . . လို့၊ မင်း . . . တွေးဖူးလား"

မြသန်းထွဋ် ခေါင်းခါပြတယ်။

"ငါ . . . တွေးတယ်။ အခု . . . လူကြီးတွေ၊ လုပ်နေကြတာ၊ ဆိုရှယ်လစ်လမ်းစဉ်။ . . . တဲ့။

ငါ့အဖေလည်း၊ မြို့နယ်, ပါတီယူနစ်မှာ၊ ဘာဆိုလားပဲ။

အစည်းအဝေး အခမ်းအနားတွေမှာ၊ စကားပြောဖို့၊ မိန့်ခွန်းတွေ၊ ကျက်နေတာ၊ ငါ . . . ကြားဖူးတယ်။

ဘာတဲ့ . . .။ သဘာပတိကြီးခင်ဗျား . . . ဆိုတာနဲ့၊ စ,ကြတာ။

အဲဒီ . . . ဆိုရှယ်လစ်လမ်းစဉ်ရဲ့ လူငယ်။ လမ်းစဉ်လူငယ်သင်တန်း ဆိုတာကို၊ ငါ . . . တကယ် တက်ချင်ရဲ့လား . . . လို့၊ စဉ်းစားနေတာ"

"ဘာစဉ်းစားစရာ လိုလဲကွာ။ တစ်ကျောင်းလုံး၊ ဖောင် . . . တင်ကြရတာပဲဟာ"

"အေး။ အဲဒါ . . . ပြဿနာ။ တစ်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



လုံး၊ တင်ပြီးပြီ၊ ငါ့အခန်းက, ကျောင်းသား ကျောင်း
သူတွေလည်း၊ တင်ပြီးပြီ၊ ငါ ... မတင်ရသေးဘူး။

အဲဒါကို ...။ မော်နီတာက, ရန်မျိုးအောင်
မြန်မြန်တင် ... တဲ့။

အဲဒီ့ လမ်းစဉ်လူငယ် ... မလုပ်ရင်း စာမေးပွဲ
ကျမယ် ... တဲ့။

ဟုတ်လား ...လို့၊ ငါ ... မေးပြီး။ အဲဒီ့
... ဝင်ခွင့်ပုံစံ စာရွက်တွေကို၊ ငါ ... အစိတ်စိတ်
အမွှာမွှာဖြစ်လိုက်တာ။ အတန်းမှူးဆီ ရောက်သွား
ရတဲ့အထိပဲ''

''အတန်းမှူးက၊ ဘာပြောလဲ''

''ဘာမှ၊ မပြောတော့ပါဘူး။ အကြောင်း
ဖြစ်တယ် ... ထင်လို့၊ ခေါ်မေးတာ။

ငါ ... အမှန်အတိုင်း ပြောပြလိုက်တော့
မော်နီတာ ... အဆူခံရတာပေါ့။

အဲ ...၊ ငါ့ကိုတော့၊ သတိပေးလိုက်တယ်
ဒီလို ... အပြုအမူမျိုးက၊ အန္တရာယ် ကြီးတယ်နော်
ရန်မျိုးအောင် ... တဲ့''

''ဟုတ်တယ် ... ရန်မျိုးအောင်။ မင်း ...
နေရာတကာ၊ ကျစ်တစ်တစ် မလုပ်ပါနဲ့။ အန္တရာယ်
ဖြစ်မယ်''





''ငါ ... သေသေချာချာ မယုံကြည်သေး၀
အသင်းအဖွဲ့ထဲကို၊ ငါ ... မဝင်တာ၊ အန္တရာယ်လား
... မြသန်းထွန်း''

''အတိုက်အခံလုပ်တဲ့၊ အပြုအမူတိုင်းမှာ
အန္တရာယ် ရှိတတ်တယ် ... တဲ့။ ငါ့အမေ ပြောထာ
ဖူးတယ်''

နိုင်ငံရေး ပုဒ်မ,နဲ့၊ အဖမ်းခံရပြီး၊ ထောင်ထဲမှာ၊ သေဆုံးခဲ့
ရသူ၊ ဦးထင်ကျော်ရဲ့သားမှ၊ ဟုတ်ပါရဲ့လား ...လို့၊ ကျွန်တော်၊
မြသန်းထွန်းကို၊ မေးမိချင်ပါရဲ့။

မြသန်းထွန်းထက်၊ ကျွန်တော်က လ,ပိုင်းလောက်ပဲ အသက်
ကြီးတယ်။ သူ့အဖေကို၊ ကျွန်တော် မမြင်ဖူးပေမယ့်၊ ဓာတ်ပုံတော့၊
တွေ့ဖူးတာပေါ့။

သူ့အဖေ ဦးထင်ကျော်သာ၊ ကျွန်တော့်အဖေဖြစ်လို့က,
တော့၊ ကျွန်တော် ... ဧ. က. ပ. ဖြစ်နေလောက်ပြီ။

မြသန်းထွန်းက၊ ကျောင်းထား နောက်ကျတယ်။ ငယ်ငယ်
က, စကားသိပ်မပီလို့။ ကျောင်း တော်တော်နဲ့၊ မတက်ရဘူး။

ကျွန်တော်က,တော့၊ ကျောင်းထားနောက်မကျပေမယ့်၊ အခု
ထိ၊ ဆယ်တန်း မအောင်သေးဘူးလေ။ မနှစ်က,လည်း တစ်နှစ်ကျ
ပြီးသား။

အဲ ... ကြုံတုန်း ကြွားဦးမယ်။

ပညာရည်ချွန်ဆုကို၊ သူငယ်တန်းတုန်းက, တစ်ခါပဲ ရဖူး



www.burmeseclassic.com

www.burmeseclassic.com



တာ။ နောက်တော့ . . . သတ္တမ,တန်းကို (ခ) အဆင့်နဲ့ အောင်တယ်။ (ဟဲဟဲ)။ အဋ္ဌမတန်းကို (၂) ခါ၊ ဖြေရတယ်။ (အဋ္ဌမတန်းက၊ အစိုးရ စစ်လေဗျာ။ နှစ်ခါလောက်တော့၊ ဖြေရမှာပေါ့။)

နောက် . . . နဝမတန်းကို၊ နှစ်ခါ ဖြေရတယ်။ ဟဲဟဲ။ ဒီနှစ် . . . ဆယ်တန်း (ဒုတိယနှစ်)။

စိတ်ချ။ အောင်မှာမဟုတ်ဘူး။ မနှစ်က,တော့၊ နောက်ဆုံး ဘာသာ၊ သွားမဖြေဖြစ်တာ။ ဒီနှစ်တော့၊ ဖြေမယ်။ ဖြေပြီးပြီးချင်း၊ ကျမယ် . . . ဆိုတာ၊ သိပြီးသား။ ဘာဖြစ်လို့လဲ . . . ဆိုတော့။

အင်း . . .။ အဲ . . .။

ကျွန်တော် . . . စာညံ့လို့ပဲ၊ ဆိုပါတော့။

"ငါရော . . . မင်းရော၊ ဆယ်တန်းကျထား ကြတာ။ ဒီနှစ် အောင်အောင်ဖြေရမယ်လေ။

ကျောင်းသား . . .။

ကျောင်းစာပဲ၊ စိတ်ထဲထားဖို့၊ ငါ ပြောချင် တာပါ"

"မင်း . . . အဖေကို၊ မင်း . . . အားမကျဘူး လား"

"ဘာကို အားကျရမှာလဲ"

(ဒုက္ခ)။

"ခြော် . . .။ တိုင်းပြည်အတွက်၊ ဗမာပြည် ကွန်မြူနစ်ပါတီဝင်အဖြစ်နဲ့၊ ဆောင်ရွက်ခဲ့တာကို





ဂုဏ်မယူဘူးလား . . . လို့ မေးတာ"

"အမေက၊ ပြောတော့၊ ငါ့အဖေက၊ သူပုန် တဲ့။ အဖေ, သူပုန်အတွက်၊ ငါ . . . ဘယ်လိုလုပ် ဂုဏ်ယူရမှာလဲကွ"

"သူပုန်လို့ သတ်မှတ်တာ၊ အစိုးရက၊ သတ် မှတ်တာလေကွာ"

"အဲဒါ ငါ . . . မသိဘူးကွ။ အစိုးရကို၊ အတိုက်အခံလုပ်ရင်၊ နင့်အဖေလိုပဲ၊ နင် . . . အဖြစ် ဆိုးလိမ့်မယ် . . . တဲ့။

အမေက . . . ငါ့ကို၊ သေသေချာချာ ပြော ထားတာ"

ကျွန်တော်၊ ဒေါသ, ဖြစ်သွားတယ်။ စိတ်ထဲ၊ ရင်ထဲမှာ၊ ဘာကို ဒေါပွမိတယ် . . . မပြောတတ်ပါဘူး။ အဲဒါ ဒေါပွ, ဒေါထ, သံနဲ့ပဲ၊ မြသန်းထွန်းကို၊ လက်ညှိုးထိုးပြီး၊ ပြောလိုက်မိတယ်။

"ငါသာ၊ မင်းနေရာမှာဆိုရင်၊ မင်းအဖေကို၊ သေအောင်လုပ်တဲ့ ကောင်တွေကို၊ ငါ . . . ပြန်သတ် ဖို့ ပြင်ဆင်နေမှာပဲ . . . မြသန်းထွန်း။

မင်းက . . . အဖေ့သွေး၊ တစ်စက်တောင်၊ ပါမလာတဲ့ သားမျိုးပဲ"

"မင်း . . . အထင်မှားသွားပြီ ရန်မျိုးအောင်။ အဖေ့သွေး ငါ့မှာ၊ အပြည့်ရှိတယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com





. . . ,

အုတ်နံ့ရုံကို၊ ခေါင်းနဲ့တိုက်ရင်။ ခေါင်းပဲ ကွဲတယ်ကွ။ အဲဒါကြောင့် . . . ခေါင်းကွဲမယ့် အလုပ်၊ ငါ . . . မလုပ်တာ''

''တစ်ယောက်အားနဲ့ ယူသော်မရ။ တစ်သောင်းအားနဲ့ ယူသော် ရ၏ . . . တဲ့။

အုတ်နံ့ရုံကို၊ ဦးခေါင်းတွေ ကုဋေချီပြီး သွေးတောထဲ နစ်သွားအောင်၊ တိုက်ပစ်မယ်ကွာ။ မင်း . . . ကြည့်နေ''

''ငါက,တော့ . . . အေးအေးပဲ နေချင်တယ် ရန်မျိုးအောင်''

''အေးလေ။ မင်းလို၊ လူလိမ္မာတွေ မတိုက်ရဲတဲ့ အုတ်တံတိုင်းကြီးကို၊ ငါ့လို . . . လူမိုက်တွေရဲ့၊ ခေါင်းတွေနဲ့၊ ပြေးတိုက်ကြရမှာပေါ့ကွာ။

အုတ်နံ့ရုံကို၊ ခေါင်းနဲ့ ပြေးဆောင့်လို့၊ အုတ်နံ့ရုံ ပြိုလဲမသွားပေမဲ့၊ အုတ်နံရံပေါ်က၊ သွေးပွက် . . . သွေးကွက်တွေ . . . က,တော့၊ အဲဒီ အုတ်နံ့ရံရဲ့ သမိုင်းစဉ်တစ်လျှောက်မှာ ဘယ်တော့မှ ပျောက်ပျက်မှာ၊ မဟုတ်ဘူး''

မြသန်းထွဋ်က၊ တကယ့် လူကြီးသူမ, လေသံနဲ့ . . .

''မင်းရော၊ ငါရော . . ငယ်ပါသေးတယ်ကွာ''

''ဗိုလ်ချုပ်အောင်ဆန်း ဂျပန်မှာ၊ စစ်ပညာသွားသင်တာ၊ အသက် နှစ်ဆယ့်နှစ်နှစ်ပဲ ရှိသေးတယ် မြသန်းထွဋ်''

''အဲဒါ . . . ကိုလိုနီအစိုးရကို၊ တွန်းလှန်ဖို့လေကွာ''

''ဟားဟား။ ဘယ်အစိုးရပဲ ဖြစ်ဖြစ်။ ဖိနှိပ်နေပြီဆိုရင် . . . အဲဒါ . . .၊ ပြည်သူ့ရန်သူပဲ''

ပြောပြီးမှ၊ ပြောလည်း အလကားပဲ . . . လို့, စိတ်ထဲမှာ တွေးပြီး ပါးစပ်ပိတ်လိုက်မိတော့တယ်။

* * *





www.burmeseclassic.com

www.burmeseclassic.com

## (၈၂)

ဆယ်တန်း စာမေးပွဲကို၊ ပြသနီးထွဋ် အောင်မြင်ပြီး၊ ကျွန်တော် ကျပါတယ်။ ကျွန်တော် တော်တော် စိတ်ပျေ့သွားရတယ်။ (အောင်တော့ အောင်ချင်တာပေါ့နော်။ ဒါပေမဲ့ ... ကိုယ်က၊ စာမှ ... စိတ်မဝင်စားတာ။ အလကားရရင်တော့၊ အောင်ချင်သား)။

ကျွန်တော် ဖတ်ချင်တာတွေ ... စိတ်ကြိုက်ဖတ်၊ လေ့လာချင်ရာတွေ ... စိတ်ကြိုက်လေ့လာရတော့မယ် ... လို့ တွေးပြီး၊ ပျော်သလိုလိုတောင် ဖြစ်မိပါတယ်။

တက္ကသိုလ်ကျောင်းသားတွေ ... ဖြစ်နှင့်နေကြတဲ့၊ သူငယ်ချင်းနှစ်ယောက် ရှိသေးတယ်။

သူတို့နာမည်က၊ တစ်ယောက်က, နိုင်ဝင်း။ တစ်ယောက်က, သန်းအောင်။

သန်းအောင်က ... ရူပဗေဒ ဒုတိယနှစ်။

နိုင်ဝင်းက ... သင်္ချာ ပထမနှစ်။

သန်းအောင်က၊ ကျွန်တော် သိချင်တဲ့၊ နိုင်ငံရေး သဘောတရားတွေကို၊ စာအားဖြင့်၊ ပိုသိတဲ့သူ။

သဘောတရားရေးရာ ကျွမ်းကျင်သူ။





နိုင်ဝင်းက ... တကယ် လှုပ်ရှားရမယ့်၊ အလုပ်ကို၊ လုပ်ဆောင်ဖို့၊ ကျွန်တော့်ကို၊ ခေါ်ဆောင် (ဆက်သွယ်) ပေးနိုင်သူ။

(တစ်မျိုး မထင်ပါနဲ့)။ ကျွန်တော် ... ဘယ်,တောတွင်းက၊ အဖွဲ့အစည်းနဲ့မှ၊ ဆက်သွယ်တာ မဟုတ်ပါဘူး။

ကျွန်တော် အထင်ကြီး၊ လေးစား၊ အားကျတဲ့၊ တက္ကသိုလ်ကျောင်းသားကြီးတွေနဲ့ပဲ ဆက်သွယ်တာပါ။ (နိုင်ဝင်း, ဆက်သွယ်ပေးတာပါ)။

*

"သမိုင်းဆိုတာ၊ ရာဇာတို့၏ ရာဇဝင်မဟုတ်။ အလုပ်လုပ်သော လုပ်သားပြည်သူတို့၏၊ ရာဇဝင်ဖြစ်သည် ... တဲ့။

... ။ ဘုရင်ခေတ်, မရှိတော့ဘူးကွ။ အမတ်ကြီးများ၊ ဘုရား ... ဆိုတဲ့၊ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ် မဟုတ်တော့ဘူး။

တစ်သွေး, တစ်သံ, တစ်မိန့်ဆိုတာ၊ အုပ်ချုပ်တဲ့ ခေါင်းဆောင်ကို၊ အုပ်ချုပ်ခံပြည်သူက ချစ်ခင်လေးစားရှိသေမှ။ ကောင်းတာကွ။

ဘယ်သူ့ဆီက၊ ဘယ်သူက,ပဲ အလုလု။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ … လုယက်မှုပဲ။

အင်အားကြီးတိုင်း။ လေးစားရမယ်၊ ရှိသေရမယ်၊ ကြောက်ရမယ်ဆိုရင် …၊ ဆင်ကြီးတွေကို တစ်နေ့ ဆယ်ခါလောက်၊ ထိုင်ကန်တော့ကြရတော့မှာပေါ့။

လက်နက်အင်အားဆိုတာ … ကာယ, အင်အား။ တစ်နည်းအားဖြင့် … သတ္တိဆိုပါတော့။

စိတ်ဓာတ်အင်အား … ဆိုတာကျတော့၊ အဲဒါ … ဉာဏအား။ လက်နက်မလိုဘူး။ တစ်နည်းအားဖြင့် … ဖျတ္တိလို့ ခေါ်တာပေါ့-

နှစ်ခုစလုံး ရှိရင်တော့ … ကောင်းတာပေါ့ကွာ။ … …"

သန်းအောင်၏ဩဝါဒ။

နိုင်ဝင်းက …,

"မင်း … စာဖတ်တာ၊ ကောင်းတယ်ကွ။ စာမေးပွဲ မဖြေတာတော့ မကောင်းဘူး"

"မဖြေတာ မဟုတ်ဘူး။ မဖြေနိုင်တာ။ အင်း … ဖြေချင်စိတ် မရှိတာ။ စာညံ့တာ ဖြစ်မှာပါ။

ပြီးတော့ …

ဘာ … ဘွဲ့ရပြီးရင်၊ ဘာအလုပ် … ဆိုတဲ့၊ သေချာတာ … မရှိသလိုဖြစ်နေတယ်။





နီးစပ်ရာ စားတော်ခေါ် (ဇတော်ခေါ်) နေတယ်။

ပြီးတော့ …၊ အထက်လှူကြီးလာမယ့်လမ်းမှာ။ ဖာလေးဖုံးကွယ်တာတွေလည်း။ များနေတယ်။

ကျောင်းက မြန်မာစာ ဆရာမကား၊ ဆရာဒိုးရဲ့ မြန်မာစာ ကျူရှင်စာအုပ်ကိုင်ပြီး။ သင်နေတယ်။

ကိုယ်တိုင်၊ စာညံ့တဲ့ ငါမှာ၊ တော်ချင်စိတ်ပါ မရှိတော့သလိုကြီး။ ဖြစ်နေတာကွ။

ဒီနှစ်တော့ … သုံးကြိမ်မြောက် ခြေလိုက်ဦးမယ်။ အောင်မှာတော့ မဟုတ်ဘူး"

"ဘာဖြစ်လို့ မအောင်ရမှာလဲ"

"ငါက … စာကျက်တာ၊ ဝါသနာမှ မပါတာ။ ဖတ်မှတ်တွေးခေါ်တာပဲ၊ ဝါသနာပါတယ်"

"မင်း … ကဗျာဆရာ၊ တကယ်ဖြစ်မယ် ထင်တယ်ကွ"

နိုင်ဝင်းရဲ့ … အားပေးစကား။

ကျွန်တော် … တော်တော် ကျေးဇူးတင်မိတယ်။

သန်းအောင်က …

"ကဗျာဆရာ၊ စာရေးဆရာ၊ ဒဿနပညာရှင်၊ နိုင်ငံရေးသမား။ အားလုံးဟာ … သဘာဝလေးတွေ တူညီကြတယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com



မင်းမှာ ... အဲဒီ စရိုက်သဘာဝ တွေ့ရတယ်။ ... ငါ''

''သန်းအောင်''

''အင်း ... ပြော''

''ငါ ... ရမ်းပြောမယ်။ မှားရင် ... မကွဲရဲနဲ့''

''အေးပါ ... ပြော''

''ကမ္ဘာတစ်ဝန်းလုံးမှာ၊ နိုင်ငံရေးသမားဆိုတာ မရှိဘူးကွ''

နိုင်ဝင်းက ...

''မင်း ... ဖလော်။ မိုက်တယ်။ ဆက်ပြော''

''အုပ်ချုပ်တဲ့ လူကို၊ ကြောက်လို့။ ငြိမ်နေတဲ့ လူတန်းစား။

ဘာသိဘာသာနေတတ်တဲ့ လူတန်းစား။

နောက်၊ အုပ်ချုပ်တဲ့လူကို၊ ကြိုက်လည်း မကြိုက်ဘူး။ ကြောက်လည်း မကြောက်တဲ့၊ လူတန်းစား။

နောက် ... အုပ်ချုပ်တဲ့ လူနဲ့ ပေါင်းပြီး (ငါးသလောက်လို သဘောထား ပေါင်းပြီး) အမိုးပါ နှုးနေအောင်၊ ပေါင်းစားတတ်တဲ့ ... လူတန်းစား

နောက် ... ကောင်းမွန်တဲ့၊ အုပ်ချုပ်မှုကို



# U.G 18

လက်တွဲ ဖော်ဆောင်တဲ့ လူတန်းစား။

နိုင်ငံတိုင်းမှာ၊ ဒါပဲ ... ရှိမယ်ထင်တယ်။ အဲဒီ လူတန်းစားတွေထဲမှာ ...၊ ဘယ်လိုလူကို နိုင်ငံရေးသမားလို့၊ ခေါ်ချင်တာလဲ''

သန်းအောင်နဲ့နိုင်ဝင်း မဖြေ။

''နိုင်ငံရေးသမား ... ဆိုရင်။ သူ့ပုန်လိုလို။ မပေါင်းရ၊ မသင်းရမယ့် လူလိုလို၊ ဖြစ်အောင်၊ ထင်အောင် ... ဘယ်သူတွေ၊ လုပ်ထားတာလဲ။

အုပ်ချုပ်တဲ့ လူကို၊ ကြိုက်လည်း မကြိုက်၊ ကြောက်လည်း မကြောက်တဲ့၊ လူတန်းစားကို၊ နိုင်ငံရေးသမားလို့ ခေါ်ချင်နေကြတာလား။

ခေါ်ချင်ခေါ်၊ ဒါပေမဲ့ ... ငါ ... သဘောမတူဘူး။

ကိုယ့်အကျိုးစီးပွား မပါဘူး။ ကိုယ့်ကိုလည်း ... ဘာမှမထိခိုက်ပါဘဲနဲ့။ ပြည်သူလူထုကို၊ ထိခိုက်နေပြီဆိုတာ ... သိလို့၊ ထိခိုက်အောင် လုပ်နေတဲ့ သူကို၊ ဝေဖန်တာ ... တော်လှန်တာ၊ အဲဒါ ... နိုင်ငံရေးသမားလား။ မျိုးချစ် ... တော်လှန်ရေး သမားလား''

နိုင်ဝင်းက ...

''ဘာလဲ။ မင်းက ... တော်လှန်ရေးသမား



www.burmeseclassic.com

www.burmeseclassic.com



လို့ ခေါ်စေချင်တာလား''

''အေး . . . ဟုတ်တယ်''

''မင်း . . . ကဗျာဆရာဖြစ်မှ မင်း . . . အိုက်

ဒီယာကို ကဗျာထဲ ထည့်ရေး။

လောလောဆယ်တော့ . . . ငါတို့ ဆိုရှယ်လစ်

နိုင်ငံကြီး ရှာလည်နေပြီ''

သန်းအောင်က . . .

''ရေရှည်စီမံကိန်း . . . ဆိုပေမယ့် အနှစ်

. . . နှစ်ဆယ်ကျော်နေပြီပဲ။ မဖြစ်နိုင်တော့ဘူး''

''အဲဒါ . . . ဘာကြောင့်လဲ။ သိလား''

''ပြော''

''ဦးနေဝင်း ရထားစီးပြီး ပြည်ကိုသွားတာ

ရထားလမ်းဘေးက တဲစုတ်တွေကို ဖျက်

ထားကြလို့''

နိုင်ဝင်းက ရယ်လျက် . . .

''ဘာလဲကွ။ မင်း . . . စကားက''

''အပေါ်ကို အောက်က ဝိုင်းလိမ်နေတယ်

အောက်ကို အပေါ်က . . . သေသေချာချာ ဆင်

မကြည့်ဘူး . . .။ . . . လို့ ပြောတာကွ။

အဲ၊ ဒါပေမဲ့ အဲဒါက အကြောင်းအရင်းကို

တော့ မဟုတ်ဘူး။ အကြောင်းရဲ့ တစ်ခုလောက်ပဲ





''နောက် . . . ဘာအကြောင်းရှိသေးလဲ။

ပြောဦး''

''အုပ်ချုပ်တယ် . . . ဆိုတာ ရမ်းပြီး အုပ်ချုပ်

လို့ မရဘူးကွ။

စာအုပ် ချုပ်သလိုပေါ့။ စာမျက်နှာ တစ်၊

နှစ်၊ သုံး၊ လေး၊ ငါး . . . စီကာ ရီကာ သပ်သပ်ရပ်

ရပ် အုပ် . . . စည်းပြီးမှ ခိုင်ခိုင်ခန့်ခန့် ချုပ်ရတာလေ။

နော်''

''ဒါပေါ့ . . .။ ကိုရန်မျိုးအောင်ရယ်''

သန်းအောင်က သဘောကျစွာ နောက်ပြောင် ထောက်ခံ

နေလေရဲ့။

ကျွန်တော် အာတွေ့တွေ့နဲ့ ဆက်ပြောဖြစ်တယ်။

''အတွင်းသားတွေကို သေသေချာချာလေး

. . . စီစီရီရီ ဖိဖိစီးစီးလေး၊ သပ်သပ်ရပ်ရပ်လေး ချုပ်

ပြီးမှ အဖုံးကို လှလှပပ၊ ခန့်ခန့်ထည်ထည် အုပ်ရ

တာ။

အတွင်းစာမျက်နှာ . . . တွေကို အပိုင်ချုပ်

မယ်။ ပြီးမှ . . . (အဖုံး) အပြင်စာမျက်နှာကို အနိုင်

အုပ်မယ်။

အဖုံးကို ပြီးစလွယ် အုပ်ပြီး အတွင်းကို

သေသေချာချာ မစီဘဲ စာအုပ်ဖြစ်ရင် . . . ပြီးရော၊



www.burmeseclassic.com

www.burmeseclassic.com



ချုပ်လိုက်မိလို့ကတော့ကွာ။

စာအုပ် ဘယ်လောက်နိုင်နိုင်။ လှန်ဖတ်တဲ့ သူတိုင်းရဲ့၊ အကဲ့ရဲ့ ... အပြိုင်ပြင်ကို ခံရတော့တာပဲ"

"ဟား ဟား ဟား"

နိုင်ဝင်း၏ ရယ်သံ။

"အဖုံးကလည်း မကောင်း။ စာမျက်နှာက, လည်း ... ဖင်ဟာစ်ပြန်၊ ခေါင်းတစ်ပြန်။ ဒီကြားထဲ၊ ချုပ်ရိုးက၊ မခိုင်။ ကော်က, မမြဲလို့က,တော့။

သိကြားမင်းရဲ့ ဝရဇိန်နဲ့ ချိန်ပြီး၊ စည်းလုံးခိုင်းတာတောင်။ တစ်ရွက်စီ၊ တစ်မျက်နှာစီ ဖလန်းဖလန်း ထ,နေမှာပဲ"

"ရန်မျိုးအောင်။ မင်း ... တော်ကီ ရေရေလည်လည် ... ကောင်းတယ်ကွာ။ ကိုမြတ်စံနဲ့ မင်းကို တွေ့ပေးဦးမယ်"

ကိုမြတ်စံဆိုတာ၊ ကျွန်တော် မမြင်ဖူးသေးတဲ့၊ တက္ကသိုလ်က၊ ကျောင်းသား ခေါင်းဆောင်တစ်ယောက်ပေါ့။

သန်းအောင်က ...

"ဆက်ပြောဦးလေကွာ။ မင်းပြောတာ ...၊ အုပ်တာ၊ ချုပ်တာ ... မှားရင်၊ ဖွာလန်ကြဲသွားမယ်ပဲ ရှိသေးတယ်။

ဖွာလန်မကြဲအောင်၊ ဘယ်လို၊ လုပ်ရမယ်





... မပါသေးဘူး။

ဝေဖန်ရုံ ဝေဖန်ပြီး၊ ကိုယ်တိုင် တည်ဆောက်နည်းမသိတဲ့၊ တော်လှန်ရေးဟာ၊ အင်အားကြီးတဲ့ ရန်သူကို၊ မဖြိုလှဲနိုင်ဘူး"

"ငါက ... ပြည်သူလေကွာ။ ငါက ... အုပ်ချုပ်ခံ လူတန်းစားလေကွာ။ ငါက ... စားသုံးသူလေကွာ။ ဟင်းမချက်တတ်ဘူးလေကွာ။ ဒါပေမဲ့ ... ဘယ်ဟင်းက သိုးနေတယ်။ ဘယ်ဟင်းက ... အစပ်မတည့်ဘူးလောက်တော့ ပြောခွင့်ရှိရမှာပေါ့။

မင်းစကားက ...။ ခင်ဗျားဟင်းက၊ စားလို့မကောင်းဘူး ... လို့၊ ပြောမိတဲ့လူကို။ ဘာများလိုလို့လဲ ... လို့၊ မမေးဘဲ။ မင်းတို့ ချက်တတ်ရင် ဝင်ချက်ကြ ... ဆိုပြီး။ ဟင်းအိုးကြီး ထ,ကန်သလိုဖြစ်နေတယ်"

နိုင်ဝင်းက "ဟုတ်တယ်" ဆိုပြီး၊ ကျွန်တော့်ဘက်က၊ ထောက်ခံပါလေရော။

သန်းအောင်က ...

"ကဲ ...။ ငါ ... စကားပြော။ လောသွားပါတယ်ကွာ။

မင်းတို့၊ ငါတို့ အခုရပ်တည်နေတဲ့ နိုင်ငံရဲ့ ပေါ်လစီကို၊ မင်းသာဆိုရင် ... ဘယ်လိုများ ပြုပြင်



www.burmeseclassic.com

www.burmeseclassic.com



မလဲ။ ဟင်းချက်တဲ့ စကားနဲ့ ပြောရရင်။ မင်းသာဆို ရင်၊ ဘယ်လိုလေးများ ချက်မလဲပေါ့”

ကျွန်တော် မဆိုင်းမတွ၊ ဖြေပြလိုက်၏။

“အုပ်ချုပ်တဲ့သူက၊ အုပ်ချုပ်တဲ့ အလုပ် ... လုပ်။

ကာကွယ်တဲ့သူက၊ ကာကွယ်တဲ့၊ အလုပ် ... လုပ်။

အဲဒါ ...

နိုင်ငံရေးပဲ”

“အလို”

သန်းအောင်၏ တအံ့တဩ။ အာမေဋိတ်။

ပြီးမှ ...

“အဓိပ္ပာယ်လေး ဖွင့်ဆိုပါဦးကွာ”

“ရှင်းရှင်းလေးပါကွာ။ တပ်မတော်မရှိရင်၊ တိုင်းပြည်ကို၊ ဘယ်သူမှ၊ ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး။

အဲဒီတော့ ... ပြည်တွင်း၊ ပြည်ပ၊ ရန်စွယ် အားလုံးကို၊ ကာကွယ်တဲ့ အလုပ်။ တပ်မတော် ... လုပ်။

အသိပညာ၊ အတတ်ပညာ၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံတကာရေး ... တွေ၊ နားလည်တဲ့





... အုပ်တတ်၊ ချုပ်တတ်တဲ့သူက၊ အုပ်ချုပ်တဲ့ အလုပ် ... လုပ်ပေါ့။ ဒါပါပဲ။

ငါတို့ သေနတ်နဲ့ မပစ်ပေးရင်၊ သူများ စော်ကားလိမ့်မယ်။ ဒါကြောင့် ... ငါတို့ အုပ်ချုပ်မယ် ဆိုတာမျိုး။ ကာကွယ်တဲ့သူက၊ လုပ်မိရင် ... အုပ်တတ်ပေမယ့်၊ မချုပ်တတ်ရင်၊ ဒုက္ခရောက်မယ်။

ကာကွယ်ရေး ကျွမ်းကျင်ပေမယ့်၊ စီးပွားရေး မကျွမ်းကျင်ရင်၊ တိုင်းပြည် နစ်နာမယ်။

ထို့အတူပဲ၊ အုပ်ချုပ်ရေး ကျွမ်းတဲ့သူက၊ လည်း။ ကာကွယ်ရေးကို၊ အထူးလက်တွဲထားဖို့လို တယ်။

အခု ... ဗိုလ်ချုပ်ကြီး နေဝင်း။ တိုင်းပြည် နစ်မွန်းအောင်လုပ်ဖို့၊ သူ ... အုပ်ချုပ်တာတော့ မဟုတ်လောက်ဘူး။

ဒါပေမဲ့ ...၊ လိမ်တဲ့သူတွေ ... ဖုံးတဲ့၊ ဖိတဲ့၊ ဖားတဲ့ လူတွေကို၊ ဘယ်လို၊ ကိုင်တွယ်ရမယ်ဆိုတာ သူ့ခမျာ မသိဘူး။

စစ်သားပီပီ၊ ဝုန်းခနဲ၊ ဒိုင်းခနဲ လုပ်မိတတ် တယ်လေ။

နိုင်ငံရေးဆိုတာ၊ လက်ဆွဲနှုတ်ဆက်နေပေမယ့်၊ ပြိုင်ဘက်ဖြစ်နေတတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက် . . . ဖြစ်နေပေမယ့် ပြုံးပြုံးပြည့်ခံနေတတ်ကြတယ်။

စစ်ရေးက,တော့ ဒီလိုမဟုတ်ဘူး။ စစ်မြေပြင်မှာ ပြုံးပြနေတဲ့ ရန်သူလည်း ချေမှုန်းရမှာပဲ။ ရန်သူဟာ ပြိုင်ဘက်၊ ပြိုင်ဘက်ဟာ ရန်သူပဲ။

စစ်ရေးဗျူဟာနဲ့ နိုင်ငံရေးကို ခင်းကျင်းမိရင်၊ ကိုယ်တိုင်လည်း နစ်နာတယ်။ တိုင်းပြည်လည်း ဆုံးရှုံးတယ်။

ဒါကြောင့် . . . ငါ, ပြောချင်တာက၊ ကိုယ့်အလုပ် . . . ကိုယ်၊ လုပ်ဖို့ပဲ။

ငါက . . . သိပ်သိလွန်းလို့ ပြောတာ မဟုတ်ဘူး။ ပြောချင်လွန်းလို့ ပြောတာ။ ဘယ်မှာ ပြောရမှန်း မသိဘူး။

တစ်နေ့နေ့တော့၊ အော်ပြောမိလိမ့်မယ်"

❊ ❊ ❊



(၁၁)

ခန့်မှန်းထားတဲ့အတိုင်းပါပဲ။ ကျွန်တော် . . . စာမေးပွဲ မဖြေနိုင်ပါဘူး။ သေချာပေါက်၊ ကျဦးမှာပါပဲ။ အောင်စာရင်းက,တော့ မထွက်သေးဘူးပေါ့။

❊

စာမေးပွဲမို့သာ ဖြေလိုက်ရတယ်။

စာထဲလည်း စိတ်မဝင်စားပါဘူး။ မနှစ်က စာသင်နှစ် [(၁၉၈၇) (စက်တင်ဘာလ)] ထဲမှာ၊ ၂၅ ကျပ်တန်, ၃၅ ကျပ်တန်, ၇၅ ကျပ်တန်, ၁၀၀ ကျပ်တန် ငွေစက္ကူတွေကို၊ သုံးလို့မရတော့ဘူး။ သုံးခွင့်မရှိတော့ဘူး . . . တဲ့။ အစိုးရက ကြေညာတယ်။

ကျွန်တော့်အမေက၊ ဈေးသည်။ အဖေက, ဝန်ထမ်း။ စုဆောင်းထားတဲ့၊ ငွေ ၄၀၀၀ လောက်၊ 'ပလုံ' သွားတာပေါ့။

အမေ မျက်ရည်ဝဲတာ ကျွန်တော် တွေ့လိုက်ရတယ်။ အဖေက,တော့၊ 'အကြောင်းရှိလို့နေမှာပေါ့' . . . တဲ့။

သူ့ပါတီကြီးရဲ့ လုပ်ရပ်ကို၊ အပြစ်တော် မမြင်ဘူးလေ။ ကျွန်တော်က၊ ဆင်းရဲသားပါ။ ငယ်ငယ်က, ဈေးလည်း ရောင်းဖူးပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငွေရဲ့တန်ဖိုးကို၊ သူ့ထက်ထွေးတွေထက် ပိုသိပါတယ်။

ကျွန်တော်တို့ ဆင်းရဲသားတွေ၊ ရှာကြဖွေကြရတဲ့၊ ငွေက၊ ချွေး သံတွေနဲ့၊ တချို့ ... မျက်ရည်စ,တွေနဲ့၊ ပေကျံနေကြရတာ ဒါ။ ရာထူးဌာနန္တရ၊ ဂုဏ်အရှိန်အဝါ အားကိုးနဲ့၊ တံစိုးလက်ဆောင် ရထားတဲ့ စည်းစိမ်ဥစ္စာတွေ၊ မဟုတ်ပါဘူး။

ဒဲ ... မရှိမဲ့ ရှိမဲ့၊ ဆင်းရဲသား ပြည်သူလူထုရဲ့၊ လက်ထဲ က ... ငွေကြေးလေးကိုတောင်၊ အလွတ်မပေး။ တရားဝင် ငွေစက္ကူ အဖြစ်၊ ရပ်စဲလိုက်သတဲ့။

ကျွန်တော် ရှေ့မှာ၊ သူငယ်ချင်းတွေနဲ့ ပြောခဲ့သလို၊ နိုင်ငံရေး သမားကြီး မဟုတ်ပါဘူး။

ဒါပေမဲ့ ... ဒီ ငွေစက္ကူကိစ္စဟာ၊ မ. ဆ. လ (မြန်မာဆိုရှယ် လစ် လမ်းစဉ်ပါတီ) တစ်နည်း (တော်လှန်ရေးအစိုးရ) အဖို့ (ကိုယ့် ရှူးကိုယ်ပတ်တော့မယ့်ကိစ္စလို့၊ ခန့်မှန်းနိုင်ပါတယ်။

မှောင်ခိုနဲ့ တခြားကုန်သည်တွေရဲ့၊ လက်ထဲက၊ ငွေကြေး တွေကို၊ တရားမဝင်စေချင်လို့၊ ဒီလို ... လုပ်ရတယ်ဆိုတာ၊ လှေလာ နိုင်သူတိုင်း၊ သိပါတယ်။

ဒါဟာ ... ဘာနဲ့ သွားတူသလဲဆိုတော့။ ဖခင်နဖူးပေါ်မှာ နားနေတဲ့ ယင်ကောင်ကို၊ တူနဲ့ ထုလိုက်တဲ့ ပုံပြင်ထဲက 'သား' လို၊ ထုချင်တာက၊ ယင်ကောင်။ ထုမိတာက ဖအေ့နဖူး။ သေရောပေါ့။

တရားဝင်သတင်းမဟုတ်တဲ့၊ ပါးစပ်သတင်းအရ၊ ပြောရရင်၊ သူပုန်နဲ့ မှောင်ခိုကုန်သည်တို့ရဲ့၊ ပိုင်ဆိုင်မှုက သိန်း ၃၀၀၀ တဲ့။





အစိုးရဘတ်ဂျက်က သိန်း ၁၀၀၀ ပဲ ရှိတယ်တဲ့။ အဲဒါ ကြောင့်၊ တရားမဝင် ငွေအဖြစ် ကြေညာရတာ ... တဲ့။

☼

စက်မှုတက္ကသိုလ် (R.I.T) ကျောင်းသားတွေ၊ အစိုးရကို၊ စတင်၊ တော်လှန်ပြီ ... ဆိုတဲ့၊ သတင်း၊ ကြားရတယ်။

ကျွန်တော့်ကို၊ အိမ်က၊ ကျူရှင်ထားပေးပါတယ်။ ဒါပေမဲ့ ... ကျွန်တော်က ... ကျူရှင်မတက်ဘဲ၊ ရန်ကုန်ဘူတာကြီးထဲမှာ၊ ငုတ်တုတ်သွားထိုင်နေတာလေ။

ရန်ကုန်က တက္ကသိုလ်တွေမှာ၊ နယ်က, လာတက်ကြတဲ့၊ ကျောင်းသား, ကျောင်းသူတွေကို၊ အိမ်ပြန်စရိတ်ငွေ (၁၀) ပေးပြီး၊ ပြန်လွှတ်တယ် ... တဲ့။

ရန်ကုန်ဘူတာကြီးထဲက၊ ကျောင်းသူ ကျောင်းသားတွေ၊ အိမ်ပြန်ကြတဲ့ မြင်ကွင်းကို၊ ကျွန်တော် တစ်နေကုန် ထိုင်ကြည့်နေ ခဲ့တာ။

ကိုယ့်ညီအစ်ကို မောင်နှမ တစ်ယောက်မှ မပါဘဲနဲ့၊ သူတို့ ကို ကြည့်ပြီး၊ ကျွန်တော် မျက်ရည်ဝဲခဲ့ရတယ်။ အံကြိတ် 'တက်' ခေါက်မိခဲ့တယ်။

စိတ်နှလုံးထဲမှာ ...၊ ငါနဲ့ ... ဘာဆိုင်လို့လဲ ... လို့၊ အကြိမ်ကြိမ်၊ ကိုယ့်ကိုယ်ကိုယ် မေးမိပါသေးတယ်။

☼



www.burmeseclassic.com

www.burmeseclassic.com



အဖြေ။ တစ်ခုတည်းပဲ၊ ထွက်ပါတယ်။ မြန်မာပြည်မှာ ဖြစ်ပျက်တဲ့ကိစ္စတိုင်း၊ ကျွန်တော်နဲ့ မဆိုင်တဲ့ကိစ္စ မရှိဘူး ... ဆိုတဲ့ အဖြေ။

အဲဒီအဖြေ တစ်ခုတည်းပဲ၊ ထွက်ပါတယ်။

*

ကျွန်တော် လူညံ့ပါ။ တကယ့် လူမိုက်ပါ။ ကိုယ်နဲ့ ဘာမှ မသက်ဆိုင်သလို နေလို့ရတဲ့ ... ကိစ္စ။ နေလို့ရတဲ့ အသက်အရွယ်။ နေလို့ရတဲ့ အခြေအနေ ရှိပါလျက်၊ ဘယ်လိုမှ မသိကျိုးကျွန်ပြုပြီး မနေနိုင်ခဲ့ပါဘူး။

တချို့များ ... အဲဒီအချိန်၊ အဲဒီအရွယ်မှာ၊ ကိုယ်တိုင်၊ တော်ဖို့၊ တတ်ဖို့၊ ကြီးပွားတိုးတက်ဖို့၊ ချမ်းသာဖို့ကိုပဲ၊ ဦးစားပေး ဆောင်ရွက်ခဲ့ကြတာ မဟုတ်လား။

ကျွန်တော်က,တော့ လူမိုက်ပါ။

(သင်္ဘောပျက်ပေါ်မှာ၊ ကိုယ်တိုင် ရေမကူးတတ်ဘဲနဲ့၊ သင်္ဘောပေါ်က တခြားလူတွေ၊ သင်္ဘောမှောက်ရင်၊ ရေနစ်သွားမှာကို၊ စိုးရိမ်နေသလိုမျိုး)။

ပြီးတော့ ... ကျွန်တော် လူညံ့ပါ။ စာတော်အောင် မကျက်နိုင်ခဲ့ဘူး။ စာမေးပွဲတောင်၊ အောင်အောင်မဖြေနိုင်ခဲ့ဘူး။

ဟိုဟာကြောင့်၊ ဒီဟာကြောင့် ... လို့တော့၊ မပြောတော့





ပါဘူး။ ကျွန်တော့်ကိုယ်၌က၊ စာညံ့လွန်းလို့နေမှာပါ။ ကျွန်တော် ... လူညံ့ပါ။

*

စာမေးပွဲပြီးပြီးချင်း၊ ကျွန်တော် ... အလုပ်တွေ ရှုပ်နေပါ တော့တယ်။

"ဖုန်းမော် သေသွားတာ။ အဲဒါ ... အစိုးရ၊
ငယ်ထိပ်မြွေပေါက်တာပဲ"

သန်းအောင်ရဲ့ ... ခန့်မှန်းချက်။

၁၉၈၈–ခုနှစ်၊ မတ်လ ၁၃ ရက်နေ့က၊ စက်မှုတက္ကသိုလ် ကျောင်းသားများနဲ့ အရပ်သားတချို့ လက်ဖက်ရည်ဆိုင်မှာ၊ ရန်ဖြစ်ရာက၊ စ,တဲ့ ပြဿနာ။ တဖြည်းဖြည်း ကြီးထွား။

လူစုခွဲဖို့ ပစ်ခတ်။

ကျောင်းသား၊ ဖုန်းမော် ... ကျဆုံး။

"အရပ်သားနဲ့ ကျောင်းသားနဲ့ ဖြစ်တဲ့ကိစ္စ။
မြားဦးက အစိုးရဘက် ဘာဖြစ်လို့ လှည့်လာ
ကြတာလဲ ... တဲ့။ ... ...။ တချို့ မေးခွန်းထုတ်
တယ်။ မင်း ... ဘယ်လို ဖြေမလဲ ရန်မျိုးအောင်"

နိုင်ဝင်းဇော် ... အမေးစကား။

"ငါက ...၊ စာ သိပ်သင်ဖူးတာ မဟုတ်ဘူး။
ပထမကမ္ဘာစစ်နဲ့ ဒုတိယ ကမ္ဘာစစ်လောက်ပဲ သင်



www.burmeseclassic.com

www.burmeseclassic.com 



ဖူးတာ။

စစ်ဖြစ်ရင်၊ အခြေခံအကြောင်းရင်းနဲ့ လတ်တလော အကြောင်းရင်းဆိုတာ၊ ရှိတယ် မဟုတ်လား"

"အင်း"

"အဲဒီလိုပဲပေါ့။ ဖုန်းမော်ကျတာ လတ်တလောအကြောင်းရင်း။

တစ်ပါတီ အာဏာရှင် စနစ် ကြီးစိုးထားတာ၊ အခြေခံ အကြောင်းရင်း။ ဒါပဲလေ"

သန်းအောင်က ...

"သေချာပေါက်၊ အတွေ့တွေ့သပိတ်ဖြစ်လိမ့်မယ်။ မိန်းထဲရော ... အာ–စီ ဝမ်းရော၊ အာ–စီ တူးရော၊ အာ–စီ သရီးရော ... အကုန်ပါကုန်ပြီ။

ဆေးတက္ကသိုလ် တစ်ရော၊ နှစ်ရော။ G.T.I ရော။ အထက်တန်းကျောင်းတွေရော ... ပဲ"

"ငါတို့ ... ပါးစပ်က၊ အော်ရုံနဲ့ ထိရောက်ပါ့မလား"

"မင်းက၊ ဘာလုပ်ချင်လို့လဲ"

"စာဝေတာတို့၊ ဘာတို့ ... လုပ်ချင်တယ်"

နိုင်ဝင်းက ...

"အဲဒါ ... ပိုစတာတိုက်ပွဲ ... လို့ ခေါ်တယ်



ကွ။ မင်း ... ရေးချင်တာ ရေးထားပေါ့"

"နိုင်ဝင်း။ ငါ ... တစ်ခု မေးချင်သေးတယ်။

ကိုမြတ်စံတို့ ပေါကြီးတို့ အစည်းအဝေးလုပ်ရင်။ ငါက, ဘာဖြစ်လို့၊ အထဲမဝင်ရတာလဲ"

"မင်း ... မျက်နှာ စိမ်းနေသေးလို့ပါကွာ"

"ငါ ... တက္ကသိုလ်ကျောင်းသား မဟုတ်လို့များလား ... လို့ပါ"

"အဲလို မဟုတ်ပါဘူး။ ငါနဲ့ ပါလာတာပဲ။ မင်းကို ... ယုံမှာပါ။ ဒါပေမဲ့, အလုပ် တွဲလုပ်တာ မရှိသေးတော့၊ တစ်ယောက်နဲ့တစ်ယောက်၊ ပုံပြီး မယုံသေးတာပါ"

"တွဲလုပ်ကြရဦးမှာလား"

"အေး"

"စစ်တိုက်ရမှာလား"

"လိုအပ်ရင် တိုက်ရမှာပေါ့"

"ငါ ... စစ်တော့ မတိုက်ချင်ဘူးနော်။ အထူးသဖြင့် မြန်မာအရှင်းချင်း။ လက်များနဲ့တောင် မထိချင်ဘူး"

သန်းအောင်က ...

"အဲဒီ့ကိစ္စတွေ၊ လိုပါသေးတယ်ကွာ။ အခုမှ ... မောင်မောင်ကျော်တို့ မိုးသီးဖွန့်တို့ အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



ခွဲကြတုန်းပါ။ တော်လှန်ရေး လုပ်ပြီ ဆိုရင်တော့ လက်နက်က,တော့၊ ကိုင်ြ...ရတာပဲ''

''ငါ ... တကာယ်လက်နက် မကိုင်ချင်တ...ပါ သန်းအောင်။

သေရဲမှ သတ်ရဲတယ် ... တဲ့။ ငါ, သေလည်း သေရဲတယ်။ သတ်လည်း သတ်ရဲတယ်။

ဒါပေမဲ့ ..., ငါ ... ကိုယ့်အမျိုးသားအချင်းချင်း။ မသတ်ချင်ဘူး။

အဲဒါ ... ငါ့ရဲ့ နိုင်ငံရေးစည်းမျဉ်းပဲ။

ဝါဒချင်းပဲ တိုက်ချင်တယ်။ လူလူချင်း မတိုက်ခိုက်ချင်ဘူး''

''တစ်ဖက်က၊ တိုက်ခိုက်ရင်ရော''

''ရှောင်မယ်။ ရှောင်လို့မရရင်၊ ရင်ဆိုင်မယ်။ တည့်တည့်တိုးမယ်။ လိုအပ်ရင်၊ အသေခံမယ်''

''အေးလေ။ ငါတို့ ... စ,လုပ်ပြီဆိုကတည်းက၊ အသေနဲ့၊ ထောင်နဲ့။ တစ်ခုခုပဲ ... လို့ တွေ ပြီးသားပါ''

နိုင်ဝင်းက၊ သက်ပြင်းချပြီး ပြောတယ်။

''ငါ ... နယ်ကိုသွားဖို့ လိုမလား''

''လောလောဆယ် မလိုဘူး။ ဖော်လင်းကျေ တို့ သွားမယ်ထင်တယ်။ မင်း .. အလုပ်တစ်ခုခုဝင်





လုပ်နေ။ ဒါလည်းပဲ ဆိုတာမျိုး။ သူများ မထင်စေနဲ့''

''အေး''

''နောက်တစ်ခု၊ ငါ ... ဆုံးဖြတ်ချက်တစ်ခု ပြောပြထားဦးမယ်။

အကယ်၍ ငါ သေသွားခဲ့သော်ပေါ့ကွာ''

''ဘာပြောမှာလဲ''

''အခုအချိန်က စပြီး၊ ငါ ... တက္ကသိုလ်ကျောင်းကို၊ ဘယ်တော့မှ ပြန်မတက်တော့ဘူး။ အဲဒါ ပြောခဲ့ချင်တာပါ။

ကျောင်းပြန်ဖွင့်လို့ ကိုယ်က တက်ချင်လည်း။ သူတို့က၊ ထုတ်မှာပဲလေ။

သူများအထုတ်တော့ မခံဘူး။ တစ်ခါတည်း ကိုယ့်ဘာသာ၊ အခုကတည်းက၊ ထွက်ထားတာ''

''ဂုဏ်ယူတယ် ... လို့၊ ငါ ... မပြောချင်ပါဘူး နိုင်ဝင်းရာ။

ငါတို့ ကြည်ညိုတဲ့ အစိုးရလက်ထက်ကျရင်၊ မင်း ... တက္ကသိုလ်ကျောင်းသား ပြန်လုပ်ပါ''

''အေး။ ကောင်းတယ်''

ပညာသင်တယ်ဆိုတာ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာလန်းဖြာမှ၊ သင်လို့ကောင်းတာလေ။

စိတ်မချမ်းသာဘဲ သင်ကြားရတဲ့ပညာမှာ ...



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းဦး)

အသီအနှစ် ပါပါ့မလား။
တွေးကြည့်တာပေါ့နော်။

***

ဧ-ဧ-ဧဧ

www.burmeseclassic.com

www.burmeseclassic.com

## (၅)

မော်လမြိုင်မြို့ကို သွားဖို့လိုမယ် . . . လို့ ခိုင်ဝင်းပြောတော့၊ ကျွန်တော်က . . .

"မင်းနိုင်ဆိုတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်။ ဒီကောင်က၊ ဇာတ်မင်းသား။ ရှစ်တန်းတုန်းက၊ ခင်တဲ့ကောင်။ အခု . . . ဒီကောင်၊ ရန်ကုန်ရောက်နေတယ်"

"သူနဲ့ လိုက်သွားမလို့လား"

"အေး"

"မင်း . . .၊ ဘာအတွက် လာတယ်ဆိုတာတော့။ သူ . . . မသိစေနဲ့နော်"

"သြော် . . .။ ဖြစ်ပါတယ်။ ငါ . . . ဇာတ်ကချင်လို့။ မင်းသားလုပ်ချင်လို့၊ လိုက်, လေ့လာတယ် ပေါ့ကွာ"

"အိုကေ"

မော်လမြိုင် တက္ကသိုလ်နဲ့ မော်လမြိုင်အခြေအနေ ဘယ်လို ရှိတယ်။ . . . ဆိုတာလောက်ပဲ၊ ကျွန်တော် လေ့လာရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



တွေတွေထူးထူး ဘာမှမလုပ်ခဲ့ပါဘူး။

ဒါတောင်၊ မင်းနိုင်နဲ့ တည်းတဲ့အိမ်မှာ၊ ညွှန်စာရင်း မတိုင်မိလို့ ပုန်းနေရသေးတယ်။ (လုံခြုံရေးတပ်ဖွဲ့ဝင်တွေက၊ ညွှန်စာရင်း စစ်တာလေ)။

"ငါ ကြားဖူးတာတော့၊ သန်းခေါင်စာရင်းပဲ ကြားဖူးတယ်။

နိုင်ငံ့လူဦးရေ သိချင်လို့ ညဘက်သန်းခေါင်။ မိသားစုဝင်စာရင်း စစ်တာ။

သန်းခေါင်ချိန် စစ်လို့၊ သန်းခေါင်စာရင်း စစ်တယ် ခေါ်တာ။

အခု ... ညွှန်စာရင်း စစ်တယ် ... တဲ့။ အားလုံးက ... ညွှန်သည်တွေချည်းပဲလေကွာ။

လူ့ဘဝ, ခဏလာကြတဲ့ ညွှန်သည်အချင်းချင်း။ ညွှန်စာရင်း စစ်တယ် ... တဲ့။ ဟဲဟဲ။ တစ်မျိုးကြီးပဲ"

"ဟေ့ကောင်။ ရန်မျိုး, တီးတိုးနေလေ။ ဟိုမှာ မင်းဘကြီးတွေ ရပ်ကွက်ထဲမှာ ရှိသေးတယ်"

မင်းနိုင်က၊ လေသံငယ်ငယ်နဲ့၊ တားတယ်။ ကျွန်တော်က ... အသံမထွက်ဘဲ၊ ရယ်ရတယ်။

❊





မင်းနိုင်က ... ပန်တျာ တင်ဝင်းမိုးဆိုလား။ အဲဒီနာမည်နဲ့ ဇာတ်ကနေတာ။ ကျွန်တော်က,လည်း ... လက်ထောက်ပြဇာတ်မင်းသား။ လုပ်ချင်သလို ဘာလိုလိုနဲ့ သူ ... သွားရာ၊ ဇာတ်ဆရာအိမ်တွေ။ သဘင်ကောင်စီ အစည်းအဝေးတွေကို ကျွန်တော် လိုက်ရတော့တာပေါ့။

"ငါ ...၊ ခြေတွေ, လက်တွေ ... ချိုးပြီး ကွေးပြီး ... က,တာမျိုး။ မကတတ်ဘူးလေ။ အဲဒါ ... မင်းသားလုပ်လို့ ရပါ့မလား"

"ပြဇာတ်မင်းသားလုပ်ပေါ့ကွ။ မင်းက ... ကဗျာရေးတယ် ... ဆိုတော့၊ လိုအပ်ရင် ပြဇာတ်ရေးပေါ့။ အော်ပရာလည်း ရေးလို့ရတယ်"

သူ့လက်ထောက်မင်းသားလိုလို ဘာလိုလိုနဲ့ သဘင်ကောင်စီ အစည်းအဝေးတောင်၊ ဝင်တက်ခဲ့ရသေးတယ်။

သဘင်ကောင်စီ ဥက္ကဋ္ဌကြီးက၊ ဦးစိန်ဧအောင်မင်းဆိုလား။ အစည်းအဝေးမှာ၊ နာမည်ရေးပြီး၊ လက်မှတ်ထိုးကြရသေးတယ်။ ဘာတဲ့ ...။ ကျွန်တော် ရေးခဲ့တဲ့၊ ကျွန်တော့် နာမည်။

ပန်တျာ – ရန်မျိုးအောင် ... တဲ့။ ဟဲဟဲ။

မွန်ပြည်နယ် အတာရဲ့အိမ်လည်း ရောက်ခဲ့တယ်။ ပြဇာတ်မင်းသားကြီး။ ဦးဘခက်ကိုလည်း တွေ့ဖူးခဲ့တယ်။ လူရွှင်တော် - ဝက်မ ဆိုတာလည်း တွေ့ခဲ့ရတယ်။

တခြား ဇာတ်မင်းသား။ ဇာတ်မင်းသမီးတွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



လည်း တွေ့ခဲ့ရတယ်။

ကျွန်တော့် ... ခန့်မှန်းချက်အရတော့ မော်လမြိုင်မှာ။ တက္ကသိုလ်အဆင့်လောက်ပဲ။ လှုပ်ရှားမှု ရှိသေးတယ်။ ပြည်သူလူထု ... အထိ၊ လှုပ်ရှားမှု မရှိသေးဘူးဆိုတာပါပဲ။

※

မော်လမြိုင်မှာ၊ ကျွန်တော် ရှိနေတုန်းမှာပဲ၊ အောင်စာရင်း ထွက်တယ်။ ကျွန်တော် တော်တော် ပျော်ပါတယ်။ ဘယ်တော့မှ ကျောင်းစာနဲ့ မပတ်သက်ရတော့လို့၊ ပျော်တာပါ။ ကျွန်တော် ... တတိယအကြိမ်မြောက် စာမေးပွဲ ကျပါတယ်။

အဲဒီ အချိန်မှာ၊ ရန်ကုန်မှာ ကျောင်းသား အုံကြွမှုတွေ ထိရောက်နေပြီဆိုတဲ့၊ အရပ်သတင်း ကြားရပါတယ်။ အိမ်က စိတ်ပူနေတယ် ... ဆိုတဲ့ ခေါင်းစဉ်နဲ့ပဲ၊ ကျွန်တော် တစ်ယောက်တည်း။ ရန်ကုန် ပြန်ခဲ့တယ်။

※

သပိတ်, သပိတ် ... မှောက်, မှောက်
ကျောင်းသားသမဂ္ဂ ဖွဲ့စည်းရေး ... ဒို့အရေး, ဒို့အရေး။
ဖမ်းဆီးကျောင်းသား ပြန်လွှတ်ရေး ... ဒို့အရေး, ဒို့အရေး။
တစ်ပါတီ စနစ် ... အလိုမရှိ, အလိုမရှိ
အရေးတော်ပုံ ... အောင်ရမည်, အောင်ရမည်





ဘယ်သူ ဦးဆောင်လိုက်မှန်းမသိတဲ့၊ ကြွေးကြော်ဟစ်ဟိန်းသံကြီးတွေ၊ ကြားရပါပြီ။ (ဝါဒဖြန့်တဲ့သူတွေက,တော့၊ ဗ. က. ပ လှုံ့ဆော်တာ ... လို့၊ ဝါဒဖြန့်ကြတာပေါ့။ ဟုတ်,မဟုတ် ကျွန်တော် မသိဘူး။ ဒါပေမဲ့ ... ကျွန်တော်, နိုင်ဝင်း, သန်းဇော်, ကိုမြစံ, ပေါ်ကြီး, ... တို့အားလုံး။ ဗ. က. ပ မဟုတ်ဘူး။)

ကျွန်တော်ကလွဲရင်၊ အားလုံး တက္ကသိုလ်ကျောင်းသားတွေ၊ အားလုံးက ... ဘာမှ၊ အတွေ့အကြုံမရှိတဲ့ ... လူငယ်တွေ။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com 

(၄)

ဒီတားဖြူကိစ္စ၊ ကျွန်တော် မသွားဘူး။ တက္ကသိုလ်ကျောင်းဝင်းထဲမှာ၊ ဆောင်ရွက်ကြတဲ့ ကိစ္စတိုင်း။ ကျွန်တော် ကျောင်းဝင်းထဲ၊ မဝင်ဘူး။

ဘာဖြစ်လို့လဲ ... ဆိုတော့၊ အကြောင်းကြောင်းကြောင့်၊ ကျွန်တော်များ အဖမ်းခံရရင်၊ တက္ကသိုလ်ကျောင်းသား မဟုတ်သူတွေ ... ကျောင်းဝင်းထဲ ဝင်ရောက်လှုံ့ဆော်တယ်ဆိုတာမျိုး။ မဖြစ်စေချင်ဘူး။

ဇွန်လ (၂၁) ရက် မြေနီကုန်း တိုက်ပွဲအကြောင်း။ သန်းအောင် ပြောပြမှ၊ ကျွန်တော် သိရတယ်။

ကျွန်တော့်အဖေက,တော့၊ အစိုးရက၊ ရိုးရိုးအစိုးရ မဟုတ်ဘူး။ စစ်အစိုးရ။ ပျော့ညံ့ညံ့အစိုးရ မဟုတ်ဘူး။ တိုင်းပြည်ဆူရင်တောကြောင်တွေ ဝင်လာမှာပဲ။ အဲဒါကို၊ စစ်တပ်က ... အဖြစ်ခံမှာ မဟုတ်ဘူး ... စသဖြင့်၊ ပြောပြနေတဲ့၊ အဖေ့စကားကို၊ ကျွန်တော် တစ်ခွန်းနှစ်ခွန်းထက် ပိုပြီး ပြိုင်မပြောဖြစ်ခဲ့ပါဘူး။

"ဘယ်အစိုးရပဲ ဖြစ်ဖြစ်၊ ကျောင်းသား ကျောင်းသူဆိုတာ၊ ကိုယ့်သားသမီးအရွယ်တွေပဲ။



ရက်ရက်စက်စက်၊ မလုပ်သင့်ဘူးလို့ ... ထင်တာပဲ။

ရေဒီယိုက လာတဲ့ ... သီချင်းတောင် ရှိသေးတယ်။

ပြည်သူနဲ့တွေ့တော့ ... ပန်းလို၊ ရန်သူနဲ့တွေ့တော့ ... မီးလို။ ... တဲ့။

သား ... သိသလောက်က,တော့၊ ပြည်သူနဲ့တွေ့တော့ ... မီးလို၊ ဖြစ်နေတယ်"

"ဟေ့ကောင်။ အိမ်ထမင်း၊ အိမ်ဟင်း မစားချင်ဘူးနဲ့ တူတယ်၊ ဟုတ်လား"

အဖေနဲ့သားနဲ့ ပဋိပက္ခဖြစ်ရလောက်တဲ့၊ ဝါဒတစ်ခု မြန်မာပြည်မှာ စိုးမိုးနေတယ် ... လို့ပဲ၊ စိတ်ထဲက၊ သတ်မှတ်ပစ်လိုက်တယ်။

မှိုင်းမိ, မှိုင်းဝ,နေတဲ့၊ မျက်နှာကြက်တစ်ခုဟာ၊ ဘယ်လိုဆေးဆေး။ အညစ်အကြေးအရောင်၊ ပျောက်ဖို့မလွယ်သလိုတဲ၊ အဖေ့လို မှိုင်းမိနေတဲ့ လူတွေလည်း ... တော်တော်များများ။ ရှိနေမယ်လို့ ကျွန်တော် ခန့်မှန်းမိပါတယ်။

မှိုင်းမိခဲ့တဲ့ မျက်နှာကြက်ကို၊ ဆေးလို့ ကျော့လို့၊ မရရင်၊ ဖေား ... အသစ်သုတ်ပစ်လိုက်ရုံကလွဲပြီး၊ တခြားနည်း မရှိဘူး။

✳



www.burmeseclassic.com

www.burmeseclassic.com



တစ်နိုင်ငံလုံး အတိုင်းအတာအထိ အုံကြွမှု ပျံ့နှံ့သွားတော့၊ ကျွန်တော် . . . အုံကြွမိတာ အမှန်ပဲ။

ရန်ကုန်ဆေးရုံကြီး မျက်နှာစာမှာ၊ ကျည်သင့်ခံရတယ်။ အဲဒီမှာ . . . ကျွန်တော်တို့ . . . နဲ့၊ တခြား (အ. ထ. က) ကျောင်းက ကျောင်းသားတွေ၊ စာတွေ, ကဗျာတွေ သွားကပ်ကြတယ်။ ကျွန်တော်က,တော့၊ ကိုယ်တိုင်ရေးထားတဲ့၊ ကဗျာတွေ ရှိပေမယ့်၊ ကျွန်တော့် ကဗျာတွေထက်၊ ပိုပြီး . . . တန်ဖိုးကြီးတဲ့ ကဗျာတစ်ပုဒ်ကို၊ လက်ရေးလှလှလေးနဲ့ကူးပြီး . . . အရင်, သွားကပ်လိုက်ပါတယ်။

ထီးသုဉ်း နန်းသုဉ်း၊ မြို့သုဉ်း သုည
သုဉ်း သုံး၀,ဖြင့်၊ သုဉ်းရှပြန်လစ်
သုညခေတ်ဝယ်၊
ဖြစ်လာရလေ၊ တို့တစ်တွေသည်
သေသော်မှတည့်
ခြေဉ် ရတောင်း၏။

(ဆီးဘန်းနီ ဆရာတော်)

နောက်မှ . . . ၁၉၈၈–ခုနှစ်လောက်က၊ ရေးထားတဲ့ ကဗျာတွေကို၊ ဆေးရုံကြီးရဲ့ နံရံတွေမှာ၊ အဆက်မပြတ် သွားကပ်လိုက်တယ်။

အဲဒီ့ . . . အဲဒီ နံရံတိုင်းမှာ၊ ကျွန်တော့်လို လူငယ်တိုင်းရဲ့၊ သဘောထားတွေ၊ စာကြောင်းတွေ၊ ကဗျာတွေ၊ သီချင်းတွေ . . . အများကြီး၊ ပလူပျံ့သွားပါလေရော။





ဘယ် . . . ဃ ကာ ပကာမှ နိုင်ငံရေး လှုံ့ဆော်စာရွက် ထောက်တာ မဟုတ်ပါဘူး။ ကျောင်းသား ကျောင်းသူတွေရဲ့၊ ခံစားချက်တွေပါ။

ထတ်နုတ်မဲ့ စိန်ခေါ်ခြင်း
(သို့မဟုတ်)
ဗိတ်စ၁

"တတ်" တစ်ချတ်ခေါ်တ်
"တေ၁တ်" ခနဲ မြည်း
စီခနဲ . . . ရှိတ်၊ လှိုတ်ခနဲ . . . ငို
လိုစ၁ရင်းပြ၊ ငိုချင်းချ၊

ဘ၁ဝ . . . ဆိုတ၁၊ ငိုစရာလ၁း
တိုမှ၁ နဘးဗိုတ်၊ ဒီမှ၁ တိုတ်နေ . . .
ရှိဝစေလေ . . . ၊
လိုတ၁မရ၊ ရတ၁တို . . . လူ
သင်တ၁ လူပဲ၊
(ပြေ၁ပြစမ်းပါ)၊ ဘ၁လိုသလဲ၊
ထဲ . . .
လော၁တ,ထဲတိုး ရဲရဲသ၁ဝင်
တိုတ်ပွဲဆင်ရန်
သဗ္ဗာနိုင်တို လုပ်၊ သရုပ်တိုထည့်



www.burmeseclassic.com

www.burmeseclassic.com



မငဲ့နဲ့ပေါ့၊
ရင်တို တော့ထား၊ ခေါင်းမော့ထားမယ်
သုံးကြည်တယ်ဆို၊ ဒီတိုလာခဲ့၊
လတ်နတ်မဲ့နဲ့ တိုတ်ရအောင်..၊ ၊

၁၉၀၆-၀-၇
၁၁း၁၁(a.m)

✳

[တစ်စုံတစ်ယောက်ကိုမျှ ကြမ်းကြုတ်သောစကားကို မဆိုသင့်၊ အဆိုခံရသူတို့သည်၊ သင့်ကို ပြန်လှန်၍ ဆိုကုန်ရာ၏။ ချုပ်ချယ်ထိပါးသော စကားသည်၊ ဆင်းရဲ၏ အကြောင်းတည်း။ သူတစ်ပါးကို၊ ဒဏ်ပြုပါက၊ အတုံ့အလှည့်ဒဏ်တို့သည်၊ သင့်ထံသို့၊ ရောက်ကုန်ရာ၏။

(ဓမ္မပဒ၊ ၁၃၃)]

✳

တကယ့်ကို၊ လက်နက်မဲ့နဲ့ တိုက်ကြရတာပါ။
သေနတ်ကို၊ ပါးစပ်နဲ့ ပြိုင်ပစ်နေကြရတာပါ။
ဒါတောင် ... ဇူလိုင်လ (၂၃) ရက်၊ ညပိုင်း ... ရုပ်မြင်သံကြားမှာ ... နိုင်ငံ့လူကြီးက၊ ပြောတဲ့ ... စကား။
"......။





... စစ်တပ်က ပစ်ရင် မှန်အောင် ပစ်တယ်"
... တဲ့။ တကယ့်ကို၊ ရန်နဲ့ ငေါငေါကြီးပါလား။
"...။ ...
မလွယ်ဘူးသာ မှတ်ပေတော့" ... တဲ့။
ဒါ ..., ရန်သူကို ကြိမ်းဝါးတဲ့ ... အသုံးအနှုန်းပါပဲ။ ကျွန်တော့်အသက် (၂၀) အတွင်း၊ ပြည်သူပြည်သားကို၊ ရင်နှစ်သားလို စောင့်ရှောက်တဲ့ ... ချစ်ကြင်တဲ့ နိုင်ငံ့ခေါင်းဆောင်၊ တစ်ဦးတစ်ယောက်မှ၊ မမြင်တွေ့ဖူးသေးတဲ့အပြင်၊ လူမိုက်စကားပြောတဲ့သူကိုတောင်၊ ဘာမှ၊ ပြန်ပြောခွင့်မရဘဲ၊ ငြိမ်ပြီးနားထောင်ခဲ့ရတာပါပဲ။
သေနတ်နဲ့ အခြိမ်းခြောက်ခံရတဲ့၊ ကျွန်တော်တို့မှာ ... နောက်တစ်နေ့မှာတော့ ...
ရန်ကုန်ဆေးရုံကြီးဝင်းထဲက၊ အရေးပေါ်ဌာနရှေ့ ဆန္ဒပြပွဲစင်မြင့်ထက်မှာ ...
စကားကြမ်းတွေ၊ ပြောမိတော့တာပါပဲ။
"စစ်တပ်က၊ ပစ်ရင် ... မှန်အောင် ပစ်တယ်
... တဲ့။
ကျုပ်တို့ ... တီထွင်တဲ့၊ ဂျင်ကလိက,လည်း
မိုးပေါ်တော့ ထောင်မပစ်ဘူး။
မ. ဆ. လတွေရဲ့၊ သောက်ခွက်တွေကို၊ ပစ်တယ်"
(လက်ခုပ်သံများ) ...။



www.burmeseclassic.com

www.burmeseclassic.com



"“အဘိုးအရွယ်က . . . မြေးအရွယ်တွေကို၊ မိုက်ရိုင်းအောင် သင်ပေးလိုက်ပြီ။

နိုင်ငံ့ခေါင်းဆောင် ဘိုးဘိုးကြီးက၊ ကျွန်တော်တို့ မြေး,မြစ်တွေကို၊ နောက်ဆုံး မှာ်ဆက်သွားတဲ့ စကား။

မလွယ်ဘူးသာ မှတ်ပေတော့တဲ့ . . .။ ကြင်နာလိုက်တာဗျာ”

(လက်ခုပ်သံများ) (လက်ခေါက်မှုတ်သံများ)။

“ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး . . . တဲ့။ ကျွန်တော် ကြုံဖူးတာတော့ ခေတ်ပြောင်းတာ၊ မပြောင်းတာ ဘာမှ မကြုံဖူးဘူး။

သေနတ်နဲ့ချည်း ပစ်နေတာပဲ၊ ကြုံဖူးတယ်”

(လက်ခုပ် . . . ဩဘာသံများ) . . .။

“ကျွန်တော်တို့က၊ ရန်ကုန်သား။ ရန်ကုန်မှာပဲ၊ နေတာဆိုတော့။

ဟိုး . . . တောထဲက၊ အဖွဲ့အစည်းတွေကို၊ ဘယ်လို ဆက်ဆံသလဲတော့ . . . မသိဘူး။

ကျောင်းသားတွေ၊ လူငယ်တွေကိုတော့ . . .၊ မ. ဆ. လ အစိုးရက၊ သေနတ်နဲ့ တော်တော်ပစ်တာပဲ”

(ရယ်မောသံများ) (လက်ခုပ်သံများ) . . .။





“တခြား . . . တောတွင်း အဖွဲ့အစည်းတွေကို သေနတ် . . . သေနတ်ချင်း၊ ပစ်ကြ ခတ်ကြတာ၊ ရှိကောင်း ရှိမယ်။ ဒါ . . . အံ့ဩစရာ မဟုတ်ဘူး။

ဘာလက်နက်မှ မကိုင်ထားတဲ့၊ သားသမီးအရွယ်၊ ကျောင်းသား . . . ကျောင်းသူ၊ ပြည်သူပြည်သားကို၊ စက်ပစ်ကွင်းလို သဘောထားပြီး၊ ပစ်ခတ်တာက,တော့၊

ဒါ . . . တော်ရုံတန်ရုံ၊ အရူးတောင် မလုပ်လောက်ဘူး။ အာဏာတော်တော်ရူးမှ၊ လုပ်မယ်ထင်တယ်။ ဟစ်တလာလို ကောင်မျိုးတွေ . . . ပေါ့”

(လက်ခုပ်သံများ) . . .။

“ဒီမှာ . . . ဒီနေရာက,နေ၊ တစ်ခါတည်း၊ အော်ပြောလိုက်မယ်။ နို့နို့ကလေးတောင် . . . နို့မဝရင်၊ အော်ငိုတယ်ဗျ။

ကျွန်တော်တို့ . . . ပြည်သူလူထုအားလုံး၊ ဝဝ,လင်လင်၊ မှုမှုတတ, ရှိနေကြရင်။ ဘယ်သူမှ . . . အာအညောင်းခံပြီး၊ အော်မနေဘူး။ ပါးစပ်အညောင်းခံပြီး၊ အပေါက်လုပ်ပြီး၊ ပြောမနေဘူး။ မညီမျှလို့ အော်နေတာဗျို့”

“. . .။ . . .”

*



www.burmeseclassic.com

www.burmeseclassic.com



## "ထသံ့ာတိုးသောင်းဗျတ်ထိန်း"

ဒီမှာ အစာမပြတ်၊ ရေ···မငတ်သေးသော်လည်း
အစာရှား, ရေရှား၊ အီသီယိုပီယား···ပမား၊
ဒီမှာ···
မြို့ပြ တစ်ခွင်၊ ကျေးရွာဝန်းကျင်
ထမင်းပြင်တဲ့ စားပွဲ၊
ဟင်းအမြင် အရည်တွဲတွဲနဲ့
မရဲတဲ့ရဲ··· စား
"အီသီယိုပီးယား"၊ ပန်းချီတား···ပမား၊
မြို့ပြလူတန်းစား အများစု
ဘုရားမှာ ဝတ်ပြုရင်း၊
ဆုတောင်းခြင်း···ခွေ
"ဘယ်လို အသံတွေ ကြားရမလဲ"၊
ကျေးရွာ ဆင်းရဲသား အများစု
ရွာဦးကျောင်းမှာ၊ ဒါနပြုဖို့
ငွေစုလို့ မရသေး
"ဘယ်လို ဆုတောင်း ပေးကြမလဲ"၊
တစ်သိန်းကျော်တန်တားပေါ်မှာ
တသံ့ာတိုးသောင်း ဗျတ်တိန်းမရှိ၊



## U.G 18

ရှစ်သိန်းကျော်တန် တိုက်ပေါ်မှာ
တသံ့ာတိုးသောင်း ပျတ်တိန်းမရှိ၊
တိုယ့်အပူ တိုယ်သိလျှင်···
(အခြေခံလူတန်းစားများ)
ရာဇပင်ထဲတ,
တသံ့ာတိုးသောင်း အကြား
မပါဝင်ရဲပါကြောင်း···
ဆုတောင်းခြင်းနဲ့ သတ်သေပြ
လောတ အပြင်ဘက် ထွက်ကြမယ်···၊ ၊

၁၉၀၇-၇-၁၂

※

ကူးရေးပြီးသား ကဗျာ (အဟောင်း) စာရွက်ကို၊ ခိုင်ဝင်းက၊ ကျွန်တော့်ကို လှမ်းပေးပြီး ...

"ရှစ်လေးလုံး နေ့မှာ ... အတွေ့တွေ့သပိတ် ... တဲ့။ တစ်နိုင်ငံလုံး ... တစ်ပြိုင်တည်း မှောက်မယ်"

"အတွေ့တွေ့ သပိတ်ဆိုတာ၊ ဘာကို၊ ပြောတာလဲ"

"ကျောင်းသားတွေချည်းပဲ၊ ဆန္ဒပြတာ မဟုတ်တော့ဘူးလေ။ ပြည်သူလူထု၊ တစ်ရပ်လုံး



www.burmeseclassic.com

www.burmeseclassic.com



... ပါဝင်ဆင်နွှဲတာ။

ဌာနဆိုင်ရာ ... ဝန်ထမ်းတွေ အကုန်။ ဝင်ပါတဲ့ကို၊ အထွေထွေ သပိတ်လို့ ခေါ်တယ်။ အဲ ... တစ်နိုင်ငံလုံး တစ်ပြိုင်တည်း။ ဆန္ဒပြကြမှာ"

"စစ်သားတွေ၊ ရဲတွေရော ... ပါလာနိုင်သလား"

"အုပ်ချုပ်ရေး ယန္တယား ပြိုလဲရင်၊ ပါလာနိုင်တာပေါ့"

"လေးဂဏန်းတို့ ရှစ်ဂဏန်းတို့ဆိုတာ။ Un Lucky ... လို့၊ ယူဆ,ယုံကြတဲ့သူတွေ အလိုအရ ဆိုရင် ... ရှစ်ရက်, ရှစ်လ, ရှစ်ဆယ့်ရှစ် ... ဆိုတဲ့ ဒီ ... နေ့ကြီးကြောင့်၊ မ ဆ လ အစိုးရ ပြုတ်ထွက်သွားနိုင်တယ်နော် ... ခိုင်ဝင်း"

"အားလုံးရဲ့ အင်အားပါကွာ။ ဂဏန်းရဲ့ အင်အား မဟုတ်ပါဘူး"

"မင်းပြောတာ မှန်ပါတယ်။ ဂဏန်းလေးလုံး ပူးနေတာလေးက၊ ထူးထူးခြားခြားလေး ဖြစ်နေလို့ပါ"

"အဲဒီ နေ့ကျရင်၊ တပ်ဦးမှာ၊ ငါ ... ပါလာမယ်။

မင်းက ... မင်းတို့ ရပ်ကွက်ထိပ်, လူထုကြား





ထဲမှာ ... စောင့်။

ငါတို့ ... တပ်ဦး၊ ချီတက်လာပြီ ... ဆိုတာနဲ့။ မင်းက, တပ်ဦးထိပ်က,နေ၊ လက်ဆင့်ကမ်းတဲ့ ပုံစံနဲ့ ... ယူ။ ကျန်တဲ့ .. ပါလာတဲ့ ရဲဘော် အားလုံး၊ မင်းကို ... လက်ခုပ်တီးပြီး ကြိုလိမ့်မယ်"

"ဟား ... ။ ပျော်စရာကြီး"

"ပျော်စရာ ... ထင်မနေနဲ့၊ သေနတ်နဲ့ ပစ်ရင်၊ ထွက်ပြေးကြရမှာ"

"... ။ ...

..."

※

ရပ်ကွက်ထိပ်က၊ မစောင့်နိုင်တော့ဘဲ၊ မြို့လယ်ကောင်က,နေ၊ ကျွန်တော် သွားစောင့်နေမိတယ်။ စိတ်,လောတာလေ။

သပိတ်တပ်ဦးမှ ခိုင်ဝင်းက၊ အလံကိုင်လျက်၊ ချီတက်လာတယ်။ လမ်းဘေးဝဲယာတစ်လျှောက်၊ ပြည်သူလူထုရဲ့ လက်ခုပ်သြဘာသံတွေက၊ နှစ်ပေါင်း နှစ်ဆယ့်ခြောက်နှစ်စာ၊ တီးခတ်လိုက်တဲ့ မင်္ဂလာစည်တော်ကြီးတွေပါပဲ။

"... ။

... ။ တို့အရေး ...

... ။ တို့အရေး ... ။



www.burmeseclassic.com

www.burmeseclassic.com



. . . ''

**လက်**ခုပ်တီးရင်း၊ သပိတ်တပ်ဦးကို၊ တပ်ရှေ့က,နေ **ကျွန်တော်** ကြိုဆိုလိုက်တယ်။ နိုင်ဝင်းက၊ ကျွန်တော့်ကို လက်ဆွဲ **နှုတ်ဆက်**။ ကျွန်တော့်လက်ထဲကို၊ အလံထည့်ပေး။ အားလုံးက၊ လက်ခုပ်တီး။ ပြည်သူတွေက,လည်း လက်ခုပ်တီး။

အဲ့ဒီ အချိန်နဲ့ တစ်ပြိုင်နက်တည်းမှာ၊ ခုနက၊ လက်ခုပ်တီး နေကြတဲ့၊ ပြည်သူလူထုထဲက၊ ကျွန်တော့်ရွယ်တူတွေလည်း . . . လက်ခုပ်တီးပြီး၊ သပိတ်စစ်ကြောင်းထဲကို၊ ဝင်ပါလာပါတယ်။

ကမ်းနားလမ်းတစ်လျှောက် ကျွန်တော် မျက်နှာဖုံးမစွပ်၊ ပဝါမစည်းဘဲ၊ ကြွေးကြော်သံတွေ . . . အော်ဟစ်ရင်း ချီတက်ခဲ့ကြ တာ၊ ကျွန်တော့်ရဲ့ ကျောင်းနေဘက် သူငယ်ချင်းပေါင်းများစွာ၊ စစ် ကြောင်းထဲမှာ၊ ပါလာပါတော့တယ်။ တချို့ အဒေါ်ကြီးတွေက၊ ကျွန်တော်တို့လက်ထဲကို၊ အောင်သပြေတွေ၊ လာပေးကြတယ်။

''မြင့်မြတ်တဲ့ ရာဇပလ္လင်ဆိုတာ၊ မြင့်မြတ်တဲ့
သူနဲ့ပဲ ထိုက်တန်ပါတယ်။
မမြင့်မြတ်သူတွေကို၊ ပြည်သူ့လက်ခုပ်တီးသံ
ပွေနဲ့၊ မောင်းထုတ်ပေးကြပါ''

တစ်မြို့လုံး အနှံ့အပြား၊ လူ . . . ထောင်ပေါင်းများစွာရဲ့၊ လက်ခုပ်သံတွေနဲ့အတူ၊ လူကြီးသူမ,တွေရဲ့၊ မျက်လုံးတွေမှာ၊ မျက် ရည်တွေ . . . ဝဲနေကြတယ်။

''ရန်မျိုးအောင်''





"ပြော . . . နိုင်ဝင်း"

"စစ်တပ်နဲ့ ထိပ်တိုက်တွေ့ရင်၊ အတင့်မရဲနဲ့နော်။ ငါတို့ လုပ်စရာတွေ . . . ရှိသေးတယ်"

နိုင်ဝင်း သတိပေးစကားနဲ့ မရှေးမနှောင်းမှာဘဲ၊ ဘုန်းကြီး လမ်းထဲကို၊ ကျွန်တော်တို့ သပိတ်တပ်ဦးချိုးအကွေ့။

လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ သံဆူးကြိုးနဲ့အတား။ ကျွန်တော် . . . သံဆူးကြိုး အပိုင်းကြီးတွေအပေါ်ကနေ လွှားခနဲ ခုန်ပြီး . . . အရာ ရှိ ရှိတဲ့နေရာကို၊ ဝင်လိုက်ပါတယ်။

ကျွန်တော်နဲ့အတူ ရဟန်းတော်ကြီးတစ်ပါးလည်း၊ တားဆီး တဲ့အဝန်းအဝိုင်းထဲကို၊ ကြွလာပါတယ်။

သပိတ်တစ်ထဲမှာ၊ ပါလာတဲ့ ရွယ်တူတွေက,လည်း၊ ပါလာ တဲ့၊ သံချွန်လေးခွ (ဂျင်ကလိ) တွေ ထုတ်ပြီး၊ ချိန်ကြ . . . ရွယ်ကြနဲ့ တကယ့် မမြင်ဝံ့စရာ၊ မြင်ကွင်းကြီးပါပဲ။

သေနတ်နဲ့ ချိန်ထားရတဲ့ ရဲဘော်တွေကို၊ ကျွန်တော် ဘယ် လိုမှ၊ မထိပါးဘဲ အရာရှိဆီကိုသာ တန်းတန်းမတ်မတ် သွားပြီး . . . ။

"ဗိုလ်ကြီး ကျောင်းတက်ဖူးမယ် ထင်ပါ တယ်။ ကျွန်တော်တို့ ဗိုလ်ကြီးကို၊ ကျောင်းသားကြီး တစ်ယောက်လိုပဲ၊ မြင်ပါတယ်။

အဲဒါကြောင့်၊ ကျွန်တော်တို့၊ ဒီလမ်းက, ချီ တက်ချင်ပါတယ်။ လမ်းဖယ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ကြီးက၊ တာဝန်အရ … ဝိတ်ပင်မယ် ဆိုရင်လည်း၊ ကျွန်တော်တို့ ရှေ့ဆက်တိုးရမှာပါ။

ကျွန်တော်တို့ အသက်ပေးပြီးသားပါ။ ဗိုလ်ကြီးက၊ တာဝန်အရ၊ ပစ်ခတ်ဆောင်ရွက်ရတယ်ဆိုရင်လည်း၊ ကျောင်းသားကြီးက၊ ကျောင်းသားငယ်တွေကို၊ ပစ်တယ် … လို့ပဲ၊ ကျွန်တော် ယူဆ,ပါတယ်။ ဗိုလ်ကြီး … ပစ်ချင်ပစ်ပါ''

ကျောနောက်ဘက်က အော်ဟစ်သံတွေနဲ့အတူ၊ ကျွန်တော့်အနားကို ခိုင်ဝင်း ရောက်လာပါတယ်။ သတိထားဆိုတဲ့ … အစ်ပွာယ်နဲ့၊ ကျွန်တော့် ပခုံးကို၊ ခိုင်ဝင်း ဆုပ်နယ်လိုက်ပါတယ်။

''ငါ … နောက်ဆုတ်လို့၊ မရတော့ဘူး။ ဒီ … သံဆူးကြိုးဝန်းထဲ၊ ခုန်ဝင်လိုက်မိပြီ။ ရှေ့ဆက်တိုးရမှာပဲ''

ကျွန်တော်နဲ့အတူ လိုက်ကြွလာတဲ့၊ ဆရာတော်ကြီးက၊ အပေါ်ရုံသက်န်းကို၊ ဖြန့်ဖွင့်လျက် …

''ဒကာ စစ်ဗိုလ်ကြီး။ ဘုန်းဘုန်းကို၊ အရင်ပစ်လိုက်ပါ။ ပစ်လိုက်ပါ''

အရာရှိ၊ စစ်ဗိုလ်က၊ လက်အုပ်ချီလျက် –

''တပည့်တော် တင်လျှောက်တာကို၊ နာယူပေးတော်မူပါ … ဘုရား။

ညီလေးတို့လည်း။ နားထောင်ပေးပါ''



ကျွန်တော်တို့၊ ခေါင်းမညိတ်တဲ၊ နားစွင့်ထားလိုက်မိတယ်။

''ဒီ .. တည့်တည့်မှာ၊ လှတ်တော်အဆောက်အအုံ ရှိပါတယ် … အရှင်ဘုရား။

အဲဒီ … အဆောက်အအုံရဲ့၊ လုံခြုံရေးကို၊ တပည့်တော် ယူထားရတာပါ။

အဲဒီတာဝန်၊ ပျက်ကွက်ရင်၊ တပည့်တော် … သေဒဏ်ပါ ဘုရား။

ညီလေးတို့၊ နားလည်အောင် ပြောပြရရင်၊ ညီလေးတို့ … ကျောင်းသားပြည်သူ၊ နိုင်ငံရေးလုပ်၊ အပြစ်ဒဏ်က, အလွန်ဆုံး … လေးငါးဆယ်နှစ်၊ ဒါမှမဟုတ် တစ်သက်တစ်ကျွန်းပေါ့။

ကိုယ်တို့ … တပ်မတော်သားတွေက၊ သေဒဏ်ပဲ''

ဆရာတော်ဘက်တို့၊ လက်အုပ်ချီရင်း …

''တပည့်တော်ရဲ့ အသက်ကို၊ အရှင်ဘုရား … ငဲ့ညှာတဲ့အနေနဲ့၊ ဒီ … ချီတက်လာတဲ့ စစ်ကြောင်းကို၊ နောက်ပြန်လှည့်ပေးစေချင်ပါတယ် … အရှင်ဘုရား''

ကျွန်တော်က …

''ဗိုလ်ကြီး။ တပ်ဦးဆိုတာ၊ ရှေ့သို့ပဲ … ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com 



တပ်ဦး ...နောက်ပြန်လှည့်တယ်ဆိုတာ၊ မရှိကောင်းပါဘူး''

''မှန်ပါတယ် ညီလေး။ ညီလေးတို့ တပ်ဦးကို၊ ကိုယ်က ...နောက်ပြန် မလှည့်ခိုင်းပါဘူး။ တပ်ဦးလှည့်တယ် ...လို့၊ မသုံးနှုန်းဘဲ။ တပ်ဦးပြောင်းတယ် ...လို့ သုံးနှုန်းရင်၊ သင့်လျော်ပါတယ် ...ညီလေး။

ဒီနေ့ တစ်နေ့လုံး၊ ရန်ကုန် တစ်မြို့လုံးကို၊ ညီလေးတို့ ကြိုက်သလို၊ လှည့်ပါ။ ချီတက်ပါ။ သေနတ်သံ တစ်ချက် မကြားစေရဘူး။ ကိုယ် ...တာဝန်ယူတယ်။

ဒီ ...လမ်းကြောင်းက,လွဲရင်၊ ကျန်တဲ့ ...နေရာကို၊ ရွေးချယ်ပေးပါ။

တာဝန်နဲ့ အသက်နဲ့ ထပ်တူဖြစ်နေလို့ပါ ...ညီလေး''

နိုင်ဝင်းက ...

''ကျွန်တော်တို့လည်း၊ အသက်ကို၊ ရင်းပြီး ထွက်လာကြတာပါ''

ဆရာတော်ကြီးက ...

''ဒကာကြီး ...တကယ်တာဝန်ယူတယ်နော်။ ကလေးတွေကို၊ ဘယ်သူမှ ...အန္တရာယ်



မပြုစေရဘူးနော်''

''မှန်ပါ့ ဘုရား။ တပည့်တော် တာဝန်ယူပါတယ် ...အရှင်ဘုရား''

''ကဲပေ့။ မင်းတို့ တပ်ဦးပြောင်းကြ။ တပ်ဦးနောက်ဆုတ်တာ မဟုတ်ဘူးနော်၊ တပ်ဦး ပြောင်းတာ။

တပ်ဦးကို ...ကြည့်မြင်တိုင်ဘက်ကို၊ ပြောင်းလိုက်ကြ''

''...။

...။ ...။

...''

တက်ဖူးခဲ့တဲ့၊ ကျောင်းနဲ့ နီးလာလေ၊ သူငယ်ချင်းတွေနဲ့ တွေ့လေ။ စစ်ကြောင်းထဲမှာ၊ ကျွန်တော့်သူငယ်ချင်းတွေ ...အများကြီး ပါလာတာပေါ့။

ရပ်ကွက်ထဲက၊ ခုနစ်တန်းကျောင်းသူလေး နှစ်ယောက်တောင်၊ ကျွန်တော့်ကို၊ တွေ့လို့ လိုက်ပါလာကြသေးတယ်။ အဲ ...သူတို့ နာမည်တွေက၊ သန္တာခိုင် ...နဲ့ ...မူမူအောင် ...တဲ့။

ပြောရင် ...ယုံမှာ မဟုတ်ဘူး။

ကျွန်တော် ...အဲဒီအချိန်မှာ၊ သေမှာ မကြောက်ဘူး။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com


(၃)

ခြေသလုံး ကြွက်တက်ပြီး ပစ်လဲကျရာက, နေ့၊ သတိလစ်သွားပြီး၊ ကျွန်တော် သတိရလာတော့၊ ကျွန်တော့်လက်ကို၊ လူတစ်ယောက်က၊ ကိုင်မြှောက်ပေးထားတယ်။ ကျွန်တော်က၊ ဆိုက်ကားပေါ်မှာ၊ တခြားလူတစ်ယောက်ကို၊ မှီပြီး . . . ပက်လက်။

"ကျွန်တော်တို့ . . . ဘယ်ရောက်လာပြီလဲ"

"ဒါ . . . သိမ်ဖြူကုန်းတံတား"

"ဗြော်"

"ကျွန်တော် . . . တာမွေမှာ၊ ကြွက်တက်သွားတာ"

"အဲဒီကတည်းက၊ သတိလစ်နေတာ၊ အခုထိပဲ"

လက်ကို၊ ကိုင်မြှောက်ပေးထားတဲ့ အစ်ကိုကြီးက . . .

"ဒီ . . . ဆိုက်ကားဆရာက၊ အဲဒီ တာမွေကတည်းက၊ ဒီ . . . အထိ၊ ညီလေးကို၊ တင်ခေါ်လာတာ"

"ဟာ။ အားနာစရာပျာ။ ရတယ်။ ကျွန်တော် . . . ဆင်းလျှောက်ပါ့မယ်။

ဦးလေး။ ကိုယ့်အလုပ်ကိုယ် . . . ဆက်လုပ်ပါ။ ကျွန်တော် . . . လမ်းလျှောက်နိုင်ပါပြီ"

"လိုက်ချင်လို့ လိုက်လာတာပါကွာ။ အခုလို၊ ကူညီရတာကိုပဲ၊ ဝမ်းသာလှပါပြီ။

ကိုယ့်သားသမီးအရွယ်တွေက၊ မကြောက်မရွံ့၊ လုပ်သင့်တာကို လုပ်ကြတာ ကြည့်ပြီး၊ စိတ်လည်း မကောင်းဘူး။ ဂုဏ်လည်း . . . ယူတယ်"

"ကျွန်တော် . . ဆင်းလျှောက်ပါ့မယ် ဦးလေးရယ်"

"မလျှောက်နဲ့။ မင်း . . . ကြည့်ရတာ ပင်ပန်းနေပြီ။ ဘယ်အချိန်ကတည်းက၊ ထွက်လာကြတာလဲ"

"မနက် . . . ခုနစ်နာရီခွဲ"

"ဟာ။ အခု ငါးနာရီကျော်ပြီ"

"ကျွန်တော်တို့၊ မြို့တော်ခန်းမ, ရှေ့မှာ၊ သပိတ်စခန်းဖွင့်မှာ"

"ဟာ . . .။ အဲဒီမှာ၊ စစ်တပ်ရှိတယ်လေ"

ကျွန်တော်က၊ ရယ်လျက် . . .

"အဲဒီမှာ၊ စစ်တပ်ရှိသလို၊ အဲဒီရှေ့၊ ဗန္ဓုလပန်းခြံထဲမှာလည်း။ လွတ်လပ်ရေး ကျောက်တိုင်ကြီး





www.burmeseclassic.com

 www.burmeseclassic.com 

ရှိတယ် ဦးလေးရဲ့''

''. . . အာဏာရှင်စနစ်။ ကျဆုံးပါစေ။

အရေးတော်ပုံ . . .။ အောင်ရမည် . . .''

ကြွေးကြော်သံတွေ ကြားထဲမှ၊ နိုင်ဝင်းကို၊ ကျွန်တော် ရှာတယ်။ မတွေ့။ တခြားသူငယ်ချင်းတွေကိုလည်း၊ မတွေ့။ သန်းအောင်ကိုလည်း . . . မတွေ့။ သန်းအောင်က၊ မနက်ကတည်းက။ တခြား . . . ကျောင်းသားတွေနဲ့။ တခြား စစ်ကြောင်းမှာ။

''အောင်မြင်ပါစေကွာ။ ဦးလေး။ ဆုတောင်းပါတယ်''

''ကျေးဇူးတင်ပါတယ် . . . ဦးလေးရယ်။ ကျွန်တော်တို့ လုပ်တာ။ ကျွန်တော်တို့အတွက်၊ မဟုတ်ပါဘူး''

''နားလည်ပါတယ်ကွာ''

''ကျွန်တော် ဆင်းလျှောက်ပါရစေ ဦးလေးရယ်''

''ဦးလေး။ မြို့တော်ခန်းမ,ရှေ့အထိ၊ လိုက်ပို့ပေးပါ့မယ်။

ကူညီနိုင်တာလေး၊ ကူညီပါရစေကွာ''

ကျွန်တော် ငြိမ်နေလိုက်ရတော့တယ်။

အခုမှ၊ သတိရတယ်။ ကျွန်တော် . . . တစ်နေ့လုံး၊ ဘာမှ မစားရသေးဘူး။

လမ်းက . . . လုပ်သားပြည်သူတွေ ကျွေးတဲ့၊ ငှက်ပျောသီးတွေ၊ မုန့်တွေကိုလည်း၊ တခြားသူတွေကို၊ ဝေပေးဖြစ်ခဲ့တယ်။ ဆိုက်ကားပေါ်မှာ၊ ထိုင်ရတော့မှ၊ ဗိုက်ထဲမှာ၊ ဆာသလိုလို။ ဒါပေမဲ့ . . . ဘာမှ၊ စားချင်စိတ်မရှိ။

*

ညနေမစောင်းခင်မှာ၊ မြို့တော်ခန်းမရှေ့ (မြို့တော်ခန်းမနဲ့ မဟာဗန္ဓုလ,ပန်းခြံအကြား) မြေကွက်လပ်ကြီးမှာ၊ ကျောင်းသားနဲ့ ပြည်သူအင်အားတွေ ပြည့်သိပ်သွားတယ်။ ကြက်ပျံမကျဆိုတာ ဒါမျိုးနဲ့ တူတယ် . . . လို့၊ ကျွန်တော် တွေးမိတယ်။

မြို့တော်ခန်းမ,ရဲ့ အတွင်း, အပြင်နဲ့ ဘားလမ်း (--) ထဲမှာ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ အပြည့်။ ဘရင်းကယ်ရီယာ . . . လို့ခေါ်တဲ့၊ သေနတ်တင်ကားတွေလည်း၊ မြို့တော်ခန်းမ,ဝင်းထဲမှာ၊ ရပ်ထားတယ်။

ဘက်နက်နဲ့ ချိန်ထားတဲ့၊ တပ်ဖွဲ့ဝင်တွေနဲ့ ရှေ့တည့်တည့်မှာ၊ ကျွန်တော်နဲ့၊ တခြား -ကျောင်းသားကျောင်းသူတွေ၊ ရင်ဖွင့်ပြီး ရပ်ပေးထားကြတယ်။

နေရာတိုင်း၊ နေရာတိုင်းမှာ ခုံရှည်လေးတွေချပြီး၊ တရားဟောနေကြတာကို ကြည့်ပြီး . . .

အဲ . . . ကျွန်တော် အကြံရပြီ။ နိုင်ဝင်းနဲ့ တခြားသူငယ်ချင်းတွေကို၊ ကျွန်တော် ရှာလို့မတွေ့မယ့်အတူတူ၊ စင်မြင့်တစ်ခုမှာ၊





www.burmeseclassic.com

www.burmeseclassic.com



**တရားတော်တောပိုက်ရင် . . .၊** နိုင်ဝင်းတို့ ကျွန်တော့်ကို၊ သေချာ **ပေါက် တွေ့မှာပဲ။**

အဲဒီစိတ်ကူးနဲ့ပဲ . . . ကျွန်တော့်ဘဝ,ရဲ့ ပထမဆုံး နိုင်ငံရေး ဟောပြောမှုကို၊ အသက် (၂၁) နှစ်အရွယ်၊ [၁၉၈၈–ခု၊ ဩဂုတ်လ– ၈ ရက်၊ ညနေ (၆) နာရီ] တီတီမှာ၊ စတင်ပါတော့တယ်။

"အစ်ကို၊ ကျွန်တော်လည်း၊ ဟောချင်တယ်"

"လာ"

"ကျောင်းသား လူငယ်တစ်ယောက်က၊ ရဲဘော်တို့ကို၊ ဟောပြောပါလိမ့်မယ် ခင်ဗျား"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

အင်မတန် ထူးဆန်းပါတယ်။ကျွန်တော့်မှာ . . . ဘာကြောက် စိတ်မှ၊ မရှိပါဘူး။

"မ. ဆ. လ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် . . . ဆိုတာ။ သာတူညီမျှ . . . စနစ်။ အုပ်ချုပ်တဲ့သူ နဲ့ ပြည်သူနဲ့၊ တူညီတဲ့ စနစ်။

အဲဒီ စနစ်ကို၊ လုပ်နေပါတယ်လည်း ပြော တယ်။ ကျွန်တော်တို့က၊ ဘတ်(စ)ကား ကျပ်ကျပ် တည်းတည်းထဲမှာ၊ ငါးပိသိပ်၊ ငါးချဉ်သိပ်။

သူတို့ . . သူတို့က,တော့၊ 323 တို့ 929 တို့နဲ့ ဇိမ်ကျနေကြတယ်၊ ဘယ်မှာလဲ . . သာတူညီမျှစနစ်" (လက်ခုပ်သံများ) . . .။





"ကျွန်တော်တို့၊ ပြည်သူ အများစု . . . စား နေတာ၊ ဝါတာတာ ငစိန်ဆန်။ သူတို့စားနေတာ၊ ပေါ်ဆန်းမွှေး။ အဲဒါ . . . ဆိုရှယ်လစ်လား။

ထားတော့။ ကျွန်တော်တို့က, မြို့ပေါ်မှာ၊ ဆင်းဆင်းရဲရဲ နေကြရတော့၊ သက်သာပါသေး တယ်။ အခု . . . ကျွန်တော့်ကျောနောက်ဘက်က၊ ကျွန်တော်တို့ကို၊ သေနတ်ကိုင်ပြီး စောင့်နေကြတဲ့၊ တပ်မတော်သားတွေ စားတဲ့ . . . ဆန်။ သွားကြည့်။ ကျွန်တော်တို့ဆန်ထက် ပို . . . ဝါတယ်"

(လက်ခုပ်သံများစွာ . . .။ အော်ဟစ်ထောက်ခံသံများ . . . များစွာ။ တပ်မတော်သားတွေပါ၊ လက်ခုပ်တီးတာ၊ ကျွန်တော် တွေ့ လိုက်ရပါတယ်)။

"အခု . . .။ လွှတ်တော်က၊ ဟိုလူ့ကို . . . တင်လိုက်၊ ဒီလူကို တင်လိုက်။ လုပ်နေတယ်။

အဲဒီလူတွေကို၊ ကျွန်တော် မသိဘူး။ အဲဒီ လူတွေကို၊ ပြည်သူတွေက၊ ခေါင်းဆောင်အဖြစ် တင်လိုက်တာလား"

"မတင်ဘူး . . .

မတင်ဘူး . . .။ . . ."

"ပြည်သူက၊ အသိအမှတ် မပြုတဲ့၊ ဘယ် ခေါင်းဆောင်မဆို။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လွှတ်တော်ကပဲ ... တင်တင်။ ဟောဒီ ... ရှစ်ဆယ့်ရှစ် ပြည်သူ့လွှတ်တော်က၊ လုံးဝ ... ကန့်ကွက်လိုက်ပါတယ်"

(လက်ခုပ်သံများ) ...။

"အရေးတော်ပုံ"

"အောင်ရမည်"

"အရေးတော်ပုံ"

"အောင်ရမည်"

"......"

"......"

ကျွန်တော် စင်ပေါ်က၊ ဆင်းတဲ့အထိ၊ နိုင်ဝင်းကို မတွေ့ဘူး။ တင်မောင်သန်းဆိုတဲ့ ... စတိုက်ကျောင်းက၊ သူငယ်ချင်းကတော့၊ အနားကို ရောက်လာတယ်။

"နိုင်ဝင်းကို၊ တွေ့မိလား"

"မတွေ့ဘူး။ မင်းကိုတောင်၊ တရားဟောနေလို့၊ ငါ, တွေ့တာ"

"ဒါဆို၊ ငါ ... နောက် တစ်စင်၊ တက်ဟောလိုက်ဦးမယ်ကွာ။ ဒါမှ ... နိုင်ဝင်းတို့ တွေ့မှာ"

"အေး"

* * *



(ခ)

ဟို ခုံရှည်ပေါ်တက်ဟောလိုက်၊ ဒီ ... ခုံရှည်ပေါ် တက်ဟောလိုက်နဲ့ အော်လိုက် ... ဟောလိုက်၊ လုပ်နေတာ။ နောက်ဆုံး ဟောပြီးမှပဲ၊ အနားကို၊ နိုင်ဝင်း ရောက်လာတယ်။

"မင်း ... တော်ကီ။ ရေရေလည်လည် မိုက်တယ်"

"တော်ကီမိုက်တယ် လုပ်မနေနဲ့။ ငါ ... မင်းတို့ကို၊ တွေ့အောင်။ တမင် ... ဟောနေရတာ။ အသံလည်း မထွက်တော့ဘူး"

"ထမင်းထုပ် ... လိုက်တောင်းနေတာ"

"ဘယ်မှာတောင်းတာလဲ"

"လမ်းတွေထဲမှာပေါ့။ ဟိုမှာ ... ငှက်ပျောသီးကားတစ်စီး။ လာလှူလို့၊ သယ်ပေးနေတုန်း။ မင်းကို လှမ်းတွေ့လိုက်လို့လာတာ"

"ငါ ... တာမွေမှာ၊ ကြွက်တက်ပြီး သတိလစ်သွားတာ မင်း သိလား"

"ဆိုက်ကားပေါ်၊ ငါ, တင်ပေးခဲ့တာကွ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားဆရာနဲ့ သောက, နှစ်ယောက်က၊ စိတ်ချ, လက်ချ ထားခဲ့ဆိုတာနဲ့ ငါ ထားခဲ့ရတာ''

''ဪ''

''လာ ...၊ အားလုံး စားဖို့ ထမင်းထုပ်၊ အလှူခံကြမယ်''

''အေး''

✻

''ရပ်ကွက်အတွင်းရှိ လုပ်သားပြည်သူများ ခင်ဗျား။

ကျွန်တော်တို့ရဲ့ ကျောင်းသားသပိတ်တပ်ကြီး ဒီည ... မြို့တော်ခန်းမ,ရှေ့မှာ၊ သပိတ်စခန်း ဖွင့်လိုက်ပြီ ဖြစ်တဲ့အတွက်၊ သပိတ်တပ်သားများ စားဖို့ ထမင်းထုပ်များ ... နဲ့ အစားအစာများကို၊ ကျွန်တော်တို့ အလှူခံပါတယ် ခင်ဗျား။ ကျေးဇူး တင်ပါတယ် ခင်ဗျား''

နိုင်ဝင်းရဲ့ အသံ။

''ကျွန်တော်တို့ကို၊ ဘယ်အစားအစာမဆို လှူဒါန်းလို့ ရပါတယ်။

ငွေကြေး လှူဒါန်းခြင်းကို၊ ကျွန်တော်တို့ လက်မခံပါကြောင်း အသိပေး ပန်ကြားအပ်ပါတယ်





ခင်ဗျား''

တခြားကျောင်းသားတစ်ဦး၏ အသံ။

ကျွန်တော်က,လည်း၊ စိတ်ကူးပေါက်တာနဲ့ ...,

''ငွေကြေးအလှူခံရင်၊ အဲဒါ ... ကျောင်းသား မဟုတ်ပါဘူး ခင်ဗျား။ အဲဒါ ... သပိတ်တပ်သား မဟုတ်ပါဘူး ခင်ဗျား''

''သားလေးရယ်၊ ခဏစောင့်ပေးနိုင်မလား။ အမေ ... ထမင်း သွားထယ်ချင်လို့ပါ''

၂၃-လမ်းထဲမှာ၊ ငွေစက္ကူအလိပ်ကလေးကို၊ ကိုင်လျက်၊ အဒေါ်ကြီးတစ်ယောက် လာမေးတော့၊ နိုင်ဝင်းက ...

''အမေ။ ဝယ်မပေးပါနဲ့။ ထမင်းအကျန် လည်း ရပါတယ် အမေ၊ တကူးတက၊ မလုပ်ပါနဲ့။ အိမ်မှာ ကျန်တဲ့ ... ထမင်း,ဟင်းလောက်ပဲ ပေးပါ''

''ထမင်း မကျန်လို့ပါ သားရယ်''

''ဪ ...။ ကျွန်တော်တို့က၊ သွားကြရ တော့မှာ''

''ဒါဆို ...၊ ဒီပိုက်ဆံလေး၊ ယူသွားပါလား သားရယ်။ အမေ ... တကယ်ကျွေးချင်လို့ပါ''

''ပိုက်ဆံတော့၊ ယူလို့မရဘူး အမေရဲ့''

ကျွန်တော်က ...

''အမေ။ သွားဝယ်ပါ။ ကျွန်တော် ဒီက,



www.burmeseclassic.com

www.burmeseclassic.com



စောင့်ပါ့မယ်။

နိုင်ဝင်း ...၊ မင်းတို့ သွားနှင့်"

"လူ ... ပြန်ကွဲသွားဦးမယ်"

"မြို့တော်ခန်းမ, ရှေ့တည့်တည့်ကို၊ ငါ ... လာခဲ့မယ်။

လူကွဲရင်၊ စင်ပေါ်မှာ ... ငါ, တရားတက်ဟောလိုက်မယ်ကွာ"

"အေး"

"သားလေး။ ဒီမှာ စောင့်နော်"

"ဟုတ်ကဲ့။ အမေ"

"..."

"..."

✻

ကွင်းပြင်အပြည့်၊ လူများစွာကို။ လောက်ငှ,သည့်အထိ၊ စားစရာတွေ ဝေပေးပြီး။ ကျွန်တော့်ကို၊ နိုင်ဝင်းက၊ ထမင်းတစ်ထုပ်ပေးတယ်။ ကျွန်တော် ဆာနေတာကို၊ အခုမှ ... ပြန်သတိရပြီး။ ထမင်းတစ်ထုပ် စားလိုက်တယ်။

"အား"

"ဘာဖြစ်တာလဲ ... ဟော့ကောင်"

"ငါ ... ထမင်းမျိုလို့ မရဘူး။ လည်ချောင်း





နာနေတယ်"

"အော်ထား ဟစ်ထားလို့ ဖြစ်မယ်"

ထမင်းထုပ်ကို၊ တခြားတစ်ယောက်ကို၊ ကျွန်တော် သွားပေးလိုက်တယ်။

ငှက်ပျောခိုင်တွေ ... တန်ဖိုးကြီး မုန့်ပုံးတွေကို၊ တာဝန်ကျလုံခြုံရေး တပ်ဖွဲ့ဝင်တွေကို၊ ကျွန်တော် သွားပေးလိုက်တယ်။ သူတို့ ခေါင်းခါတယ်။

"ကျွန်တော်တို့လည်း၊ ဗိုက်ဆာတယ်။ အစ်ကိုတို့လည်း၊ ဆာမှာပဲ။

အစ်ကို ... မဆာရင်၊ ဆာတဲ့, ရဲဘော်တွေကို၊ ကျွေးလိုက်ပါ။

အားမနာပါနဲ့။ စားပါ။ နောက်မှ ... တာဝန်အရ၊ လုပ်ချင်တာ လုပ်ပါ။ ကျွန်တော်တို့ ..., နားလည်ပါတယ်"

ကျွန်တော် အတင်းထားခဲ့လိုက်တယ်။

ဒါ ...တကယ့်စေတနာနဲ့ ဆောင်ရွက်တာပါ။

သေနတ်နဲ့ ပစ်မှာစိုးလို့၊ လာဘ်ထိုးတာ မဟုတ်ပါဘူး။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## (ထ)

ည (၉) နာရီလောက်မှာ၊ မြို့တော်ခန်းမ, အပေါ်ထပ်၊ လော်စပီကာကြီးထဲက၊ လူစုခွဲခိုင်းတဲ့ အသံကြီး တစ်သံ၊ ထွက်ပေါ်လာပါတယ်။

အဲဒီ့ အသံကြောင့်၊ ညနေစောင်းက,နေ ညဦးပိုင်းအထိ၊ ပြည့်သိပ်နေတဲ့၊ လူတွေထဲက၊ ရပ်ကြည့်သူတချို့ အိမ်ပြန်သွားကြပါတယ်။

ဒါပေမဲ့ . . . , အဓိက (ကျောင်းသားနဲ့ပြည်သူ) သပိတ်အင်အားကြီးက,တော့၊ လုံးဝ လျော့မသွားပါဘူး။

✳

အကြိမ်,ကြိမ် လူစုခွဲခိုင်းနေခဲ့ပြီးတဲ့နောက် . . . ည (၁၀) နာရီခွဲလောက်မှာ . . .

"သတ်မှတ်ချိန်ကို၊ ကျော်လွန်သွားပြီဖြစ်တဲ့ အတွက် . . ."

နောက်ဆုံး သတိပေးချက်ကို၊ ကျွန်တော်တို့ (အားလုံး) ကြေကွဲနာကြည်းစွာ ကြားလိုက်ရပါတယ်။





သပိတ်တစ်ကို ဖြိုခွင်းရမယ့်၊ လုံခြုံရေးတပ်ဖွဲ့ အကြီးအမှူးရဲ့ သတိပေးသံအဆုံးမှာ၊ ကျွန်တော်တို့အားလုံး . . . မတ်တတ်ရပ်လိုက်ကြပါတယ်။

မြို့တော်ခန်းမ,ဘက်ကို၊ မျက်နှာမူပြီး (သေနတ်တွေနဲ့ ချိန်ထားတဲ့၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို မျက်နှာမူပြီး)၊ အလံကိုင်သူက၊ ကိုင်ရင်း . . . နိုင်ငံတော်သီချင်းကို၊ ညီညီညာညာ ကြေကြေကွဲကွဲ သီဆိုကြပါတယ်။

သီဆိုနေကြတဲ့ ကျောင်းသား ပြည်သူအားလုံးရဲ့ စိတ်နှလုံးဟာ၊ (ကျွန်တော် အပါအဝင်)၊ ဒီ . . . နိုင်ငံတော် သီချင်းသီဆိုခြင်းကို၊ နောက်ဆုံးသီဆိုခြင်း . . . အဖြစ်၊ ခံယူထားကြရသူတွေပါ။

"... ။

.... ။ ....

ပြည်ထောင်စုကို အသက်ပေးလို့

တို့ကာကွယ်မလေ ×××၊

ဒါ . . . , တို့ပြည် . . . ဒါ, တို့မြေ

တို့ ပိုင်တဲ့ . . . မြေ . . .

...

... ။ ..."

"ဂျိမ်း . . . ဂျိမ်း . . . ဂျိမ်း . . . ဂျိမ်း"

ကမ္ဘာပျက်သံ။

ရန်ကုန်သား ဖြစ်တဲ့ ကျွန်တော်အဖို့၊ သေနတ်သံကို၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com U.G 18



. . . ပထမဆုံး ကြားဖူးတာပါ။ ဘရင်းကယ်ရီယာနဲ့ ပစ်တဲ့အသံ . . . လို့ သိရပါတယ်။

"ဖောက် . . . ဖောက် . . . ဖောက်"

အနားက ကျောင်းသားတွေ ပုံလျက်သား လဲကျအသွား။ ကျွန်တော် . . . သေနတ်ကျည်ဆန်လာရာဆီကို အလံကိုင်ရင်း ပြေးအတက်၊ ခိုင်ဝင်းနဲ့ တခြားကျောင်းသားတစ်ယောက်က၊ ကျွန်တော့်ချိုင်းကို တစ်ဖက်စီမ,ပြီး၊ တရွတ်ဆွဲပြေးကြတယ်။

သေနတ်သံကြားရင်၊ ကြောက်မယ်ထင်ခဲ့မိပေမယ့်၊ လက်နက်ကြီးရဲ့ မိုးပေါ်ထောင်ပစ်သံအကြား၊ တခြားလက်နက်နဲ့ ပစ်ခတ်လို့ သေးလူတွေ ပုံလျက်သား အလဲမှာ၊ လဲတဲ့သူတွေရဲ့လက်ထဲက၊ အလံကို၊ မြေမကျခင် ကောက်ယူပြီး၊ မျက်နှာတူရှုကို၊ ပြေးတက်သွားမိတာ၊ ကျွန်တော် သတ္တိရှိလွန်းလို့၊ မဟုတ်ပါဘူး။ (ကျွန်တော့်သွေးတွေ ဆူပွက်သွားတာ ဖြစ်မှာပါ)။

ဘာလက်နက်မှ မကိုင်ဆောင်ထားတဲ့၊ လူငယ်ထုကို၊ အစုလိုက် အပြုံလိုက်၊ ရက်စက်တဲ့၊ မြင်ကွင်းကို၊ ဘဝမှာ . . . မျက်မြင်ဒိဋ္ဌ မြင်ဖူးတာ၊ ဒါ . . . ပထမဆုံးပါ။

ဘယ်သူတွေ . . . ဘယ်ကို၊ ဘယ်လို ပြေးလွှားသွားကြတယ်ဆိုတာ ကျွန်တော် မသိတော့ဘူး။

အော်ဟစ်၊ ပြေးလွှား၊ ဆဲဆို၊ ကြိမ်းဝါးသံတွေနဲ့ သေနတ်သံတွေအကြားမှာ၊ ကျွန်တော်က,တော့ ခိုင်ဝင်းတို့၊ တရွတ်ဆွဲပြေးတာ၊ ခံလိုက်ရပါတယ်။



လက်ထဲက အလံကို၊ ခိုင်ဝင်းက . . . လွှင့်ပစ်လိုက်ပြီး . . .

"ရန်မျိုးအောင်၊ စိတ်ထိန်းလေကွာ။ သတိထားလေ။

သေနတ်နဲ့ ပစ်နေတဲ့၊ တည့်တည့်ကို၊ အလံကိုင်ပြီး ပြေးဝင်သွားတာ။

ဒါ . . . သတ္တိကောင်းတဲ့၊ သူရဲကောင်းအလုပ်မဟုတ်ဘူး"

ကျွန်တော် . . . ဘာစကားမှ ပြန်မပြောမိ။

ဗန္ဓုလပန်းခြံနဲ့ ဗဟိုတရားရုံးကြား (ဘားလမ်းကြား) ကို၊ ရောက်တော့မှ၊ ကျွန်တော့်ကို၊ ခိုင်ဝင်းနဲ့ သူငယ်ချင်းတစ်ယောက်၊ လက်လွှတ်လိုက်ကြတယ်။

ညအမှောင်။ ခြေသံတွေ။ သေနတ်သံတွေ။ မိန်းကလေးတွေရဲ့၊ အော်ငိုသံတွေ . . .။

တချို့က၊ ပန်းခြံထဲကို၊ ကျော်လွှားပြီး ဝင်တယ်။ တချို့က၊ တရားရုံး ဝင်းထဲကို၊ ကျော်လွှားပြီး ဝင်တယ်။

ရှေ့တည့်တည့် (အောက်လမ်းဘက်) ကို၊ မပြေးဘဲ၊ ဘာဖြစ်လို့၊ ဝဲယာကို၊ ကျော်လွှား၊ ဝင်ကြရတာလဲဆိုတော့၊ ရှေ့တည့်တည့်၊ (လမ်းထိပ်) မှာ၊ စစ်ကား နှစ်စီး။ ပိတ်ရပ်ထားတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက၊ သေနတ်တွေနဲ့ ဒူးထောက်ချိန်ရွယ်ထားကြတာ။ ကျွန်တော်တို့ရှိရာ . . . တည့်တည့်။ . . . ဆိုတော့, ပန်းခြံထဲ ဝင်ပြေးတဲ့သူတွေနဲ့၊ တရားရုံးဝင်းထဲ ဝင်ပြေးတဲ့သူတွေနဲ့ တကယ့် . . . ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပျက်တဲ့ . . . ညာ။

အနောက်က . . . ပစ်။ ရှေ့တည့်တည့်က၊ ပိတ်ရပ်။ ဘေး၊ ရဲ့ ဿာတို့ ပြေးကြတော့တာပေါ့။ ကားနှစ်စီးအနက် တစ်စီးက . . . ရှေ့ဆက်ထွက်သွားတယ်။ တစ်စီးပဲ၊ ကျန်ခဲ့တယ်။

"နိုင်ဝင်း။ အခု . . . ငါတို့ နားမှာ၊ ငါတို့ ပြောတာကို၊ လုပ်မယ့်သူ ဘယ်နှယောက်လောက် ရှိလဲ"

"လေးငါးဆယ် . . . လောက်၊ ရှိမယ်။ အနည်းဆုံး . . . အယောက် ငါးဆယ်ပေါ့"

ကျွန်တော် . . . အသံနာနေတဲ့ကြားက၊ အသံကုန် ညှစ် အော်လိုက်မိတယ်။

"လေးဖက်လေးတန် ပိုင်းပိတ်ထားတဲ့ နေရာ တွေကို၊ မပြေးနဲ့။

ပန်းခြံထဲ မပြေးနဲ့။ အားလုံး ဒီမှာ . . . စု"

အသံကြားတဲ့သူတိုင်း၊ ကျော်တက် ပြေးလွှားတာကို မလုပ် တော့ဘဲ၊ ကျွန်တော့်ဆီကို၊ အာရုံ ရောက်ကြတယ်။

"ဟိုမှာ . . .။

စစ်ကား တစ်စီးတည်း။

တစ်စီးကို၊ အလွန်ဆုံး . . .

အယောက် နှစ်ဆယ့်နှစ်ယောက်ပဲ၊ ပါတယ်။

ဒီမှာရှိတာ။ အယောက် ငါးဆယ်ကျော်မယ်။



အဲဒီတော့ . . . လက်နက်ကိုင် တစ်ယော[illegible] လက်နက်မဲ့ နှစ်ယောက်နှုန်းနဲ့ ဝင်လုံးကြမယ်။

သူသေ . . . ကိုယ်သေပေါ့။

ဘယ့်နှယ်လဲ"

"ချမယ် . . .။

ချမယ် . . .။ ဟုတ်တယ် . . .။

ပြေးလည်း . . . လွတ်မှာ မဟုတ်ဘူး"

"ကဲ . . .။ ငါတို့ လုပ်တာ။ ငါတို့ . . . အတွက် မဟုတ်ဘူး။ ငါတို့ . . . သေတာ၊ ငါတို့ အတွက် မဟုတ်ဘူး။

ငါတို့ မြန်မာနိုင်ငံရဲ့ . . . ဆင်းရဲသား လူတန်း စားအားလုံးအတွက်ကွ . . .။ . . . ."

"ဟေး . . ."

ခြသံပေး။ တွေ့ရာလက်နက် ကိုင်စွဲ။ ရှေ့တည့်တည့်ကို၊ တစ်ဟုန်ထိုးပြေးတက်ကြ။

"ရန်မျိုးအောင် . . .၊ သတိထားနော်"

နိုင်ဝင်း၏ ပြေးလွှားရင်း . . . အော်ဟစ် သတိပေးသံ။

အမှန်က၊ ကျွန်တော်တို့ ကံကောင်းပါတယ်။ (ကံကောင်း တာပါ)။

ကျွန်တော်တို့ လူအုပ်ကြီး . . . လမ်းထိပ်မရောက်ခင် လုံခြုံ ရေးတပ်ဖွဲ့ဝင်တွေက၊ ကားပေါ်ကို ပြန်တက်ပြီး . . . ကားကို၊ မောင်း



www.burmeseclassic.com

www.burmeseclassic.com

U.G 18

ထွက်သွားကြတယ်။

ဒါ ... တမင်ရှောင်ပေးတာလား။ ထိပ်တိုက်ရင်မဆိုင်ချင်တာလား။ ဒါမှမဟုတ်၊ အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းတစ်ခုခုကို၊ လိုက်နာလိုက်တဲ့၊ တပ်စုအကြီးအမှူးရဲ့၊ ညှာတာမှုလား။ ကျွန်တော် သေသေချာချာ မသိပါဘူး။

လမ်းထိပ်ရောက်။

တချို့က၊ နိုင်ငံခြားသံရုံးတစ်ရုံးထဲကို၊ ဝင်ပြေးကြ။ ကျွန်တော်နဲ့ ခိုင်ဝင်းနဲ့ ဦးဆောင်တဲ့ အုပ်စုက၊ ဟိုတယ် ... တစ်ခုတည်း ဝင်ခဲ့ကြရတယ်။

ဝင်ခဲ့ကြရတယ်ဆိုတာက၊ အဲဒီ ဟိုတယ်ပိုင်ရှင် ဗာရှတ်လူမျိုးကြီးတစ်ယောက်က၊ တံခါးတစ်ချပ်ကို၊ ဖွင့်ပေးထားပြီး။

"ကောင်လေးတွေ ... ဒီအခုထဲကိုပဲ ဝင်ပါတော့။ ဒီထဲကိုပဲ ... ဝင်တော့"

မတောင်းခံဘဲပေးတဲ့ အကူအညီတစ်ခုဆိုပေမယ့်၊ သိပ်ကိုကြီးမားလွန်းတဲ့ အကူအညီပါပဲ။

အဆောက်အအုံကို ... အမှောင်ချ။ သော့ပိတ်။ တိတ်တဆိတ် လူရေတွက်ကြည့်တာ၊ မိန်းကလေး, ယောကျာ်းလေး၊ အားလုံးပေါင်း။ ဒီ ဟိုတယ်ထဲမှာ ... (၃၁) ယောက်။

ဒေါ်သ,ကြီးတဲ့သူ တစ်ယောက်က၊ အပြင်ထွက်မယ်။ သူသေကိုယ်သေချမယ် ... ဆိုလို့၊ သူ့ပါးစပ်ကို၊ ပိုင်းပိတ်။ ဖျောင်းဖျကြ။

လမ်းပေါ်မှာ ... ပြေးလွှား, အော်ဟစ်,'ပစ်ခတ် ... သံ



တွေ။ အဆက်မပြတ်။ တရစပ်။ နောက် ... စစ်ဖိနပ်သံတွေ။ နောက် ... ဖမ်းဆီးသံတွေ။ နောက် ... စစ်ကားသံတွေ။

"လွှတ်လွှတ်လပ်လပ်နေကြနော်။ ဒေါ်သ,တော့ ထိန်းကြ။

တစ်ယောက်ယောက်၊ ဒေါ်သ, မထိန်းနိုင်ရင်။ ဦးလေးရော ... မင်းတို့အားလုံးရော။ ဘဝ ... ပျက်ပြီနော်"

အားလုံး ...။ တိတ်တဆိတ်။ နာကြည်း ... ကြေကွဲ။ မိန်းကလေးတွေခမျာ၊ အထိတ်တလန့် ... ဝမ်းနည်း ငိုရှိုက်။

အကူအညီပေးသူ ဦးလေးကြီးကို ငဲ့ညှာတဲ့အနေနဲ့ ဒေါ်သ,ကြီးသူလည်း။ စိတ်လျှော့။

တချို့ ... ဒေါ်သမကြီးပေမယ့်၊ သောက,ကြီးလွန်းတယ် ... ထင်ပါရဲ့။ တိုင်နဲ့ခေါင်းနဲ့ ဆောင့်ပစ်လိုက်လို့၊ ခေါင်းကွဲ။ သွေးရဲ။

"ငါတို့က၊ ဒီမှာ ပုန်းနေတယ်။ တခြားသူတွေက၊ တခြားနေရာမှာ၊ သေကုန်ပြီကွ။

မသေရင်တောင် ... အဖမ်းခံနေကြရပြီ။

ဒီမှာ ... ငါတို့ ပုန်းနေတာ ...။ မှန်ရဲ့လား"

"လက်နက်တွေ ပိုက်ပြီး ပုန်းနေတာမှ မဟုတ်တာကွာ။ ငါတို့ ... မသေသေးတာကိုက။ ငါတို့ ... အနိုင်ပဲ။ သေရင် ... ဘာမှလုပ်လို့မရတော့ဘူးလေ" ... ဆိုပြီး၊ ကျွန်တော် ... ဖျောင်းဖျဖြစ်တယ်။


www.burmeseclassic.com

www.burmeseclassic.com

ဖျောင်းဖျသူရဲ့ ရင်ထဲက၊ သောက, ဒေါသ, အရှိန်အဟုန်ကိုသာ၊ သူတို့မြင်အောင် ပြခွင့်ရရင်၊ ကျွန်တော် . . . ပြလိုက်ချင်ပါတယ်။ ကမ္ဘာကျေတာတောင်၊ ဘယ်တော့မှ မကျေပျက်မယ့် ဒေါသ, တွေကိုလေ။

* * *



(ဃ)

တစ်ယောက်နဲ့တစ်ယောက် (၅) မိနစ်ခြားပြီးမှ၊ လမ်းမ,ပေါ်ကို၊ ထွက်ခဲ့ကြတယ်။

ကျွန်တော်နဲ့ နိုင်ဝင်း၊ ကုန်သည်လမ်းမ,ပေါ်ရောက်တော့၊ မနက် (၇) နာရီခွဲ။

မြို့ကြီး ပြကြီး။ တိတ်ဆိတ် . . . ငြိမ်သက်။

ရုပ်ရှင်တွေထဲမှာသာ မြင်တွေ့ခဲ့ဖူးတဲ့၊ စစ်ပွဲပြီးစ, မြို့ကြီးတစ်မြို့ကို၊ မြင်လိုက်ရသလိုမျိုး။ မစည်မကား သွားလာနေကြတဲ့၊ လူတွေရဲ့ နှလုံးသား။ မလှုပ်မယှက်။

*

အပြန်လမ်းတစ်လျှောက်၊ လက်နက်ကိုင် ဝန်ထမ်းတွေကို ရှောင်ကြဉ်ပြီး ဟိုကာပ်, ဒီပုန်းနဲ့ ရန်ကုန်တစ်မြို့လုံး ညက ပွဲပန်းထားတဲ့ ဇာတ်မင်းသားကြီးလို၊ နေထွက်နေပေမယ့် အိပ်ချင်မူးမူး။

ညစ်ပတ်နီရဲနေတဲ့ အင်္ကျီလုံချည်တွေကို၊ လမ်းတစ်လျှောက်က၊ အိမ်တွေက၊ လဲဖယ်ပေးခဲ့ကြတယ်။

www.burmeseclassic.com



လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ထိပ်တိုက်တိုးဖို့ ကြုံတိုင်း အိမ်တိုင်းအိမ်တိုင်းက၊ ပုန်းခိုခွင့်ပြုခဲ့ကြတယ်။

✳

ပြည်သူနဲ့တပ်မတော်ကို၊ တစ်ယောက်ယောက် ရန်တိုက်ပေးထားတယ် ... လို့၊ ကျွန်တော် တွေးမိလာတယ်။

တပ်မတော်သားတွေက၊ မြို့ပေါ်မှာ၊ ဖ, က, ပ တွေ၊ သွေးထိုးလှုံ့ဆော်၊ သူပုန်ထ, ဆူပူနေတယ် ... လို့၊ ထင်မြင်ချေမှုန်း။

တကယ် သူတို့ ချေမှုန်းမိတာက၊ ကျွန်တော်တို့ ကျောင်းသား ... ပြည်သူ ... ဆန္ဒပြတဲ့ သပိတ်တစ်ဖွဲ့တွေ။

ကျွန်တော်တို့ကို၊ ဖ, က, ပ တွေလို့ ပြောပြီး ... ချေမှုန်းခိုင်းတဲ့သူ (တယောယ်လို့) ရှိခဲ့ရင်၊ အဲဒီ လူဟာ ...၊ လူလိမ်, လူညာ, လူယုတ်မာ။

တပ်မတော်နဲ့ ကျောင်းသား၊ တပ်မတော်နဲ့ ပြည်သူကို၊ ရန်တိုက်ပေးတဲ့ ... သမိုင်း တရားခံ။

✳

လူဆိုတာ ... ချစ်သူရည်းစားကိုတောင်၊ ချစ်စကား ပြောရဲရရင်၊ မုန်းသူ ... မလိုလားသူကိုလည်း၊ မုန်းစကား ပြောခွင့်ရှိရမယ်။

ချစ်တာကို ချစ်တဲ့အလျောက်၊ မုန်းတာကို မုန်းတဲ့အလျောက်၊ လိုလားသူကို လိုလားတဲ့အလျောက်၊ မလိုလားသူကို





မလိုလားတဲ့အလျောက်၊ ပြောခွင့်မရှိဘူး။ ပြောခွင့်မရဘူးဆိုရင် ...

အဲဒါ ...

မတရားမှုပဲ။

✳

ရက်ပိုင်းလောက်ပဲ၊ ကျွန်တော်တို့ ခြေငြိမ်ထားကြတယ်။ ဒီ ... အချိန်အခါမှာတော့၊ ကျွန်တော် တက္ကသိုလ်ကျောင်းသားကြီးတွေနဲ့၊ အစည်းအဝေးတက်ခွင့်၊ ရပါပြီ။

ဟိုးရှေးတုန်းက၊ (ကိုလိုနီခေတ်က)၊ သခင်တွေကို အားကျပြီး၊ ကျွန်တော်တို့တွေ၊ နာမည်အသစ်တွေ၊ ပေးဖြစ်ကြတယ်။ တော်လှန်ရေး နာမည်တွေဆိုပါတော့။

မင်းကိုနိုင် ... ဆိုတဲ့ နာမည်လိုမျိုး၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် နာမည်ပေးထားလိုက်တယ်။

ကျွန်တော့်နာမည် ... မင်းထက်မြတ်။ (တခြားမှာ ...၊ တခြား ရဲဘော်တစ်ယောက်ယောက်လည်း၊ ဒီနာမည်မျိုး ပေးထားနိုင်တယ်ဆိုတာ၊ ကျွန်တော် သိတယ်)။

နာမည်တွရှိတော့လည်း၊ ဒါ ... နာမည်တူ, ရည်ရွယ်ချက်တူ ... တဲ့၊ ရဲဘော်ရဲဘက် ... ညီအစ်ကိုတော်တွေပဲပေါ့။

✳

ကျွန်တော်ရော, နိုင်ဝင်းရော အိမ်မပြန်ဖြစ်ကြတာ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာပြီ။ ကျွန်တော့် ဆံပင်တွေ ကုပ်ဝဲ။ (အမယ်) နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး။ ပါးမြိုင်းမွေးတွေနဲ့၊ ချီငွေဗားရားလိုလို၊ ဘာလိုလိုနဲ့။

လမ်းသစ်ရိပ်သာထဲက၊ လေ့ကားကြားတွေမှာ၊ ညဘက် အိပ်။ ဗဟိုစည်ရပ်ကွက် (ယခု ဗဟိုစည်အေးရုံဝင်း) ထဲမှာ . . . အဝတ်လျှော်။ ရေချိုး။

အဲဒီ့ ရပ်ကွက်ထဲက၊ ညိုဝင်းဆိုတဲ့၊ ရဲဘော်ရဲ့ အိမ်မှာ . . . အိပ်။ မနက်ကျရင်၊ ရန်ကုန်အေးရုံကြီး အရေးပေါ်ဌာန မြေကွက်လပ်မှာ၊ တရားဟောကြ။ ပြီးရင် . . .၊ နေရာကွက်ကျား . . . ဆန္ဒပြ။

ရှိတဲ့ ရည်းစားတောင်၊ သတိရချိန်မရှိဘူး။ ကိုယ့်ကိုယ်ကိုယ် သေလူ . . . လို့၊ တွက်ထားတာ . . . ကြာပြီလေ။

ကံကောင်းလို့ အသက် မသေတာလား။

ကံဆိုးချင်လို့ အသက်ရှည်နေတာလား . . . မသိ။

✳

"မင်းထက်မြတ်။ အဲ . . .၊ နာမည်အရင်းပဲ ခေါ်မယ်ကွာ။ တို့က . . . သွေးသောက်တွေပဲ။ မင်းက . . . စကားပြောကောင်းတယ်။ စည်းရုံးရေး၊ တာဝန်ယူ"

ကျွန်တော် တရားဟောတာ တွေ့ပြီး . . .၊ ပေးအပ်လိုက်တဲ့ တာဝန်။ ကျွန်တော် ဂုဏ်ယူမိတယ်။ ပျော်လည်း ပျော်တယ်။





ကိုမြတ်စံတို့၊ ကိုပေါကြီးတို့၊ ဖော်လင်းကျော်တို့ . . . တွေ အားလုံး တာဝန်ကိုယ်စီ။

✳

"တို့အဖွဲ့နာမည်က . . . ယူဂျီအိပ်တင်န်း။ မြေအောက်တော်လှန်ရေး အမှတ် ဆယ့်ရှစ်။

အမှတ်ဆယ့်ရှစ်ဆိုလို့၊ ဆယ့်ခွန်တွေ . . . ဆယ့်ခြောက်တွေ ဘယ်မှာလဲ၊ မမေးနဲ့။ မရှိဘူး။

ဆယ့်ရှစ်ဆိုတဲ့ ဂဏန်း။ နဝင်းဂဏန်းမို့လို့။ ကိုးဂဏန်း မို့လို့။

"န" နဲ့ "ဝ" နဲ့ ကျေအောင်။ နဝင်းကျေ . . . ပေးထားတာ။

လက်နက် မကိုင်ဘူး။ အကြမ်းမဖက်ဘူး။ ဟိုးတုန်းက . . . ဗမာပြည်ကွန်မြူနစ်ပါတီ ဗ. က. ပ ယူ–ဂျီတွေလို့ မျိုးကြီး . . . လိုလည်း၊ မထင်နဲ့။

လှုံ့ဆော်စာကပ်တာ၊ စာဝေတာ၊ ကဗျာဝေတာ၊ ဒီလောက်ပဲ . . . လုပ်မှာ။ လောလောဆယ် တောခိုဖို့၊ အစီအစဉ် မရှိသေးဘူး။

ဆန္ဒပြမယ်။ တရားဟောမယ်။ ပြည်သူတွေကို၊ တင်ပြလှုံ့ဆော်မယ်။ တို့ . . . တာဝန်က ဒါပဲ။

ယူ–ဂျီ ဆိုလို့၊ အစိုးရဘက်က၊ ဗ. က. ပ



www.burmeseclassic.com

www.burmeseclassic.com



ယူကျုံးထင်ပြီး ထောင်ချတော့လည်း၊ တို့ . . . ကံပေါ့"
ရင်းရင်းနှီးနှီး ရှင်းပြကြသည်။

"ထောင်" ဆိုတာကိုတောင်၊ ကျွန်တော် ထည့်မတွက်ထားပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့၊ သေနတ်မှန်ရင် ထောင်ထဲ ရောက်စရာ မလိုတော့ဘူးလေ။

☼

"ကျွန်တော့် အိမ်နားက၊ စိတ်မနှံ့တဲ့ အမျိုးသမီးတစ်ယောက်။ ဖအေဆီမှာ မုန့်ဖိုး ငါးကျပ်တောင်းတာ၊ ဖအေက၊ မပေးဘူး။

ဖအေ . . . မုန့်ဖိုး ငါးကျပ်မပေးလို့။ အဲဒီ အမျိုးသမီး (စိတ်မနှံ့တဲ့ အမျိုးသမီး)။

ဘာထ,အော်သလဲ။ သိလား။ မုန့်ဖိုး ငါးကျပ် ရရှိရေး . . . ဒို့အရေး . . . တဲ့"

(လက်ခုပ်သံများ)။

"စိတ်မနှံ့တဲ့ . . . အရူးတောင်။ ကိုယ်လိုချင်တာ၊ မရရင် . . . ဒို့အရေး . . . လို့၊ အော်တောင်းရတယ်ဆိုတာ၊ သိနေပြီ . . . ဆိုရင်။

ကျွန်တော်တို့, ရဲဘော်တို့ . . . တွေ။ အရူး မဟုတ်ဘူး။ အရူးထက်ပိုပြီး၊ အော်တောင်းရဲရမယ်။

ဘယ် ခေါင်းဆောင်ကို၊ မဆို၊ ပြည်သူတင်





မြှောက်တာ မဟုတ်ရင်၊ ကန့်ကွက်ရဲရမယ်"

(လက်ခုပ်သံများ)။

ကျွန်တော် မျက်မှန်အနက်တပ်ပြီး၊ တရားဟောသည်။ ဆိုက်ကားဘီးထဲက၊ ကျွတ် . . . လို့ ခေါ်တဲ့ ရာဘာပြားကို၊ အပေါက် (၂) ပေါက် ဖောက်ပြီး၊ မျက်နှာဖုံးလုပ်။

အဲဒီ မျက်နှာဖုံး (ကျွတ် မျက်နှာဖုံး) စွပ်ပြီး တရားဟောတယ်။

(ကျွတ် မျက်နှာဖုံးနဲ့ ကျောင်းသား ဟောတာ၊ ကောင်းတယ် . . . တဲ့)။ ကျွန်တော် . . . နာမည်ကြီးပေါ့။ မျက်နှာကို၊ လူမသိတဲ့ . . . နာမည်ကျော်ပေါ့။

☼ ☼ ☼



www.burmeseclassic.com

www.burmeseclassic.com

## (ထ)

### စိတ်ထွင်းဖြင်းအား

အဆိပ်ပန်းပွင့်၊ တစ်ပွင့်တွေ့ရန်
ခေါ်း, လုံ့ · · · နိုင်း, လွှား၊ ထောင်သောင်းအားသည်
မြေသားအထက်၊ သွေး · · · ဆက်,လက်ဖြင့်
တျိုး ပျက် တွေ့မွှခဲ့ရသည်၊
အဆိပ်ပန်းပင်၊ တစ်ပင်ဖေသရန်
ပန်းခြံအတွင်း၊ ပန်းတစ်ခင်းလုံး
မီးတုန်းတုန်းတိုက်၊ မျက်ရည်ဖြိုက်ခဲ့
သူမိုက်စိတ်တွင်း ဖြင်းအားတည်း · · · ၊ ၊

13-8-1988

မလိုလားအပ်စရာ၊ တစ်စု တစ်ဖွဲ့၊ တစ်ဦး, တစ်ယောက်ကို၊ ၊တွန်းဖယ်ရှင်းလင်းစေလိုရင်းမှ၊ ရင်းနှီးပွန်းပဲ့၊ ကျဆုံးခဲ့ကြရရှာသော . . . ကိုယ့်ဘက်က၊ နပေးဆပ်မှုများစွာတို့၏၊ အနီရဲရဲ သွေးမြေကျပွဲ အားလုံးတို့ကို၊ မြင်ယောင်ခံပြင်းပြီး၊ မတောက်တခေါက်၊ ညာဏ်စွမ်းနဲ့၊





စက်ကွင်းပြင်းအား ကဗျာကို၊ ကျွန်တော် . . . ရေးဖွဲ့ပါတယ်။

✳

အကျီထဲမှာ၊ ခွပ်ဒေါင်းအလံကို၊ ဝှက်ယူလာတဲ့ ကျောင်းသား, ကျောင်းသူ။ ဝါးလုံးရှည်ရှည် တစ်ချောင်းကို၊ (၂) ယောက်မ,ယူလာတဲ့ . . . ကျောင်းသား, ကျောင်းသူ။ ဝီစီကို အဆင်သင့်ပြင်ထားတဲ့ . . . ကျောင်းသား။ ချည်ဖို့ ကြိုးကို၊ ကိုင်ထားတဲ့၊ ကျောင်းသူ။ ဆေးရုံကြီး အဝင်ဝနားက၊ ခုံတန်းတွေနားမှာ၊ ခုံတွေ ယူဖို့၊ ရောက်နေတဲ့ . . . ကျောင်းသားရဲဘော်များ။ လက်ကိုင်စပီကာလေးကို၊ ဖုံးကာ ကွယ်ကာ၊ သယ်ဆောင်လာတဲ့ ကျောင်းသား . . . (ရဲဘော်)။

ပြီးတော့ . . . ကျွန်တော့်လို၊ တရားဟောမယ့် ကျောင်းသား, ကျောင်းသူများ။

အားလုံး ဆေးရုံကြီး အရှေ့ပေါ်ဦးဘန မြေကွက်လပ်အနီးမှာ သူ့နေရာနဲ့သူ . . . သူ့တာဝန်နဲ့ သူ၊ ရောက်နေကြပြီ။

မနက် (၉) နာရီ ထိုးတာနဲ့ . . .

"ရှီ . . ."

ဝီစီသံ တစ်ချက်။ လက်ခုပ်သံ တဖြောင်းဖြောင်း။ တရားဟောမယ့်နေရာကို၊ ခုံတွေရောက်။ ဝါးလုံးရှည်ဆီကို၊ အလံသားကာ . . . သွား။ အလံတိုင်ကို ကိုင်လာတဲ့ . . . သူ၊ ခုံတန်းများဆီကို



www.burmeseclassic.com

www.burmeseclassic.com 



ရောက်။ ကြီးယူလာတဲ့သူက . . . ခုံခြေထောက်နဲ့ အလံတိုင်နဲ့ တွဲရည်။

မိနစ်ပိုင်းအတွင်း၊ ရဲရင့်နီတွေး . . . တက်ကြွမြင့်မြတ်တဲ့၊ ခွပ်ဒေါင်းတွန်မယ့် စင်မြင့်တစ်ခု ဖြစ်သွားပါလေရော . . .။

"‥‥။ ‥‥

‥‥"

‥‥။

‥‥။ ‥‥"

❊

"စစ်တပ်လာပြီ၊ စစ်တပ်လာပြီ"

လှန့်တဲ့သူက . . . လှန့်။

ပြေးတဲ့သူက . . . ပြေး။ မကြောက်တဲ့သူက . . . အော်။ ကြောက်တဲ့သူက . . . ပြေး။

လူများလာလိုက် . . . ၊ နည်းသွားလိုက်နဲ့ . . . ကျွန်တော်က, တော့ အော်ဟစ် ဟောပြောနေဆဲ။

"‥‥ မော်လမြိုင်က,နေ ‥‥ ကျိုက်မရော သွားတယ်။

လမ်းမှာ ရဲနဲ့ အကောက်ခွန်၊ ကားကို တား တယ်။ ကားပေါ်မှာ အချိုမှုန့်၊ မှောင်ခို ပါလာတယ်။ လေးထောင့်ပုံး နှစ်ပုံး။ အချိုမှုန့်ပုံးတွေ။

ကားပေါ်ကို၊ ရဲတက်ရှာတာ၊ တွေ့သွားရော။



မှောင်ခို အမျိုးသမီးက၊ ဆယ်တန်တစ်ရွက်၊ လိပ်ပြီး၊ ရဲလက်ထဲကို၊ မသိမသာ ထည့်လိုက်တယ်။

ကား . . . အပြင်မှာ၊ တခြားရဲအရာရှိတွေ . . . နဲ့။ တခြား အကောက်ခွန် အရာရှိတွေ . . . ၊ ရှိနေတယ်။

အဲဒီ အမျိုးသမီးတော့၊ ပြဿနာတက်တော့မယ် . . . လို့၊ ကျွန်တော် တွေးမိတယ်။

တွေးမိတုန်းပဲ။

ရဲ . . . အသံကို ကြားရတော့တာပဲ။

ခင်ဗျား။ ဒါ . . . ဘာလုပ်တာလဲ . . . တဲ့။ လက်ထဲက၊ ဆယ်တန်ကို၊ ပြပြီး မှောင်ခိုအမျိုးသမီးကို၊ ရဲက . . . ဒေါနဲ့ မောနဲ့ မေးတာ။

ခင်ဗျား . . . ဒါ, ဘာလုပ်တာလဲ . . . တဲ့။ ကျွန်တော် အပါအဝင် ကားပေါ်က လူတွေ၊ အကုန်လုံး၊ အဲဒီ ရဲကို၊ တော်တော် . . . ကြောက်သွားတယ်။ တကယ့် ရှားပါး . . . ရဲ။

ဟိုက . . . လက်ထဲကို၊ လာဘ်ငွေတစ်ဆယ် . . . ပေးတာ၊ တီးတိုးတိတ်တိတ်။

သူ . . . ဒေါကန်သွားတာ၊ အကျယ်တဝင့်။ မှောင်ခို အမျိုးသမီး . . . ဘာမှကို၊ မပြောရဲသဲ၊ မျက်နှာငယ်လေးနဲ့၊ ရဲကို ကြည့်နေရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို၊ ရဲက ... ထပ်ဟောက်ပြီး၊ သူ ...
အပြောချင်ဆုံး၊ စကားတစ်ခွန်းကို ပြောလိုက်တယ်။

ခင်ဗျား အချိုမှုန့်က နှစ်ပုံးလေ။ အောက်မှာ
... အရာရှိတွေလည်း ပါတယ်။ တစ်ဆယ်နဲ့ ဘယ်
ရမလဲဗျ။ နှစ်ဆယ်တော့ ... ပေး ... တဲ့"

(လက်ခုပ်သံများ)။

(အဆက်မပြတ်)။ (လက်ခေါက်မှုတ်သံများ)။

(နေရာအနှံ့)။ လူတွေ ကြိတ်ကြိတ်တိုး။

ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနရှေ့ မြေကွက်လပ်အပြင်၊
ဆေးရုံဝင်း တစ်ဝင်းလုံး ... လူ အပြည့်။

"အဲဒီ ... ရဲကို၊ လာဘ်စားတယ်ဆိုပြီး၊
ကျွန်တော် မကဲ့ရဲ့ဘူး။

အပြစ်မပြောရက်ဘူး။ ရဲ ... ဆိုတာ ပြည်သူ့
ဝန်ထမ်း။

ပြည်သူ့ဝန်ထမ်း တစ်ယောက်၊ လာဘ်စား
ရလောက်အောင်၊ ရှာဖွေနေရပြီဆိုရင် ...၊ သူ့
အထက်အရာရှိရဲ့ အပြစ်လား။ သူ့ကို ... လုံခြုံဖူလုံ
မှု မပေးနိုင်တဲ့၊ သက်ဆိုင်ရာ အစိုးရရဲ့ အပြစ်လား။
ကျွန်တော် ... ဒါပဲ စဉ်းစားတယ်"

(လက်ခုပ်သံများ)။

❊ ❊ ❊



(၃)

သေလူ ... လို့ ကိုယ့်ကိုယ်ကိုယ် ယူဆတဲ့အတွက်၊ အိမ်
ကို ခထာပြန်တယ်။ အမေ ... ငိုတယ်။

"အိမ်မှာ ရှိတဲ့၊ အစိုးရဘာက်က,လူတွေ၊ သတိသာထား"
... လို့ ပြောမိလို့၊ အဖေနဲ့ကျွန်တော် စားဆွဲ၊ တုတ်ဆွဲ ဖြစ်ရသေး
တယ်။ အဖေ စားဆွဲတာပါ။ ကျွန်တော် တုတ်မဆွဲပါဘူး။

"အဖေ့အစိုးရက၊ ကျောင်းသားတွေကို၊ သတ်တယ် ...
မေမေ" ... လို့ ပြောပြီး၊ ကျွန်တော် ... ငိုတယ်။

"မင်းတို့ ... လုပ်တော့ ဘာဖြစ်မှာမို့လို့လဲ"

"ဖေဖေ ...။ လွတ်လပ်ရေး ယူပေးခဲ့တာ
ကျောင်းသားတွေ ယူပေးခဲ့တာပါ"

"ရဲဘော်သုံးကျိပ် ယူပေးခဲ့တာကွ"

"ရဲဘော်သုံးကျိပ်ထဲက၊ ဗိုလ်ချုပ်အောင်ဆန်း
အပါအဝင်၊ အများစုက ... ကျောင်းသားတွေ
မဟုတ်ဘူးလား"

အပေါ်ထပ်ကို၊ မေမေက ကျွန်တော့်လက်ဆွဲပြီး တက်
တယ်။ သားအဖတွေ ... ပဋိပက္ခမဖြစ်အောင်၊ လုပ်ခဲ့တာ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

မေမေ အောက်ထပ်မှာ၊ ကျန်ခဲ့တယ်။ ကျွန်တော့်ကို၊ မေမေ ထမင်းခွံ့ကျွေးနေတုန်း …

"ဒိုင်း" "ဒိုင်း"

ကျွန်တော့်အတွက်၊ ရိုးအီနေပြီဖြစ်တဲ့ … မြို့လယ်ကောင်က … တောခြောက်သံ။

"ဟော့ … အပေါ်က၊ နှစ်ယောက်။ အောက်ကို၊ အမြန်ဆင်းစမ်း"

ကျွန်တော် … အောက်ထပ်ကို၊ လှေကားပေါ်က၊ ငုံ့ကြည့်လိုက်တယ်။ အဖေ … အောက်ထပ်ကြမ်းပြင်မှာ၊ ဝမ်းလျားမှောက်နေလေရဲ့။

"မေမေ … ဖေဖေ, ဘာလုပ်နေတာလဲ မသိဘူး။ ဝမ်းလျားမှောက်နေတယ်"

မေမေပါ၊ အောက်ကို ငုံ့ကြည့်တယ်။

"ရှင်က၊ ဘာဖြစ်တာလဲ"

"ဟဲ့ … သေနတ်သံ မကြားဘူးလား။ ဝပ်နေလေ"

ကျွန်တော်က … တဟားဟားရယ်ပြီး …

"ဟား ဟား …၊ ကိုယ့်အစိုးရ သေနတ်ကို၊ ကိုယ်ပြန်ကြောက်နေရပြီ … မဟုတ်လား"

"ဩော် … ခွေးမ,သား။ စကားများနေတယ်။ အောက်ကို၊ ဆင်းပါဆို"





မေမေ … ကျွန်တော့်ကို တစ်ဖက်၊ ထမင်းပန်းကန် တစ်ဖက်၊ ဆွဲပြီး၊ အောက်ထပ်ကို ဆင်းခဲ့ရပြန်တယ်။ အဖေ့ကို၊ ကျွန်တော်ကြည့်ပြီး၊ စိတ်မဆိုးဘဲ၊ ရယ်ချင်နေမိတယ်။

ကိုယ့်အစိုးရရဲ့၊ သေနတ်ကို၊ ကိုယ်ပြန်ကြောက်နေရရှာတဲ့၊ တင်းပြည့်ပါတီဝင်ကြီး အဖေ့အဖြစ်ကို၊ သူ့အစိုးရသာ တွေ့ရင်၊ သိပ်သနားသွားမယ် ထင်ပါရဲ့။ ဒါမှမဟုတ်၊ သိပ်,ဂုဏ်ယူသွားမလားပဲ။ ငါတို့ကို၊ ငါတို့ပါတီဝင်တောင်၊ ဗိုမ့်ဗိုမ့်တုန်အောင် ကြောက်တယ်ကွ … ဆိုပြီးများ၊ ရွှေသဘောတော်ကျနေလေမလား။

(ဘုရင်ကို၊ မှူးမတ်သေနာပတိတွေ … ကြောက်ချင်ကြောက်မယ်။ ဘုန်းကြီးကျောင်းသား မကြောက်ဘူး … ဆိုတဲ့ ဦးပေါ်ဦး … ဆိုခဲ့သလိုမျိုး) မင်း … အစိုးရကို၊ လူကြီးသူမ,တွေ၊ (ပဒေသရာဇ်လက်ကျန် အအုပ်ချုပ်ခံ ရှေးလူကြီးတွေ)၊ ကြောက်ချင်ကြောက်မယ်။

ကမ္ဘာနဲ့ ရင်ပေါင်တန်းအောင်၊ ကမ္ဘာကို ချောင်းကြည့်နေတဲ့၊ တိုးတက်တဲ့ လူငယ်တိုင်းအတွက်၊ အစိုးရဆိုတာ ကြောက်စရာ မဟုတ်တော့ဘူး။

လိုလားတဲ့ အစိုးရကို၊ လက်တွဲကူညီ။ မလိုလားတဲ့ … အစိုးရကို၊ ဆန့်ကျင်တော်လှန်ခွင့်၊ ရှိနေပြီဆိုတာ၊ ဖေဖေသိအောင် (ကမ္ဘာကြီးကို ဖေဖေ မြင်တတ်အောင်)၊ ကျွန်တော် ပြောပြလိုက်ချင်ပေမယ့်၊ ရိုးသားတဲ့ ဖေဖေတို့လို၊ ဦးညွှတ်ခေါင်းငုံ့နေခဲ့ကြရတဲ့ အအုပ်ချုပ်ခံပြည်သူတွေအဖို့၊ တော်လှန်ရေးဆိုတာ ကြောက်စရာ


www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး၊ အိပ်မက်ဆိုးကြီးလို့ ထင်မြင်နေကြရာမှာ၊ ဓမ္မတာပါပဲ။

"တောင်စွယ် နေကွယ်ရင်း သတ်စေ . . .။ တစ်ချက်လွှတ် အမိန့်တော်" ဆိုတာမျိုးတွေနဲ့၊ ကြီးစိုးခဲ့ရတဲ့၊ ပဒေသရာဇ်စနစ်၊ သက်ဦးဆံပိုင် ဘုရင်စနစ်ရဲ့၊ လက်အောက်မှာ၊ နေထိုင်ခဲ့ကြရရှာတဲ့ . . . ကျွန်တော်တို့ မြန်မာလူမျိုး။ ဟိုဟာက၊ အထက်မြန်မာပြည်၊ ဒါက . . . အောက်မြန်မာပြည် . . . လို့ အင်္ဂလိပ် ကိုလိုနီအစိုးရက၊ သင်းခွဲအုပ်ချုပ်တာကို၊ ခံခဲ့ရတဲ့ . . . ကျွန်တော်တို့ မြန်မာပြည်။ ဖက်ဆစ်ဂျပန်ရဲ့၊ လက်ဝါးကြီးအုပ် ဦးဆောင်မှုကို ခံခဲ့ရပြန်တဲ့ . . . ကျွန်တော်တို့ မြန်မာပြည်။

သူ့ကျွန်ဘဝက, လွတ်မြောက်ခဲ့ပြန်တော့ . . .၊ လူမျိုးရေး, အမျိုးသားရေး . . . တွေနဲ့၊ တစ်ဖွဲ့တစ်သင်းစီ၊ ကွဲ, ပြား, ခွဲခြားနေခဲ့ရတဲ့ . . . မြန်မာပြည်။

သခင်အားရ . . . ကျွန်ဒကာ၊ ဘုရားအထူးခံရဖို့၊ ဘနဖူး သိုက်တူးသူတွေ . . . အလိုတော်ရိ လုပ်ခဲ့ကြတဲ့ မြန်မာပြည်။

ဒါကို . . . မိုက်မိုက်ကန်းကန်းနဲ့၊ (စစ်သားစိတ်နဲ့)၊ စုစည်းမယ် . . . ဟဲ့ . . . လို့ တွေးပြီး၊ တိုက်ခဲ့, ခိုက်ခဲ့, အာဏာသိမ်းခဲ့ကြတဲ့ . . . မြန်မာပြည်။

လက်သင့်ရာ အရာပေး၊ ပဒေသရာဇ်လက်ကျန် ကျွန်ခံချင်သေးတဲ့၊ စရိုက်ဆိုး အငွေ့အသက်တွေနဲ့ ပြည့်နှက်နေခဲ့ကြတဲ့ . . . ကျွန်တော့် မြန်မာပြည်ကို၊ ခေတ်မီတဲ့ နိုင်ငံတော်သစ်ဖြစ်ဖို့၊ ခေတ်မီတဲ့ ပြည်သူလူထုဖြစ်ဖို့၊ ဘယ်အစိုးရက၊ ဘာလုပ်ပေးခဲ့လို့လဲ။





(ဘာလုပ်ပေးနိုင်ခဲ့လို့လဲ)။

အဲဒါကြောင့် . . .၊ အသစ် ဘယ်လိုနေမယ်ဆိုတာ၊ ကျွန်တော်တို့ သေသေချာချာ မသိသေးပေမယ့်၊ အဟောင်းကို ပြောင်းရ . . . ပြင်ရမယ်ဆိုတာတော့၊ နည်းနည်းလောက်ပဲ၊ နားလည်ခဲ့တာပါ။ (ဘာဖြစ်လို့လဲ . . . ဆိုတော့၊ ကျွန်တော်တို့က၊ ကျောင်းသားအရွယ်, လူငယ်တွေလေ။ နိုင်ငံရေး သုခမိန်ကြီးတွေမှ၊ မဟုတ်တာ)။

✳

အုပ်ချုပ်သူ မင်း (အစိုးရ) နဲ့၊ ထိပ်တိုက်ရင်ဆိုင်ရင်၊ ကျွန်တော်တို့ဘဝ, ပျက်သွားမယ် . . . ဆိုတာ၊ ကျွန်တော်တို့ မသိဘဲ၊ နေပါ့မလား။

ကျွန်တော်တို့၊ လက်လှမ်းမီတဲ့ ဥပမာမျိုးနဲ့ ပြောရမယ်ဆိုရင် . . .၊ ဗိုလ်မင်းရောင် (ဗိုလ်လရောင်) တို့၊ ဗိုလ်စံဖဲ . . . တို့ ဆရာစံတို့ အသက်တွေ၊ မစေတနာခဲ့ကြဘဲနဲ့ ကျွန်တော်တို့ လွတ်လပ်ရေး ရခဲ့ကြပါ့မလား ဆိုတာပါပဲ။

အဘိုးတွေ စိုက်ခဲ့တဲ့၊ အုန်းသီးပင်၊ မြေးတွေလက်ထက်ကျမှ၊ အုန်းသီးသီးသလိုပေါ့။ (နိုင်ငံ့အရေးကို၊ ဆောင်ရွက်တဲ့၊ လူတိုင်းဟာ၊ ပစ္စုပ္ပန်ကို၊ အနိုင်ရချင်တာ မှန်ပေမယ့်၊ စေတနာက,တော့ . . . အနာဂတ်ကို၊ ဝိုရည်ရှုးပါတယ်ဗျာ)။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com



(၈)

"မှာထမ်း"

ငါ သေခဲ့သော်···
ငါ့ နိုင်ငံတော်အတွက်၊
သွေးတစ်စက်မျှ
ပေးဆက်ရခြင်း
ရလာဒ်တြွင်းတို၊
သေတွင်းထဲမှ
ငါ ခုန်ထ,၍
အားရဝမ်းသာ ဖြစ်ရစေ၊

ငါ သေခဲ့သော်
နိုင်ငံတော်သား
ပြည်သူများ၏
အင်အားအောင်ပွဲ



ငြိမ့်ငြိမ့်သဲတို၊
သေတွင်းထဲမှ
ငါ နိုးထ,၍
အားရဝမ်းသာ ဖြစ်ရစေ၊

ငါ သေခဲ့သော်
ငါ့ အဖော်အပေါင်း
သွေးသစ်လောင်းလျှတ်၊
ခွပ်ဒေါင်းအလံ
ရင့်တျူးသံ···တိန်း,
မျက်ရည်စိမ်းစို
မငိုကြနှင့်၊

ငါ၏အသက်
မြေသို့သက်လည်း···၊
ငါ့လက်တိုရွှဲ
တို့···တိုက်ပွဲတို၊



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲရင့်ရင့်
ရင်ကို ဖွင့်၍
အားနှင့်မာန်နှင့် ဆက်ကြလေ . . . ။
(မင်းထက်မြတ်)။
၁၉၀၀
ဩဂုတ်လ
၁၆-ရက်
ည (၉) နာရီ (၂၀) မိနစ်

BURMESE CLASSIC .com

အမေနဲ့အဖေအတွက် . . . ,

ဘုရားကျောင်းဆောင်ပေါ်တွင်၊ တစ်စောင်။ စာအုပ်စင်ကြား ထဲတွင်၊ ကျွန်တော့်ရည်းစား သဇ္ဇာညွန့်အတွက်၊ တစ်စောင်။ ဂစ်တာ အိုးထဲတွင်၊ ရပ်ကွက်ထဲက၊ ကျွန်တော့်သူငယ်ချင်းတွေအတွက် . . . တစ်စောင်။

ပြီးတော့ . . . ကျွန်တော့် ရဲဘော်ရဲဘက်များအတွက်၊ တစ် စောင် ကူးရေးပြီး၊ အင်္ကျီအိတ်ထဲမှာ၊ တစ်စောင်။ နောက် . . . စင် မြင့်ပေါ်ကနေ၊ ကျွန်တော့် မြန်မာပြည်သူလူထုကို ဝေဖို့ . . . (ပြည်သူ့ အတွက်) . . . (၃) စောင်။

ရေးဖွဲ့ပြီးသား ကဗျာကို၊ ကျွန်တော် တစ်ညလုံး၊ ထိုင်ကူး





ခဲ့ရသည်ပေါ့။ တာမွေမှာ . . .

ကျွန်တော် သတိလစ်သွားတဲ့ ညနေက၊ သတိရတော့ ဆိုက်ကားပေါ်က၊ ကျွန်တော့်လက်ကို၊ လူတစ်ယောက်ကိုင်မြှောက် ပေးထားတာလေးကို တွေ့ကြည့်ပြီး၊ အဲဒီတုန်းက,သာ၊ ငါ . . . သေ ခဲ့ရင်။ ငါ့လက်ကို . . . တခြားလူက ဆက်မြှောက်ပေးထားတာမျိုးပဲ . . . လို့၊ ခံစားဖြစ်ခဲ့ပါတယ်။

အဲဒီ . . . ခံစားချက်နဲ့အတူ၊ မနက်ဖြန် . . . လုံခြုံရေးတပ်ဖွဲ့ တွေ၊ အင်အားအပြည့်နဲ့ ဝိုင်းရံထားတဲ့၊ ရန်ကုန်ဆေးရုံကြီး (အရေး ပေါ်ဌာန) ထဲမှာ၊ အော်ရ, ဟစ်ရ, ဟောရဦးမှာဆိုတော့၊ ကျွန်တော် ရော၊ နိုင်ဝင်းရော၊ ညိုဝင်းရော၊ ဖော်လင်းကျော်ရော၊ အပါကြီးရော၊ ပေါကြီးရော၊ ကိုမြတ်စံရော . . . ၊ အားလုံး, အားလုံး, အားလုံးသော သူတွေအတွက်၊ နောက်ဆုံး နေ့ရက်လည်း၊ ဖြစ်သွားနိုင်ပါတယ်။

အဲဒါကြောင့် . . . မိဘ, ချစ်သူ, သူငယ်ချင်း, ရဲဘော်, ရဲဘက်၊ ပြီးတော့ . . . ကျွန်တော်ချစ်တဲ့၊ မြန်မာပြည်သူ ပြည်သား အားလုံးကို၊ နှုတ်ဆက်ခဲ့တဲ့ မှာတမ်း တစ်စောင်၊ မှာကြားခဲ့တဲ့, သဝဏ်လွှာ တစ်စောင်အဖြစ်၊ ဒီ . . . "မှာတမ်း" ဆိုတဲ့ ကဗျာကို၊ မျက်ရည်များစွာနဲ့၊ ရေးဖွဲ့ခဲ့ရတာပါ။

"သား။ နင် . . . မြေကြီးပေါ် ခြေတစ်လှမ်း,
လှမ်းတာနဲ့ နင့် . . . ခြေသန်းကို၊ ငါ . . . လို့ဖြစ်မှာ
နော်။

နင် . . . တားလို့မရဘူးလား။ ငါ . . . ခြေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းလုံး၊ ခုတ်ဖြတ်လိုက်ရမလား"

ကျွန်တော့် အပြင်မထွက်တော့အောင်၊ ကျွန်တော့် ခြေသန်းလေး တစ်ချောင်းကို၊ ငှက်ကြီးတောင် ဓားနဲ့ ခုတ်ဖြတ်မယ် ... တဲ့။ အမေ ... ပြောတယ်။

တကယ် ဖြတ်ချင်လည်း ဖြတ်မှာ ဖြစ်ပေမယ့်၊ အမေ ... တကယ်၊ မလုပ်ရက်ဘူး ထင်ပါရဲ့။

ခေါင်းရင်းအိမ်က၊ မြသန်းထွဋ်ရဲ့ ဘကြီး ဦးတင်လှက၊ ခြေသန်းတစ်ချောင်း ဖြတ်ထားလိုက်ရင်၊ လမ်းလျှောက်လို့၊ မရနိုင်တော့တဲ့အကြောင်း။ အမေ့ကို၊ အကြံပေးထားတာ၊ ကျွန်တော် ကြားပြီးသား။

ကျွန်တော်က,သာ၊ အဖေ မရှိတဲ့အချိန်၊ အပြင်ထွက်ဖို့ အမေနဲ့ အတိုက်အခံ ဖြစ်နေပေမယ့်၊ မြသန်းထွဋ်က,တော့၊ တရုတ် သိုင်းဝတ္ထုစာအုပ်တွေနဲ့၊ အိမ်ပေါ်မှာ ငြိမ့်နေတာပေါ့။

လောက,ကြီးမှာ၊ နေထိုင်တဲ့ လူများကတော့၊ ကိုယ့်မထိရင်၊ ကိုယ့်ကိစ္စလို့တောင်၊ မထင်တတ်ကြတာပါလား။ အတ္တသမားတွေလို့လည်း၊ မစွပ်စွဲရက်။

ကြောက်တွေ ... လို့လည်း၊ မနှိမ်ချင်။ (သူတို့က, တောင်၊ ကိုယ်တွေကို၊ အဖျက်သမားတွေ, ဆူပူသူတွေလို့ ...၊ သုံးနှုန်းကဲ့ရဲ့တတ်ကြတာကလား)။

"မောင်မျိုး။ ငါ့မြေး။ မိုးကို၊ ဒူးနဲ့တိုက်လို့ မရဘူးလေကွယ်"





အဘွား၏ ပဒေသရာဇ်လက်အောက်ခံ၊ ဗိဇ ... တကား။ မေမေက ...

"သူ ... များ ပစ်သတ်တာတော့ ငါ မခံဘူး။ ငါ ... ကိုယ်တိုင်၊ သတ်လိုက်မှာနော်။ ရန်မျိုးအောင်။ ငါ ... သတ်မိမယ်"

"မေမေ မသတ်ခင်ကတည်းက၊ သားတို့ကိုယ့်ကိုယ်ကိုယ် ... သေလူလို့ သတ်မှတ်ပြီးသားပါ မေမေ"

"နင်တို့မှာ ... ဘာလက်နက် ရှိလို့လဲ။

သေနတ်ကို၊ ပါးစပ်နဲ့ ပြိုင်ပစ်လို့ ရပ့ါမလား ... ဟဲ့"

"လူသတ်တဲ့ သေနတ်သံတွေကိုတောင်၊ လူထုကြားရင်။ လူပြောတဲ့ ... ပါးစပ်စကားသံတွေကိုလည်း။ လူထု ကြားပါလိမ့်မယ် မေမေ"

"လူထုကလည်း။ သေမှာမကြောက်ဘဲ နေမလားဟဲ့"

"ကမ္ဘာ့ကုလသမဂ္ဂ ... တို့၊ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ အဖွဲ့အစည်းတွေက၊ လူသားအချင်းချင်း။ နှိပ်စက်အနိုင်ကျင့်တာကို၊ အရေးယူပေးပါလိမ့်မယ်"

"သား။ နင်တို့ ... အူတွေ, ကလီစာတွေ



www.burmeseclassic.com

www.burmeseclassic.com



တောင်ပံ့, ရာပုံဖြစ်တော့မှ၊ ကုလသမဂ္ဂက၊ ကြားမှာ ဟဲ့။ ငတုံးရဲ့"

"ခွပ်ဒေါင်းအလံတော် ... လေမှာ ဟည်း ဟည်းထ,ဖို့ သားတို့ရဲ့ ... အသည်းတွေ, အူတွေနဲ့ မြေဖို့ပေးကြမှာပါ ... မေမေ"

"အင်အား မမျှဘူး ... သားရဲ့။ လူမိုက်ရဲ့။ နင်တို့မှာ ... ဘယ်လက်နက်ရှိလို့လဲ ... ဟဲ့"

"ဦးချိုကို အားကိုးတာ ... နွား။ ကျွဲ။ အစွယ်ကို အားကိုးတာ ... ခွေး။ ခြင်္သေ့၊ ကျား။ သားရဲ တိရစ္ဆာန်။ အင်အားကို၊ အားကိုးတာ ... ဆင်။

အဲဒါတွေ အားလုံးကို၊ ကြိုးချည်ပြီး လိုရာ သုံးနိုင်တာ ... လူ။

ဉာဏ်ပညာကို၊ အသုံးပြုတာမှ၊ လူ ... မေမေရဲ့။

နံ့ပြီစုတ်ငှက်လေးကို၊ ဆင်ကြီး အနိုင်ကျင့်ပေမယ့်၊ ခါတွေ၊ ဖားတွေ၊ တညီတညွတ်တည်း ဝိုင်းဝန်း ထိုးဆိတ်လိုက်ရင်၊ ဆင်ကြီးတောင်၊ ချောက်ထဲ ပြုတ်ကျရတာပါပဲ"

"နင် ... ငါ့ကို၊ သတ်ပြီးမှ ... သွား"

"အမေက ... သားကို၊ တားဆီးတာ၊ မေတ္တာ။





မွေးရာပါ စိတ်ကြောင့်၊ ကိုယ့်တိုင်းပြည် ... ပြုပြင်ပြောင်းလဲပေးဖို့။ ဉာဏ်မီသလောက် ဆောင်ရွက်မယ့်၊ တိုးတက်တဲ့ လူငယ်ရဲ့ ခြေလှမ်းကို၊ အမိန့်နဲ့ တားဆီးတာ ... အာဏာရှင်။

မေတ္တာနဲ့ တားတဲ့ အမေ့ဆန္ဒကို၊ သား မကျော်လွှားချင်ပေမယ့်၊ အမိန့်အာဏာနဲ့တားတဲ့ အတားအဆီးတိုင်းကိုတော့၊ ကျွန်တော် ... ကျော်လွှားရလိမ့်မယ် ... အမေ"

ပြောပြီး ... ကျွန်တော် အိမ်ရှေ့ကို လွှားခနဲ ခုန်ပေါက်ပြေး ထွက်ခဲ့ရတယ်။ ရင်ထဲမှာတော့ မကောင်းဘူး။

"သား ...။ ငါ ... သေလိမ့်မယ်နော်"

"...။ ...။ ..."

*

"ရဲဘော်တို့၊ သေမှာ ကြောက်ကြသလား"

"မကြောက်ဘူး။ လုံးဝ ... မကြောက်ဘူး"

"ရဲဘော်တို့၊ သေမှာ မကြောက်ပေမယ့်၊ ကျွန်တော်က,တော့ ... သေမှာ ကြောက်တယ်"

(ရယ်သံများ) ...။

"လူဆိုတာ ... သေမှာ ကြောက်ကြရပါ ပဲ။ ဒါပေမဲ့ ... ကြောက်ကြောက်နဲ့ပဲ၊ ကိုယ်လိုချင်



www.burmeseclassic.com

www.burmeseclassic.com



ရာကို၊ ရအောင် ယူကြရ၊ တောင်းကြရတာ။

ကိုယ့်ဘဝ၊ လူ့ဘဝ ‥ ကောင်းမွန်သာယာနေမှတော့၊ ဘယ်သူမှ အသေခံပြီး ‥ အော်မနေဘူး။ ဘယ်သူမှ … အသက်ပေးပြီး၊ တော်လှန်မနေဘူး''

(လက်ခုပ်သံများ) (လက်ခေါက်မှုတ်သံများ) …။

''လူတစ်ယောက်ကို၊ အသက်၊ တစ်သက်ထက်၊ ပို … ပေးမထားဘူး။

လူတိုင်း အသက်တစ်ချောင်းစီပဲ။ အသက်တစ်သက်စီပဲ … ရှိတာ။

ဟောဒီမှာ … ကျွန်တော် သေရင်၊ သားစိတ်နဲ့ သေသွားနိုင်တဲ့ … ကျွန်တော့်အမေ''

အမေ့ဓာတ်ပုံကို၊ ကိုင်မြှောက်ပြလိုက်တယ်။

(လက်ခုပ်သံတွေ … ညံမစဲ)။

''ဟော့ဒီမှာ …။ ကျွန်တော် သေရင် … သူလည်း သေသွားနိုင်တဲ့၊ ကျွန်တော့် ရည်းစား''

ရည်းစားဖြစ်သူ၏ ဓာတ်ပုံကို ကိုင်မြှောက်ပြလိုက်ပြန်တယ်။ ရယ်သံတွေ … ''ဟေး'' … ဟု၊ အော်သံတွေ၊ လက်ခုပ်သံတွေ၊ အနှံ့အပြား။

''ကျွန်တော် … ဒီကို၊ ကိုယ့်အသက်နဲ့အတူ နောက်ထပ် အသက်နှစ်ချောင်း။ အားလုံးပေါင်း အသက်သုံးချောင်းနဲ့ လာတာပါ''





''ဟေး …''

''ကျွန်တော်က၊ အသက် သုံးသက်ကို၊ ရင်းမယ်။ ဒီမှာရှိတဲ့ … ရဲဘော်တွေအားလုံးက၊ အသက် … တစ်သက်စီပဲ ရင်းမယ်။ မိသားစုဝင်တွေရဲ့၊ အသက်တွေလည်း၊ ထိခိုက်ချင် ထိခိုက်နိုင်ပါတယ်။

အဲဒီအသက်တွေအားလုံးနဲ့ မြန်မာပြည်သစ်ကို၊ တည်ထောင်မယ်။

အဲဒါ … တော်လှန်ရေးပဲ''

(လက်ခုပ်သံများ)။

''မ‌‌. ဆ‌. လ အစိုးရ ပြုတ်ကျရေး''

''ဒို့အရေး … ဒို့အရေး''

''ဖမ်းဆီးကျောင်းသား၊ ပြန်လွှတ်ရေး''

''ဒို့အရေး … ဒို့အရေး''

''ဆင်းရဲသားဘဝ၊ လွတ်မြောက်ရေး''

''ဒို့အရေး … ဒို့အရေး''

''အရေးတော်ပုံ''

''အောင်ရမည်''

''အရေးတော်ပုံ''

''အောင်ရမည်''

''…''

❋



www.burmeseclassic.com

www.burmeseclassic.com





"ဒီနေ့ ကျွန်တော် ... သေခဲ့ရင် ...။

ဒါမှမဟုတ်၊ ဒီ ... အရေးတော်ပုံကြီး

မအောင်မြင်မှာ၊ ကျွန်တော် ... သေခဲ့ရင်၊ ကျွန်တော့်

ကိုယ်စား ဆက်လက် တိုက်ပွဲဝင်ပေးရစ်ကြပါ ...

လို့၊ ကျွန်တော် ... အကူအညီတောင်းခဲ့ပါရစေ။

မနေ့ညက ... ကျွန်တော့်မိဘ,နဲ့ ... ကျန်

ရစ်ခဲ့မယ့်သူတွေအားလုံးအတွက်၊ မှာတမ်းဆိုတဲ့

ကဗျာတစ်ပုဒ်၊ ကျွန်တော် ရေးခဲ့ပါတယ်။

အဲဒီ ... ကဗျာကို ကျွန်တော် ရွတ်ပြပါရစေ"

"မှာတမ်း"ကဗျာကို၊ ကျွန်တော် အားမာန်အပြည့်ဖြင့် ရွတ်ဆိုလိုက်သည်။

ငါ၏အသက်၊ မြေသို့သက်လည်း...၊

ငါ့လတ်တို့ခွဲ၊ တို့...တိုက်ပွဲတို၊

ရဲရဲရင့်ရင့်၊ ရင်တို ဖွင့်၍

အားနှင့်မာန်နှင့် ဆက်တြဲလေ...

အားနှင့်မာန်နှင့် ဆက်တြဲလေ...၊ ၊

(လက်ခုပ်သံများ)။ (မျက်ရည်လဲ့ မျက်ဝန်းပေါင်းများစွာ)။ ထိုများစွာသော နှလုံးသားများဆီကို၊ ကျွန်တော် ... လက်ရေးနဲ့ ကူးလာတဲ့ "မှာတမ်း" ကဗျာလေးကို ပေးဝေလိုက်ပါတယ်။ အားလုံး က အလုအယက်။ မြတ်မြတ်နိုးနိုး။ မလောက်မငေ။

"ရှစ်လေးလုံးဟာ၊ အရေးအခင်းမဟုတ်ဘူး။

ရှစ်လေးလုံးဟာ။ အရေးတော်ပုံကြီးပဲ။

အရေးတော်ပုံ"

"အောင်ရမည်"

"အရေးတော်ပုံ"

"အောင်ပါစေ ..."

"..."

"..."

❋ ❋ ❋





www.burmeseclassic.com

www.burmeseclassic.com

# ဒီမိုကရေစီ
# တိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

## (၄)

"ထောင်သွင်းအကျဉ်းချခံထားရတဲ့ ဘဝက၊ ဘယ်လောက်တောင် ကြမ်းတမ်းပြီး ဆင်းရဲဒုက္ခ ကြီးမားတယ်ဆိုတာ၊ ကျွန်တော် သိပါတယ်။ လူတိုင်း လူတိုင်းအတွက်၊ ထောင်တွင်းဘဝ,ဟာ၊ ပင်ပန်းဆင်းရဲ ဒုက္ခကြီးမားသလို၊ ကျွန်တော့်အတွက်လည်း။ ပင်ပန်းဆင်းရဲလိမ့်မယ်ဆိုတာ၊ ကျွန်တော် သိပါတယ်။ ထောင်တွင်းအကျဉ်းသားဘဝ,မှာ၊ အာဏာပိုင်တွေရဲ့၊ သူ့ရဲဘောကြောင်ကြောင် ခြိမ်းခြောက်မှုတွေ၊ ယုတ်မာရက်စက်တဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေနဲ့၊ ပြည့်နေတယ်ဆိုတာ၊ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ... ကျွန်တော် ထောင်ကို၊ မကြောက်ပါဘူး။ ကျွန်တော့်ရဲ့ ညီအစ်ကိုတော် (၇၀) ရဲ့အသက်ကို၊ ရက်ရက်စက်စက်၊ စတေးသတ်ဖြတ်ပစ်ခဲ့တဲ့၊ လက်နက်အားကိုး၊ ဖိနှိပ် စိုးမိုးသူတွေရဲ့၊ ဒေါသ,မီးကို၊ ကျွန်တော် မဖြူသလိုဘဲ၊ ထောင်ကိုလည်း။ ကျွန်တော် မမှုပါဘူး။ ကျွန်တော့်ကို၊ ပြစ်ဒဏ်စီရင်ချက်သာ၊ ချလိုက်ပါ။ ကျွန်တော် ဂရုမစိုက်ဘူး။ သမိုင်းက ကျွန်တော့်ကို၊ မှတ်ကျောက်တင်ပါလိမ့်မည်"

[ဗိုဒယ်လ်ကာတ်စထရို–(၁၉၂၆) ၏တရားခွင်လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များ၊ စာအုပ်မှ)

*

www.burmeseclassic.com



''လူအများစုရဲ့ ထင်မြင်ယူဆချက်ဟာ၊ ရှင်ဘုရင်ထက်ပိုပြီး၊ အင်အားကြီးနိုင်တယ်။ တန်ခိုးထက်တယ်။ ကြိုးမျှင်ပေါင်း၊ မြောက်မြားစွာနဲ့ ကျစ်ထားတဲ့ ကြိုးတစ်ချောင်းဟာ၊ ကေသရာဇာခြင်္သေ့တစ်ကောင်ကိုတောင်မှ၊ တရွတ်တိုက် ဆွဲခေါ်နိုင်စွမ်း ရှိတယ်''

[ရှေးအိန္ဒိယ အဘိဓမ္မာဆရာ

(နာမ်တရားဘက်ဆိုင်ရာ၊ ခေါင်းဆောင်တွေ၏ ဆိုရိုးစကား)]

[ဗီဒယ်လ်ကာတ်စွထရို၏ တရားခွင်လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာ့ကျော်တရားခွင်လျှောက်လဲချက်များ စာအုပ်–မှ)

☼

''မင်းသားတစ်ပါးဟာ၊ တရားဥပဒေနဲ့အညီ မအုပ်ချုပ်ဘဲ၊ မတရားသဖြင့်၊ စိုးမိုးချယ်လှယ် အုပ်ချုပ်လာမယ်ဆိုရင်၊ ဒီ ... မင်းသားကို အကြမ်းဖက် ဖြုတ်ချရေးဟာ၊ မွေးရာပါ အခွင့်အရေးဖြစ်တယ်။ တရားမျှတမှုလည်း ရှိတယ်။''

[အလယ်ခေတ် ''ဂျွန်'' (ဆာလစ်ဗာရီနယ်) ရေးသားသော၊

''နိုင်ငံ့ခေါင်းဆောင်'' စာအုပ်–မှ]

[ဗီလ်ဒယ်ကာတ်စထရို၏ တရားခွင်လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာ့ကျော်တရားခွင်လျှောက်လဲချက်များ စာအုပ်–မှ)

☼





''အစိုးရတစ်ဖွဲ့ဟာ၊ တရားဥပဒေကို ဖောက်ဖျက်ပြီး၊ မတရား စိုးမိုးချယ်လှယ်သူအဖြစ်ကို၊ ကျူးလွန်ဆုတ်ယုတ်သွားရင်၊ အအုပ်ချုပ်ခံ ပြည်သူတွေဟာ၊ ဒီအစိုးရကို၊ နာခံဖို့ တာဝန်က၊ လွတ်ကင်းသွားပြီ''

[မာတင်လူသာ (ခရစ်ယာန်သာသနာခေါင်းဆောင်)]

[ဗီဒယ်လ်ကာတ်ထရို၏ တရားခွင်လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာ့ကျော်တရားခွင် လျှောက်လဲချက်များစာအုပ်–မှ)

☼

''အစိုးရတွေ၊ သက်ဦးဆံပိုင်ဖြစ်လာရင်၊ ဒီအစိုးရကို တော်လှန်ဖို့ အခွင့်အရေး ရှိရမယ်''

[ဗီးလစ်မာလ်လင်ဘွန် (မာတင်လူသာ၏တပည့်)]

[ဗီဒယ်လ်ကာတ်စထရို၏ တရားခွင်လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာ့ကျော်တရားခွင်လျှောက်လဲချက်များ စာအုပ်–မှ)

☼

''ပြည်သူတွေဟာ၊ ဘယ်မတရားမှုကိုမဆို၊ ဆန့်ကျင်ဖို့ လက်နက်စွဲကိုင်ပိုင်ခွင့်ရှိတယ်''

[ကယ်လဗင် (အတွေးအခေါ်ပညာရှင်)]

[ဗီဒယ်လ်ကာတ်စထရို၏ တရားခွင် လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာ့ကျော်တရားခွင် လျှောက်လဲချက်များ စာအုပ်–မှ)

☼



www.burmeseclassic.com

www.burmeseclassic.com



“ဘုရင်ခံတစ်ယောက်ဟာ၊ အာဏာကို အလွဲသုံးစားပြုရင်၊ မတရားသိမ်းပိုက်ရင်၊ ဒါမှမဟုတ်၊ ရွေးကောက်တင်မြှောက်ခံရတောင် မှ၊ မတရား စိုးမိုး အုပ်ချုပ်ရင်၊ ပြည်သူတစ်ယောက်ဟာ၊ တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်တဲ့နည်းနဲ့ဖြစ်စေ၊ အနိမ့်ဆုံး ... ဖြစ်တဲ့နည်းနဲ့၊ အကြမ်းဖက် ဆန္ဒပြဖို့၊ နှောင့်ယှက်ဖို့လိုတယ်”

[အန်မာရီယာနာ (စပိန်–ယေရှုခရစ်ယာန်သာသနာခေါင်းဆောင်)]

[ဗီဒယ်လ်ကာတ်စထရို၏ တရားခွင်လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များ စာအုပ်–မှ)

☼

“အစိုးရနဲ့ ပြည်သူအကြားမှာ၊ ပဋိဉာဉ်တစ်ခုရှိတယ်၊ ဒါမှမဟုတ်၊ အာမ,ခံချက်တစ်ခု ရှိတယ်။ ဒါကတော့၊ အစိုးရဟာ၊ သူ့ရဲ့ ပဋိဉာဉ်သဘောတူညီချက်ကို၊ ဖောက်ဖျက်ခဲ့ရင်၊ ဒီလို ဖောက်ဖျက်ပြီး၊ မတရားလွှမ်းမိုး အုပ်စိုးခဲ့ရင်၊ ဒီအစိုးရကို၊ ဆန့်ကျင်ပြီး၊ ပြည်သူတွေက၊ ပုန်ကန် ထ,ကြွနိုင်တယ်။

[ပြင်သစ်စာရေးဆရာကြီး –ဖရန်ကွိုက်ဟော့မင်း]

[ဗီဒယ်လ်ကာတ်စထရို၏ တရားခွင်လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များ၊ စာအုပ်–မှ)

☼





“နိုင်ငံရဲ့ အချုပ်အချာ အာဏာပိုင်ဖြစ်တဲ့ အစိုးရဟာ၊ တိုင်းသူပြည်သားတွေရဲ့၊ စေတနာဝန်ထမ်းတင်မြှောက်မှုက၊ ပေါက်ဖွားလာတာဖြစ်တယ်။ ဒီ ... အစိုးရအာဏာရဲ့ ပင်စည်မဏ္ဍိုင်ဟာ၊ ပြည်သူဖြစ်တယ်။ အဲဒီတော့၊ အာဏာရအစိုးရဟာ၊ မတရား ဥပဒေမဲ့မှု၊ မတရားလွှမ်းမိုးချယ်လှယ်မှု၊ လုပ်ငန်းတွေကို၊ လုပ်လာမယ်ဆိုရင်၊ ပြည်သူတွေက,လည်း၊ သူတို့ရဲ့အစိုးရအပေါ်၊ နာခံရမယ့် တာဝန်ကို၊ ရှောင်လွှဲခွင့်ရှိတယ်။ ပြီးတော့ သူတို့တော်လှန်ရင်၊ ပုန်ကန်ရင်၊ သူတို့ရဲ့, တော်လှန်ပုန်ကန်မှုဟာ၊ တရားမျှတ,တယ်”

[ဂျွန်အောဟာစ် (ဥပဒေပညာရှင်)–ဂျာမန်၏နိုင်ငံရေး စစ်တမ်းကျမ်း]

[ဗီဒယ်လ်ကာတ်စထရို၏ တရားခွင်လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များ၊ စာအုပ်–မှ)

☼

“အစိုးရသည် ပြည်သူတို့၏အခွင့်အရေးကို၊ ဖောက်ဖျက်လာပါလျှင်၊ အုံကြွပုန်ကန်မှုသည်၊ ပြည်သူတို့အတွက်၊ အမွန်မြတ်ဆုံးသော၊ အခွင့်အရေး ဖြစ်လာသည်။ ထို့ပြင်၊ မရှောင်လွှဲနိုင်သော၊ မလွှန်ဆန်သာသော၊ တာဝန်လည်း ဖြစ်လာသည်။

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည်၊ အချုပ်အချာ အာဏာကို၊ သိမ်းပိုက်လုယူပါက၊ ထိုပုဂ္ဂိုလ်အား၊ လွတ်လပ်သည့်ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com



လူအများက၊ သေဒဏ်ပေးရပေမည်''

[၁၇၇၆–ဇူလိုင် (၄) ရက်–ဖီလဒယ်ဖီးယား ကွန်ဂရက်၊

အမေရိကန်လွတ်လပ်ရေး ကြေညာစာတမ်းကြီး]

[ဗီဒယ်လ်ကာတ်စထရို၏ တရားခွင်လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များ၊ စာအုပ်–မှ)

*

"တစ်ခါတစ်ရံ လူတစ်ယောက်ဟာ၊ အမှန်တရားကို၊ ပြောမိတဲ့အတွက်၊ ကြိုးပေးခံရတတ်တယ်''

[ဂျုံး အော့ဖ် အတ် (JOAN OF ARG) {၁၄၁၂–၁၄၃၁} ၏

တရားခွင်လျှောက်လဲချက်]

(မောင်ကိုယု–ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များ၊ စာအုပ်–မှ)

*

အခွင့်အာဏာထက်၊ အခွင့်အရေးကို၊ တောင်းခံဖွင့်ဟ,ချင်တဲ့၊ လူငယ်တွေရဲ့ နှလုံးတံခါးကို၊ မိခင်ကြီးရဲ့ မေတ္တာတရားနဲ့၊ ကြိုးတွေကို ဖြတ်တောက်ပေးလိုက်စေချင်ကယ်။

အလှူမဏ္ဍပ်ကြီးလို စည်ကားနေတဲ့၊ ထောင်တံခါးဝ,မှာ၊ လာရောက်ရှင်သန်နေကြမယ့် လူအားလုံးအနက်၊ အများစုဟာ၊ ဘောဂဗေဒလှိုင်းလေ ငြိမ်သက်ဖို့၊ ပင်လယ်ကို သွေးရောင်ခြယ်မိခဲ့တဲ့သူတွေပါ။





ပေါက်ကွဲတော့မှာမို့, ဖောက်ခွဲလိုက်တာ လွန်ပါသလား အို … မိခင် … လောက။

အဝကျဉ်းပုလင်းထဲက၊ အစားအစာတွေကို၊ ဝ,အင်ပြည့်တင်းနေအောင်၊ စားထားတဲ့၊ မြွေ …။ ဒင်း လွတ်မြောက်ဖို့, အတွက်၊ အစာတွေ၊ ပုလင်းထဲမှာ၊ ပြန်အံခဲ့ရမှာ။

အခုတော့ … ပုလင်းကို၊ ခွဲထွက်ဖို့ အားမွေးနေလေတယ်။ လူပင်လယ်ကြီးရဲ့ အော်သံရဲ့လွတ်ရာ … ကို၊ သင့်,လွတ်အောင်ပြေး။

[မင်းထက်မြတ်–သွေးပင်လယ် (စာတမ်း)]

(၂၀–၈–၁၉၈၈)

*

မှတ်စုစာအုပ်ကို၊ အသာပိတ်လိုက်ပြီး၊ နိုင်ဝင်းဘက်သို့ လှမ်းကြည့်ရင်း …

"ကိုမြတ်စံတို့၊ ပေါကြီးတို့၊ ညနေဘက်, ဘယ်ကို ပျောက်ပျောက်သွားတာလဲ''

"မသိဘူးလေ။ မင်း, သိချင်ရင် ငါ … မေးပေးမယ်''

"မေးတော့ မမေးပါနဲ့။ ငါတို့မှာ ခေါင်းဆောင်ဆိုတာ ရှိတာမဟုတ်တော့။ တစ်ခါတစ်ခါ အားငယ်တယ်ကွ။

ကလေးကလား ဦးနှောက်တွေနဲ့ မနိုင်ဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းနေမိသလို၊ ခံစားရတယ်။ မကျေနပ်လွန်းလို့သာ၊ လှုပ်နေတာ။ မထိရောက်မှာ၊ စိုးတယ်''

''ထိရောက်ပါတယ်ကွာ။ အခုဆိုရင်၊ စစ်အုပ်ချုပ်ရေးကာလ,မှာတောင်၊ လူတွေ၊ ငါတို့ ခံစွန့်ပြတဲ့ဆီကို၊ မကြောက်မလန့် လာကြတာပဲ။

ကျောင်းသားနဲ့ပြည်သူ လက်တွဲပြီဆိုတဲ့သဘောပဲ။ ဝန်ထမ်းတွေပါ, ပါလာရင်တော့ . . .၊ ပိုကောင်းတာပေါ့''

ညို့ဝင်းနဲ့အပါကြီး ရောက်လာကြမှ၊ ကျွန်တော်တို့နှစ်ယောက်စကားစ,ပြတ်သွားတယ်။ ကျွန်တော် . . . အိမ်မပြန်တာ၊ တော်တော်ကြာပြီ။

❊ ❊ ❊



(ပ)

''မန္တေသူက၊ ဒေါက်တာ တင်ဦး ပြောသွားတာ၊ ကျွန်တော်တို့ ဆရာဝန်အားလုံးရဲ့၊ သဘောထား မဟုတ်ပါဘူး။ ကျွန်တော် . . . ဒေါက်တာ မြင့်ဦးပါ။ . . . အလုံမြို့နယ်က,ပါ''

(လက်ခုပ်သံများ)

❊

ထို့နောက် . . . ရှေ့နေ ဦးသံဒိုင်၊ ထို့နောက် . . . အခြားသောရှေ့နေများ။

❊

နောက်ထပ် ဟောပြောသူက,တော့ . . .

ကဗျာဆရာ နေဇော်နိုင်။ (လက်ထဲမှာ ခွက်တစ်ခွက် ယူလာတယ်)။

''ဟောဒီ . . . မြန်မာပြည်ဆိုတဲ့ ခွက်ထဲမှာ၊
မ. ဆ. လ . . . ဆိုတဲ့၊ နွားနို့အသိုးတွေနဲ့၊ ''. . .'',
''. . .'', ဆိုတဲ့ ယင်ကောင်တွေ၊ ပြုတ်ကျနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီ။

အဲဒီ ယင်ကောင်တွေကို၊ ဒီလိုလေးဖယ်။ ဒီလိုလေး . . . ဆယ်ထုတ်လိုက်ရုံနဲ့၊ ခွက်က၊ သန့် မသွားဘူး။

မ. ဆ. လ ဆိုတဲ့၊ ဟောဒီ နွားနို့တစ်ခွက်လုံး ကို၊ သွန်ပစ်လိုက်မှ၊ ခွက်သန့်သွားမှာ။

တစ်ခွက်လုံး . . . မ. ဆ. လ အကုန်လုံးကို၊ သွန်ခိုင်းနေတာ''

(လက်ခုပ် ဩဘာသံများ)။

☼

''အခု . . . ဆက်လက်ဟောပြောမှာက,တော့၊ ကဗျာဆရာ . . . အောင်ဝေး ဖြစ်ပါတယ်''

မျက်မှန်ထူထူ။ ပိန်သွယ်သွယ်။ ကျွန်တော် လေးစားရတဲ့ . . . အာရှရဲ့ ကဗျာဆရာ။

''အားလုံးပဲ။

ကမ္ဘာကြီး ကြားသွားတဲ့အထိ, အော်လိုက်ကြ ရအောင်။

''We want democracy''

''. . . . . . ! . . .''

''Very good . . . လို့၊ အော်လေ''





''တစ်ကမ္ဘာလုံး ကြားအောင်၊ ပြန်အော်မယ်။ We want democracy''

''Very good''

''We want democracy''

''Very good''

''We want democracy''

''Very good''

ဒီမိုကရေစီ . . . ဆိုတဲ့၊ ဝေါဟာရကို၊ မြန်မာပြည်သူလူထု၊ မရင်းနှီး မကျွမ်းဝင်သေးဘူးဆိုတာ၊ ခန့်မှန်းနိုင်လောက်ပါတယ်။

ဒါ . . . ဘာဖြစ်လို့လဲ။

ဘာဖြစ်တာလဲ။

ဘာကြောင့်လဲ။

အုပ်ချုပ်တဲ့သူကို၊ မဝေဖန်ဝံ့လောက်အောင်၊ ဟိုး . . . ရှေး . . . ခေတ် အဆက်ဆက်က၊ ဖိနှိပ်ခဲ့ကြတဲ့၊ ပဒေသရာဇ်စနစ်၊ ကိုလိုနီစနစ်ဆိုးတွေရဲ့ အမွေဆိုးတွေနဲ့အတူ၊ ခရီးမပြောင်း . . . နည်း မပြောင်းဘဲ၊ မားဟောင်းကိုသာ၊ ဆက်ကိုင်ချင်ကြတဲ့၊ ခေတ်နောက် ပြန်ဆွဲ၊ ဉာဏ်ငမ့်တွေရဲ့, အာဏာတည်မြဲရေး၊ လမ်းဟောင်းကြီး ကြောင့်ပဲ . . . လို့၊ ကျွန်တော် . . . နားလည်မိပါတယ်။

လူ့တိုင်းပြည်၊ လူ့ကမ္ဘာမှာ၊ လူ . . . ပီသ,တဲ့ အုပ်ချုပ်မှု တစ်ခုကို၊ လက်ညှိုးထိုးပြဖို့၊ အမြန်ဆောင်ရွက်ရတော့မယ်။

☼



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် . . . ၊ အဲဒီနောက်မှာတော့ . . . ကျွန်တော်တို့ရဲ့ ခွပ်ဒေါင်းအလံ ထူထားတဲ့ စင်မြင့်လေးပေါ်မှာ . . . ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတ၊ လူထု လူတန်းစား အသီးသီးက၊ ပုဂ္ဂိုလ်တွေ . . . အားလုံးနီးပါး လာရောက်ဟောပြောကြပါတယ်။

သားတို့ရဲ့
စွမ်းဆောင်နိုင်မှုကို၊ ဘဘ " . . . "
ဝမ်းမြောက် ဝမ်းသာ၊ ဂုဏ်ပြုပါတယ် . . . ။
ဘဘ " . . . "

နိုင်ငံရဲ့ အထင်ကရ ခေါင်းဆောင်ဟောင်းကြီး တစ်ဦးရဲ့ ဂုဏ်ပြုစာလေးတစ်စောင်၊ ကျွန်တော့်လက်ထဲ ရောက်လာပါတယ်။

စင်မြင့်ပေါ်ကနေ၊ ပြည်သူလူထုကို၊ ကျွန်တော် ဖတ်ပြလိုက်ပါသေးတယ်။ ဒါပေမဲ့ . . . ဘာဖြစ်လို့လဲ မသိဘူး။

မကျေနပ်စိတ်တစ်ခုခုကြောင့်ပဲ၊
အဲဒီ စာကို၊ ကျွန်တော် . . .
ဆုတ်ဖြဲ ပစ်လိုက်မိပါတယ်။

*

ကျွန်တော်တို့ သပိတ်တပ်ဖွဲ့ကို၊ ငွေကြေးတွေ လာရောက်လှူဒါန်းတဲ့သူတွေ၊ ရှိပါတယ်။ ကျွန်တော်တို့၊ ရန်ကုန်ဆေးရုံကြီးကို၊ ပြန်လည်လှူဒါန်းပေးခဲ့ကြရတယ်။

*





တကယ့်အတွေ့တွေ သပိတ်ကြီးကို၊ တစ်သက်မှာသာ၊ တစ်ခါမြင်ရတဲ့အလား။ အစိုးရဝန်ထမ်းအားလုံး အပါအဝင်၊ အိမ်ရှင်မ၊ တွေ မိန်းမလျာတွေအထိ၊ သပိတ်မှောက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ အောင်မြင်တယ် . . . လို့တော်၊ ထင်မိချင်ပါရဲ့။

အုပ်ချုပ်ရေး ဖြေလျှော့လိုက်တဲ့၊ ညနေက . . . ရန်ကုန်မြို့ရဲ့၊ မြို့လယ်ကောင်မှာ၊ လောင်းကစားဝိုင်းတွေ၊ ပလူပျံသွားတာကို၊ မြင်ရပြီး၊ စိတ်ထိခိုက်ရပါသေးတယ်။

ကျွန်တော်တို့ (U.G.18) တစ်အုပ်စုလုံး၊ ကြံချောင်းတွေနဲ့ ရိုက်ပုတ်လှုစုခွဲလိုက်ရပါတယ်။

ကျွန်တော်တို့ ဘယ်လိုမှ ဟန့်တားလို့မရနိုင်တဲ့ နောက်ထပ်၊ မြင်ကွင်းတစ်ခုက၊ တော့၊ ဒီမိုကရေစီ သကြန် ဆိုပြီး၊ ကိုယ်ပိုင်ကားရှိတဲ့ မိသားစုဝင်တွေ တပျော်တပါး၊ မြို့ကို . . . ကြွေးကြော်သံများစွာနဲ့၊ လှည့်လည်ကြရင်း . . . ရေတွေပက်ကြတဲ့ မြင်ကွင်းပါပဲ။

ကျွန်တော် မြင်ရတာ ပျော်ချင်ပါတယ်။

ဒါပေမဲ့ . . . ၊ ကျွန်တော်တို့၊ မပျော်နိုင်ကြသေးပါဘူး။ ရှေ့ဆက်ရမယ့်ခရီးမှာ . . . ဘယ်သူ့ကို၊ မော့ကြည့်ရမယ်မှန်း၊ မသိသေး ဘူးလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၅)

"တစ်ပါတီစနစ် ပဲ၊ ကြိုက်ကြိုက်။ ပါတီစုံပဲ ကြိုက်ကြိုက်၊ ... လို့ တီဗွီက ... စကားကြောင်း ပေးလိုက်တာနဲ့ ပါတီစုံဒီမိုကရေစီ ရရှိရေး၊ ဒို့အရေး ဖြစ်သွားရတာ။ ငါ ...ဘဝင်မကျဘူး"

"ဘာကို ဘဝင်မကျတာလဲ ... ရန်မျိုး"

"သူများ ခင်းပေးလိုက်တဲ့ လမ်းအတိုင်း၊ လိုက်ရသလို ဖြစ်သွားတယ်။

အလိုလိုမှ၊ သူတစ်လူ ... ငါတစ်မင်း၊ ဖြစ် ဖြစ်နေတဲ့၊ ငါ့နိုင်ငံ။

ပါတီစုံ ... ဆိုတော့၊ သွားပြီပေါ့ကွာ။ ပါတီ များ၊ ဝါဒများ၊ ပဋိပက္ခများအောင်၊ တမင်များ ခင်း ပေးလိုက်သလား ထင်မိတယ်"

နိုင်ဝင်းက ...

"ငါတို့ ဦးနှောက်လောက်နဲ့ မဝေဖန်တတ် ဘူးကွ"

"ပါတီစုံ ... လို့ ပြောလိုက်တဲ့အသံ၊ ငါ့..





ကြားလိုက်ရတာ၊ ရောင်စုံသုပ္ပန် ... လို့ ကြားလိုက် သလားတောင်၊ ထင်ရတယ်။

လမ်းပေဟာင်းကို၊ ပြန်လျှောက်နိုင်းလိုက် တယ် ... လို့၊ ငါ ... ထင်တယ်"

"ငါတို့ ... လုပ်တာ၊ ပြည်သူ့အတွက် မဟုတ်လား"

"အင်း"

"အခု ... ပြည်သူက၊ ပါတီစုံ ဒီမိုကရေစီ ... လို့ အော်တတ်သွားပြီလေကွာ။

တစ်ပါတီတည်း၊ ကြီးစိုးနေတာ မဟုတ်တော့ ရင် ပြီးတာပဲ။

ပါတီ ... စုံစုံ, မစုံစုံ၊ အနည်းဆုံး ဒီမိုကရေစီ ... ဆိုတာ၊ ပါနေသားပဲ။

ငါတို့ ... လိုချင်တာ၊ ရသလိုပါပဲကွာ။ ပြီး တော့ ... မ. ဆ. လ,မရှိတော့ရင်၊ ပြီးတာပဲ။ မဟုတ် ဘူးလား"

ကျွန်တော် ခေါင်းမညိတ်။

"မိုလ်ချုပ်အောင်ဆန်းကျဆုံးတာ၊ ဗိုလ်ချုပ် အဖြစ်နဲ့ ကျဆုံးတာ မဟုတ်ဘူးနော်။ ဖ. ဆ. ပ. လ ဝန်ကြီးအဖြစ်နဲ့ ကျဆုံးတာ။ ဟုတ်တယ် ...နော်"

"ဟုတ်တယ်လေ ...။ ဘာဖြစ်လဲ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ"

"ဗိုလ်ချုပ်ကို ... လိုက်တုပြီး၊ ဝန်ကြီး အဝတ်ပြောင်းဝတ်၊ လူအဟောင်းက၊ ပါတီအသစ် ထောင်ပြီး၊ နိုင်ငံရေးလောက,ထဲ ပြန်ဝင်လာတာမျိုး ဖြစ်တတ်တယ် ... လို့ ပြောချင်တာ"

"အဲဒီလို ရှိရင်လည်း၊ ငါတို့နဲ့ မဆိုင်တော့ ဘူးလေကွာ။

ငါတို့က၊ လူထုကို မျက်စိဖွင့်ပေးဖို့နဲ့ လူထု ... မလုပ်ဝံ့တဲ့ အရာကို၊ လုပ်ပေးဖို့ပဲ။

နိုင်ငံအေးချမ်းသာယာတိုးတက်ပြီဆိုတာနဲ့၊ လူအဟောင်းကြီးက၊ ခွက်အသစ်ကြီးနဲ့ပဲ ... စား စား။ ခွက်အသစ်ကြီးနဲ့ အစာဟောင်းတွေပဲ မျိုမျို။ ငါတို့ ... တာဝန်ပြီးပြီ"

☀

"ငါတို့ ... တာဝန်တွေ မပြီးသေးဘူး။ အခု ... အနုပညာ ရှင်၊ အတတ်ပညာရှင်တွေက, အစ ... ရဟန်းရှင်လူ ပြည်သူလူထု တစ်ရပ်လုံး၊ ပါလာပြီ။ ငါတို့ ... တာဝန်ပိုကြီးလာတာကွ။ မင်းတို့ ခဏနားချင်နား။ ဘယ်မှတော့၊ ဝေးဝေးလံလံ လျှောက်သွားမနေကြ နဲ့" ... လို့ ကိုမြတ်စံကြီး မှာထားပါလျက်၊ ကျွန်တော်တို့ သန်လျင် ဘက်ကို၊ ကူးခဲ့ကြတယ်။





ကျွန်တော်တို့ ဆိုတာက၊ နိုင်ဝင်းရယ်၊ ကျွန်တော်ရယ်၊ တခြား ရဲဘော်တစ်ယောက်ရယ်။ ကူးလာရတဲ့ကိစ္စက၊ ညိုဝင်းနဲ့ အပါကြီး၊ သုံးခွမြို့ကို သွားတာ၊ ပြန်မရောက်သေးလို့။ နယ်တွေ, နယ်တွေမှာလည်း၊ အသေအပျောက်တွေ ရှိခဲ့တဲ့သတင်း ကြားရ တော့၊ ညိုဝင်းနဲ့ အပါကြီးလည်း ... အဖြစ်ဆိုးနဲ့ ကြုံရပြီလို့၊ ကျွန်တော်တို့ တွေးမိတယ်။ အဲဒါကြောင့် ... ဘယ်သူ့ကိုမှ အသိ မပေးဘဲ၊ ကျွန်တော်တို့ ထွက်လာကြတာ။ သန်လျင်ဘက်ကို၊ မကူး ခင်၊ ခရီးစရိတ်မရှိလို့ အိမ်ကို ခဏပြန်တော့၊ အမေ မျက်ရည်ဝဲတယ်။ အဖေ မေးကြောကြီး တင်းထားတယ်။ အဘွားက,

"မင်းညီ၊ ဆန်နီလေ၊ အဘွားကို၊ လာပြော တယ်။ မင်း ... ဆေးရုံကြီးမှာ၊ တရားဟောနေတယ် ... တဲ့။

အပြင်မှာ စစ်တပ်တွေ ရှိတယ် ... တဲ့။ ကြောက်ကြောက်လန့်လန့် လာပြောတာ"

ကျွန်တော့် ... ညီ၊ တစ်ဝမ်းကွဲ၊ ဆန်နီ၊ နာမည်အရင်းက ... ဝင်းကိုကို။ တရားဟောနေတုန်း၊ စင်ပေါ်က,နေတော့၊ တွေ့ လိုက်ရပါတယ်။ ဒါပေမဲ့ မနှုတ်ဆက်လိုက်ဘူး။ ဘာဖြစ်လို့လဲ ... ဆိုတော့၊ သေလူဆိုတာ၊ ရှင်ကျန်ရစ်ခဲ့မယ့် ... ဘယ်သူ့ကိုမဆို၊ အမှတ်တရဖြစ်အောင်၊ ဘာမှ မလုပ်ခဲ့ချင်လို့ပါ။

"သား တွေ့တယ်၊ တမင်, မခေါ်တာ"

အမေက ...



www.burmeseclassic.com

www.burmeseclassic.com



"ငါက … သေပြီထင်တာ၊ တရားဟောနေတယ် ကြားတော့၊ မသေသေးဘူး … လို့ပဲ၊ တွေးရတယ်။ ထပ်မသွားပါနဲ့တော့ သားရယ်"

"မသွားလို့ မဖြစ်ဘူး … မေမေ၊ သား …၊ ရှောင်ရ,တိမ်းရတော့မယ်"

အဖေနဲ့ကျွန်တော် စကားမပြောတာ၊ တော်တော်ကြာပြီ။ သူ … ကြားအောင် တမင်၊ အသံမြှင့်ပြောလိုက်တယ်။

"အကုန်၊ ပစ်သတ်တာ … အမေ၊ ဆေးရုံကြီးမှာ၊ လူနာတွေ … ပုံနေပြီ။

သားက၊ တရားပါဟောမိတော့၊ ဓာတ်ပုံ ပါသွားလောက်ပြီ။ အဲဒါ … အဖမ်းမခံရအောင်။ ရန်ကုန်နဲ့ ခပ်ဝေးဝေးမှာ၊ သွားရှောင်နေရတော့မယ်။ အဲဒါ … မုန့်ဖိုး လာတောင်းတာ"

"မင်း … မုံရွာမှာ သွားရှောင်နေမလား"

အဖေ့ … အမေးစကား။

"အဲဒီလောက်၊ အချိန်မရတော့ဘူး အဖေ"

ကျွန်တော် … မျက်နှာကို တမင်ငယ်ပြီး … ပြောရတယ်။

အမေက …

"ရပ်ကွက်ကောင်စီက တစ်ဆင့်၊ ဝန်ခံပြီး … ကိုယ့်ဘာသာ၊ အဖမ်းခံလိုက်ရင်ရော၊ မကောင်းဘူးလား"





အဖေက …

"အခုအချိန် အဖမ်းခံ … လို့၊ အသက်ခံရမှာပေါ့ဟဲ့"

"ဩော် … အဖေ၊ ငါ့ကို ချစ်သားပဲ" … လို့၊ စိတ်ထဲတွေးမိလိုက်ပြန်တယ်။

"ကျွန်တော် ဆုပ္ပတဲ့သူပါ … လို့ စစ်တပ်သွားပြောပါလား။ ချက်ချင်း ပစ်ထည့်လိုက်မှာပေါ့"

သူ့အစိုးရအကြောင်း၊ သူတောင် တော်တော်သိလာပြီပဲ။

"အဖေ့ကိုလည်း၊ သား, လာကန်တော့တာ"

ပြောပြီး … အဖေရော၊ အမေရော၊ အဘွားရောကို၊ နှုတ်ဆက်ကန်တော့ပန်း ဆင်မြန်းလိုက်တယ်။

ကန်တော့တာရယ်၊ နှုတ်ဆက်တာရယ်က,တော့၊ တကယ်လုပ်တာပါ။ ကျန်တဲ့စကားတွေက,တော့၊ တမင် လိမ်ပြောခဲ့တာ။

အဖေ့ရဲ့အစိုးရကြောင့်၊ သူ့သားလေး (ကျွန်တော်) ဝရမ်းပြေး ဖြစ်နေရတယ် … လို့၊ အဖေ သိစေချင်လို့ပါ။

*

သီတာ သဘော်နဲ့ သန်လျင်ဘက်ကို၊ ကူးခဲ့ကြတယ်။ ကျွန်တော်တို့၊ သုံးယောက် … ထောင်က, လွတ်လာတဲ့လူတွေလိုပဲ၊ သဘော်ပေါ်မှာ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ပျော်လိုက်မိတယ်။ ဘယ်လိုပျော်တာလဲ သိလား။



www.burmeseclassic.com

www.burmeseclassic.com



သီတာ သဘော်ကြီးနဲ့အတူ စင်ရော်ငှက်တွေ၊ လိုက်ပါလာတယ်လေ။ ပါတဲ့ ပိုက်ဆံတွေနဲ့ စင်ရော်တွေအတွက်၊ ပေါင်မုန့်တွေ ဝယ်ပြီး၊ ကျွေးတာပေါ့။

ရေပေါ်ကို အစာမကျခင်၊ လေထဲမှာတောင် ဖမ်းယူစားသောက်နိုင်ကြတဲ့ စင်ရော်ငှက်လေးတွေကို ကြည့်ပြီး ... ကိုယ့်ကိုယ်ကိုယ် ငှက်ဖြစ်ချင်စိတ် ပေါက်သွားတယ်။

ဪ ... လွတ်လွတ်လပ်လပ် ပျံသန်းခွင့် ... ဆိုတာ၊ ဒီ ငှက်ကလေးတွေ၊ လေမှာဝဲပြီး ပျံသန်းနေသလိုပါပဲလား ... လို့၊ တွေးကြည့်ရင်း၊ ကိုယ်လည်း ... ငှက်တွေလို၊ လွတ်လွတ်လပ်လပ် ပျံသန်းခွင့်ရမဲ့လား ... လို့၊ ဆင်ခြင်ကြည့်မိတယ်။

လူ ... ဆိုတာ၊ တိရစ္ဆာန်ထက်၊ ဉာဏ်ရည်အဆင့်အတန်း မြင့်ပြီးသား။ လူဟာ ... တိရစ္ဆာန်မဟုတ်တဲ့အတွက်၊ ငှက်တွေတောင်၊ လွတ်လွတ်လပ်လပ် ပျံသန်းခွင့်ရရင်၊ လူသားအားလုံး ... လွတ်လွတ်လပ်လပ်၊ နေထိုင်, ရှင်သန်, ပြောဆို, ဝေဖန် ပိုင်းဖြတ်ခွင့်၊ ရှိကို ရှိရမယ်လေ ... နော်။

အဲဒါကြောင့်, ကျွန်တော် ငှက်ဖြစ်ချင်စိတ် ပေါက်သွားတာ။

☀

အပျော်လွန်မိတယ်ပဲ ဆိုပါတော့။ ကျိုက်ခေါက်စေတီကြီး နားရောက်တော့၊ သုံးယောက်စလုံးမှာ၊ ပိုက်ဆံတစ်ပြားမှ၊ မရှိကြတော့ဘူး။





သုံးခွမြို့ကို၊ ဆက်သွားဖို့ ငွေလိုပြီလေ။

နိုင်ဝင်းက ... သူ့ (စီကို–ဖိုက်) နာရီကို ချွတ်ပြီး နာ... ဆိုင် တစ်ဆိုင်ထဲကို၊ ခြေဦးလှည့်တယ်။

☀

"မင်းတို့ ... ကျောင်းသားတွေလား"

နာရီပြင်ဆိုင်က၊ လူကြီးရဲ့ ... အမေး။

နိုင်ဝင်းက ...

"ကျွန်တော်တို့၊ နာရီကို၊ ဦးလေး ဝယ်မဝယ်ဘဲ၊ သိပါရစေ ... ဦးလေး"

"မဟုတ်ဘူး။ ငါ့တူ။ မင်းတို့ ... ကျောင်းသားတွေဆိုရင်၊ ဦးလေး ကူညီမလို့ပါ။

တစ်ခုခုကြောင့်၊ ငွေလိုတာဆိုရင်၊ ဒီ ... နာရီကို မရောင်းဘဲ။ ဘုရားပေါ်က၊ ကျောင်းသားသပိတ်စခန်းမှာ၊ အကူအညီတောင်းရင်။ ပို ... သင့်တော်မယ် ထင်တယ်။ ဦးလေး ... လိုက်ပို့ပါ့မယ်။ အကူအညီပေးတာပါ"

"ဘုရားပေါ်မှာ ... သပိတ်စခန်း ရှိတယ်။ ဟုတ်လား"

အတူပါလာတဲ့၊ (ရဲဘော်) တစ်ယောက်က၊ ဝင်ပြောတယ်။ နာရီပြင်တဲ့ လူကြီးက၊ ခေါင်းညိတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကူညီမယ်ဆိုရင်၊ ကျေးဇူးပါပဲ ဦးလေးရယ်။ ဒါပေမဲ့ ...

မရှိမသေပြောတာတော့ မဟုတ်ပါဘူး။ ဦးလေးက, အကူအညီပေးတာ မဟုတ်ဘဲ၊ အစိုးရဘက်က, ဖြစ်နေရင်လည်း၊ ကျွန်တော်တို့ သုံးယောက်စလုံးက၊ အသက်ပေးပြီးသားဆိုတာကို၊ သိပေးပါ ဦးလေး"

"ဦးလေး နားလည်ပါတယ်ကွာ။ ဒီ ... အချိန်အခါဆိုတာ။ သတိထားရတဲ့၊ အချိန်ပဲ။

ကဲ ... လာ။ ဦးလေးက ... ကျောင်းသားခေါင်းဆောင်တွေနဲ့၊ တွေ့ပေးမယ်။ အဲဒီ့ကျမှ၊ ဦးလေးကို၊ ယုံပေါ့။ ဟုတ်လား"

"ကျွန်တော် စကားရိုင်းပျရင်၊ နားလည်ပေးပါ"

"နားလည်ပါတယ်ကွာ။ လာ ... လာ"

※

သန်လျင်မြို့ရဲ့, ကျောင်းသားခေါင်းဆောင် ကိုသိန်းတန်ဆိုကျောင်းသားကြီးနဲ့တွေ့။ အကျိုးအကြောင်းပြောပြ။ ကျွန်တော်ကို၊ ထမင်းကျွေး။ ပြီးမှ ... အစည်းအဝေးလုပ်။

အစည်းအဝေးမှာ တခြားကျောင်းသားတစ်ယောက်က ...





"ခင်ဗျားတို့၊ ကျောင်းသားဆိုတာ၊ တစ်ခုခု သက်သေပြပါလား။ ဥပမာ ... ကျောင်းသားကတ်ဖြစ်ဖြစ်ပေါ့" ... လို့ ပြောလိုက်တာနဲ့၊ နိုင်ဝင်း ... ဆဲပါလေရော။

"မင်း ... ရူးနေလား။ ဒီအချိန်အခါမှာ၊ ငါတို့က၊ ကျောင်းသားကတ် ကိုင်ထားစရာလား။

မင်းတို့ မကူညီချင်ရင်နေ။ သူခိုး, ဂျပိုး စစ်သလို လာမလုပ်နဲ့"

နိုင်ဝင်းကို၊ ကျွန်တော်ရော ... တစ်ဖက်ကျောင်းသားတွေရော ... ဝိုင်းဝန်း တောင်းပန်ရတယ်။ "နိုင်ဝင်း၊ သူများနေရာလေ ကွာ" ... လို့ တီးတိုး သတိပေးရတယ်။

"ဘယ်နေရာဖြစ်ဖြစ်ကွာ။ ကြောင်တောင်တောင်၊ စကားပြောရရင်၊ ငါ ... မကြိုက်ဘူး။ လာ, သွားမယ်။ နာရီရောင်းလိုက်ရင်၊ ပြီးရော ..."

နိုင်ဝင်းက ... ထ,ဖို့ ဟန်ပြင်ရင်း ...

"ခင်ဗျားတို့ ထမင်းကျွေးတာ ကျေးဇူးတင်တယ်။ အကူအညီ မလိုတော့ဘူး။

သုံးခွမှာ၊ ကျွန်တော်တို့ ကျောင်းသားရဲဘော်နှစ်ယောက်။ သေသလား၊ ရှင်သလား၊ သွားကြည့်မှာ။

တစ်မြို့တစ်ရွာမှာ၊ လာလိမ်စရာအကြောင်း မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ၊ ကျောင်းသားကြီးတစ်ယောက်က . . .

"ခဏ။ ခဏလေး။

သည်းခံပါ။ ခဏလေး ထိုင်ပါဦးဗျာ"

ကျွန်တော်က,ပါ၊ ခိုင်ဝင်းကို၊ ပြန်ထိုင်ခိုင်းလိုက်ရတယ်။

"ဒီက . . . ညီလေးက၊ ရန်ကုန် ဆေးရုံကြီး ရှေ့မှာ၊ ဟို . . . ကျွတ် မျက်နှာဖုံးနဲ့ တရားဟောတဲ့ . . . ကျောင်းသားလား"

ကျွန်တော် . . . စိတ်မပါ တပါနဲ့ ခေါင်းညိတ်လိုက်တယ်။

"ကိုသိန်းတန်။ ဒီရဲဘော်ကို၊ ကျွန်တော် သိတယ်။

ကျွန်တော် . . . အာမ,ခံတယ်ဗျာ"

ကိုသိန်းတန်ဆိုသူက . . .၊ ရယ်မောပြုံးပျော်လျက် . . .

"စိတ်မဆိုးကြပါနဲ့။ ဒီလို . . . ကာလ,မျိုးဆိုတာ၊ အုတ်ရောရောရော၊ ကျောက်ရောရောရော . . . ဖြစ်တတ်လို့ပါ။ နော် . . . ရဲဘော်"

ခိုင်ဝင်း . . . ခေါင်းညိတ်၏။ (ကျွန်တော် . . . လူမမှတ်မိအောင်၊ တပ်ဆင်ထားရတဲ့ ကျွတ် မျက်နှာဖုံးက၊ ဘယ်လောက်တောင်၊ လုံခြုံလိုက်သလဲ။ သန့်လျင်က၊ လူက,တောင် . . . မှတ်မိသတဲ့။ ကောင်းရော)။

ရန်ကုန်မှာတုန်းကလည်း၊ မိုးရွာရွာထဲ . . . ဟော၊ ပြီးတော့ လူစုခွဲ။ ဘတ်(စ)ကားပေါ်ရောက်တော့၊ လူတွေ . . . ကိုယ့်ကို ဝိုင်းကြည့်လှချည်လား။ ထင်မိတာ။

စယယ်ယာက အနားကပ်ပြီး ပြောမှ၊ အဖြစ်မှန်ကို သိရတော့တယ်။

"ညီလေး၊ မင်း . . . နဖူးမှာ၊ ဗ. က. သ ဆိုတဲ့၊ စာလုံးကြီး ထင်နေတယ်"

ဗ. က. သ (ဗမာနိုင်ငံလုံးဆိုင်ရာ၊ ကျောင်းသားများ သမဂ္ဂ) . . . ဆိုတဲ့။ ခေါင်းစည်းကို၊ နဖူးမှာစည်းပြီး၊ တရားဟောခဲ့တာ။ မိုးရွာတော့၊ ခေါင်းစည်းဖြုတ်ထားပေမယ့်၊ နဖူးမှာ . . . မင်ရောင် စွဲနေရစ်တာလေ။

နဖူးမှာ ဗ. က. သ စာလုံးကြီး အရာထင်နေတာကို၊ မသိဘဲ၊ (အံမယ်) ထောက်လှမ်းရေး မျက်စိလည်အောင်၊ ကားကိုတောင် နှစ်ဆင့်သုံးဆင့် စီးပြီးမှ၊ အိမ်ပြန်ဖို့ လုပ်တာလေ။ အဲဒီလောက် အထိ၊ ကျွန်တော် လုံခြုံရေး သတိကောင်းတာ။

အခုလည်း၊ သူများလို ပဝါမစည်းဘဲ၊ ကျွတ်မျက်နှာဖုံး စွပ်ပြီး၊ ဟစ်အော် . . . ဟောကြားတာ။ ဘယ်လောက်လုံခြုံလိုက်သလဲ။ သန့်လျင်က ကျောင်းသားခေါင်းဆောင်က၊ မှတ်မိတယ် . . . တဲ့။ (ကောင်းပါလေရော)။

"ဘုရားရှေ့မှာ၊ လူထုဟောပြောပွဲရှိတယ်။ တစ်ခွန်းနှစ်ခွန်းလောက်၊ ပြောပေးသွားပါဦး။ ရန်ကုန်က၊ ကျောင်းသားတွေ၊ ရောက်နေတယ် . . . လို့၊ ကြေညာလိုက်လို့၊ လူတွေအားလုံး







www.burmeseclassic.com

www.burmeseclassic.com



ပျော်နေကြတယ်''

ကျွန်တော် . . . ဝတ်ထားတဲ့ အင်္ကျီဖြူကို၊ ချွတ်။

ကော်ကျူလိုင်း အင်္ကျီအပြာကို။ ကောက်စွပ်။ ပြီးတော့ . . . ဝတ်ထားတဲ့၊ လုံချည်ကို၊ ဂျင်းဘောင်းဘီနဲ့ လဲဝတ်လိုက်တယ်။

ပြီးတော့ . . . ၊ သုံးထောင့်ကြက်လျှာ အနီရောင်လည်စည်းကို၊ စည်းလိုက်တယ်။

ပြီးတော့ . . . လက်မောင်းမှာ၊ သုံးရောင်ခြယ်၊ ခွပ်ဒေါင်း လက်ပတ်ကို၊ ပတ်လိုက်တယ်။ နဖူးမှာလည်း၊ သုံးရောင်ခြယ် နဖူးစည်းကို၊ စည်းလိုက်တယ်။

ရှေ့က . . . ဟောပြောနေတဲ့ ကျောင်းသားရဲ့ ဟောပြောမှုကို၊ နားစွင့်ရင်း၊ လူထုပရိသတ်ကို၊ ကြည့်လိုက်မိတယ်။ တောင်သူလယ်သမား ဆင်းရဲသားတွေနဲ့ အအုပ်ချုပ်ခံ ပြည်သူလူထုကြီး တစ်ရပ်လုံးကို၊ တွေ့မြင်လိုက်ရတယ်။

''. . . ဒီမိုကရေစီဆိုတာ၊ ဒီမိုကရားစီးယား . . . လို့ ခေါ်တဲ့၊ ရောမ, ဘာသာစကားက၊ ဆင်းသက်လာတာဖါ။

ဒီမိုဆိုတာ . . . ပြည်သူ။ ကရေစီဆိုတာ အာဏာ။ ဒီမိုကရေစီ . . . ဆိုတော့ ပြည်သူ့အာဏာ . . . လို့၊ အဓိပ္ပာယ် သက်ရောက်ပါတယ်။

အဲဒီတော့ . . . . . . . . .။ . . . . . . .''

''ခိုင်ဝင်း''





''ဟေ''

''စင်ပေါ်က၊ ရဲဘော် ဟောနေတာ၊ စာသင်နေသလို ဖြစ်နေတယ်''

''အေး။ သူ . . . ရှင်းပြနေတာ။ လူထုကို၊ သင်တန်းပေးနေသလိုပဲ။ မင်း . . . ဘာပြောမှာလဲ''

''ဒီမိုကရေစီပဲပေါ့။ ဒါပေမဲ့၊ ငါ . . . ပြောတဲ့ ဒီမိုကရေစီက၊ ရောမ,က၊ ဒီမိုကရေစီ မဟုတ်ဘူး။ လူထုကြားထဲက၊ ဒီမိုကရေစီ''

''အေး၊ ငါတို့လည်း၊ ကြားချင်တယ်''

''. . .။ . . .''

✲

''အခု . . . ဟောပြောမှာက,တော့၊ ရန်ကုန်က၊ အ.ထ.က ကျောင်းသား ရဲဘော်။ မင်းထက်မြတ် ဖြစ်ပါတယ်''

(လက်ခုပ်သံများ)။

''ကျွန်တော် . . . စကားပြောခွင့်ရှိပါသလား''

''ရှိပါတယ် . . . ရှိပါတယ်''

''ဒီ . . . စင်မြင့်ပေါ်မှာ၊ ကျွန်တော် . . . စကားပြောခွင့်ရဖို့၊ အောက်က၊ ပြည်သူလူထုရဲ့ ခွင့်ပြုချက် လိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို၊ ဒီ . . . စင်မြင့်ပေါ်မှာ၊ စကားပြောခွင့် ပြုပါခင်ဗျာ''

''ပြုတယ်။ ခွင့်ပြုတယ်''

''ကျေးဇူးတင်ပါတယ်။ ပြည်သူတွေ၊ ခွင့်မပြုဘဲ၊ ကိုယ့်သဘောနဲ့ . . . ကိုယ်။ ဒီစင်ပေါ်ကို၊ ကျွန်တော် တက်လာ . . . လို့က,တော့၊ ပြည်သူက, စင်အောက်က,နေ၊ ဟော့ကောင်၊ မင်းကို၊ ငါတို့၊ ဒီစင်မြင့်ပေါ်မှာ၊ စကားတက်ပြောခွင့် မပြုဘူးလို့၊ တညီတညွတ်တည်း။ မောင်းချလိုက်ရင်။ ကျွန်တော် ပြည်သူ့ဆန္ဒနဲ့ အညီ စင်အောက်ကို၊ မျောက်လို ခုန်ဆင်းပေးရမှာပါ။

အဲဒါ . . . ဘာလဲ . . . ဆိုရင်။ အဲဒါ . . . ဒီမိုကရေစီ။ အဲဒါ . . . ပြည်သူ့ အာဏာ။ အဲဒါ . . . ပြည်သူ့ ဆန္ဒ''

(လက်ခုပ်သံတွေ . . . တဖြောင်းဖြောင်း)

''တချို့သော၊ မင်းကေရာဇ်တွေက၊ ဒီလောက်လေးတောင်၊ နားမလည်ဘဲ၊ ငါ, ခေါင်းဆောင်ပဲ၊ ငါ့အမိန့်နဲ့ ငါ့အာဏာပဲ . . . ဆိုပြီး ပလ္လင်ပေါ် တက်ထိုင်ချင်နေကြတယ်။

ပြည်သူ့ဆန္ဒကို၊ မျက်ကွယ်ပြုပြီး၊ ပလ္လင်ပေါ် တက်ထိုင်ချင်နေကြတယ်။





မြင့်မြတ်တဲ့ ရာဇပလ္လင်ဆိုတာ၊ မြင့်မြတ်တဲ့ ပြည်သူ့ဆန္ဒနဲ့ တင်မြှောက်ထားတဲ့၊ မင်းကောင်း မင်းမြတ်တွေနဲ့ပဲ ထိုက်တန်ပါတယ်။

အဲဒါကြောင့် . . .

မြန်မာပြည်ရဲ့ ရာဇပလ္လင်ပေါ်ကို, မတန်မရာတွေ၊ တက်မထိုင်ရလေအောင်၊ ကျွန်တော်တို့၊ ပြည်သူတစ်ရပ်လုံးက၊ ရဲရဲဝံ့ဝံ့ မောင်းချဖို့ လိုပါတယ်။

ပလ္လင်ပေါ် မျောက်တက်ရင်၊ လက်ခုပ်သံကြားရုံနဲ့၊ တက်တဲ့ မျောက် . . . ဆင်းပြေးစေရမယ်''

(လက်ခုပ်သံများ)။

''အခုဆိုရင် . . .၊ ရန်ကုန်မှာ . . .၊ အဆိုတော်တွေ၊ ရုပ်ရှင်မင်းသား, မင်းသမီးတွေ၊ သဘင်ပညာရှင်တွေ၊ စာပေပညာရှင်တွေ၊ ဝန်ထမ်းတွေအားလုံး၊ မ, ဆ, လ . . . အစိုးရကို၊ တညီတညွတ်တည်း တော်လှန်နေကြပြီဆိုတာ၊ ကျွန်တော် သတင်းကောင်းပါးလိုက်ပါတယ်။

(လက်ခုပ်သံများ)။

''. . .''

''. . .''

''. . .။ . . .''

❋



www.burmeseclassic.com

www.burmeseclassic.com




သုံးခွမြို့ကို၊ ကူးလို့မရတော့ဘူး ... ဆိုတဲ့ သတင်းစကား ကြားရပေမယ့်၊ ကျွန်တော်တို့ သုံးယောက်၊ ရလိုရငြား၊ သွားကြဖို့ ဆုံးဖြတ်ပြီး၊ မြင်းလှည်းတစ်စီးပေါ် တက်လိုက်ခဲ့ကြတယ်။

စင်မြင့်ပေါ်မှာ တရားဟောတုန်းက၊ ဝတ်ခဲ့တဲ့ ကော်ကျူ လိုင်းအင်္ကျီ ကျောဘက်ထဲ၊ သုံးရောင်ခြယ်လက်ပတ်, ခေါင်းစည်းနဲ့ အနီရောင် လည်စည်းတွေကို၊ ထည့်။ ပြီးတော့ ... ဘောင်းဘီနဲ့ လုံချည်နဲ့ လဲ ... ဝတ်။ ကော်လံကတုံး အင်္ကျီဖြူကို ပြန်ဝတ်ပြီးမှ၊ လမ်းမ,ပေါ်ကို၊ ထွက်ခဲ့ကြတာလေ။ တော်တန်ရုံ လူ, မမှတ်မိအောင် ဆိုပါတော့။

အတူပါလာတဲ့ ရဲဘော်က ...

"ညိုဝင်းနဲ့အပါကြီးက၊ သုံးခွမှာ၊ ဘာသွား လုပ်တာလဲ"

ခိုင်ဝင်းက ...

"အလွယ်ပြောရရင်၊ ရန်ကုန်အခြေအနေကို၊ လာပြီး ... ပြောပြတာပေါ့။ သွားတာ တစ်ပတ် လောက်ရှိပြီ။

ကိုမြတ်စံက,တော့၊ ဘယ်သူ ဘာဖြစ်ဖြစ်။ ဝမ်းနည်းချိန်မရှိဘူး ... တဲ့။ ကိုယ့်တာဝန်ကိုယ်လုပ် ကြတဲ့။ သွားမရှာနိုင်းဘူး။

ဒါပေမဲ့ ...



ငါတို့က၊ မနေနိုင်လို့, ထွက်လာတာ"

"ကိုမြတ်စံ သိရင်၊ ဆူမယ်ထင်တယ်"

ခိုင်ဝင်းက ...

"ဆူလည်း ... ခံရုံပဲပေါ့။ ငါတို့က၊ ရန်ကုန် မှာ၊ ဘေးကင်းနေချိန်မှာ၊ နယ်တွေ, နယ်တွေကို သွားနေကြတဲ့ သူငယ်ချင်းတွေ၊ ဘေးမကင်းမှာ၊ စိုးရိမ်မိတာပေါ့ကွာ။

အသက်ကို၊ မနှမြောဘဲ၊ လုပ်နေကြတာမှ မဟုတ်တာ။ သေရဲလွန်းလို့ လုပ်နေကြတာမှ မဟုတ် တာ။ အသေခံလုပ်မှုကို၊ ဖြစ်တော့မှာမို့၊ အသေခံ နေကြရတာလေ။

ကိုယ် ... ရော၊ ကိုယ့်သူငယ်ချင်းတွေရော၊ တစ်နိုင်ငံလုံးက ... ကျောင်းသား ပြည်သူတိုင်းရော၊ သွေးမြေမကျလေ ပိုကောင်းလေပါပဲ"

ကျွန်တော်က၊ မြင်းလှည်း အမိုးကိုင်းကို၊ ကိုင်ထားရင်း–

"မနှစ်သက်ပါဘူး ... လို့၊ ပြောနေတာကို၊ နှိမ်နင်းပြီး ...၊ အသက်ဆယ်ဖို့ ကြိုးစားကာ။ ဉာဏ်ပညာ ထက်မြက်တဲ့၊ အစိုးရရဲ့ ... လက္ခဏာ မဟုတ်ဘူး။

အမိုက်မှောင် ဖိတ်ဖုံးပြီ။ ဉာဏ်တုံးလွန်းတဲ့၊ အစိုးရရဲ့ စရိုက်မျိုးပဲ။ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ငါတို့မှာလည်း . . . သေသေချာချာ စဉ်းစားကြည့်ရင်၊ လူကြီးလူမိုက်တွေနဲ့ ဖက်ဖြစ်နေရသလိုပဲ"

နိုင်ဝင်းရဲ့စကားကြောင့်၊ ကျွန်တော်နဲ့ ကျန်ရဲဘော်တို့ ရယ်မောဖြစ်ကြ၏။

"အစိုးရ . . . ဆိုတာ၊ လူများစုက၊ လူများစုရဲ့ ကိုယ်စားပြုပြီး . . .၊ တခြား လူအုပ်စုတွေနဲ့ ပြောဆို ရောင်းဝယ် ဆက်ဆံဖို့၊ ရွေးပေးထားတဲ့ . . . လူထုထဲက . . . လူတစ်စုပဲ။

ကိုယ်ရွေးထားတဲ့၊ အဲဒီ့, . . . ကိုယ့်ကို ကိုယ်စားပြုထားတဲ့၊ ဒီ . . . လူတန်းစားကို၊ ဦးညွှတ်စရာ မလိုသလို၊ ကြောက်စရာလည်း မလိုဘူး။

အစိုးရဆိုတာ . . . တန်ခိုးရှင် မဟုတ်သလို၊ ဘုန်းရှင် ကံရှင်လည်း မဟုတ်ဘူး။ ပြည်သူလူထုက၊ တာဝန်ပေးထားတဲ့၊ ပြည်သူ့ဝန်ထမ်းပဲ။

အဲဒါကို . . . မသိတဲ့သူက၊ အာဏာအားလုံး။ အစိုးရ ပိုင်တယ် ထင်နေကြတာ။

တိုင်းပြည်, ဒေသ, အုပ်စု . . . တိုင်းမှာ၊ အများကိုယ်စားပြုတဲ့ ခေါင်းဆောင်ပေါ်လာလိုက်။

အဲဒီလို . . . ခေါင်းဆောင်မျိုးတွေကနေ၊ အာဏာမက်လို့ အာဏာရှင်တွေ . . . ပေါ်လာလိုက်။





အာဏာရှင်ကို၊ တော်လှန်ကြလို့ ပြည်သူလူထုတင်မြှောက်တဲ့၊ ခေါင်းဆောင်ပေါ်လာလိုက်။ အဲဒီ . . . ပြည်သူတင်မြှောက်တဲ့ ခေါင်းဆောင်တွေက,ပဲ၊ အာဏာမက်မိလို့ ပြည်သူက ပြန်တော်လှန်ရင်း . . . ပြည်သူ့ခေါင်းဆောင် ပြန်ပေါ်လာလိုက် . . . နဲ့။

ဒီလိုပဲ နိုင်ငံရေး စက်ဝိုင်းက လည်နေတတ်တာပဲ။ ဒါကို . . . သဘောမပေါက်တဲ့၊ အစိုးရ, သဘောမပေါက်တဲ့၊ ခေါင်းဆောင်က၊ ပြည်သူလူထုနဲ့ ရန်ဘက်ဖြစ်မှာပဲ။ ပြည်သူလူထုထက်ပဲ . . . ပိုပြီး တတ်သိတယ် . . . လို့၊ ထင်နေတတ်တဲ့၊ ခေါင်းဆောင်တွေ၊ ကျဆုံးရင်၊ အ,သုဘာတောင် လူ မစည်ဘူး"

"ဟာ . . . ဟိုမှာ၊ အပါကြီး"

မျက်နှာချင်းဆိုင်လာတဲ့ မြင်းလှည်းတစ်စီး ကျော်လွန်သွားမှ၊ အတူပါလာတဲ့ ရဲဘော်ရဲ့ လှမ်းအော်သံ။

"ဟာ။ ဟိုမှာ . . . ညိုဝင်း"

နိုင်ဝင်း၏ အာမေဍိတ်။

"ရပ် . . . ရပ် . . . ရပ်"

မြင်းလှည်းကို၊ ကျွန်တော် ရပ်ခိုင်း။

ညိုဝင်းနဲ့ အပါကြီးတို့ (၂) ယောက်က,လည်း၊ ကျွန်တော်တို့ကို တွေ့၊ ပြေးဆင်းလာကြ။ ပြေးဖက်ကြ။ တစ်ယောက်နဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်။ လက်သီးနဲ့ ထိုးကြ။ ရင်ဘတ်ကို တွန်းကြ။ ပါးစပ်ကပါ ... ဆဲကြ။ ပြီးတော့ ... အားလုံးရဲ့မျက်လုံးထဲက၊ မျက်ရည်တွေ ... ဝဲနေကြ။

"ငါ ... သေပြီထင်နေတာကွ။
မင်းတို့ကို"

နိုင်ဝင်းက ...၊ အပါကြီးကို ဆံပင်ဆောင့်ဆွဲရင်း ပြောတယ်။ အပါကြီးက ...,

"မင်းတို့ ... စိတ်ပူမှာစိုးလို့ ပြန်လာတာ။ သန်လျင်ကို၊ စစ်တပ် ဝိုင်းထားတယ်။ ကူးလို့ မရတော့ဘူး"

ကျွန်တော်က ...

"ရန်ကုန်ကိုတော့င်၊ ကူလို့ မရတော့ဘူးလား"

ညိုဝင်းက ...

"သဘော်ပေးမကူးတော့ဘူး။ သမ္ဗန်နဲ့ ခိုးကူးရင်တော့၊ ရမယ် ထင်တယ်"

"ကူးလို့မရရင်၊ ဒီက ... သပိတ်စခန်းမှာပဲ၊ လာနေကြမလား"

ကျွန်တော့် ... အမေး။

ညိုဝင်းက ...

"ရန်ကုန်ကို၊ ရတဲ့နည်းနဲ့ ပြန်မှဖြစ်မယ်။ ဒီ





... ရက်ပိုင်းမှာ၊ အရေးတကြီးကိစ္စ တစ်ခုရှိတ
... တဲ့၊ ကိုမြတ်စံ ပြောတယ်။
ဘာလဲတော့ မသိဘူး"

နိုင်ဝင်းက ...

"ငါတို့ကိုလည်း ပြောတယ်။ ဘယ်မှမသွ
ဖို့နဲ့ ခဏ နားနေဖို့ ပြောထားတာ။ ငါတို့ ... ခိုးထွ
လာကြတာ"

"... ‖ ..."

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

# (ဗ)

ရန်ကုန်မြစ်၏အလယ်ကောင်။ (ခိုင်ဝင်းက၊ ဗ. က. သ နမူး စည်းတွေ၊ သုံးရောင်ခြယ်လက်ပတ်တွေ ... ကို၊ ရေထဲကို၊ နှစ်မြှုပ်လိုက်ပြီးပြီ။ အပါကြီးနဲ့ ညိုဝင်းတို့မှာလည်း၊ မလွတ်မကင်း။ ဘာမှ မပါ။ ကျွန်တော်တို့နဲ့ အတူပါလာတဲ့ ကျောင်းသားရဲဘော် ဆန်းဦး။ (နောက်မှ သိရသည့်အမည်။ ညိုဝင်းပြောပြမှ ကျွန်တော် သိသည်) နဲ့ ကျွန်တော်၊ (၂) ယောက်အနက်၊ ပြဿနာတက်နိုင်တာက၊ ကျွန်တော် ဖြစ်နေပြီ။ အချိန်မမီတော့။ ကျောပိုးအိတ်ကြီး တစ်အိတ်လုံးကို, အခုမှ ရေထဲပစ်ချဖို့ဆိုတာလည်း၊ ပိုဆိုးသွားနိုင်မည့် အပြုအမူ။

"ကဲ ... အဲဒီလှေ။ ဒီကို ... ကပ်ပါ။ မြန်မြန်"

စစ်သင်္ဘောငယ်တစ်စီး၊ အလံပြ၍ တားဆီးနေသည်ကို၊ မှုန်ပျပျ မြင်ပါလျက်၊ ကျွန်တော် ... လွတ်နိုင်တယ် ... လို့, ထင်ခဲ့တာလေ။ ခိုင်ဝင်းကတော့၊ မလွတ်လောက်ဘူး ထင်ပြီး၊ မလွတ်မကင်း ပစ္စည်းအားလုံးကို၊ ရေထဲကို အချိန်မီ နှစ်လိုက်နိုင်တယ်။

အချိန်မီ ... မနှစ်လိုက်နိုင်တာက ... ကျွန်တော်။





မတောက်တခေါက် အသိဉာဏ်နဲ့ အတွေးပေါင်းစုံ ကျွန်တော် တွေးလိုက်မိပါတော့တယ်။

စစ်ဗိုလ်ဆီက ပစ္စတိုသေနတ်ကို၊ လုပြီး သူ့ကို ပစ်လိုက်ရင်၊ ကောင်းမလား။ (ပစ်လိုက်ရင်လို့သာ။ တွေးတာ။ ဘယ်လိုပ ရမှန်းတော့၊ မသိဘူး)။

အဲ ...၊ ပစ်လိုက်နိုင်တယ်ပဲ ... ထား။ သင်္ဘောခေါင်းမို ပေါ်က၊ ဂျီ-သရီးလို့ ခေါ်ကြတဲ့၊ သေနတ်ကြီးတွေနဲ့၊ ချိန်ထားတဲ့ စစ်သားက၊ နှစ်ယောက်။ သူတို့ တစ်ချက်မွှေလိုက်တာနဲ့၊ ကျွန်တော် တို့အားလုံး။ နဂါးပြည် တန်းရောက်သွားနိုင်တယ်။

"ငါတို့ လှမ်းတားနေတာ။ မင်းတို့ မမြ ဘူးလား"

"မမြင်ဘူး ဗိုလ်ကြီး"

ခိုင်ဝင်း အဖြေ။

ကျွန်တော်က (တမင်) ...

"ခိုင်ဝင်း။ မင်းကို မေးလို့လား။ လှေသမာ ကြီးကို။ မေးတာနေမှာပေါ့။ ကိုယ့်မေးမှ ... ကိုယ် ဖြေလေ"

စစ်ဗိုလ်က၊ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီးမှ၊ လှေပိုင်ရှ (လှေမောင်းသူ) ကို၊ ကြည့်ပြီး ...

"ဒီ ... မြစ်ကြောင်းမှာ၊ ဒီ ... အချိန် မပြ ရတော့ဘူးလို့ စပီကာနဲ့ လှည့်အော်နေတာ၊ ခင်ဗျ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးလား''

"သိပါတယ်''

ကျွန်တော်က ...

"ကျွန်တော်တို့၊ ရန်ကုန်ကို၊ ပြန်ချင်လို့၊ ပိုက်ဆံပို့ပေးပြီး လိုက်ပို့နိုင်းမိတာပါ''

"ရန်ကုန်ကို၊ ဘာသွားလုပ်မှာလဲ''

"ရန်ကုန်မှာ၊ ကျောင်းသားတွေ ဆူနေလို့၊ ကျွန်တော်တို့၊ ကြောက်တာနဲ့၊ သုံးခွ သွားတာ။

သုံးခွကို၊ ကူးလို့မရတော့ဘူးဆိုလို့၊ ရန်ကုန်ကို အမြန်ပြန်ကြရတာပါ''

"သုံးခွမှာ၊ ဘယ်သူရှိလို့လဲ''

"ကျွန်တော့် အဒေါ်ရှိတယ်။ ဒါက ... ကျွန်တော့် သူငယ်ချင်းတွေ''

"ကဲပါ ...၊ ဘာပဲဖြစ်ဖြစ်, ရန်ကုန်ကို၊ ကူးခွင့် မပြုဘူး။ သန်လျင်ကို၊ ပြန်လှည့်လိုက်ပါ''

"သန်လျင်မှာ၊ ကျွန်တော်တို့ အသိအကျွမ်း မရှိဘူး။ သုံးခွကို၊ ဆက်ကူးလို့ ရမယ်ဆိုရင်တော့၊ သုံးခွအထိ၊ သွားချင်တယ်။

အဲဒါမှ ... မဟုတ်ရင်တော့၊ ကျွန်တော်တို့၊ ရန်ကုန်ကို၊ ပြန်မှဖြစ်မယ် ဗိုလ်ကြီး''

ဗိုလ်ကြီးက၊ ကျွန်တော့်ကို သေသေချာချာ စူးစူးစိုက်စိုက်





ကြည့်ရင်း ...

"တားလို့ မရကတည်းက၊ မင်းတို့ကို၊ ငါတို့ ... လှမ်းပစ်မလို့။ မလိုအပ်ဘဲ မသေစေချင်လို့၊ မပစ်တာ။

ဒီမြစ်ကြောင်းမှာ၊ ဖြတ်သန်းသွားလာခွင့် မပြုဘူးလို့၊ ငါတို့, သတိပေးပြီးသား။ ငါတို့ ... ပစ်ခွင့်ရှိတယ်''

"ကျွန်တော်တို့၊ အဲဒီလောက်အထိတော့၊ မသိဘူး။ သဘော် ... မရှိတော့ဘူးဆိုတာပဲ သိတယ်''

"အဖျက်သမားဆိုတာ၊ ချိမ်ပါဘူးကွ။ ပြည်သူထဲမှာ ... ရောနေတာ''

"ကျွန်တော်တို့ အဖျက်သမား မဟုတ်ပါဘူး။ ကျောင်းသားတွေပါ။

ရန်ကုန်မှာ၊ ဆူတဲ့အထဲ၊ မပါချင်လို့ အဒေါ်ရှိတဲ့၊ သုံးခွကို၊ သွားချင်တာပါ။ သန်လျင်မှာ ... အသိ မရှိဘူး''

"မင်းတို့က၊ ကျောင်းသားဆိုလို့၊ ပြောရဦးမယ်။ ငါတို့ ... စစ်သားတွေက၊ ငါတို့ကို ... ထိရင် သွေးဆူတယ်ကွ''

"ကျွန်တော်တို့လည်း ... ဆူတာပဲ'' ... လို့ ပြန်ပြောချင်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့်၊ မြစ်ရေတွေထဲ၊ သွေးတွေရဲသွားမှာစိုးလို့၊ ဘာမှ ပြန်မပြောတော့ဘဲ၊ ငြိမ်နေလိုက်တော့တယ်။

ကျွန်တော်တို့မှာလေ၊ ဆန္ဒပြချိတက်တဲ့အခါ၊ လက်နက်ကိုင် တစ်ဖွဲ့ဝင်တွေကို တွေ့တိုင်း ကိုယ့်ကို ပစ်မှာ ခတ်မှာစိုးလို့ "ပြည်သူ့ စစ်သား၊ တို့စစ်သား၊ ပြည်သူ့တပ်မတော်၊ တို့တပ်မတော်" လို့ အော်လိုက်ရတာလေ။ (အမော)။

အခု ... ကြည့်ပါဦး။

"ငါတို့ စစ်သားတွေက၊ ငါတို့ကိုထိရင် သွေးဆူတယ်ကွ" ... တဲ့။ (ရန်သူနဲ့တွေ့လို့၊ မကျေမချမ်း ပြောပြသတိပေးတဲ့ ... လေသံမျိုး)

တပ်မတော်နဲ့ ပြည်သူကို၊ အခုလို၊ ကွဲပြားအောင်၊ ထိပ်တိုက်တိုးအောင်၊ တစ်သားတည်းမဖြစ်ဘဲ၊ တစ်သားစီဖြစ်အောင်၊ အတို့အထောင် လုပ်ပေးလိုက်တာ၊ ဘယ်သူလဲ။ (ကျွန်တော်တို့ အားလုံး၊ သိဖို့လိုပါတယ်)။

ကျောင်းသား၊ ပြည်သူ့၊ လူထုကို၊ ကာကွယ်ပေးရမယ့် တပ်မတော်နဲ့၊ တပ်မတော်ရဲ့ လုံခြုံမှုပေးတဲ့အောက်မှာ၊ အေးအေးချမ်းချမ်း နေထိုင်ချင်ကြတဲ့၊ ကျောင်းသား၊ ပြည်သူ၊ လူထုနဲ့ကို၊ ရန်သူကြီးတွေလို၊ ထိပ်တိုက်တွေ့အောင်။ ဘယ်သူ ... ထောင်ချောက် ဆင်ခဲ့လေသလဲ။

"ကဲ ...၊ အဲဒီတော့ ... ထွေထွေထူးထူး

ပြောမနေနဲ့တော့။ သန်လျင်ဘက်ကို၊ ပြန်လှည့်ပါ။





လှေသမား။ ပြီးရင် ... ခင်ဗျားတော့ အံပုံတစ်ခုပါ ယူခဲ့ပေတော့"

လှေသမားကြီးရဲ့၊ ပါးစပ်နဲ့ သေနတ်ဒင်နဲ့ ဆောင့်မိတဲ့ ပုံကြီးကို၊ အတွေးထဲမှာ၊ မြင်လိုက်မိတယ်။

"ကျွန်တော် တစ်ခုလောက်၊ တင်ပြပါရစေ ဗိုလ်ကြီး"

"..."

"ကျွန်တော်တို့၊ သန်လျင်မှာ ... တကယ် တည်းခိုစရာ၊ မရှိတာပါ။ အသိအကျွမ်း လုံးဝ မရှိပါဘူး။

ဗိုလ်ကြီးအနေနဲ့၊ ကျွန်တော်တို့အပေါ်မှာ၊ သံသယ တစ်ခုခုရှိရင်။

ဗိုလ်ကြီးရဲ့ တပ်ထဲကို၊ ကျွန်တော်တို့ အားလုံးကို၊ ခေါ်သွားပါ။

အသိအကျွမ်းမရှိတဲ့၊ သန်လျင်မှာ၊ တစ်ညအိပ်ရတာထက်၊ ဗိုလ်ကြီးတို့ရှိတဲ့ဆီမှာ၊ အိပ်ရတာ၊ ပိုလုံခြုံမယ်လို့၊ ကျွန်တော် ယုံကြည်ပါတယ်။

သန်လျင်မှာ ...

တကယ်အသိမရှိတာပါ"

"မင်းကို၊ ငါ ... မြင်ဖူးသလိုလိုပဲ"

"ကျွန်တော်လည်း၊ ဗိုလ်ကြီးကို၊ မြင်နေရာ



www.burmeseclassic.com

www.burmeseclassic.com





ရာမှာ ဆုံဖူးသလိုပါပဲ။ ဗိုလ်ကြီး မော်လမြိုင်မှာ တာဝန်ကျဖူးသလား"

"ဟင့်အင်း"

သူက ... တကယ်ပြောတာ ဖြစ်နိုင်ပေမယ့် ကျွန်တော်က, တော့၊ တကယ် လိမ်ပြောနေတာပါ။

"ကဲ ...။ အားလုံးရဲ့ ကံပဲ။ တပ်ထဲလည်း ခေါ်မသွားဘူး။ သန့်လျင်ဘက်လည်း ပြန်မလှည့်နိုင်းတော့ဘူး။ ငါးမိနစ်အတွင်း ... သာကေတ,ဘက်ကမ်းကို။ အရောက်ကူးပေတော့"

(ကျွန်တော် ... တော်တော်ပျော်သွားပေမယ့်၊ ပျော်ပုံမပေါက်အောင် နေရပါသေးတယ်)။

"တစ်ခုတော့ ရှိတယ်။ သာကေတ,ဘက်ကို ကူးခွင့် မပေးခင်၊ မင်းတို့ရဲ့ အိတ်တွေကို၊ ရှာချင်တယ်။

မလွတ်မကင်း တွေ့ပြီ ... ဆိုရင်တော့၊ ငါ ... ကိစ္စ မဟုတ်တော့ဘူး။ မင်းတို့, ကံပဲ"

"ဖွရှောင်း ... ဖောင်း"

(မုဒ္ဒေါ)။ သေနတ်တွေရဲ့ မောင်းတင်သံကြောင့်။ ကျွန်တော် ဘုရားတ,မိတယ်။ ကျွန်တဲ့လူတွေကို၊ တခြားတပ်ကြပ်ကြီးနဲ့ တပ်သားတွေက၊ စမ်းဆေးတယ်။ ကျွန်တော့် ကျောပိုးအိတ်ကျမှ၊ ဗိုလ်ကြီးကိုယ်တိုင် စစ်ပါလေရော။ ဘုရားတ,ရုံအပြင်၊ ကျွန်တော် ...



ဘာမှ၊ လုပ်စရာ မရှိတော့ပါဘူး။

⁂

ဆရာမိဘ, သင်ပေးထားတဲ့ သမ္ဗုဒ္ဓေဂါထာတော်ကို၊ ကျွန်တော် ... တစ်ခါမှ၊ သေသေချာချာ၊ မရွတ်ဖူးပါဘူး။

ဒီ,တစ်ခါတော့၊ ဘဝ,ရဲ့ နောက်ဆုံးအချိန်မို့၊ ဘုရားကို၊ သေသေချာချာ အာရုံပြုပြီး၊ စိတ်နှလုံးထဲက,နေ၊ သေသေချာချာ ရွတ်နေမိပါတော့တယ်။

(အရှင်ဘုရား ... တပည့်တော်ကြောင့်၊ တပည့်တော်ရဲ့ သူငယ်ချင်းတွေနဲ့ လှေသမားကြီး၊ အန္တရာယ် မကျရောက်ကြရပါစေနဲ့ ... လို့၊ ဆုတောင်းပါတယ် ဘုရား)။

ဆုတောင်းစကားကို၊ အမြန်ဆိုပြီး၊ ကောင်းကင်သို့ မျက်နှာမူရင်း၊ သမ္ဗုဒ္ဓေဂါထာတော်ကို။ နေးနေး ... မှန်မှန် ရွတ်ဆိုနေမိပါတော့တယ်။

သာကေတဘက်ခြမ်းက၊ ကောင်းကင်ပြာပြာထက်မှာ၊ ဓေါ်တမမြတ်စွာဘုရားရှင်ရဲ့၊ မျက်နှာတော်ကို၊ တမ်းတ,စိတ်ကူးပြီး၊ ဂါထာတော်ကို၊ သေသေချာချာရွတ်ဆို ပူဇော်နေလိုက်တော့တယ်။

ဘဝမှာ၊ ပထမဆုံးအကြိမ်၊ သေသေချာချာ စူးစူးစိုက်စိုက် ရွတ်ဆိုခြင်းဖြစ်သလို၊ ဒါ ... ဟာ၊ ဘဝ,ရဲ့နောက်ဆုံးအချိန်ပဲ ... လို့လည်း၊ နှလုံးသွင်းပြီး၊ ရွတ်ဆိုနေမိတာပါ။

⁂



www.burmeseclassic.com

www.burmeseclassic.com



ကော်ကျူလိုင်း အင်္ကျီကျောဘက်ထဲမှာ၊ ထည့်ထားတဲ့၊ ဟို ဟို . . . ဒီဒီ မလွတ်မကင်း ပစ္စည်းလေးတွေနဲ့အတူ၊ ကော်ကျူလိုင်း အင်္ကျီအလုံးအထွေးလေးက၊ သဘော်ဘောင်ပေါ်မှာ။ အပုံလိုက်။

အဲဒီအပုံလိုက်ကို၊ ဒီအတိုင်းထားပြီး၊ အိတ်ထဲကို၊ အကုန်မွှေ။ ပြီးတော့မှ ကော်ကျူလိုင်း အင်္ကျီ အလုံးအထွေးလေးကို၊ အိတ်ထဲ၊ ပြန်ထည့်။ အိတ်ကို ဇစ်ဆွဲပိတ်။ ကျွန်တော့်ဆီကို၊ ပစ်ပေး။

အဲဒီအချိန်မှာ၊ ကျွန်တော် . . . ပျော်တာတွေ၊ မပျော်တာ တွေထက်၊ ကျွန်တော် ပိုပြီး . . . သိချင်တဲ့ ကီစ္စက,တော့၊ သမ္မာဒေ့ ဂါထာတော်ကြီးရဲ့၊ အဓိပ္ပာယ်နဲ့၊ အဲဒီ ဂါထာတော်ကြီးရဲ့၊ အစွမ်းသတ္တိ . . . ဟူသမျှကို၊ သေသေချာချာ သိချင်တော့တာပါပဲ။

☼

ကျွန်တော်တို့ သင်္ဘောကေတ,ဘက် ကူးလာတော့၊ သမဝါယမ ဆိုင်တွေ၊ ဂိုဒေါင်တွေ၊ ပျက်စီးနေတာကို၊ တွေ့ရပါတယ်။ ဒါကိုရော . . . ကျောင်းသားတွေ၊ ဖျက်ဆီးတာ . . . လို့ ပြောကြဦးမလား . . . မသိ။

☼ ☼ ☼



(ဘ)

"ငါတို့၊ လူကြီးတွေ၊ ညနေဘက် ပျောက် ပျောက်သွားတာ၊ မင်းတို့ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အေး။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီး ဒေါ်အောင်ဆန်းစုကြည်ဆီကို သွားနေတာ"

"ဩော်"

"အန်တီစုက၊ သူ့မိခင် နေမကောင်းလို့ ရောက်နေတာ။ ဒီ . . . ဆေးရုံကြီးဝင်းထဲမှာ၊ စကား လာပြောပေးဖို့ ငါတို့ . . . အကူအညီ သွားတောင်း ကြတာ"

"ဟာ . . . ။ သိပ်ကောင်းတာပဲ"

"ငါတို့၊ မင်းတို့က၊ ကျောင်းသားတွေပါ။ နိုင်ငံကို ကောင်းမွန်စေချင်တာပဲ သိတယ်။ မမှန်းမံ တတ်ဘူး။

မင်းတို့ . . . နားလည်အောင် ပြောရမယ်၊ ခေါင်းဆောင်မရှိဘူး။ ကိုယ့်စိတ်ဓာတ်နဲ့ကိုယ်၊ လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ။

အဲဒါကြောင့် ... လူကြီးတစ်ယောက်ယောက်ကို၊ အကူအညီတောင်းတဲ့၊ သဘောပဲ။ အဲဒါကြောင့် ... ငါတို့၊ အန်တီစုဆီ ရောက်အောင်သွားကြတာ။

ဟို ... အရင်တုန်းက၊ လူဟောင်းကြီးတွေကို၊ ငါတို့ ... သိပ်,မယုံတော့ဘူး။ အဲဒါကြောင့်၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးလည်း ... ဖြစ်၊ အမေ ... ဒေါ်ခင်ကြည်ရဲ့သမီးလည်း ... ဖြစ်၊ ဗိုလ်လ, ရောင်ရဲ့ မြစ်လည်း ... ဖြစ်။ ဦးဖာ–ဒေါ်စုရဲ့ မြေးလည်း ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို၊ ငါတို့ နိုင်ငံအနာဂတ်အတွက်၊ အကူအညီ သွားတောင်းထားတယ်''

''ကျွန်တော်တို့နှစ်ယောက်က၊ ဒီကောင်တွေ၊ သေသလား, ရှင်သလား သွားစုံစမ်းတာပါ''

ကျွန်တော်၊ ကိုမြတ်စံကို၊ တောင်းပန်ရှင်းပြ။

ကိုမြတ်စံက ...

''သူတို့နှစ်ယောက် သေသွားပြီ၊ ထားကွာ။

မင်းတို့နှစ်ယောက် လိုက်သွားလို့၊ မင်းတို့ နှစ်ယောက်ပါ။ ထပ်ပြီး ... ကျဆုံးရင်။ လေးယောက် ဖြစ်မသွားဘူးလား''

ကျွန်တော် ခေါင်းပဲ ညိတ်လိုက်ရတယ်။





''အခုံးရှုံးနည်းလေ ကောင်းလေပေါ့ကွာ။ နော်။

အကယ်၍ သူတို့ နှစ်ယောက် ကျဆုံးသွားတယ်၊ ဆိုပါတော့။ ငါတို့, မင်းတို့, အခုအချိန်မှာ ဝမ်းနည်းချိန်တောင် မရဘူး။

ငါ ... ကိုယ်တိုင် သေသွားရင်တောင်၊ မင်းတို့ ... အခု ဝမ်းမနည်းနဲ့။ မနေနဲ့။ အခုအချိန်က ... ဝမ်းနည်းချိန်၊ ငိုချိန်မရှိဘူး။

သေသွားရင်တောင်၊ အ,သုဘကို ပြီးစလွယ် ချရမယ့် အချိန်ပဲ။ မင်းတို့ ကြားဖူးမှာပါ။

လွတ်လပ်မှ အမှုဝေပါ ... တဲ့''

''... ...''

''...။ ... ...။

....။ ...။

................''

✳

''ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောပွဲ။ ရန်ကုန်ဆေးရုံကြီး (အရှေ့ပေါ်ဌာန မြေကွက်လပ်) (၂၆–၈–၈၈) '' ... ဆိုတဲ့၊ စာရွက်တွေကို၊ ကျွန်တော်တို့ ဆေးရုံကြီးနဲ့ အနီးတစ်ဝိုက်မှာ၊ လိုက်ကပ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



**နောက်ပြီး** . . . ဗိုလ်ချုပ်အောင်ဆန်းရဲ့သားကြီး၊ ဦးအောင်**ဆန်းဦးရဲ့ ပေးစာ** . . . ဆိုတာမျိုးကို၊ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ **စာရွက်**တွေလည်း၊ ကပ်ကြတယ်။

(တကယ်တော့ . . . အဲဒီစာရွက်က၊ ဦးအောင်ဆန်းဦး . . . ရေးတာ မဟုတ်ပါဘူး)။

ကျွန်တော်တို့ရဲ့၊ ဟောပြောပွဲ စင်မြင့်လေးမှာတော့၊ အထင်ကရ ပုဂ္ဂိုလ်တွေ ဟောပြောနေကြပြီ။ ကျွန်တော်တို့ (မလိုအပ်ဘဲ) စင်ပေါ်တက် မဟောဖြစ်တော့ဘူး။ ဒီလောက် အလုပ်ရှုပ်နေကြတဲ့ ကြားက။

ချိတက်ဆန္ဒပြတဲ့ အထဲမှာ၊ အဆိုတော်တွေ၊ နိုင်ငံကျော်တွေ၊ ပါလာရင်၊ ညိုဝင်းနဲ့အပါကြီးရဲ့၊ ဦးဆောင်မှုနဲ့၊ ပြည်သူထဲကနေ၊ လက်ခုပ်တီးပြီး၊ အားပေးလိုက်ရပါသေးတယ်။

"ပြည်သူ့ မေဆွိ . . .
ဒို့ မေဆွိ"

ဆိုတာမျိုး . . . ပေါ့။

☼

"ဒေါ်အောင်ဆန်းစုကြည်ကို၊ မြင်ဖူးချင်လို့ လာကြည့်တဲ့လူနဲ့တွင်၊ ဆေးရုံကြီးဝင်းကြီး၊ မဆံ့ လောက်ဘူးနော် . . . နိုင်ဝင်း"

"အေး . . . ဟုတ်တယ်"





"ဗိုလ်ချုပ်အောင်ဆန်းကို ချစ်တဲ့စိတ်နဲ့ သမီး
ဖြစ်သူကို လာကြည့်ကြမှာ"

". . . ။ . . ."

ကျွန်တော်နဲ့နိုင်ဝင်းရဲ့ခန့်မှန်းချက်နဲ့ ဦးဆောင်စီစဉ်သူတွေ
ရဲ့ခန့်မှန်းချက်၊ ထပ်တူကျသွားတယ် ထင်ပါရဲ့။ ဒေါ်အောင်ဆန်းစု
ကြည်ရဲ့၊ ဟောပြောပွဲကို၊ ရန်ကုန်ဆေးရုံကြီးထဲမှာ၊ မလုပ်ဖြစ်တော့
ဘဲ၊ ရွှေတိဂုံစေတီ အနောက်ဘက်မုခ်မှာ၊ ကျင်းပဖို့ စီစဉ်ဖြစ် ကြ
ပါတော့တယ်။

ကျွန်တော့်လက်ထဲမှာ သုံးရောင်ခြယ် ခေါင်းစည်းနဲ့ လက်
ပတ်အပို (၃) စုံ။ ကျွန်တော်တို့ (ယူဂျီ-၁၈) အဖွဲ့ဝင်တွေက၊ အယုံ
အကြည်ရဆုံး၊ နောက်ထပ် . . . လူ (၃) ယောက်ကို၊ ထပ်ခေါ်ခွင့်
ပြုတဲ့သဘော။ ယူဂျီ (၁၈) အဖွဲ့ဝင်တွေအပြင် . . .၊ ကျွန်တော့်ဘ
မှာ၊ ဒီ့ မြန်မာပြည် အရေးတော်ပုံကြီးနဲ့ ပတ်သက်ခဲ့တဲ့ တစ်ချိန်
လုံး၊ ဘယ်သူ့ကို အယုံအကြည်ရဆုံးလဲ၊ စဉ်းစားရတာ၊ တော်တော်
ခက်တဲ့ကိစ္စပါ။ ဘာဖြစ်လို့လဲ . . . ဆိုတော့၊ ခေတ်တိုင်း စနစ်တိုင်း
မှာ၊ အလိုတော်ရိတွေ၊ ရှိခဲ့ကြတယ်လေ။

ကိုပေါ်ကြီးဆီမှာ . . . ကျွန်တော့်နာမည်နဲ့ ကျွန်တော် ခေါ်
မယ့် လူ (၃) ယောက် စာရင်းပေးရတယ်။ ကျွန်တော်က၊ တက္ကသိုလ်
ကျောင်းသားမဟုတ်ဘဲ၊ ရန်မျိုးအောင် (မြန်မာစာ) လို့ ကိုပေါ်ကြီး
ရေးမှတ်တယ်။ လှည်းတန်းမှာ စစ်ကားပေါ်ကို၊ ပုလင်းနဲ့ ပစ်တင်
ရင်း ကျဆုံးခဲ့ရတဲ့ ကျောင်းသား . . . "အတွတ်" ရဲ့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



သန်းဇော်ဦး [(ဒုတိယနှစ်–ပထဝီ)။ ကျွန်တော့်နဲ့၊ ၉–တန်းတုန်းက၊ ကျောင်းရှင်မှာ ခင်ခဲ့ကြတဲ့ သူငယ်ချင်း]။ နောက် … အောင်နိုင်ဦး (စက်မှုလက်မှု အထက်တန်းကျောင်း)။ နောက် သော်ဟိန်း (သန်းဇော်ဦးရဲ့ သူငယ်ချင်း)။ အဲဒီ (၃) ယောက်နာမည်ကိုလည်း။ သေသေချာချာ မှတ်တယ်။

အဲဒီ သုံးယောက်ကိုပဲ၊ ကျွန်တော့်ရဲ့ တော်လှန်ရေးကာလ၊ အယုံကြည်ရဆုံး (၃) ယောက်အဖြစ်၊ ကျွန်တော် ရွေးချယ်လက်တွဲ ဖြစ်ခဲ့တယ်။

အနောက်ဘက်မုခ် လူထုအစည်းအဝေးပွဲမှာ၊ ကျွန်တော်တို့ရဲ့ ဝတ်စုံတွေက အကျႌအဖြူနဲ့၊ ကျောင်းလုံချည်။ သုံးရောင်ခြယ် ခေါင်းစည်း။ သုံးရောင်ခြယ် လက်ပတ်။ မိန်းကလေးတွေက,တော့၊ ပင်နီ အင်္ကျီနဲ့ ယောထဘီ။ ပြီးတော့ … မည်သည့်လက်နက်မှ၊ ကိုင်ဆောင်ခွင့်မပြု)။

ကျွန်တော်တို့ရဲ့တာဝန်က၊ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ၊ တရားဟောစင်မြင့်ကို၊ အသက်ပေးပြီး ကာကွယ်ဖို့တာဝန်။

စင်မြင့်ပေါ်မှာ သန်းဇော်ဦးတို့၊ ပေါကြီးတို့က … ပထမ စည်း။ ကျွန်တော်တို့က စင်မြင့်အောက်မှာ၊ ဒုတိယစည်း။

✳

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုံသဏ္ဌာန်တူတဲ့၊ ကျောင်းသူ တစ်ဦးကို၊ ဦးဝိစာရလမ်းဘက်က,နေ … သယ်ဆောင်လာ။





ဒေါ်အောင်ဆန်းစုကြည်က၊ စင်မြင့်အနီးမှာ၊ တခြားနေရာက,နေ ရောက်နေပြီးသား …,။ (ဒါ … လုံခြုံရေး အစီအစဉ်တစ်ခု)။

နောက် …, လုံခြုံရေး အစီအစဉ်တစ်ခုက,တော့၊ ဒီ… စင်မြင့်ပေါ်မှာ၊ ဘယ်နိုင်ငံရေးသမားကိုမှ၊ တက်ရောက်ဟောပြော ခွင့် … မပြု။

✳

အသက်ကြီးကြီးလူကြီး တစ်ယောက်ကို၊ မ,ချီလာပြီး စင် မြင့်ပေါ်ကို၊ လူတစ်စုက၊ တင်လိုက်တယ်။ ပေါကြီးတို့က, ချက်ချင်း ဆင်းခိုင်းတယ်။

"ဒါ … သခင်ကွ"

"ဟုတ်ကဲ့ …။ ဒါ … သခင်တွေရဲ့ စင်မြင့် မဟုတ်ဘူး။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ စင်မြင့်ပါ။ ကူညီ တဲ့အနေနဲ့ ပြန်ဆင်းပေးပါ"

ရန်ကုန်ဆေးရုံကြီးရှေ့ ဟောပြောပွဲမှာ၊ ဖတ်ပြပြီး စုတ်ဖြဲ ပစ်လိုက်မိတဲ့၊ လူဟောင်းကြီးတစ်ယောက်ရဲ့ စာရွက်အစ,အနလေး တွေကို၊ ကျွန်တော် မြင်ယောင်လိုက်ပါတယ်။

ဩော် … (၂၆) နှစ်လုံးလုံး၊ သခင်တွေ …၊ ဘယ်မှာ ဘာလုပ်နေကြသလဲ … လို့၊ တွေးမိတာပါ။

✳



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်မင်းသားကြီး ဘဘဦးထွန်းဝေက အခမ်းအနားမှူး။

"လေးလေး ဦးထွန်းဝေ။ ဟိုး ... ရှေ့မှာ၊ ဒေါ်အောင်ဆန်းစုကြည် ... ရောက်လာပြီ ... လို့ ကြေညာပေးပါ"

ကိုပေါကြီးက၊ ဘဘဦးထွန်းဝေကို၊ လှမ်းပြော။

ဘဘဦးထွန်းဝေက ...

"မင်း ... အမေက၊ ဒီနောက်မှာ၊ ရောက်နေပြီလေကွာ"

ကျွန်တော် ဒုက္ခပါပဲ ... လို့ စိတ်ထဲက ညည်းမိလိုက်တယ်။ ပြည့်သိပ်အုံ့ခဲနေတဲ့ လူထုကြီးကြားက,နေ၊ ပင်နီအကျႌဝတ်၊ ကျောင်းသူတစ်ယောက်ကို၊ ဒေါ်အောင်ဆန်းစုကြည်အဖြစ်၊ မျက်နှာလေးကို ပဝါကွယ်ပြီး၊ သယ်လာကြတာ၊ ဒါ ... ဒေါ်အောင်ဆန်းစုကြည်အတွက်၊ ကျောင်းသားဦးဆောင်သူတွေ၊ ဆောင်ရွက်တဲ့ ... လုံခြုံရေး အစီအစဉ်။

ဒါကို ... အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးတဲ့၊ ဘဘဦးထွန်းဝေ၊ သတိမေ့သွားပုံရပါတယ်။

"လေးလေး။ ကျွန်တော် ပြောတဲ့အတိုင်းသာ၊ လုပ်ပါတော့။ ကြေညာလိုက်ပါတော့"

"အေး အေး"

ဒေါ်အောင်ဆန်းစုကြည်အဖြစ်၊ သယ်ဆောင်ရာကို၊ လိုက်





ပါခဲ့သူ ကျောင်းသူက၊ စင်မြင့်အနားအရောက်။ ဘဘဦးထွန်းဝေက "ပြည်သူ့အချစ်တော်၊ ဒေါ်အောင်ဆန်းစုကြည် ... ရောက်ပါပြီ ခင်ဗျား" ... လို့ ကြေညာ။ ဒေါ်အောင်ဆန်းစုကြည်က၊ ထိုင်နေရာမှ စင်မြင့်ပေါ်မှာ၊ ထ,အရပ်။

မြန်မာပြည်သူလူထုကြီး တစ်ရပ်လုံး၏ လက်ခုပ်သံများ ကမ္ဘာဟိန်းမတတ်။

ကျွန်တော်တို့ ကျောပေးထားရာ၊ တံခါးပေါက်တစ်ခုဆီမှ၊ လူအုပ်ကြီးကလည်း၊ တံခါးပိတ်ထားသဖြင့်။ အုံးအုံးကျွက်ကျွက်။ နေရာပြည့်ကျပ်နေလွန်းတဲ့အတွက်၊ ဘုရားဘက်က၊ တံခါးပေါက်ကို ပိတ်ထားခဲ့မိတာ။ အခုမှ ... ဖွင့်ပေးလိုက်လို့ကတော့၊ စင်ပါ ကျိုးကျ သွားနိုင်တဲ့ ... လူထု။

အသံချဲ့စက်တွေ၊ အသံသေတ္တာကြီးတွေ၊ ဝင်းတစ်ဝင်းလုံး။ ချိတ်ဆွဲထားပေမယ့်။ ဟိုး ... လမ်းမပေါ်က၊ လူတွေ ... ဘာမှ မကြားရ။ မကြားရကြောင်း လက်ခါ ... ပြကြ။

ဦးဝိစာရလမ်းဘက်ကနေ၊ စင်မြင့်ရှိရာကို၊ လာနေသူတွေ ... မရပ်သေး။ တိုးတိုးကြိတ်ကြိတ်။ လူထုကြီးရဲ့၊ အော်ဟစ်အားပေးမှုကြောင့်၊ ကျွန်တော်တို့နဲ့အတူ ရှေ့နေတွေလည်း၊ မနားကြရ။

"စည်းကမ်းရှိပါ။ စည်းကမ်းရှိ။ စည်းကမ်းရှိပါ"

သံပြိုင် ဟစ်ကြွေး။

လူထုငြိမ်သက်ချိန် ခဏကြာမှ၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့



www.burmeseclassic.com

www.burmeseclassic.com





. . . စကားသံ ထွက်ပေါ်လာပါတယ်။

"...၊ ကျွန်မ ... ဖေဖေ၊ ဖွဲ့စည်းခဲ့တဲ့ တပ်မတော်ဟာ၊ ပြည်သူတွေကို၊ တိုက်ခိုက်ဖို့ မဟုတ်ပါဘူး"

လက်ခုပ်သံ။ လက်ခေါက်မှုတ်သံ။ ပြီးတော့ ... ကျွန်တော်တို့ ကျောင်းသား ကျောင်းသူတွေရဲ့၊ မျက်လုံးအိမ်ထဲမှာ ... မျက်ရည်များ များစွာ။

အဲဒီ့ စကားသံကို၊ စ,ကြားလိုက်ရတဲ့အချိန်က, စပြီး၊ ကျွန်တော့် စိတ်, နှလုံးသား, နှုတ်ပါးစပ်က၊ အဘိုး ဦးအောင်ဆန်းရဲ့ သမီးကို၊ ဘယ်တော့မှ၊ ကျွန်တော် နာမည်မခေါ်တော့ဘူး ... လို့၊ ဆုံးဖြတ်လိုက်ပါတယ်။ ဘယ်သူ ကြားကြား,မကြားကြား ကျွန်တော့် ရင်ထဲက ... ခေါ်လိုက်တဲ့၊ တမ်းတ,အော်မြည်သံဟာ,တော့ ....

"အမေ" ... တဲ့။

သူဟာ ... ကျွန်တော်တို့ရဲ့ အမေပါ။

ကျွန်တော်တို့အားလုံးရဲ့ ကျေးဇူးရှင်ကြီး အဘိုး-ဦးအောင် ဆန်းရဲ့သမီး။ ကျွန်တော်တို့ရဲ့ ... အမေ။

"အမေ ... စု" ပါ။

(ကျွန်တော့် အမေရဲ့အသက်၊ အဲဒီ့တုန်းက ၄၃-နှစ်ပါ။ အမေစုရဲ့အသက်က၊ အဲဒီ့တုန်းက ... ၄၅-နှစ်လောက် ရှိမယ်ထင်ပါ တယ်)။

✳



အဲဒီ့ ... လူထုအစည်းအဝေး (လူထုဟောပြောပွဲ) ကြီး အပြီးမှာတော့၊ ပြည်သူလူထုရဲ့၊ ရင်ထဲ ... ကနေ ဟစ်ကြွေးလိုက် တဲ့ ... တမ်းတ ဟစ်အော်သံက,တော့ ...။

"ဗိုလ်ချုပ်ပေးတဲ့ စစ်ပညာ၊
ပြည်သူတွေကို သတ်ဖို့မဟုတ်ဘူး"

... တဲ့။

(ကျွန်တော်တို့ ပြည်သူတွေကို၊ သတ်ရလောက်အောင်၊ ကျွန်တော်တို့ ပြည်သူတွေက၊ ဘာလက်နက်တွေနဲ့များ၊ ဖောက်ခွဲ မိခဲ့လို့လဲဗျာ)။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com

# တောမီးလောင်

# တောကြောင် လက်ခမောင်းခတ်

www.burmeseclassic.com

www.burmeseclassic.com

## (မ)

တောကြောင်ဆိုရင် . . .၊ တချို့က၊ တောထဲက၊ တောတွင်း အဖွဲ့အစည်းတွေကို၊ ခေါ်တယ် . . . လို့ ထင်မှတ်သွားတတ်ကြတယ်။

ကျွန်တော့်အသက်အရွယ်၊ ကျွန်တော့် အတွေ့အကြုံအရ ပြောရရင်၊ တိုင်းပြည် မငြိမ်သက်တဲ့အချိန်မှာ၊ ပိုပြီး . . . မငြိမ်သက်အောင်၊ အတိုက်အခံ အဖွဲ့အစည်း အချင်းချင်း (ပိုမို) အထင်လွဲအောင် ဆောင်ရွက်သူတွေကို၊ တောကြောင် . . . လို့ ခေါ်လိုက်ချင်တာပါပဲ။

ရပ်ကွက်ထဲက . . . လမ်းဘေးရေအိုးစင်က၊ သောက်ရေအိုးထဲကို၊ အဆိပ်ခတ်တဲ့လူ ရှိတယ်။ အဲ့ဒီလူက၊ ထဘီကြီးပတ်ထားတယ်။ ဘာမှမေးလို့မရဘူး။ ဘယ်သူခတ်ခိုင်းတာလဲ။ ဗိုလ်ကြီးခိုင်းတာ။ မင်း ဘယ်က လာတာလဲ။ တောင်ထဲက။ မင်းကိုခိုင်းတဲ့ဗိုလ်ကြီးနာမည်ပြော။ . . . မဖြေ။

နောက်တစ်ယောက်က . . . ထပ်မေး။ မင်း ဘယ်ကလာတာလဲ။ တောင်ထဲက။ ရေအိုးထဲ အဆိပ်ခတ်ဖို့ ဘယ်သူခိုင်းတာလဲ။ ဗိုလ်ကြီး ခိုင်းတာ။ ဗိုလ်ကြီးနာမည်ပြော။ . . . မဖြေ။

စိတ်မရှည်တဲ့ လူက၊ လက်ပါသွားနိုင်တဲ့ အခြေအနေ။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်လုံခြုံရေးကို ထိန်းသိမ်းပေးနေတဲ့ သံဃာတော်တစ်ပါးဆိုရင်၊ အဲဒီ့ ထဘီပတ်ထားတဲ့လူကို၊ မေးရင်း ... နားရင်းတောင် အုပ်လိုက်မိပါသေးတယ်။

"ဆေးမိထားတယ် ထင်တယ်။ စကား နှစ်ခွန်း; သုံးခွန်း လောက်ကိုပဲ၊ ထပ်တလဲလဲ ပြောနေတယ်။ အဲဒါ ... ဗ. က. ပ ယူ. ကျီတွေ၊ သုံးတဲ့ ဆေးမျိုးပေါ့"

ဗုဒ္ဓေါ။

ကျွန်တော်က၊ ကိုယ့်ကိုယ်ကိုယ် ယူ. ကျီ ... ဆိုပြီး၊ ဂုဏ်ယူချင်နေတဲ့အချိန်၊ အဲဒီလိုစကားမျိုး ပြောသံကြားရတော့ ...၊ ကိုယ်တောင် တစ်ဝက် ကျူးလွန်နေသလိုလို။

"ဗိုလ်ကြီး" နိုင်းတာ ... ဆိုတဲ့အတွက်၊ စစ်တပ်က,ပဲ၊ လုပ်သလိုလို။ အဲဒါ ... "ဗ. က. ပ" တွေ သုံးတဲ့ ဆေးမျိုးဆိုတော့၊ "ဗ. က. ပ" ပဲ၊ နိုင်းသလိုလို။

ဒါကို ... ဘယ်သူလုပ်လုပ်။ နိုင်ငံရေးစကားနဲ့ ပြောရရင်၊ အဲဒါ ... တန်ပြန်တော်လှန်ရေး ... လို့၊ ခေါ်တယ် ... တဲ့။

ဘာတော်လှန်ရေးဖြစ်ဖြစ်၊ ပြည်သူလူထုကို၊ သေအောင် လုပ်တာက,တော့၊ တိရစ္ဆာန်ဦးနှောက်နဲ့လုပ်တဲ့ ... တော်လှန်ရေးပဲ၊ ဖြစ်လိမ့်မယ်။

ထားတော့။ ဒါ ... ကျွန်တော့်ရပ်ကွက်တစ်ခုတည်းမှာ ဖြစ်တဲ့ကိစ္စ။ တခြားရပ်ကွက်တွေမှာ၊ အဲဒီလိုမျိုးတွေ၊ ကြုံကြ။ မေးမရှုစ်မရ။ စိတ်မထိန်းနိုင်ကြ။

အဲဒီ့အခါ ... သတ်မိ ဖြတ်မိ။

အဲဒီအခါ ... အဲဒါ ... တောကြောင်ကြုံကျတဲ့ အခြေအနေ ဖြစ်သွားပါလေရော။ တောကြောင်က၊ သူကြုံကျတဲ့ အခြေအနေမျိုးကို၊ တွေ့ပြီဆိုတာနဲ့၊ လက်ခမောင်းခတ်တော့မှာပဲပေါ့။

✳

ရပ်ကွက်ထဲမိတဲ့၊ အခိပ်ခတ်တယ်ဆိုတဲ့၊ ထဘီဝတ်ထားတဲ့၊ (ဆေးမိနေပုံရတဲ့) အသက် (၃၅) နှစ်လောက်ရှိတဲ့၊ လူကို၊ ကျွန်တော့်ရပ်ကွက်ထဲက၊ လူကြီး, လူငယ်, ရဟန်းသံဃာတွေက၊ ဘာမှ မလုပ်လိုက်ကြပါဘူး။ တခြားမြို့နယ်က၊ လာခေါ်သွားတာကို၊ ထည့်ပေးလိုက်ပါသတဲ့။

ဒါ ... ကိုယ့်ရပ်ကွက်ထဲမှာ၊ ကိုယ်တိုင် ကြုံရတဲ့ ကိစ္စ။ (တောကြောင် ယုတ်မာတဲ့ ... ကိစ္စ)

✳

နောက် ... တချို့ နေရာ ဒေသတွေမှာ၊ ဂိုဒေါင်တွေ၊ ဖောက်ကြတယ် ... ဆိုလား။ ကြားတယ်။ ဒါပေမဲ့ ... ကိုယ့်ရပ်ကွက် နားမဟုတ်တော့၊ ဘယ်သူဖောက်တယ် ... မသိဘူး။ ပြည်သူလူထုပဲ ဖောက်သလိုလိုယောင်ယောင်၊ သတင်းထွက်တာပေါ့။ ဒါ ... သူ့ခြား အရပ်ဒေသက, ကိစ္စ။







www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အရပ်ဒေသက ကိစ္စကျတော့၊ ကျွန်တော် . . . တိတိ ကျကျ ပြောနိုင်ရမယ်လေ။ နော်။"

ရပ်ကွက်နားမှာ၊ ဆန်ဂိုဒေါင်တွေရှိတယ်။ ညနေ (၄) နာရီ ခွဲလောက်၊ အဲဒီ ဆန်ဂိုဒေါင်က၊ ဆန်တွေကို စစ်ကားတစ်စီးက၊ လာသယ်တာ တွေ့တယ်။

ကျွန်တော်ရယ် . . . ရပ်ကွက်ထဲက ကိုစိုးသိမ်းရယ်၊ သန်း အောင်ရယ်၊ အဲဒီ စစ်ကားရှိတဲ့ဆီကို၊ သွားတယ်။ (လက်ထဲမှာ၊ ဓားရှည်ကိုယ်စီပါတယ်)။

"ဗိုလ်နဲ့ တွေ့ချင်တယ်"

"ဘာကိစ္စလဲ"

တပ်စုတပ်ကြပ်ကြီးရဲ့။ အမေး။ ကိုစိုးသိန်းက . . .

"ခင်ဗျားကို၊ မပြောချင်ဘူး။ ဗိုလ်နဲ့ပဲ ပြော ချင်တယ်"

"ဟိုမှာ"

"ဘာများလဲဗျ"

ကျွန်တော်က . . .

"ကျွန်တော်တို့ ဆန်လိုချင်လို့ နှစ်အိတ်, သုံး အိတ်လောက် ပေးပါ။

ကျွန်တော်တို့အတွက် မဟုတ်ဘူး။ ရပ်ကွက် ထဲမှာ၊ တချို့ . . . ငတ်နေကြပြီ။ ရပ်ကွက်အတွက် တောင်းတာပါ"



ဗိုလ်က . . .

"ဘယ်ဆန်ကို၊ တောင်းတာလဲ"

ကိုစိုးသိမ်းက . . .

"ခင်ဗျားတို့ကားပေါ်က . . . ဆန်"

"ဒါ . . . ကျွန်တော်တို့၊ တပ်အတွက်ပါ"

ကျွန်တော်က . . .

"တပ်အတွက်တောင်၊ သယ်လို့ရရင်၊ ရပ် ကွက်အတွက်လည်း၊ သယ်လို့ရချင်တယ်။ ဘယ်လို လုပ်ရမလဲ"

"ဂိုဒေါင်မှူးကို ပြောပေါ့"

"ဂိုဒေါင်မှူး၊ ခွင့်ပြုဖို့ ဗိုလ်ကြီး ပြောပေး"

". . . ။

. . ."

ဂိုဒေါင်မှူး ရောက်လာ။ ပြောကြ။ ဆိုကြ။ နောက်ဆုံး သဘောတူညီချက် . . . ရ။

"ငါက,တော့၊ ဂိုဒေါင်တံခါး ဖွင့်မပေးချင် ဘူး။

မင်းတို့ဘာသာ၊ မနက်ဖြန်လာဖွင့်။ ငါ . . . ရှောင်နေမယ်"

"ခင်ဗျားက၊ စစ်တပ်က, လာယူတာကျ တော့။ ခွင့်ပြုတယ်။ သော့ဖွင့်ပေးတယ်။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကျတော့၊ သော့ဖွင့်မပေးဘူး။ တိုယ့်ဘာသာ ဖွင့်ရမယ် ... ဆိုတော့။

ကျွန်တော်တို့မှာ၊ သေနတ်မပါလို့လား။ သေနတ်မပါပေမဲ့ ... ဓားတော့ ပါ,ပါတယ်ဗျာ''

"နားလည်ပေးပါ ညီလေးရာ"

"ကောင်းပြီလေ။ သူခိုး ဓားပြအလုပ်တော့၊ ကျွန်တော်တို့ မလုပ်ဘူး။

ရပ်ကွက်က၊ လူကြီးတွေကို၊ ပြောပြလိုက်မယ်။ သူတို့ ... လာယူချင်၊ လာယူကြလိမ့်မယ်။

ကျွန်တော်တို့က,တော့၊ ဂိုဒေါင်မှူး ဖွင့်မပေးဘဲ၊ မယူဘူး''

ညဘက် ... ရပ်ကွက်က၊ သံဃာတော်တွေနဲ့ လူကြီးတွေကို၊ ပြောပြ။ မနက် (၆) နာရီ၊ စည်းကမ်းတကျ ဆန်သွားယူကြဖို့၊ သဘောတူ။

✳

ရပ်ကွက်ထဲ ကင်းစောင့်ရသေးတယ်။ ရပ်ကွက်တိုင်း ကိုယ့်ရပ်ကွက် ... ကိုယ်။ ဝါးကပ်တွေကာ၊ ကိုယ့်ရပ်ရွာ ကိုယ်စောင့်ရှောက်။ အစိုးရ ယန္တရား ရပ်သွားပြီဆိုတော့။

ဓားပြ ... ဓားပြ အသံကြားလိုက်။ ဓားတွေ, တုတ်တွေ ... ဆွဲ၊ အသင့်ပြင်လိုက်။ အလှည့်ကျ ... ကင်းစောင့်ကြ။ ကျွန်တော်





နဲ့ သန်းအောင်နဲ့ကတော့၊ အလှည့်ကျကျ၊ မကျကျ၊ ညတိုင်း ... ဓားတစ်လက်စီနဲ့၊ စောင့်နေကျ။

မနက် (၄) နာရီ အိပ်။ (၈) နာရီ နိုး။ အလို ...၊ ရပ်ကွက်ထဲမှာ၊ ဆန်ဂိုဒေါင်က၊ ဆန်တွေတွင်မက။ ဆပ်ပြာ ... ဆီ၊ ပျားရည်၊ သမဝါယမ ဂိုဒေါင်ထဲက၊ အသုံးအဆောင်တွေပါ ... မကျန်။ အကုန် သယ်ယူပို့ဆောင်ပြီးနေကြပါပြီကော။

တအံ့တသြ။ ဟိုငေး ... ဒီငေး။ ဆန်ဂိုဒေါင်ကို၊ ဘယ်သူဖွင့်လိုက်သလဲတောင် မေးချိန်မရတော့ဘူး။

"သန်းအောင်။ ဘယ်သူတွေ၊ ဖွင့်ပွဲကျင်းပလိုက်တာလဲ"

"မသိဘူး။ ငါတို့ ... ရပ်ကွက်က တန်းစီမလို့ပဲ ... ရှိသေးတယ်။ ဂိုဒေါင်က ပွင့်နေပြီ ... တဲ့။

အဲဒါနဲ့၊ တန်းစီတာတွေ, စည်းကမ်းတွေ, အလှည့်ကျတွေ၊ လုပ်မနေတော့ဘဲ၊ အကုန် ... ဦးရာလူ ... စနစ်နဲ့၊ သယ်ကုန်ကြတော့တာပဲ ... တဲ့''

"လာ ...။ မိဘ,ကို၊ တစ်ခါမှ ဆန်မိုးပေးဖူးတာ၊ မဟုတ်ဘူး။ မင်းနဲ့ ... ငါ, တစ်အိတ်စီလောက် ထမ်းပြီး၊ မိဘ, ကျေးဇူး ဆပ်လိုက်ကြရအောင်"

သန်းအောင်က၊ ရယ်စရာအဖြစ်ပြောပြီး၊ ကျွန်တော့်ကို


www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင်တွေရှိရာကို၊ ခေါ်။ ကျွန်တော် တွန့်ဆုတ်ဆုတ်နဲ့ … လိုက်သွား။

အမယ် …၊ ဆန်အိတ်လောက်ကို၊ ဘယ်သူမှ၊ လှည့်မကြည့်တော့။

သမဝါယမ ဂိုဒေါင်ထဲက၊ (T.E-11) ကားကြီးကိုတောင်၊ တစ်စ,စီ ဖြုတ်နေကြပါရောလား။

သေးလူတွေရဲ့ အကူအညီနဲ့၊ ကျွန်တော်နဲ့ သန်းအောင်၊ ဆန်အိတ်တစ်အိတ်စီ၊ ထမ်းလာခဲ့ကြပါသေးတယ်။

"မင်းတော့ … ပစ်အသတ်ခံရတော့မယ်"

အဖေ့ … ချီးကျူးစကား။ "ဂိုဒေါင်နားမှာကို၊ လုံခြုံရေး စစ်တပ်ရှိတယ် ဖေဖေရဲ့။ ဘာမှမဖြစ်ဘူး" … လို့၊ ပြောပြတာ၊ မယုံသလိုလိုနဲ့။

နောက်တစ်ခွန်း၊ ထပ်ပြောပြလိုက်ပါသေးတယ်။

"ဒီမနက်၊ ဂိုဒေါင်တွေ၊ ဘယ်သူ စ,ဖောက်တာလဲတော့၊ မသိဘူး။

မနေ့ညနေက၊ ဆန်ဂိုဒေါင်က၊ ဆန်တွေကိုတော့။ စစ်တပ်က, လာသယ်သွားတာ"

အမေက …

"စစ်သားတွေက၊ သူတို့ သယ်သလို၊ ပြည်သူတွေလည်း သယ်ချင်မှာပဲ ဆိုပြီး၊ ခွင့်ပြုလိုက်တာနေမှာပေါ့"





အမေ့ သုံးသပ်ချက်လေးက၊ ကြားရတဲ့သူ၊ ပြုံးချင်စရာလေးပါ။

✳

နောက်ထပ်သတိထားမိတာ တစ်ခုက၊ ဆန်ဂိုဒေါင်တွေ၊ တိုင်ပါချွတ်ယူကြတာ၊ ဘာမှမဖြစ်ကြပေမယ့်၊ ဗားဂရာဘက်က၊ ခဲဂိုဒေါင်ဘက်၊ သွားဖောက်မိတဲ့ သူတွေကတော့၊ ကားခနဲပဲ … ဆိုလား။ သတင်းကြားရပါတယ်။

✳

ဘာပဲဖြစ်ဖြစ်။

ဒါ … တောကြောင်ကြိုက်တဲ့ အခြေအနေပေါ့။

တောမီးလောင်နေခဲ့တာလေ။

တောကြောင်က၊ တမင် ဖန်တီးသည်ဖြစ်စေ၊ မဖန်တီးသည်ဖြစ်စေ။ (တောမီးလောင်အောင်၊ တောကြောင်ကတော့၊ ဘယ်လုပ်ပါ့မလဲ)။ ဒါပေမဲ့ ဘယ်သူ့ကြောင့် လောင်လောင်။ တောမီးလောင်ပြီဆိုရင်တော့ … တောကြောင် လက်ခမောင်းခတ်တော့မှာပါပဲ။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com

(ယ)

မော်လမြိုင်က မင်းနိုင်လည်း ရန်ကုန်ရောက်။ အဋ္ဌမတန်းတုန်းက၊ ညီညီလှိုင်ဆိုတဲ့ သူငယ်ချင်းနဲ့ ကျွန်တော်နဲ့ မင်းနိုင်နဲ့ ပြန်ဆုံကြ။ ကျွန်တော် . . . [(ယူ. ဂျီ. ၁၈) ဆိုတာက,လွဲလို့]။ အရေးတော်ပုံကြီးထဲမှာ၊ စွမ်းစွမ်းတမံ ဆောင်ရွက်နေတာကို တွေ့ပြီး၊ မင်းနိုင်နဲ့ ညီညီလှိုင်တို့၊ ဝိုင်းကူကြ။ လက်တွဲကြ။ သွေးနှီးကြ။ သွေးစည်းကြ။

နိုင်ဝင်းက . . . ကိုမြတ်စံတို့နဲ့ ဆက်လုပ်။ သန်းအောင်က၊ သူ့တက္ကသိုလ်က (ဗ. က. သ) တွေနဲ့ ဆက်လုပ်။ ကျွန်တော်က၊ မင်းနိုင်နဲ့ ညီညီလှိုင်တို့နဲ့အတူ၊ နိုင်ဝင်းတို့နဲ့ အဆက်အသွယ်ယူပြီး၊ ပူးပေါင်းဆောင်ရွက်။

နိုင်ဝင်းနဲ့ ဆက်သွယ် ညှိနှိုင်းပြီးမှ၊ မင်းနိုင်တို့နဲ့ ဆက်လုပ်ရတဲ့သဘောပေါ့။

✳

ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ) ရှေ့မှာ၊ နိုင်ဝင်းတို့ ကျောင်းသားတွေ၊ ဟောပြောပွဲလုပ်တယ်။





ကျွန်တော့်ရပ်ကွက်နဲ့နီးလို့ အဲဒီ ဟောပြောပွဲစင်ပေါ် **မတက်**ချင်ပေမယ့်၊ တာဝန်အရ . . . တက်လိုက်ရတော့တာပါပဲ။

စင်မြင့်ပေါ်မှာ၊ မ. ဆ. လ . . . ခေါင်းဆောင်အပေါ်၊ ပုဂ္ဂိုလ်ရေး ပုတ်ခတ်တဲ့ စကားမျိုး တစ်ခွန်းနှစ်ခွန်း ကျွန်တော့် ပြောမိပါသေးတယ်။ ပြောပြီးမှ . . .၊ စိတ်ကို၊ ထိန်းပြီး . . . လိုရင်းကို ပြောရပါတော့တယ်။

ကျွန်တော်နဲ့ လွှန်ခဲ့တဲ့နှစ်တွေက၊ ရန်ဖြစ်ထားတဲ့၊ ရပ်ကွက်ထဲက ကောင်တွေ . . . (ကျော်စွာ၊ ထွန်းလင်း၊ ရဲထွဋ်၊ ထွန်းအောင်၊ အောင်နိုင်ဦး . . .) ကို၊ စင်မြင့်ပေါ်က,နေ တွေ့လိုက်ရတယ်။

ဩော် . . .၊ ငါနဲ့ ရန်ဖြစ်ထားကြတဲ့ကောင်တွေတောင်၊ ငါ့စကားကို၊ လာနားထောင်နေကြပါလား . . . လို့ တွေးပြီး ပျော်သွားတယ်။ အဲဒါနဲ့ပဲ၊ ခေါင်းထဲကို၊ အသိတစ်ခု ဝင်လာပြီး . . .၊ အားလုံးနဲ့ သက်ဆိုင်တဲ့ စကားတစ်ခွန်းကို၊ အာပေါင်အာရင်းသန်သန်နဲ့၊ ပြောလိုက်ပါတော့တယ်။

"ကိုလိုနီ အစိုးရလက်ထက်တုန်းက၊ အစိုးရကို တော်လှန်ကြတော့မယ်ဆိုရင် . . . ကုလားနဲ့ဗမာ ရိုက်ပြီ။

ဒါ . . . သတိထားရမယ့်ကိစ္စပဲ။ အဲဒါကြောင့် အခု . . . တော်လှန်ရေးကာလအတွင်းမှာ၊ ကုလားနဲ့ဗမာနဲ့လည်း . . . မရိုက်ပါနဲ့။ တရုတ်နဲ့ ကုလားနဲ့လည်း၊ . . . မရိုက်ပါနဲ့။ ဗမာနဲ့တရုတ်နဲ့လည်း၊ . . .



www.burmeseclassic.com

www.burmeseclassic.com



မရိုက်ပါနဲ့။

ဆင်းရဲသားပြည်သူ့ဘဝကို၊ လွတ်မြောက်အောင် မစွမ်းဆောင်နိုင်တဲ့၊ အဖွဲ့အစည်းကို,ပဲ ... ဘုံရန်သူအဖြစ်နဲ့ တော်လှန်ကြရမှာပါ။

ဒါကြောင့် ... ကုလားလူမျိုးနဲ့ ဗမာလူမျိုးနဲ့၊ ရပ်ကွက်ထဲမှာ၊ ရန်ဖြစ်တာတွေ့ရင်၊ ကိုယ့်လူ ကိုယ် ထိန်းပေးကြဖို့ လိုပါတယ်။

စကားအကုန်ပြောလိုက်ပါ့မယ်။ ဒီ ... အချိန်မှာ၊ ဟိုးတုန်းက ...၊ ရန်ဖြစ်ထားတဲ့၊ သူငယ်ချင်းတွေ ရှိနေကြရင်တောင်၊ ရန်ဖြစ်တာတွေ ရပ်ပြီး၊ အတူလက်တွဲပြီး၊ တိုက်ပွဲဝင်ကြရအောင် ... လို့၊ သူငယ်ချင်း အားလုံးကို၊ ဖိတ်ခေါ်ရင်း၊ ကျွန်တော် နိဂုံးချုပ်ပါတယ်”

(လက်ခုပ်သံများ)

✳

ခုနက၊ ရန်ဖြစ်ထားတယ်ဆိုတဲ့၊ ရပ်ကွက်ထဲက ကောင်တွေ၊ ကျွန်တော့်ကို၊ လာနှုတ်ဆက်ကြတယ်လေ။ ကျွန်တော် ဘယ်လောက် တော်လိုက်သလဲ၊ နော် ...။

မြသန်းထွဋ်နဲ့ တခြား (နာမည်မပြောချင်တဲ့) ကောင်တစ်ကောင်က လွဲရင်၊ ကျန်တဲ့ ရွယ်တူတွေအားလုံး၊ ရပ်ကွက်ထဲမှာ၊





လုံခြုံရေးတာဝန်တွေ၊ ကိုယ်စီယူကြတယ်။ (အိမ်တိုင်း ... အလှည့်ကျ)။

ထူးဆန်းတာက ... မြသန်းထွဋ်နဲ့ သူ့အိမ်ရှေ့က ကောင်ရဲ့ ကိုယ်စား၊ ကင်းထွက်စောင့်ကြတာ၊ သူတို့ အမေတွေ၊ ကဲပါ ... ကျွန်တော်တို့ပဲ စောင့်ပေးပါ့မယ်ပြောပြီး၊ အဒေါ်ကြီးတွေကို၊ အိမ်ထဲ ပြန်ဝင်ခိုင်းရတယ်။

လောက,မှာ၊ ဘယ်သူတွေ၊ ဘာအတွက် ဘယ်လို အသက်စွန့်စွန့်၊ နေစိမ့်နိုင်တဲ့သူတွေလည်း၊ ရှိတတ်ကြတာပဲ ... ဆိုတာ၊ မြသန်းထွဋ်နဲ့ သူ့အိမ်ရှေ့က ကောင်က၊ သက်သေပြနေသလိုပါပဲ။ အသက် (၂၀) နဲ့ (၂၀) ကျော်ဝန်းကျင်၊ ရွယ်တူအချင်းချင်း၊ အမေတွေက စိုးရိမ်ကြသတဲ့။

ကျွန်တော့်အမေလည်း၊ သေလုမျောပါး စိုးရိမ်တာပါပဲဗျာ။ တွေးရင်း ... “ငါလည်း ... ငါ့အိမ်ထဲ၊ ဝင်အိပ်နေတာ ကောင်းမယ်” လို့၊ ဆုံးဖြတ်မိတယ်။ ဒါပေမဲ့ဗျာ၊ ကျွန်တော့်စိတ်က၊ ကျွန်စိတ်,လား၊ သခင်စိတ်လား၊ သူပုန်စိတ်လား၊ ဓားပြစိတ်လား၊ မသိတော့ပါဘူး။

ဘဝ,တူတွေ ... ရပ်ကျိုးရွာကျိုးကို၊ ညဏ်မီသလောက် ဆောင်ရွက်နေကြမှန်းသိပါလျက်၊ အိမ်ထဲဝင်ပြီး၊ ပျော်အောင် အိပ်နိုင်စွမ်း၊ ကျွန်တော့်မှာ၊ မရှိဘူး။ (ကိုယ့်မှာသာ မရှိတာပါ)။

နေနိုင်သူကြီးတွေက,တော့၊ ခေတ်တိုင်း စနစ်တိုင်းမှာ၊ နေနိုင်အောင် နေခဲ့ကြတာပါပဲ။ နေတတ်အောင် နေခဲ့ကြတာပါပဲ။ ဘာတဲ့ ... သူတို့သုံးတဲ့ ... စကား။ နေတတ်ရင်၊ ကျေနပ်စရာချည်းပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါလား။ ကျွန်တော်နဲ့ ကျွန်တော့်လိုကောင်မျိုးတွေက, သာ၊ မနေတတ်, မထိုင်တတ်။

အန္တရာယ်နဲ့ နပန်းလုံးခဲ့ကြရတာတောင်၊ ဟိုး ... ငယ်ငယ်တုန်းက၊ သေနတ်ပစ်တမ်း ကစားသလောက်ပဲ၊ သဘောထားခဲ့ကြရတာလေ။

သေမှာမကြောက်ဘဲ နေပို့မလား။ ကြောက်ကြောက်နဲ့၊ ကိုယ်လုပ်ချင်တာ၊ ရအောင်လုပ်ခဲ့ကြတာပါ။ (ကြောက်တိုင်းသာ၊ နောက်ဆုတ်ကြစတမ်းဆိုရင်၊ သမိုင်းဆိုတာ။ သံချေးတက်နေတဲ့၊ ချွေးသွားစိပ်တွေလိုပဲ၊ ခြောက်သွေ့ရပ်တန့်နေပေရော့မယ်)။

သမိုင်းဆိုတာ၊ တစ်ခါတစ်ရံမှာ ... သွေးနဲ့ရေးခဲ့ကြရတာကလား။ ဘယ်သူတွေ ... ဘယ်လိုဘယ်လောက်၊ သွေးနဲ့ပဲ ရေးရေး, ချွေးနဲ့ပဲ ရေးရေး၊ အေးအေးဆေးဆေး၊ ဝက်မှိန်း, မှိန်းပြီး၊ ရှုးချင်ယောင်ဆောင်နေတတ်သူတွေ၊ ရှိတတ်တာလည်း။ အံ့သြစရာတော့၊ မဟုတ်ပါဘူးလေ။

✳

သမဂ္ဂတွေ ပေါ်လာလိုက်တာမှ အများကြီး။ အလှဖန်တီးရှင်များ၊ သမဂ္ဂ ... ဆိုတာအထိ၊ ဖွဲ့ကြ, ရွဲ့ကြပါလေရော။

တက်ခဲ့ဖူးတဲ့၊ အထက်တန်းကျောင်းမှာတောင်၊ ကျောင်းသားဟောင်းများ သမဂ္ဂဆိုလား။ ငါ ... ဥက္ကဋ္ဌ လုပ်မယ်။ သူ ... ခေါင်းဆောင်မယ် ... ဆိုတာမျိုးတွေတောင်၊ ကြားရ, မြင်ရ, ကြုံရ,





တွေ့ရ။

အဲဒီလို ... နေရာမျိုးမှာ၊ ဟောပြောပွဲ ... လုပ်။ စကားလာပြောပေးပါ ... ဆိုတော့၊ ဘာပြောရမှန်း မသိ။

"ကျောင်းသားဟောင်း။ တော်လှန်ရေး ရဲဘော်၊ မင်းထက်မြတ်က၊ ရဲရဲတောက် မိန့်ခွန်း၊ ဟောကြားပါတော့မယ်" ... တဲ့။ ဘာကို ရဲရဲတောက်ရမှန်း မသိတော့တဲ့ အခြေအနေ။

လူရှင်တော်ဦးဓာဂနာရဲ့ ရဲရဲတောက် မိန့်ခွန်း။ တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ၊ ကိုမင်းကိုနိုင်ရဲ့၊ ရဲရဲတောက်မိန့်ခွန်း။ ဟို ... လူ, ဒီလူရဲ့ ရဲရဲတောက်မိန့်ခွန်း။ တစ်နိုင်ငံလုံး၊ ရဲရဲတောက်။ ကျွန်တော် ဘာပြောရမှန်း မသိ။

ရန်ကုန်ဆေးရုံကြီး ဝင်းထဲမှာလည်း၊ လူရှင်တော် ဦးဓာဂနာ၊ ရုပ်ရှင်မင်းသား ဦးဇင်ဝိုင်းနဲ့၊ သဘင်ပညာရှင်တွေ အပါအဝင်၊ ပြည်သူလူထုတွေ၊ ကျောင်းသားတွေ၊ အစာငတ်ခံ ဆန္ဒပြ။ အဲဒီအထဲ၊ ကျွန်တော်တို့၊ မပါ။

"မိဘ၊ ဆရာ၊ သူတော်ကောင်းတွေက,သာ
သားသမီး ထမင်းမစားဘူးဆိုရင်။ ပူကြပင်ကြ၊ စိတ်
ထိခိုက်ကြမှာ။
အသက်ကိုတောင်၊ တန်ဖိုးမထားတဲ့ သူတွေ
ကို၊ အစာအငတ်ခံပြနေတာ၊ ကျွဲပါးစောင်းတီးနေ
သလို ဖြစ်တတ်တယ်"

ဒါ ...၊ ခိုင်ဝင်းနဲ့ ကျွန်တော်တို့ရဲ့ ... ခံယူချက်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com





ကြောင့်၊ လိုတာလေးတွေ ကူညီပြီး၊ ပြန်ခဲ့ကြ။ ထိထိရောက်ရောက်၊ နောက်ထပ်တစ်ခု လုပ်ရမယ် ... ဆိုတာတော့ ခန့်မှန်းထားမိတယ်။ ဘာလုပ်ရမှန်း မသိသေး။

ဒီကြားထဲ အခု ... ကျောင်းသားဟောင်းများသမဂ္ဂ ... ဆိုတဲ့၊ ဟောပြောပွဲမှာ၊ ဘာပြောရမှန်း မသိတော့တာ ပိုဆိုးတယ်။ ဘာဖြစ်လို့လဲ ... ဆိုတော့၊ ဘာမှ မပြောချင်တော့လို့။

"မင်းနိုင်နဲ့ညီညီလှိုင်"

"ဘာလဲ"

"ငါ ... မပြောချင်ဘူး"

"ကြေညာပြီးနေပြီလေကွာ။ တစ်ခွန်းနှစ်ခွန်းတော့၊ ပြောလိုက်ပါ"

ပြောဆိုလည်း၊ ပြောရတာပေါ့။ (ရှေ့က၊ ပြောပြီးသွားတဲ့၊ ကျောင်းအုပ်ဆရာကြီး။ သူ ... မပြောချင်ဘဲ ပြောသွားတာ၊ တခြားလူတွေ သိ,မသိ၊ ကျွန်တော် မသိဘူး။ ကျွန်တော်တော့ သိတယ်။ ကျောင်းသားတွေရဲ့ဆန္ဒကို၊ မလွန်ဆန်နိုင်လို့ လုပ်ရတဲ့ကိစ္စ။ ပြောရတဲ့ ... စကား)။

ကျွန်တော့်အနေနဲ့ကတော့၊ ဟောနေပြောနေကြရမယ့် အခါသမယ မဟုတ်တော့ဘူး ... လို့ ထင်ပါတယ်။ ဒါပေမဲ့ ... ကျွန်တော်တို့က၊ လူငယ်။ လူငယ်လောက်ပဲ သိမှာပါ။ လူကြီးတွေ ... တစ်ခုခု၊ လုပ်ကြရမယ့်အချိန်မှာ ဟောနေ ပြောနေတာမျိုးတောင်၊ မလုပ်စေချင်တော့တာပါ။



စင်ပေါ်တက်။ မဟောချင်ပေမယ့်။ ဟောရပြီဆိုတော့လည်း ဘာကယ်လိုတဲ့ ... စကားတော့ ပြောရတော့မှာပဲ။

"...

...။ ဟောတယ် ... ဆိုတာ၊ သိတဲ့ တတ်တဲ့သူက၊ မသိမတတ်တဲ့ သူကို၊ ဆရာလုပ်တာပဲ။

အဲဒီတော့ ... ကျွန်တော် မဟောဘူး။ ပြောပဲ ပြောမယ်။

တရားမဟောဘူး။ စကားပဲပြောမယ်။ ဒီမှာ ... ရှိတဲ့ လူတွေအားလုံးနဲ့ ကျွန်တော်။ အတူတူပဲ။ ခံစားချက်, မျိုးသိပ်မှု, ဆန္ဒ, ရည်ရွယ်ချက် ... အားလုံး အတူတူပဲ။

ခံစားချက် တူ, ဆန္ဒ တူတဲ့၊ လူအချင်းချင်း၊ ပိုသိသလိုလို၊ ပိုတတ်သလိုလိုနဲ့၊ စင်ပေါ်က, နေ ဆရာမလုပ်ဘူး။

တညီတညွတ်တည်းပဲ ... လိုရာဆန္ဒတစ်ခုတည်းကိုပဲ၊ တောင်းဆိုလိုက်မယ်။

ကဲ ... တောင်းဆိုလိုက်ကြရအောင်။ ဒီမိုကရေစီရရှိရေး ..."

"ဒို့အရေး၊ ဒို့အရေး"

"ဖမ်းဆီးကျောင်းသား ပြန်လွှတ်ရေး"

"ဒို့အရေး ... ဒို့အရေး"



www.burmeseclassic.com

www.burmeseclassic.com 



“အရေးတော်ပုံ”

“အောင်ရမည်”

“အရေးတော်ပုံ”

“အောင်ရမည်”

“၀၀၀”

“၀၀၀”

အဲဒီအချိန်မှာ၊ စင်မြင့်ထောင့်က,နေ ရည်းစားဖြစ်သူနဲ့ ညီမ
က ၀၀၀ စကားတစ်ခွန်း လှမ်းပြောတယ်။

“ကိုရန်မျိုးအောင်”

“ပြော”

ကျွန်တော့်လက်ထဲမှာ၊ မိုက်ခရိုဖုန်းနဲ့ ၀၀၀။

“အဲဒီအလုပ် ၀၀၀ လုပ်နေရင်း၊ မမက ၀၀၀ သူ့
ကို ဖြတ်ပါ ၀၀၀ တဲ့”

အဲဒီအသံ ၀၀၀ အားလုံး ကြားသွားပါတယ်။

အဲဒါကြောင့်ပဲ ၀၀၀ ကျွန်တော်က ၀၀၀

“ကဲ ၀၀၀၊ ကျောင်းသား, ကျောင်းသူ
အပေါင်းတို့။ ရည်းစားက,တော့၊ အမှာပါးလိုက်ပြီ။
ဒီ ၀၀၀ အလုပ် လုပ်နေရင်း သူ့ကို ဖြတ်ပါတဲ့”

“ဟေး ၀၀၀”

“အားလုံးရှေ့မှာ၊ အချစ်ကို၊ ဦးထိပ်ထားပြီး
ကျွန်တော် ကြေညာပါတယ်။ အခုအချိန်က ၀၀၀ စပြီး



ကျွန်တော့်ရည်းစားကို၊ ကျွန်တော် ဖြတ်ပါတယ်”

“၀၀၀ ဟေး ၀၀၀”

(ဟေးလားဟားလား ၀၀၀ လက်ခုပ်သံများ)။

✳

တက္ကသိုလ်ကျောင်းသားကြီးများနဲ့အတူ၊ အမည်ရင်းတွေ၊ ပြောကြ၊ အတန်းပညာအရည်အချင်းတွေ ပြောကြရင်း သွေးသောက်ရဲဘော် ဖွဲ့ကြတယ်။ တစ်နိုင်ငံလုံးက၊ ကျောင်းသားခေါင်းဆောင်အားလုံးရဲ့ တောင်းဆိုချက်တွေ၊ စာရွက်ပေါ် ချရေးလိုက်တာ၊ အများကြီးပဲ။

အဲဒီအများကြီးတွေကို၊ ဆန်ခါစစ်ချလိုက်တာ၊ လိုအင်ဆန္ဒအားလုံးဟာ၊ “ဒီမိုကရေစီ မရှိလို့” ၀၀၀ ပေါ်ပေါက်လာရတာလို့ ဆုံးဖြတ်ကြတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအပါအဝင်, တစ်ပါတီစနစ်ကြီးစိုးမှု ၀၀၀ တွေဟာ, “ဒီမိုကရေစီစနစ်” မကျင့်သုံးလို့ဘဲ ၀၀၀ လို့ အဖြေထုတ်ကြတယ်။

တောင်းဆိုလို့မရရင်၊ လက်နက်ကိုင်လမ်းစဉ်ကို၊ အသုံးပြုဖို့ တောခိုကြမယ် ၀၀၀ လို့ ဆုံးဖြတ်ကြတယ်။ ကျွန်တော် လက်နက်မကိုင်ချင်ပေမယ့်၊ အများဆန္ဒကို၊ အလေးအနက် လိုက်နာခဲ့တယ်။ (ဘယ်တောကို ခိုရမယ်တော့၊ မသိဘူး)။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com


## (၇)

သရက်တော ကျောင်းတိုက်အတွင်းရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းအတွင်း၌၊ ကျောင်းသားခေါင်းဆောင်များ အစည်းအဝေး။ (ကိုမြတ်စံ မပါ)။ အသက်လေးဆယ့်ငါးလောက် လူတစ်ယောက်က၊ မျက်နှာစိမ်း။ တောတွင်းက၊ လာတာ . . . တဲ့။

"လိုက်မယ့်သူ။ ဟိုရောက်တာနဲ့ M-16 ပေးမယ်။ . . ."

ကျွန်တော်က . . .

"ကျည်ဆန်က,ရော"

"ကျည့်ကတ် . . . အကာတ်နှစ်ဆယ် ပေးမယ် လေ"

"ကျွန်တော် ကြားဖူးတာက၊ ကျည်တစ်ကတ် ကို၊ တစ်မိနစ်လောက်ပဲ ပစ်လို့ရတာဆို။

ကျည်ကတ် နှစ်ဆယ်ဆိုတော့၊ မိနစ်နှစ်ဆယ် တည်းပဲ . . . ပစ်လို့ ရမှာပေါ့။ အဲဒါကုန်သွားရင် . . . ဘယ်လိုလုပ်မလဲ"

"ဟာ . . . ရဲဘော်လေးက,လည်း၊ ညှံ့လိုက် တာ၊ ကျည်ကုန်သွားတော့လည်း၊ ရန်သူ့လက်နက်၊ ကိုယ်လက်နက်ပေါ့ကွ"

"စစ်သားတွေဆီက၊ ကျွန်တော်တို့က, သေနတ်လုရမှာလား"

"ဒါပေါ့"

"အညံ့ဆုံး စစ်သားတောင်၊ သေနတ်ပစ် ခြောက်လ,လောက်တော့၊ သင်ထားပြီးသား။

အခုမှ သေနတ် မြင်ဖူးတဲ့ကောင်တွေက၊ သူတို့လက်ထဲက, သေနတ် သွားလုရမယ်ဆိုတော့၊ ခင်ဗျား၊ ကျွန်တော်တို့ကို၊ အရူးတွေလို့များ၊ သတ် မှတ်ထားလို့လား"

"စကားပြော . . . မရိုင်းပါနဲ့ ရဲဘော်"

"ရှိုင်းတော့ ××× . . . ဖြစ်လား"

"ဟေ့ကောင်၊ ဘုန်းကြီးကျောင်းဝင်းထဲမှာ" နိုင်ဝင်း ဝင်ဟန့်မှ၊ ကျွန်တော် စိတ်ထိန်းလိုက်ရသည်။

"အားလုံးပဲ၊ ကျွန်တော် ပြန်ပါဦးမယ်။ နိုင် ဝင်း . . . မင်းလည်း၊ ရူးနေရင် အဲဒီလူနဲ့ လိုက်သွား"

"ဘာလို့ လိုက်ရမှာလဲကွ"

". . . . . . . . .

. . ."

ဘယ်ဟာက၊ မဂ္ဂဇင်းပေါက်, ဘယ်ဟာက လုံခြုံရေးလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေးတော်လေးကိုပဲ၊ ကြားဖူး ... နားဝ ရှိကြတဲ့၊ လူငယ်တွေ အခေါ်၊ ဒါ ... လာပြီး အသုံးချတာ ... လို့၊ ကျွန်တော် ချက်ချင်း သိလို့ ချက်ချင်း ရှင်းပျတဲ့ပြန်ပစ်လိုက်တာပါ။

ဘယ်အဖွဲ့အစည်းက ဖြစ်ဖြစ်၊ မဟုတ်မဟပ်နဲ့ မြှူဆွယ်တာ မျိုးလုပ်ရင်၊ အဲဒီ့ အဖွဲ့အစည်း၊ သေချာပေါက် ကျဆုံးမှာပါပဲ။ (တိုက်ပွဲဆိုတာ၊ တစ်ခါတစ်ရံမှာ၊ လက်နက်အဓိက, မဟုတ်ဘူး။ ဗျူဟာ ... အဓိက)။

လက်နက်ရှိရုံနဲ့ တိုက်ပွဲဝင်လို့ရမယ်ထင်ရင်၊ အဲဒါ ... မဟာ အမှားပဲ။

အမေစုနဲ့ ... နိုင်ငံရေးသမား လူကြီးတွေ ... တစ်ခုခု ဆောင်ရွက်နေကြမယ်လို့၊ ကျွန်တော် ထင်ပေမယ့်၊ ကျွန်တော်တို့ ဘာဆက်လုပ်ရမှန်း မသိတဲ့၊ အခု ... အခြေအနေမျိုးဟာ၊ အန္တရာယ် အကြီးဆုံး အခြေအနေပဲဆိုတာ၊ ကျွန်တော် အလိုလိုသိနေတယ်။ ဒါပေမဲ့ ... ဘာလုပ်ရမှန်းတော့ မသိဘူး။

U.G.18 အဖွဲ့ထဲက၊ တချို့က,တော့၊ ကြိုတင်ပြီး တောခို ထားရင် အကောင်းဆုံးပဲ ... တဲ့။

အဲဒါ ... အကောင်းဆုံးမဟုတ်မှန်း၊ သမိုင်းအထောက်အထား အများကြီး ရှိတယ်ဆိုတာ၊ ကျွန်တော် လေ့လာဖူးတယ်။

ပြီးတော့ ... ကျွန်တော့်အသက်အရွယ်က၊ ဘာမှ အတွေ့အကြုံ သိပ်မရှိသေးတဲ့အရွယ်။ တောထဲမှာ၊ ကျင်လည်ရလောက်အောင်၊ ကျွန်တော် တောမကျွမ်းသေးပါဘူး။ နိုင်ငံရေးတောကြီးကို၊





ကျွမ်းကျင်တဲ့ ... ဆရာ့ဆရာကြီးတွေတောင်၊ တောခိုပြီးရင်၊ မြို့ကို တော်တော်နဲ့ ပြန်ရောက်မလာကြတော့ဘူး မဟုတ်လား။

တောမကျွမ်းဘဲ (နိုင်ငံရေး) တောတန်းထဲမှာ၊ ဖြစ်ချင်တာ လေး အော်နေ, ဟစ်နေတာတောင်၊ ကျွန်တောတို့မှာ၊ တော်တော် လေး အန္တရာယ်များနေပါပြီ။

အာဏာလက်တစ်ဝါးစာလောက်ရှိတုန်းက၊ အအုပ်ချုပ်ခံ လူတန်းစားကို၊ အာဏာလက်တစ်ဖောင်လောက်ပြခဲ့မိလို့ မကျေနပ်ခဲ့တဲ့လူတွေရဲ့၊ လက်တုံ့ပြန်မှု။ အဲဒီလို လက်တုံ့ပြန်မှုနဲ့ ရောပြီး ... ပုဂ္ဂိုလ်ရေး မုန်းတီးမှုတွေက,ပါ၊ ရောင်တော်ပြန်နဲ့ ရောသွတ်။

ရွှေချိုးဖြူ အဖွဲ့က၊ လူ့ခေါင်းပြတ်ကြီးတောင်၊ တုတ်နဲ့ ထိုးပြထားတယ် ... လို့ ကြားရ, သိရ။

ကျွန်တော့် ရပ်ကွက်အနားမှာ၊ ပြည်သူ့ရဲတစ်ယောက်ကို တခြားရပ်ကွက်က လူတွေက၊ ရိုက်ပုတ်သတ်ဖြတ်ဖို့ ကြိုးပမ်းကြတာ၊ ရပ်ကွက်က လူကြီးတွေက၊ ဝိုင်းဝန်းဟန့်တား၊ ကယ်ဆယ်၊ တခြားပြည်သူ့ရဲတစ်ယောက်က,တော့၊ တခြား ရပ်ကွက်လမ်းမ,ပေါ်မှာ သေဆုံး။

အဆိပ်ခတ်တယ်, ... ဆိုတဲ့လူ၊ အဆိပ်ခတ်ခဲ့သူကို ... ခေါင်းဖြတ်တယ် ... ဆိုတဲ့သတင်း။ ဒါတွေက ... တော်လှန်ရေး သတင်း မဟုတ်မှန်း၊ ကျွန်တော် သိရတဲ့အချိန်မှာ စစ်တပ်က အာဏာ သိမ်းတော့မယ်ဆိုတာ၊ ကျွန်တော် ခန့်မှန်းနိုင်ခဲ့ပါတယ်။

"ငါတော့ ... တိမ်းတော့မယ် ရှန့်မှီအောင်



www.burmeseclassic.com

www.burmeseclassic.com



"တောခိုမလို့လား"

"လိုအပ်ရင်ပေါ့။ လောလောဆယ်တော့၊ နယ်တစ်နယ်နယ်မှာ၊ သွားရှောင်နေတော့မယ်။

ငါတို့အထဲက၊ တချို့၊ တောခိုသွားပြီ . . . လို့ ကြားတယ်"

"ကိုမြတ်စံတို့၊ ဖော်လင်းကျော်တို့၊ ကိုပေါ ကြီးတို့ရော"

"တောခို၊ မခိုတော့ မသိဘူး။ မတွေ့ကြ တော့ဘူး။

သတ်ကြဖြတ်ကြ . . . ဆိုတာ။ ငါတို့ တော်လှန်ရေး မဟုတ်ဘူး။

ဒါ . . . ဘီလူးစီးနေတဲ့ လူတချို့နဲ့ အငြိုးကြီး တဲ့၊ လူတချို့ရဲ့ . . . လုပ်ရပ်"

"ဗ. က. ပ . . . လို့တောင် စွပ်စွဲနေကြတယ်။ မင်းမဲ့စရိုက်ဆိုတဲ့ . . . ဝေဖန်သံ ထွက်နေပြီ နိုင်ငံ။

ရောင်စုံသူပုန်တွေ၊ သောင်းကြမ်းလို့၊ နိုင်ငံ တော် အာဏာကို၊ လွှဲပြောင်းယူလိုက်ရပါတယ် . . . ဆိုတာမျိုး၊ ကြားရတော့မယ် ထင်တယ်"

"ဒေါက်တာ မောင်မောင်၊ သတိပေးသွားပါ တယ်။ . . . ,

ဒါပေမဲ့ . . . ဘာလုပ်နေလဲ မောင်မောင်ရယ်၊





ဒီမိုကရေစီ ပေးလိုက်ပါလား။ သံချပ်ကလေး ပြည် သူထဲ ရောက်သွားတာပဲ . . . ရှိတယ်။

ဂိုဒေါင်တွေ ဖောက်။ ပြည်သူပိုင် အဆောက် အအုံတွေ . . . ဖျက်ဆီး။ မကျေနပ်ချက် အမျိုးမျိုး ကြောင့် . . . လူသတ်, ခေါင်းဖြတ်ကြ။

အဲဒီလို ဖြစ်အောင်၊ လှုံ့ဆော်တဲ့ လူတွေ . . . ရှိတယ် ဆိုတာ၊ ငါတို့ ခန့်မှန်းနိုင်ပေမယ့်၊ ဒါဟာ . . . ငါတို့ကြောင့် ဖြစ်တာလို့ အထင်ခံရတော့မယ်။

မျက်မြှောက်လေ . . . ဆရာကြိုက်လေ၊ တော မီးလောင်လေ . . . တောကြောင်ကြိုက်လေ ဆိုသလို ပဲ . . . ၊ ကြမ်းတမ်းတဲ့ အမှုအကျင့်တွေနဲ့ ဥပဒေမဲ့ . . . အပြုအမူတွေ၊ လုပ်မိအောင်, လှုံ့ဆော်သူတွေ . . . ရှိနေသမျှ ငါတို့ . . . ဒီမိုကရေစီ အရေးတော် ပုံကြီး ကျဆုံးလိမ့်မယ် . . . ရန်မျိုးအောင်။

ဒီမိုကရေစီ . . . ကြောင့်၊ လူတွေ သေတယ်၊ ခေါင်းတွေ ဖြတ်တယ်။ ဂိုဒေါင်တွေ ဖောက်တယ်၊ မင်းမဲ့စရိုက် ကြီးစိုးတယ် . . . ဆိုတာမျိုး ဖြစ်အောင်၊ တမင် ဖန်တီးနေသူတွေ . . . ၊ သိပ်, သဘောကျ နေကြတော့မယ်"

"ပြုပြင်ပြောင်းလဲတာကို၊ လူတိုင်း လိုလား ပေမယ့်၊ မပြောင်းလဲခင်က၊ ကျိုးကျိုးတက် ချိုးသော



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝ,နေတဲ့သူတွေက၊ ဒါကို ... ဘယ် ... ကြိုက်ပါ့မလဲ"

"ဖောက်ပြန်ရေးသမားဆိုတာ၊ အဲဒီ ... ငတောမာရင်ပြီးရော ... လူတွေကို၊ ခေါ်တာပေါ့ကွာ"

အမိအဘ, မဲ့သူများကဲ့သို့၊ ကျွန်တော်တို့၊ ခံစားနေကြရတယ်လေ။ သူငယ်နှပ်စား ... အသိဉာဏ်နဲ့၊ သိသလောက်တော့၊ လုပ်ခဲ့ထားပါပဲ။

# 10 - D

www.burmeseclassic.com

www.burmeseclassic.com

(လ)

(၁၈ စက်တင်ဘာ ၁၉၈၈) မှာ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်က (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဖွဲ့ပြီး)၊ နိုင်ငံတော် အာဏာကို၊ သိမ်းလိုက်ပါတယ်။

✳

နောက်တစ်နေ့မနက်မှာ . . .

"စစ်အစိုးရ . . . အလိုမရှိ"

"ဒီမိုကရေစီ ရရှိရေး"

"ဒို့အရေး . . . ဒို့အရေး"

ခိုင်ဝင်းနဲ့သန်းအောင် ပါမလာတော့ဘူး။ ခိုင်ဝင်း . . . ဘယ်ကို တိမ်းရှောင်သလဲ ကျွန်တော် မသိဘူး။ သန်းဇော်ဦး၊ သော်ပဟိန်း၊ အောင်နိုင်ဦး၊ မင်းနိုင်၊ ညီညီလှိုင် . . . တို့တစ်တွေ . . . သူ့အဖွဲ့နဲ့သူ။

သန်းဇော်ဦးတို့က၊ တက္ကသိုလ်ကျောင်းသားတွေနဲ့။ ကျွန်တော်က . . . မင်းနိုင်တို့၊ ညီညီလှိုင်တို့နဲ့၊ ညီ, ညီမ,အရွယ် ကျောင်းသား ကျောင်းသူလေးတွေကို၊ ဦးဆောင်ပြီး၊ စစ်အာဏာသိမ်းသောကို၊ စ,တင်၊ ဆန့်ကျင်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သန်းအောင်လည်း၊ တက္ကသိုလ်ကျောင်းသားတွေနဲ့ အတူ ... ရှိနေလိမ့်မယ်တော့။ ထင်မိတယ်။

သခင်မြ ပန်းခြံနံဘေးကို၊ ဆန္ဒပြ စစ်ကြောင်းကြီးအရောက်၊ ဆိုင်ကယ် ... (၂) စီး၊ ကျွန်တော့်ကို လာဆက်သွယ်တယ်။

"မြို့ထဲကို၊ မသွားပါနဲ့တဲ့။
ပြန်လှည့်ကြပါ ... တဲ့"
"ဘယ်သူ ... ပြောတာလဲ။
ဘယ်သူလှည့်ခိုင်းတာလဲ"
"အန်တီစု ... မသွားခိုင်းတာပါ။ ကိုယ့်အိမ်ထဲမှာ၊ ကိုယ် ... နေကြပါ ... တဲ့၊ မှာလိုက်တယ်"
"အမေ စုက၊ အခု ... ဘယ်မှာလဲ"
"သူ့အိမ်မှာ"
"ဘာ ...။ သူက ... အိမ်ထဲမှာ၊
ဟုတ်လား"

ဆိုင်ကယ်နဲ့ သတင်းပေးတဲ့ ကျောင်းသားရဲဘော်ကြီးက ခေါင်းညိတ်တယ်။

"အမေစုသာ ... ကျွန်တော်တို့ ရှေ့တည့်တည့်မှာ၊ အလံကိုင်ပြီး၊ လာ ... မတ်တတ်ရပ်ပေးထားရင်၊ သိပ်ကောင်းမှာပဲ"
"လူကြီး ... က၊ အပြင်မထွက်နဲ့ဆို၊ မထွက်နဲ့ပေါ့၊ ညီလေရာ။ ကဲ ... ငါတို့ တခြားအဖွဲ့တွေကို၊





သွားတားလိုက်ဦးမယ်"

ဆိုင်ကယ်တွေ ထွက်သွား။

ကျွန်တော် (လူငယ်စိတ်နဲ့)၊ လူကြီးတွေကို၊ မကျေနပ်။ သူတို့သာ၊ ရှေ့က ဦးဆောင်ရင် ကောင်းမယ် ... ပေါ့။ အခုတော့ ... လူကြီးတွေက၊ အိမ်ထဲမှာ။

တကယ်ပါ။

လမ်းမပေါ်မှာ၊ ကျောင်းသား ကျောင်းသူ လူငယ် လူရွယ်တွေ ... အများစု။ ပြီးတော့ ... ပြည်သူလူထု။

ဉာဏ်ပညာ နည်းပါးလွန်းတဲ့ ကျွန်တော် ... ဒေါသ,ကယ်ထိပ်တက်။

"လာကွာ။ သေပေ့စေ။ မြို့လယ်ကောင်သွားမယ်"

သခင်မြပန်းခြံဘေးကနေ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းဘက်၊ ချိုးကွေ့။ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် ဟစ်အော်ကြ။

"စစ်အစိုးရ ... ပြုတ်ကျရေး"
"ဒို့အရေး ... ဒို့အရေး"
"..."
"..."

ဗိုလ်ချုပ်အောင်ဆန်းလမ်းက,နေ၊ ဆူးလေဘုရားလမ်းဘက် ချိုးအကွေ့။ ဆူးလေဘုရားလမ်းက,နေ၊ သံရုံးတစ်ရုံးဘက်ကို ရှေ့ရှုခါနီး၊ အနားကို၊ ဝါးချွန်တုတ်ချွန်တွေ ... ကိုင်လာတဲ့ အဖွဲ့တစ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလို့။

"ကဲ … လက်နက် အချွန်အတက်ပါတဲ့ အဖွဲ့တွေက၊ ဘယ်ဘက်ချိုးရင်၊ ငါတို့က … ညာဘက်ချိုးကွေ့လိုက်ကြ။

လက်နက်ကိုင်၊ ဆန္ဒပြတယ်လို့ ဘယ်သူက … မထင်စေချင်ဘူး။ ညာဘက်ကို ကွေ့ …"

သပိတ်တပ်ဦး … ညာဘက်ကို၊ အကွေ့။

"ဒိုင်း … ဒိုင်း … ဒိုင်း …

…‼ …"

"အားလုံး … ဝပ်"

သေနတ်သံကြား။ ကြားကြားချင်း … ကျည်ကွယ်မတွေ့ခင်၊ မျက်ကွယ်ကို ရှာကြည့်တော့။ ဝါးကပ်တွေကို တွေ့။ ဝါးကပ်တွေနောက်ကို … ပြေးဝင်။

"အားလုံး … ဝပ်" … လို့ အော်ပြောပါလျက်၊ ဝပ်လည်း ဝပ်ကြပါလျက်၊ တချို့ … တင်ပါးတွေမှာ သွေးတွေ၊ ရဲခနဲ။ ကျောကုန်းတွေမှာ၊ သွေးတွေ ရဲခနဲ။

အပေါ်က (ခေါင်းမိုးပေါ်က) ပစ်တာကို၊ ဝပ်နိုင်းမှတော့၊ … ဘယ်လိုလုပ် လွတ်ပါတော့မလဲ။

"ဒိုင်း … ဒိုင်း …‼ ဖောက် … ဖောက်"

"ရေမြောင်းထဲကို၊ ခုန်ချ။ ဝါးကပ်နောက်ကို ဝင်။ လမ်းထဲကို ဝင်ပြေး။



မျက်ကွယ်တို့၊ အချင်းများ
ပြီးမှ၊ ကျည်ကွယ်ရာကို … ရှာကြ။

မျက်ကွယ်ဆိုတာ၊ ပစ်ခတ်နေသူ မမြင်နိုင်တဲ့ နေရာ။ ကျည်ကွယ်ဆိုတာ၊ ကျည်ဆန် … မတိုးပေါက်နိုင်တဲ့၊ အကာအကွယ်။ ဒီလောက်တော့၊ ကျွန်တော် ဗဟုသုတ၊ ရှိပါတယ်။

ဗဟုသုတ ဘယ်လောက်ရှိရှိ၊ သေနတ်သံကြားရုံနဲ့ ဝပ်နိုင်းလိုက်တာ၊ အပေါ်က ပစ်တော့ … ထိကုန်တော့တာပေါ့။

✳

ရဟန်းရှင်လူ ကျောင်းသား ကျောင်းသူ ပြည်သူအများ ရန်ကုန်မြို့၊ မြို့လယ်ကောင်မှာ … သွေးမြေကျ။

ဒဏ်ရာရသူတွေကို၊ လမ်းမကြီးတွေကနေ မသယ်ခဲ့ကြဘူး။ ၃၂–လမ်း၊ ၃၁–လမ်း၊ ဆဲဗင်း (၃၀)၊ (၂၉) လမ်း။ … စသည်ဖြင့်၊ အိမ်တွေ, အိမ်တွေရဲ့ အကူအညီ အသယ်အပိုးကြောင့် …၊ ဒဏ်ရာရ … လူနာတွေကို၊ ဆေးရုံအရောက် ပို့နိုင်ခဲ့ကြပါတယ်။

ဒေါသကြီးစိုးတဲ့ … စိတ်က၊ ရန်ကို ရန်ချင်း တုံ့နှင်းဖို့ကိုသာ၊ ဆုံးဖြတ်မိပါတော့တယ်။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com

## (ဝ)

မိန်းကလေးနဲ့ ယောကျ်ားလေးနဲ့ တစ်တွဲစီ၊ တောခိုဖို့ စီစဉ်ကြပါတယ်။ မွန်ပြည်နယ်ဘက်သွားရင်၊ ကရင်ပြည်နယ်ဘက် သွားရင်၊ လက်နက်ကိုင် အဖွဲ့အစည်း တစ်ခုခုနဲ့ တွေ့မှာပဲလောက် သာ သိပါတယ်။ ဘယ်အဖွဲ့အစည်းနဲ့ ဘယ်လို၊ ဆက်သွယ်ရမယ် . . . မသိ။ သူငယ်ချင်းတွေ၊ ဘယ်သူနဲ့မှကို . . . ဆက်သွယ်လို့ မရ။ သူတို့လည်း ကိုယ့်အစီအစဉ်နဲ့ . . . ကိုယ်၊ ထိမ်းကြ ရှောင်ကြပြီ ထင်ပါရဲ့။

*

ကျွန်တော်နဲ့ သန်းသန်းဆိုတဲ့ ကောင်မ,လေးနဲ့ တစ်တွဲ၊ မော်လမြိုင်ကို သွားဖို့။ မဲခွဲဆုံးဖြတ်။ တခြားသူ၊ တခြားအတွဲတွေ . . . တစ်တွဲစီပေါ့။

အစိုးရက . . . စစ်လို့ ဆေးလို့ မိသွားရင်၊ နိုးပြေးလာတဲ့ ရည်းစားစုံတွဲ၊ အဖြေ၊ ဟန်ဆောင်။ လိုအပ်ရင် . . တကယ်လက်ထပ်။

"အဲဒီလို လက်ထပ်ဖြစ်ရင်၊ ငါက . . . ငါ့





ရည်းစားအပေါ် သစ္စာဖောက်သလို ဖြစ်မယ်။ ဒီလို လုပ်ချင်တယ်။ ငါ့ရည်းစားကို။ ငါ . . . ခေါ်သွားမယ်"

ဒါ . . . , ကျွန်တော့် တစ်ယောက်တည်းရဲ့ . . . အစီအစဉ်။ ကိုယ့်ရည်းစားမဟုတ်တဲ့သူနဲ့ လက်ထပ်ရမယ့်အစား၊ ကိုယ့်ရည်းစား နဲ့ တောသွားခို။ သေအတူ . . . ရှင်အတူ။ ဒါ . . . ပိုကောင်းတယ်။ (ဒေါသ, သောက, စိတ်နဲ့ ပြောရရင် မြန်မြန်သေ၊ အေးရောဗျာ)။

*

ရည်းစားဆီ . . . စာရေး။ ရှင်းပြ။ နိုးပြေး။

နိုးပြေးပြီးလို့ . . . မော်လမြိုင်သွားမယ် . . . လုပ်တော့၊ မွန်ပြည်နယ်ဘက်မှာ၊ တိုက်ပွဲဖြစ်နေတယ် . . . ဆိုလား။ မသွားဖြစ်ကြ တော့။

၁၉၈၈– အရေးတော်ပုံ။ မအောင်မြင်။ ကျွန်တော် ထောင် ကျ။ (ဟဲ ဟဲ . . . အိမ်ထောင်)။ (အိမ် – ထောင်)။

*

အသက် (၂၁) နှစ်။ ဘဝ . . . ဆိုတာ (လူပျိုပေါက် ဘဝ ဆိုတာ) ဘာမှန်းကို၊ မသိလိုက်ဘူး။ ဖိမ်မကျလိုက်ရဘူး။ ဒါပေမဲ့ . . . ဘယ်သူတွေ၊ တောခိုခို၊ မခိုခို၊ ဘယ်သူတွေ . . . ဆက်လုပ်,လုပ်၊ မလုပ်လုပ်။ ဘယ်သူကမှ၊ ကျွန်တော့်ကို၊ ဘာ တာဝန်မှ မပေးဘဲ။ ကျွန်တော် အစိုးရဆန့်ကျင်တဲ့ အလုပ်ကို၊ ဆက်လုပ်ဦးမယ်လို့ ဆုံး



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ထားပါတယ်။

ကိုယ့်မိသားစုကိစ္စအတွက်၊ ဈေးရောင်း။ ဘဝ ... ရည်ရွယ်ချက်အတွက် ... ကဗျာရေး။ တိုင်းပြည်အတွက်၊ (အဖိနှိပ်ခံ ပြည်သူလူထုအတွက်) လက်နက်မကိုင်တဲ့၊ လှုပ်ရှားမှုတိုင်းကို၊ ကျွန်တော် ဆောင်ရွက်ခဲ့ပါတယ်။

ပြီးတော့ ... (မနိုင်းကောင်း နှိုင်းကောင်း) ဆရာကြီး သခင်ကိုယ်တော်မှိုင်းကြီးလို၊ ကလောင်ကိုင်ပြီး၊ တိုက်ပွဲဝင်မယ်ပေါ့ဗျာ။

☀

စာကျက်ခိုင်းမှ ... စာကျက်၊ အိပ်ရာနိုးမှ ... အိပ်ရာ နိုးတတ်တဲ့ ... ကျွန်တော့်ကို၊ ဟိုး ... ငယ်ငယ်က၊ အဖေ ပြောတဲ့ စကားတစ်ခွန်း၊ ရှိပါတယ်။

"ခိုင်းမှလုပ်တာ ... နွားကွ"

ဒါဆို။ ကျွန်တော့် တိုင်းပြည်နဲ့လူမျိုးအတွက်။ အဖိနှိပ်ခံ အခြေအနေက၊ နေ့ လွတ်လိုလွတ်ငြား၊ လုပ်ဆောင်ခဲ့တဲ့ (လုပ်ဆောင်ဦးမယ့်) ကျွန်တော်။ ဘယ်သူခိုင်းလို့မှ၊ လုပ်တာမဟုတ်။ ကိုယ့်ခံစားချက်၊ ကိုယ့်အသိစိတ်နဲ့ကိုယ် ဆောင်ရွက်တာ ဖြစ်တဲ့အတွက်။ ဒါ ... သခင်စိတ်ပဲ ... လို့၊ ကိုယ့်ကိုယ်ကိုယ် အားပေးခဲ့ရပါတယ်။

☀

အသက် (၂၂) နှစ်အရွယ်၊ ဂျပန်နိုင်ငံမှာ ... စစ်ပညာသွားသင်တုန်းက၊ ရိုက်ကူးထားတဲ့၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဂျပန်ဓားကြီး ကိုင်ထားတဲ့ ပုံကို၊ အလကားလိုက်ပေးတာတောင်၊ ပေါ်ပေါ်ထင်ထင် မယူဝံ့တဲ့လူတွေ ... အများကြီးပဲ။

"ဗိုလ်ချုပ်ပုံ အိမ်မှာ ချိတ်လို့၊ လာ ... ဖမ်းမယ်ဆိုလည်း၊ ခံမယ်ကွာ" ... ဆိုပြီး၊ ရဲရဲရင့်ရင့်၊ မြတ်နိုးကြသူတွေလည်း၊ အများကြီး။

တချို့ ... ကိုယ့်လက်ဖက်ရည်ဆိုင်မှာတောင် ကိုယ်။ ဗိုလ်ချုပ်အောင်ဆန်းပုံကို။ မချိတ်ဆွဲရဲတဲ့ ... အဖြစ်။

အဲဒီ့အဖြစ်၊ အဲဒီ ... စနစ်ကို၊ ကျွန်တော် တော်လှန်ချင်တာပါ။

ဟိုး ... ငယ်ငယ်တုန်းက၊ နားမယဉ်တယဉ် အသံတစ်ခုကို ထပ်ပြီး ... ကြားလိုက်ရပြန်ပါပြီကော။

ညမထွက်ရ။

☀

ညမထွက်ရဆိုတော့ ..., 'နေ့' ထွက်ကြတာပေါ့။ ညီညီလှိုင်၊ မင်းနိုင်နဲ့ ကျွန်တော်။ စက်ဘီး (၂) စီး။ ရှေ့တစ်စီးက နံရံတွေ၊ ဓာတ်တိုင်တွေ၊ ကော်သုပ်။ နောက်တစ်စီးက၊ စာရွက်ကို၊ ဖျတ်ခနဲ ... ရိုက်ကပ်။ (လူတွေလက်ထဲကို ဝေတာ၊ လူတွေ မယူရဲကြတော့ဘူးလေ)။

ဘာစာရွက်ကပ်ကပ် ... ။ ရှင်းရှင်းလေး။ စစ်အစိုးရ ခလို



www.burmeseclassic.com

www.burmeseclassic.com



U.G 18

မရှိ။ ဒါပဲပေါ့။ ဘယ်သူကပ်ခိုင်းတာလဲ။ ဟင့်အင်း။ ကိုယ့်ဆန္ဒနဲ့ ကိုယ် ... ကပ်တာ။

အဖေ့စကား ... ငှား,ငှားပြောမယ်။

ခိုင်းမှလုပ်တာ ... နွား။ (ကျွန်တော် စကားထပ်ဖြည့်ချင်တယ်)။ ခိုင်းမှလုပ်တတ်တာ ... ကျွန်။

ကိုယ့်အသိစိတ်နဲ့ ... ကိုယ်၊ လုပ်တာ

"သခင်"

※

"မင်း ... က၊ စာ ... လိုက်ကပ်ပြီး။ ပြန်လာတာလား"

ဟုတ်တယ်လို့ ပြောလိုက်ရင်၊ ကျွန်တော် သေသွားမှာပေါ့။ စစ်နေ့,မေးနေတဲ့သူက၊ တပ်ရ တပ်ကြပ်ကြီး။ မျက်နှာချင်းဆိုင် စားပွဲမှာ ထိုင်နေတာက၊ တပ်စုမှူး ... (ဗိုလ်)။ ကျွန်တော့်အနားမှာက၊ (မနေ့တစ်နေ့ကမှ၊ ကျွန်တော်တို့ ကြားဖူးကြတဲ့, ဂျီ-သရီး လို့ခေါ်တဲ့, သေနတ်ကို၊ ကိုင်ထားကြတဲ့)၊ တပ်သားနှစ်ယောက်။

"ကျွန်တော် ဈေးရောင်းပြီး ပြန်လာတာပါ"

"လွယ်အိတ်က၊ ဘာဖြစ်လို့ လွယ်ထားတာလဲ"

မေးရင်း ... နဲ့၊ လွယ်အိတ်ကို၊ နှိုက်။ စာရွက်တွေ ထွက်လာ။ [ဟဲဟဲ ...၊ ကျွန်တော် မကြောက်ပါဘူး။ ထွက်လာတဲ့



စာရွက်တွေက၊ မဂ္ဂဇင်းပို့မယ့်၊ 'အချစ်' ကဗျာစာရွက်တွေနဲ့ 'အချစ်' ဝတ္ထုစာမူတွေ]။

"ဒါ ... ဘာတွေလဲ"

"စာမူတွေပါ"

"မင်းက ... စာရေးဆရာလား"

"ကဗျာရေး, ဝတ္ထုရေး ပါတယ်။ မဂ္ဂဇင်းမှာ၊ တစ်ပုဒ် ... နှစ်ပုဒ်ပဲ။ ပါ,ပါသေးတယ်"

"ဘာ ... တွေ ရေးတာလဲကွ"

ဟို ... ဒီ လှန်ရင်း ... မေး။

"ကျွန်တော် ... စစ်ဝတ္ထု မရေးပါဘူး"

"ဘာကွ။ မင်း ... ဘာပြောတာလဲ"

"ဘာပြောလို့လဲ။ စာရေးဆရာ တင်သန်းဦးတို့လို၊ စစ်ဝတ္ထု ကျွန်တော် မရေးတတ်ဘူးလို့ ပြောတာပါ"

ကျွန်တော် ... ဟိုတက် မြို့နယ်မှာ၊ စာကပ်ပြီး ပြန်လာတာကို၊ သူတို့ ခန့်မှန်းမိပုံရပါတယ်။ ဒါပေမဲ့ ... လက်ဝယ်မှာ၊ ဘာသက်သေမှ၊ မရှိတော့ဘူး။ မျက်မြင်သက်သေလည်း၊ မရှိ။

ကပ်ပြီး ... ပိုတဲ့၊ စာရွက်တွေကို၊ လွယ်အိတ်ထဲထည့်ပြီး။ စစ်တပ်ရှေ့က ဖြတ်လျှောက်ရလောက်အောင်၊ ကျွန်တော် ... အရူးမှ မဟုတ်တာ။ အဲဒီလောက်လည်း ... မမိုက်မဲပါဘူး။

ပိုတဲ့ စာရွက်ကို၊ ဖျောက်ဖျက်။ လိုအပ်ရင် ... ဝါးစား။



www.burmeseclassic.com

www.burmeseclassic.com



မျှိုချခဲ့ကြတာ၊ အကြိမ်ကြိမ်။

အဲ . . .၊ စစ်တပ်က၊ ကျွန်တော့်ကို မျက်စိကျသွားတာက၊ ဆောင်းထားတဲ့ ဦးထုပ်ကြောင့် ဖြစ်လိမ့်မယ်။ သက္ကလတ်ကက်ဦးထုပ်၊ ကတ္တီပါ ကြယ်နီလေးက . . . ရှေ့တည့်တည့်။ အဝေးက ကြည့်ရင်၊ ကျွန်တော် . . . မော်စီတုံး မည်းမည်းလေးနဲ့တော့ တူမှာပေါ့။

"ဒါ . . . မင်းဦးထုပ်လား"

စာမူ . . . ,စာရွက်တွေကို ပြန်ထည့်ပေးပြီး၊ ဆောင်းထားတဲ့ ဦးထုပ်ကို၊ ချွတ်ယူရင်း . . . မေးတယ်။

"ဟုတ်ကဲ့"

"အမယ် . . . ကြယ်နီနဲ့ပဲ။

ဒါ . . . ဘာတံဆိပ်လဲကွ"

"တံဆိပ်မဟုတ်ပါဘူး။ ကြိုက်လို့ တပ်ထားတာ"

"မင်းက . . . ဗ က ပလား"

ကျွန်တော် ထိုင်ရကာနေ 'ဂုန်း' ခနဲ၊ ထ,ရပ်လိုက်တယ်။ ပြီးတော့ . . . စားပွဲပေါ်ကို၊ လက်ဝါးနဲ့ ရိုက်ချပစ်လိုက်တယ်။

"ဂုန်း . . . ဒုန်း"

တစ်ကြပ်ကြီးကို။ ဒေါသတကြီး ကြည့်ပစ်လိုက်ရင်း . . .

"ဦးလေး။ ဦးလေးမေးတာတွေကို ကျွန်တော်၊ ပြည်သူပြည်သားကောင်းတစ်ယောက်အနေနဲ့ အေးအေးဆေးဆေး ဖြေခဲ့တယ်နော်။ ကျွန်တော်





စိတ်မဆိုးဘူး။

ဗ က ပ . . . လားလို့ မေးတာကိုတော့၊ ကျွန်တော် . . . လုံးဝမကျေနပ်ဘူး"

"ပြန်ထိုင်ပါ"

မိုလ်လုပ်သူက၊ ပြန်ထိုင်ခိုင်းတာကို၊ လှည့်မကြည့်ဘဲ ပြန်ထိုင်ပြီး . . .

"ကျွန်တော်က၊ ဘာသာတရားနဲ့ . . . အမိနဲ့ အဖနဲ့။ ဒီ . . . ဘာသာတရား မရှိ၊ အမိမရှိ၊ အဖမရှိ . . . ဗ က ပနဲ့ ကျွန်တော့်ကို၊ လာနှိုင်းတာကတော့၊ ကျွန်တော် သေမတတ် နာတယ်။

ကျွန်တော့်ကို၊ သတ်ချင် သတ်ပစ်လိုက်၊ အဲဒီ . . . အဖွဲ့အစည်းနဲ့တော့၊ ကျွန်တော့်ကို၊ လာမနှိုင်းနဲ့။ ကျွန်တော် . . . သည်းမခံနိုင်ဘူး"

"ဟာ။ မင်းက . . . ဒေါသ, ကြီးလှကြီးလား။ ငါက။ နောက်တာပါကွာ။ မင်းက . . . ဗ က ပကို၊ တော်တော်မုန်းနေတာကိုး"

ဦးထုပ်ပြန်ဆောင်းပေးပြီး၊ ပခုံးလေးကို ဖြည်းဖြည်းပုတ်ရင်း–

"ကြယ်နီ . . . ကြီးတွေလို့ မေးမိတာပါကွာ။ ငါတို့ရယ် . . .။ မင်း . . . ငါတို့ကိုတောင် မကြောက်တော့ဘဲ၊ ဂုန်းဒိုင်းကျဲရလောက်အောင်၊ ဗ က ပနဲ့ အနှိုင်းမခံချင်မှတော့။ မင်း . . . ဗ က ပ ကိုတော်တော်မုန်း



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်ကွာ။ ရော့ . . . ရေလေး သောက်လိုက်ပါဦး''

ရေတစ်ခွက်တိုက်။ ကျွန်တော် တကယ့်ဒေါသ,တကြီးစိတ်ကို၊ လျှော့လိုက်ရတဲ့ ပုံစံနဲ့၊ ရေသောက်။

''မင်းက . . . ဘယ်မှာနေတာလဲ''

''ဟိုဘက်ရပ်ကွက်''

''ကဲ . . . ကဲ။ ရဲဘော်နှစ်ယောက် လိုက်ပို့လိုက်မယ်။ သွား . . . သွား''

''ကျေးဇူးပဲ''

ကျွန်တော့်ကို၊ ဗ ကဖ ပနဲ့ နှိုင်းလို့၊ မကျေနပ်တဲ့ ပုံစံကို၊ မဖျောက်သေးဘဲ၊ စိတ်မပါ တပါ . . . နဲ့၊ ကျေးဇူးလို့၊ မျက်နှာမှုန်ကုပ်ပြီး ပြောလိုက်တယ်။

တပ်ကြပ်ကြီး ပြုံးပြီး ကျန်ခဲ့လေရဲ့။ (ဘယ့်နှယ်လဲ၊ ကျွန်တော် အိုက်တင်ကောင်းတယ် မဟုတ်လား)။

ကျွန်တော် အိုက်တင် လုပ်လိုက်တယ်ဆိုတာကို၊ ဗိုလ်လုပ်တဲ့သူ၊ သိပုံရပါတယ်။ (တတ်လည်း တတ်နိုင်တဲ့ကောင် . . . ဆိုတဲ့၊ အကြည့်နဲ့၊ သူ ကြည့်နေတာ၊ ကျွန်တော် သိပါတယ်)။

ဗ ကဖ ပ . . . ဆိုတာ။ ကျွန်တော် ဉာဏ်မီသလောက်ပြောရရင်၊ ပါဝီတစ်ခုပါ။ သူ့ပုန် မဟုတ်ပါဘူး။

*





လူငယ် ကျောင်းသားတွေကို၊ **စစ်ကြ**, ဆေးကြတာကို၊ ကျွန်တော် ကြားရ, သိရပါတယ်။

''မင်းကို၊ ဘယ်သူခိုင်းသလဲ။ ခေါင်းဆောင် ဘယ်သူလဲ။ အင်အား ဘယ်လောက်'' . . . ဆိုတဲ့ မေးခွန်းတွေ။ **အမေးခံ, အစစ်**ခံရတဲ့သူတွေ . . . ဘယ်လို ဖြေကြရမှာလဲ။

တစ်ယောက်ယောက်က၊ ခိုင်းလို့ လုပ်ကြတာမဟုတ်ဘူးလေ။ ကိုယ့်ခံစားချက်နဲ့ ကိုယ်လုပ်တာ။ ဘယ်အဖွဲ့အစည်းရဲ့ ကျောထောက်နောက်ခံမျိုးနဲ့မှ၊ လုပ်တာ မဟုတ်ဘူး။

အဲ . . . မဖြစ်မနေ၊ ကျောထောက်နောက်ခံ အဖွဲ့အစည်းကို ပြောပါဆိုရင်တော့၊ အဲဒါ . . . အဲဒီအဖွဲ့အစည်းရဲ့အမည်က,တော့ ပြည်သူလူထုပါပဲ။

ပြည်သူ . . . လူထုရဲ့ . . . ''နား, မျက်စိ, အသိဉာဏ်'' ထဲမှာ၊ အုပ်ချုပ်တဲ့သူကို၊ ကြောက်နေကြတာ၊ မမှန်ဘူး . . . ဆိုတဲ့ သတင်း။ ဗဟုသုတလေး။ ကျွန်တော်တို့ ပေးချင်တာပါ။

လူလူချင်းဗျာ။ ဘုရား . . . လူ့ခဲ့ကြရတဲ့၊ ပဒေသရာဇ်ခေတ်လည်း မဟုတ်ဘူးဗျာ။ လူလူချင်းဗျာ။ ကြိုက်, မကြိုက်၊ **ချစ်**, မချစ်၊ ပြောခွင့်ရှိရမယ်လေဗျာ။ လူလူချင်းဗျာ။ ကိုယ့်ဆန္ဒမပါဘဲ၊ ဘယ်သူ့အုပ်ချုပ်တာမှ၊ မခံချင်ဘူးဆိုတဲ့၊ အခွင့်အရေးတော့၊ **ရှိရ**မယ်လေဗျာ။ အနည်းဆုံး . . . သိရမယ်လေဗျာ။

အဲဒါကြောင့် . . . ဒီအသိ, ဆန္ဒလေးနဲ့၊ အုတ်နံရံကို **ခေါင်း**နဲ့ ပြေးပြေးဆောင့်ပြနေကြရတာပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနိုင်းတာလဲ၊ မမေးစေချင်ဘူးဗျာ။ မမေးပါနဲ့ဗျာ။ ကိုယ့်ခံစားချက်နဲ့ကိုယ်၊ တူညီစွာ လုပ်ဆောင်နေကြတာပါဗျာ။

ပြောပြီးပြီပဲ ...

ဘယ်သူမှ မခိုင်းဘဲ၊ ကိုယ့် အသိစိတ်နဲ့ ကိုယ်လုပ်နေသမျှ၊ ကျွန်တော်တို့အားလုံး

သခင် ...ပဲ။

☼

ညီညီလှိုင်နဲ့ မင်းနိုင်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီထဲ၊ ဝင်ကြတယ်။ မြို့နယ်ပါတီရုံးမှာ၊ သူတို့ ဦးဆောင်ကြတယ်။

ခဏရှောင်နေတဲ့၊ နိုင်ဝင်း ပြန်လာတယ်။ အမေစုက ... အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ ထောင်တယ်။

ကိုမြတ်စံ၊ ကိုပေါကြီး၊ ညီဝင်း၊ အပါကြီး၊ ဖော်လင်းကျော် ... တို့၊ ပါတီ ဝင်,မဝင်။ ကျွန်တော် မသိဘူး။

နိုင်ဝင်းနဲ့ကျွန်တော်။ ဘယ်ပါတီမှ မဝင်ဖို့၊ ဆုံးဖြတ်ကြတယ်။ ဝင်ချင်တဲ့ပါတီကို၊ ဝင်ပြီး ... အကြောင်းရှိလို့ ပုန်ကန်မိတဲ့အခါ။ ကိုယ့်ကြောင့် ပါတီ ထိခိုက်မှာကို၊ မလိုလားဘူးလေ။ အဲဒါကြောင့် ... လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီကိုပဲဖြစ်ဖြစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုပဲ ဖြစ်ဖြစ်။ (လိုအပ်ရင်) ပါတီမဝင်ဘဲ၊ အကူအညီပေးဖို့၊ ဆုံးဖြတ်တယ်။

"အမေစု ... လိုတာကိုတော့၊ မင်း ...





ကူညီလိုက်ပါ နိုင်ဝင်းရာ။

ကိုမြတ်စံ ... တို့၊ ကိုပေါကြီးတို့ကိုလည်း။ ပြောလိုက်ပါ။ ငါ ... အမေစုနဲ့ ဝေးဝေးနေပြီး လိုအပ်တဲ့အချိန်ကျမှ ကူညီပါ့မယ် ... လို့ နော်။

မြေပေါ်မှာ ပေါ်ပေါ်ထင်ထင်လုပ်လို့ ရတဲ့ အလုပ်အားလုံး၊ တခြားသူတွေ၊ လုပ်ပါစေ။

နော် ... နိုင်ဝင်း"

"မင်း ... အခု၊ ကဗျာတွေ ... ရေးနေတာ၊ အဆင်ပြေရဲ့လား"

"မပြေဘူး။ ကလောင်နဲ့ တိုက်တယ်ဆိုတာ။ သိပ်,မထိရောက်သလို ဖြစ်နေတယ်။

ဒါပေမဲ့ ... ငါ့, ရအောင်တိုက်မယ်။ စာပေစိစစ်ရေးဆိုတာ၊ ရှိတယ်။ အဲဒီ စိစစ်တဲ့ အထဲက,ပဲ၊ ငါ ... ရေးချင်တာ, ပြောချင်တာကို၊ ရအောင် ရေးမယ် ... ပြောမယ်"

"မားသွားထက်၊ ကလောင်သွားက ထက်ပါတယ်ကွာ။ ငါ ... ယုံကြည်ပါတယ်။

မင်းကလောင်နာမည်က၊ မင်းထက်မြတ် ... ပဲလား"

"ဟုတ်အင်း။ မင်းထက်မြတ် ... က၊ အရေးတော်ပုံတုန်းက၊ နာမည်။ ငါ ... သိမ်းထားလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် . . . နာမည်တစ်ခုနဲ့ ရေးနေတာပေါ့။

သိပ်ကြောက်ဖို့ ကောင်းတဲ့ အခြေအနေတစ်ခုကို၊ ငါ ရင်ဆိုင်ခဲ့ရတယ် . . . နိုင်ဝင်း''

''ဘာများလဲ''

''လူငယ်, လူရွယ်တွေ . . . အနာဂတ်လှဖို့ စာတွေရေးနေတဲ့ . . . လူတစ်ယောက်က၊ စာပေစိစစ်ရေးမှာ၊ စာစစ်မှူး . . . တဲ့။ ပြီးတော့ . . . ငါနဲ့ ငါ့ . . . စာပေသူငယ်ချင်းတွေ၊ စုထုတ်ကြတဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ထဲမှာ၊ ငါ့ဝတ္ထုတိုကို သူ, ဖြုတ်ပစ်တယ်။ ခွင့်မပြုဘူး။ နိုင်ငံရေးဝတ္ထု မဟုတ်ပါဘူးပြောတာ၊ ဘယ်လိုမှ၊ ရှင်းပြလို့ မရဘူး''

''မင်း . . . ဝတ္ထုက ဘာအကြောင်းရေးတာမို့လဲ''

''နယ်က . . . ဆေးရုံတစ်ရုံမှာ၊ လျှပ်စစ်မီးမရှိလို့၊ သွေးလှူရှင်ရဲ့ . . . သွေး၊ သိမ်းထားလို့ မရတဲ့အကြောင်း . . . ရေးထားတာ။

ဝတ္ထုနာမည်က ကြေကွဲသွေး . . တဲ့၊ စာအုပ်နာမည်က ရွှေခေတ်နှင့် (ရွှေမဟုတ်သော ဝတ္ထုတိုများ) . . .''

''သူ့,က၊ ဘာကြောင့် ခွင့်မပြုတာလဲ''





''နိုင်ငံအစိုးရက၊ နယ်စပ်ဒေသ၊ ဆေးရုံတွေကောင်းအောင် ဆောင်ရွက်နေချိန်မို့လို့ . . . တဲ့''

''ကောင်းအောင် ဆောင်ရွက်နေရင်၊ မင်း . . . ဝတ္ထုထဲက၊ ဆေးရုံမှာ၊ ဘာလို့ လျှပ်စစ်မီး . . . မရှိသေးတာလဲ။

အဲဒါကို၊ အစိုးရက . . . သိရင်၊ ပိုတောင်၊ အကျိုးရှိဦးမယ်။ အဲဒီ့လူ၊ ခွင့်မပြုတာ၊ အစိုးရ . . . သိသင့်တာကို၊ မသိရအောင်၊ ပိတ်ပင်တာပဲ''

''ငါက,တော့၊ ငါ့ကို၊ အညွန့်ချိုးတယ် . . . လို့ မြင်တယ်။

လူငယ်တိုးတက်ရေး စာပေရေးနေတဲ့၊ စာရေးတဲ့လူက၊ အသက်နှစ်ဆယ်ကျော် လူငယ်တစ်ယောက်ရဲ့, ပထမဆုံး ဝတ္ထုတိုလေးကို၊ ပယ်, ဖြုတ်လိုက်တာ၊ အဲဒါ . . . အညွန့်ချိုးတာပဲ။

ဒါပေမဲ့ . . . နိုင်ဝင်း။ အညွန့်ချိုးရင်၊ အကိုင်းထဲက . . . နောက်ထပ် အရွက်, ထပ်ထွက်လာစေရမယ် . . . သိလား . . . သူငယ်ချင်း''

''ဒါပေါ့ကွ''

''အဲဒီ့လူက၊ ငါ့ကိုကျတော့ အညွန့်ချိုး၊ စာဖတ်ပရိသတ်ကိုကျတော့ . . . လူငယ်တွေ ဘာဖြစ်တယ်, ညာဖြစ်တယ် . . . ရေးပြ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ . . . ပရိသတ်ကိုပါ လိမ်တာနဲ့ အတူတူပဲ''

''သမိုင်းရဲ့ ဘယ်စာမျက်နှာအထိ၊ အဲဒီလို လူမျိုးတွေ ရှိနေဦးမလဲ မသိဘူး''

''သူတို့ . . . ရှိရှိ၊ မရှိရှိ၊ ငါတို့ . . . တော်ရင်၊ သူတို့ ဖယ်ပေးရမယ်။

သူတို့ ဆက်ရှိနေတာ၊ ငါတို့ ညံ့လို့ပဲ''

''ဟား . . . ရန်မျိုးအောင်။ မင်း . . . စကား၊ ငါ ကြိုက်တယ်ကွာ။ အောင်မြင်ပါစေ သူငယ်ချင်း။

ငါတော့ . . ., ဘယ်တော့မှ တက္ကသိုလ် ပြန်မတက်တော့ဘူး။

ငါ . . . ပုံဖော်ထားတဲ့၊ အခြေအနေမျိုးကို၊ တွေ့ရရင်။ . . . ငါ, ဘုန်းကြီး အပြီးဝတ်မယ်''

''ငယ်ပါသေးတယ် . . . နိုင်ဝင်းရာ''

''အခု . . . မဟုတ်ပါဘူး။ မတရားတဲ့ လောကဓံအောက်ကနေ၊ ငါ တစ်ယောက်ထည်း၊ ထွက်မပြေးပါဘူးကွာ။ ငါတို့ တိုင်းပြည်။ လူမှန် . . . နေရာမှန်၊ ဖြစ်တဲ့ အချိန်ကျမှပါ''

''. . .။

. . .''

*





လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ အရေးပါတဲ့လူ ဖြစ်လာ ထွက်ခွာသွားတော့၊ ပါတီမှာ၊ တခြားသူတွေ၊ ဆက်လက်ကျန်ရစ်ခဲ့ကြတယ်။ မြို့နယ်အနေနဲ့ ညီညီလှိုင်နဲ့ မင်းနိုင်၊ နောက် . . . ကိုအောင်ကြီးတို့၊ ဆက်လုပ်ကြ။ ပါတီအစည်းအဝေးမှာ၊ ကျွန်တော့်ကို၊ စကားလာပြောပေးဖို့၊ မင်းနိုင်နဲ့ ညီညီလှိုင် ဖိတ်။

''အခု . . . အချိန်က၊ စ,ပြီ။ ရှစ်ဆယ့်ရှစ်။ သွေးသောက်ရဲဘော်၊ မင်းထက်မြတ်က,နေပြီး တော့ ရဲရဲတောက် စကား၊ ပြောကြားပါလိမ့်မယ်''

မင်းထက်မြတ်ဆိုတဲ့ နာမည်ကို၊ မကြေညာဖို့၊ ကျွန်တော် တားချိန်မရ။ အဲဒီ ပါတီရုံးရှေ့မှာ၊ မြို့နယ်က . . . ရဲတွေ၊ အရပ်ဝတ်နဲ့ . . . လေးယောက်။ ကျွန်တော် တွေ့လိုက်တယ်။

အစည်းအဝေးခန်းထဲ မဝင်ခင်၊ လက်မှတ်ထိုးတဲ့နေရာမှာ၊ စိုးစိုး . . . ဆိုတဲ့ နာမည်ကို၊ ကျွန်တော် ရေးတယ်။ မှတ်ပုံတင်နံပါတ်ကို ရေးချင်ရာ လျှောက်ရေးပြီး၊ လက်မှတ်ကို၊ ထိုးချင်သလို ထိုးလိုက်တယ်။

မျက်နှာကို၊ မီးသွေးမှုန်နဲ့သုတ်။ ဦးထုပ်ဝိုက်စိုက်။ ဆောင်းပြီးမှ . . ., အထဲကို ဝင်လိုက်တယ်။ (မီးသွေးမှုန်က၊ ကျွန်တော့် အကျီမှာ . . . အဆင်သင့်ရှိပြီးသား။ ကျွန်တော်က . . . လက်တွန်းလှည်းပေါ်၊ မီးသွေးအိတ်တွေ တင်ပြီး၊ လျှောက်ရောင်းတာ။ လွယ် ထားတဲ့ လွယ်အိတ်ထဲမှာတော့၊ စာရွက်စာတမ်း တစ်စောင် နှစ်စောင်



www.burmeseclassic.com

www.burmeseclassic.com



ကတော့၊ အမြဲတမ်းပါပြီးသား။ မီးသွေးလှည်းကို၊ ကားမှတ်တိုင် တစ်မှတ်တိုင်အကွာလောက်မှာ၊ ဒီအတိုင်း ထားခဲ့ပြီးမှ၊ လှူဒါန်းသင့်စိမ့်ကရက်တစ် "….." မြို့နယ်၊ ရုံးထဲကို၊ လာတာ။ စစ်တပ်နဲ့ ရဲကို၊ ဘယ်လို ရှောင်ရမယ်ဆိုတာ၊ တော်တော် နပ်နေပြီလေ။ အဲဒါ ကြောင့်၊ မျက်နှာကို မီးသွေးမှုန့် သုတ်ပစ်လိုက်တာပေါ့)။

"…တတ်ပုံ သုံးပုံနဲ့ ငွေ … လေး,ငါးကျပ် ပေးရင်။ ပါတီဝင်လို့။ ရပြီ။

ခုနက … ကျွန်တော့် သူငယ်ချင်း၊ မင်းနိုင် ပြောတဲ့အထဲမှာ၊ ကျောင်းသားက၊ မြောင်းကြားထဲ က၊ လာတာ မဟုတ်ဘူး … ဆိုတဲ့ စကားပါတယ်။ သိပ်ကောင်းတာပဲ။

ဒီ … အခန်းထဲမှာ၊ ထောက်လှမ်းချင်တဲ့လူ လည်း၊ တတ်ပုံနဲ့ ငွေပေးပြီး ပါတီဝင်ထားလို့ ရတယ် ဆိုတာတော့၊ ဒီကောင် … စဉ်းစားမိပုံ မရဘူး။

ဒါကြောင့် … ကျွန်တော် တိုတိုနဲ့ လိုရင်းပဲ၊ ပြောမယ်။ ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံရေးလုပ်တာ၊ ထောင်မကျဖူးဘူး။

ဒါကြောင့် … အားလုံးက၊ တော်လှန်ရေး အသိနဲ့ လုပ်ကြဖို့ကာဆိုပေမယ့်၊ တော်လှန်ရေး သတိ နည်းလို့ မဖြစ်ဘူး။

တော်လှန်ရေး အသိရော၊ တော်လှန်ရေး





သတိရော၊ ရှိကြပါ … လို့၊ မှာကြားရင်း နိဂုံးချုပ် ပါတယ်"

(လက်ခုပ်သံများ)။

※

အစည်းအဝေးလာတဲ့၊ မှတ်တမ်းစာအုပ်ကို၊ အမြန်သိမ်းဖို့ နဲ့၊ ရှောင်နေတိမ်းနေကြဖို့၊ ညီညီလှိုင်နဲ့ မင်းနိုင်တို့ကို၊ ကျွန်တော် မှာခဲ့ပါတယ်။

ကိုအောင်ကြီး (ကြည့်မြင်တိုင်) နဲ့၊ ညီညီလှိုင်တို့၊ ပုဒ်မ-၅(ည) နဲ့ အထိန်းအသိမ်းခံရကြောင်း၊ သတင်းကြားရဖတ်ရပါတယ်။ မင်းနိုင် က,တော့ တိမ်းရှောင်နိုင်ခဲ့ပါတယ်။

ညီညီနိုင်က ၅(ည) နဲ့သာမက၊ (၁၇/၁) ဆိုတာနဲ့ပါ အရေး ယူခံရပြီး၊ ထောင်ဒဏ် (၅) နှစ်၊ အပြစ်ဒဏ်ကျခဲ့ရပါတယ်။ (မရွေး မနှောင်း ထင်ပါရဲ့၊ ကဗျာဆရာ အောင်ဝေးလည်း အဲဖမ်းခံရသလိုလို ကြားတယ်)။

**[U.G 18…** အဖွဲ့ဟာ၊ ဘယ်သူကမှ၊ ဦးဆောင်သူ မဟုတ် သလို၊ အဖွဲ့ဝင်ဘယ်နှယောက်ရှိသလဲဆိုတာလည်း၊ မသိကြရတဲ့ အပြင်၊ တစ်ယောက်နဲ့တစ်ယောက်၊ မရင်းနှီးမသိကျွမ်းသူတွေလည်း ရှိနေတတ်ကြပေမယ့်၊ သတင်းစာထဲမှာ၊ (ယူ-ဂျီ-၁၈) အဖွဲ့ဝင်တချို့၊ အဖမ်းအဆီးခံရတာတွေ၊ တွေ့မြင်ဖတ်ရှုရင်း၊ တစ်ယောက်တည်း မျက်ရည်ကျခဲ့ရတာ၊ နေ့ပေါင်း, ညပေါင်းများစွာ]။

※



www.burmeseclassic.com

www.burmeseclassic.com



U.G 18

ဒါ . . . အသက် (၂၀) စွန်းစွန်း (လူငယ်) တွေ၊ ကြုံတွေ့ကြရတဲ့ နိုင်ငံ့ဒုက္ခတွေပါပဲ။

စာဖတ်တဲ့ . . . လူ၊ စာတတ်တဲ့ . . . လူ၊ သိပါတယ်ဗျာ။ မြန်မာနိုင်ငံရဲ့ ခေတ်အဆက်ဆက်၊ တိုင်းပြည်ရဲ့ အခြေအနေတိုင်းရဲ့ မူလ, အစ . . . အင်အားစုတွေဟာ၊ ကျောင်းသား (လူငယ်) အင်အားစုတွေပါပဲ။

လူငယ်ဆိုတာ . . . အနာဂတ်ရဲ့ ကြယ်ပွင့်လေးတွေ, ကြယ်ပွင့်လေးတွေဆိုပြီး၊ အစိုးရကို၊ ဝေဖန်ဆန့်ကျင်ရုံနဲ့ ထောင်ထဲထည့်, ထည့်နေတာဟာ၊ နိုင်ငံ့အနာဂတ်ကို၊ ချေမှုန်းပစ်နေတာနဲ့ အတူတူပါပဲ။

အနာဂတ်ရဲ့ ကြယ်ပွင့်လေးတွေလို့ ပြောပြောပြီး၊ ကြယ်တွေ . . . အရောင်ထ,တောက်တာနဲ့၊ အမှောင်ချဖို့ ကြိုးစားကြတာ၊ ဘာဝါဒများလဲဗျာ။

ကျွန်တော် . . . ကလောင်ကို မြဲမြဲကိုင်ထားမယ်။ ကလောင်နဲ့တိုက်လို့၊ ထိရောက်သည်ဖြစ်စေ၊ မထိရောက်သည်ဖြစ်စေ၊ တိုက်နေတာ (တာဝန်ယူနေရာ) ကိုပဲ၊ ကိုယ့်ကိုယ်ကိုယ်၊ သာဓုခေါ်ပစ်မယ်။

သခင်အားရ ကျွန်ဒဏ်ဝ, အပြုအမူဖြစ်တဲ့၊ ဘုန်းတော်ဘွဲ့ . . . တွေ၊ ကျွန်တော် မရေးဘူး။ မဖွဲ့ဘူး။

ရန်သူ့နယ်မြေထဲကို၊ ရောက်ချင် ရောက်မယ်၊ ရန်သူပေးတဲ့ သရဖူဆုနှင်းကို၊ ကိုယ် လိုလားသူရဲ့ ခြေနင်းလောက် မမက်မောဘူး။ မထိဘူး။ မယူဘူး။



ကိုလိုနီခေတ်က၊ တောင်သူလယ်သမားခေါင်းဆောင်ကြီးကိုတောင်၊ “သူပုန်”လို့ ဘယ်သူခေါ်ခေါ်၊ ကျွန်တော် မကြိုက်ဘူး။ ဆရာစံကို၊ ဖမ်းဆီးဖို့ လက်ညှိုးထိုးကြတာ၊ ဗမာလူမျိုးတွေဆိုတာ၊ ကျွန်တော် မမေ့ဘူး။

အလိုတော်ရိဘဝနဲ့ နေပျော်ပြီး၊ ဘုရား အထူးခံခဲ့ကြတဲ့၊ ဗမာသစ္စာဖောက်တွေကိုလည်း၊ ကျွန်တော် မမေ့ဘူး။

ကိုယ့်ရာထူးက . . . တစ်ပဲခြောက်ပြားရမယ့် ရာထူး။ အလျှင်းသင့်လို့၊ အဲဒီ ရာထူးနဲ့ ကားစီး၊ တိုက်ဆောက်နေကြတဲ့၊ ဗမာသူခိုးတွေနဲ့လည်း၊ ကျွန်တော် မပတ်သက်ဘူး။

ကဗျာရေးမယ်၊ စာရေးမယ်။ ငတ်ငတ်၊ သေသေ ဆင်းရဲသား လူတန်းစားတစ်ရပ်လုံး၊ မလွတ်လပ်သေးသမျှ ငါ့မှာ တာဝန်ရှိနေသေးတယ် . . . လို့၊ အမြဲတမ်း တွေးထားမယ်။

✳

လှပါတယ် . . . မေမေ

မေတာ . . .
နွေရဲ့နှောင်းပိုင်း
အပူလှိုင်းထဲ ဆူရိုင်းကြွခဲ့,
မလှတဲ့ . . . မေး ဖြစ်ခဲ့စေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခမတာ…

ဝေဒနာတွေနဲ့…အတူ

နွေမှာ…, အပူဆုံးပေါ့။

အစတော့…,

"ငုနဲ့ပိတောက်, နွေမှာလှိုင်သည်"…တဲ့။

ခမရယ်…

စုနဲ့ခမောတ်

ခမမှာ နိုင်ခဲ့ပြီပဲ။

အဲဒီ့အခါ…

ခမတာ…

နွေလို မပူ

ပြည်တို မပူ။

သူ မတူအောင်…အေးမြ

ထာဝရ…

လှပ, သွားပါပြီ…ခမ…။ ။

1990-May-30





## ထမလောင်သွား

ဆရာလွန်းရဲ့…ဓား

ထမ္ဘာအစွန်းတိုင်တောင်…ထိ,ရှ

သတိရတယ်…အဖေ။

မောင်းထောင် - ဦးကျော်လှရဲ့ သံချိုတွေ။

မင်းသုဝဏ်ရဲ့ - အို့,ဘတ်လူတို့။

လွှမ်းဖို့တောင် တောင်းနေရဲ့

အဖေတို့, အဘိုးတို့ရဲ့…ဓား

ပိုးမတိုက်…ခြမစား။

တိုမာဃရဲ့ ကျောက်ဖျာအနားနဲ့သွေး

နယ်ချဲ့တွေ…ခွေးလိုပြေးခဲ့။

သားတို့တစ်တွေရဲ့…တဖျာဓား

ခြစား…ပိုးတိုက်

လှောင်တိုက်မှာ သွင်းထား။

မင်းတရားညစ်ရဲ့ ခြေဖဝါးအောက်

နင်းပြားအဖြစ်နဲ့ ငွေဓားတောက်။

"တတ်" ခေါက်သံတွေ

ဗမာပြည်ထဲ စိမ့်…လျှံဆဲ…။



www.burmeseclassic.com

www.burmeseclassic.com



လမင်းလည်း・・・ပျောက်၊ ကြယ်လည်း・・・ကြွေတတ်
နဂါးငွေလည်း・・・ ဖေ့တတ်၊ ရေနည်း・・・နောက်တတ်
ဘီလူး・・・အစွယ် ပေါက်
"တော့တ်"・・・၊ ၊

1990-Aug-26
3:38 (p.m)

※

စာပေနဲ့ ပတ်သက်ပြီး၊ သွေးနှီးခဲ့ကြတဲ့၊ အေးသိန်း (မောင်ညိုအေး–ပန်းတော)။ နိုင်မျိုးထွန်း (အင်ပါယာစာပေ)၊ စိုးလွင် (လှိုင်) ・・・ တို့နဲ့ ရှေ့ဆက်မယ့်၊ အရေးတော်ပုံတိုင်းအတွက်၊ တိုင်ပင်၊ ဆွေးနွေး။ သူတို့နဲ့ တက္ကသိုလ်ထဲကို၊ လိုက်ပါ။ သူတို့နဲ့ ・・・ ဖလှယ်။

ကျန်တဲ့ ・・・ သူငယ်ချင်းတွေ ဘယ်ရောက်ကုန်ပြီလဲ၊ တွေးကြည့်။ သေသလား။ ထောင်ထဲမှာလား။ ပြည်ပ,မှာလား။ တောထဲမှာလား။ (ဒါ ・・・ လူငယ်တစ်ယောက်ရဲ့ ကြေကွဲစရာ ・・・ ဘဝ,တဲ့လားဗျာ)။

※



## U.G 18

### အမေ့သားများ

အလံတော်အောက်
မင်း,ပျောက်သွားတာ၊ တာလ,ကြာပြီ၊
ဒီမိုကရေစီ
မြန်မာပြည်ပေါ်၊ လွှင့်ဝံ့ပျော်ပိုက်
မောတိုက်နားခို၊ မျက်ရည်စိုတိတ်၊
တောင်းနိမိတ်တွေ・・・
ခေါင်းစိတ်ခြွေချ၊ နားခိုရပြီ၊
ခေါင်းအလံတော်၊ ခြောင်းဆန်အော်တစ်
စနစ်သစ်ရေး・・・၊ ခေတ်ဆွေးတိုဖျက်၊
ဆတ်・・・ချီတက်ရင်း။ မင်း・・・ထွက်ခွာသွား
တာလ,များစွာ၊ ကြာခဲ့ပါပြီ၊
လာတော့・・・သူငယ်ချင်း
မင်းနဲ့・・・အမျှ တို့, တမ်းတ,မှဲ၊
လှတဲ့အိပ်မက်၊ ခွပ်ဒေါင်းလတ်ရေး
ပြည်တိုမွှေးနေ၊ မြင်စေချင်ရဲ့၊
လှမ်းလာခဲ့တော့၊ ရင်ကိုတော့ထား
ပြည်သူများစွာ၊ မင်းအလာကို
ကြည်သာဆင့်တဲ၊ ဝဲတဲ့မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



လက်စုပ်တွေနဲ့၊
ကြိုနေလေရဲ့ သူငယ်ချင်း . . . ။ ။
1990-May-30

※

## ရဲရင့်နွယ်နီ

တိုက်ပွဲ ပျော်မလား၊ တိုက်ပွဲခေါ်မလား
စိုက်ထဲကာ . . . အူ၊ ဇမ္ဗူကို ပတ်
အထပ်ထပ်တင်၊ ယှဉ်မလားဟေ့၊
မယှဉ်နဲ့နော်၊ ခွပ်ဒေါင်းမော်တို့,
ကျွန်တော်တို့ . . . အူ
ဇမ္ဗူမပတ်၊ လူ . . . မသတ်ဘူး။
ဝန်းခတ် . . . ဝိုင်း . . . ရုံ
တိုယ့်ပန်းခြံလေး၊ အစဉ်အေးမြ
နိုင်ခန့်လှဖို့,
အူမ,တို့ ထုတ်၊ စည်းရိုးလုပ်မယ်
ခွဲထုတ်လိုက်စို့ . . . ရဲရဲနီ . . . ။ ။
1990-Aug-31
6:00 (p.m)

※





"ငုန်းပိတောက်၊ နွေမှာ လှိုင်သည်။
စုနဲ့ခမောက် . . . မေမှာ နိုင်မည်" . . . ဆိုတဲ့ ကဗျာဆရာ
ကြီး . . . (ဦး) တင်မိုးရဲ့ နိမိတ်ဆောင်, အတိတ်တဘောင် စာကြောင်း
လေးထဲက အတိုင်းပါပဲ၊ ၁၉၉၀–မေ ရွေးကောက်ပွဲမှာ၊ အမျိုးသား
ဒီမိုကရေစီ အဖွဲ့ချုပ်၊ အနိုင်ရခဲ့ပါတယ်။
ဒါပေမဲ့ . . . ဒါပေမဲ့ . . . ဒါပေမဲ့။

※

အနိုင်ရပါတီ . . . အာဏာမရ၊ ပြီးတော့ . . .
နောက်ထပ် . . . နောက်ထပ် . . . နောက်ထပ် . . . ဆန္ဒပြ
မှုတွေ အမြောက်အမြား။ ထောင်ကျသူတွေ အမြောက်အမြား။
၁၉၉၀–ဒီဇင်ဘာ (၁၀) ရက်။ အေးသိန်း (မောင်ညိုအေး–
ပန်းတော)၊ ခွပ်ဒေါင်းအလံ . . . လာပေး။
"ထွန်းထွန်းသန်းနဲ့ ဖါနဲ့တော၊ နာမည်အရင်း
ခံနံ့ပါတ်၊ မေဂျာတွေ ပြောပြပြီး၊ ကျောင်းထဲမှာ
တရားဟောခဲ့ပြီ။ အဖမ်းခံရဖို့ သေချာတယ်"
"နိုင်မျိုးထွန်းရော"
"မတွေ့သေးဘူး"
"မင်း အိမ်မပြန်ပါနဲ့လား"
"ပြန်မယ်။ ဒီ . . . အလံနဲ့ ပြန်ခဲ့ရက်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



သူပေးတဲ့ ခွပ်ဒေါင်းအလံကို၊ အိမ်ရှေ့က ...၊ စာကလေး အိမ်ထဲကို၊ ထိုးထည့်လိုက်ရတယ်။

"အိမ်ပြန်ရင်၊ မင်း အဖမ်းခံရလိမ့်မယ်"

"လုပ်ပြီးပြီပဲကွာ။ ခံရုံပေါ့။ ထွန်းထွန်းသန်းက,တော့၊ ချက်ချင်း တစ်ဖက်နိုင်ငံကို၊ ကူးဖို့ ဆုံးဖြတ်တယ်"

"မင်းက,ရော"

"ငါ ... မပြေးချင်ဘူး"

"မပြေးချင်ရင်၊ ခဏတော့ ရှောင်နေပေါ့"

"ငါ ... ရှောင်နေရင်၊ အိမ်က,လူတွေကို၊ ပြဿနာရှာလိမ့်မယ်"

"ဒုက္ခပါပဲကွာ။ မင်းတို့က ... ဘာဖြစ်လို့ နာမည်တွေ၊ မေဂျာတွေ၊ ခုံနံပါတ်တွေ၊ ပြောပြီး ... ဟောရတာလဲ"

"မပြောလို့၊ မရတော့ဘူးကွ။ တစ်ကျောင်းလုံးက၊ အစိုးရဘက်က,လူတွေ၊ လာပြီး လှုံ့ဆော်မယ် ... လို့၊ ကောလာ,ဟာလ အလွှင့်ခံထားကြရတာကွ။

အဲဒါကြောင့်,

ငါတို့ ... ကျောင်းသားဆိုတာ သိရအောင်၊ အကုန်ပြောလိုက်မိတာ။ မင်းရော ...၊ အခြေအနေ"





"ငါက ...၊ မင်းတို့ ... ကျောင်းထဲက၊ ထွက်လာတဲ့ အုပ်စုနဲ့ ပေါင်းဖို့၊ လူစုထားပြီးသား။ ဒါပေမဲ့ ...

မင်းတို့ အပြင်မထွက်ဘူးဆိုတာ ငါ ... သိတယ်။ ငါက ... ရပ်ကွက်ထဲက၊ အရန်မီးသတ်ထဲ ဝင်ထားတာ။

ရ. ဝ. တရုံးမှာ၊ သတင်းအစုံရတယ်"

"ရှစ်ဆယ့်ရှစ်လို၊ ပြန်ဖြစ်အောင်လုပ်ဖို့၊ မလွယ်ဘူး။ လူတွေ ... ကြောက်ကုန်ကြပြီ"

"ငါရော ... မင်းရော တစ်နေရာရာ၊ ပြေးကြမယ်လေကွာ"

"ရပါတယ်ကွာ။ ငါ ... အိမ်ပဲ ပြန်မယ်။ နိုင်မျိုးထွန်းလာရင် ... ခဏရှောင်နေဖို့ မင်း ပြောလိုက်ဦး။ ငါက,တော့ ... မရှောင်တော့ဘူး။ ..."

"...။

..."

အဲဒီနေ့က၊ အေးသိန်း (မောင်ညိုအေး-ပန်းတော) ကို နောက်ဆုံးတွေ့လိုက်ရတဲ့နေ့ပဲ။ "လာဖမ်းသွားတယ်" ဆိုတဲ့ သတင်းကလွဲလို့၊ ဘယ်ရောက်တယ်ဆိုတာ ... မသိ။ နောက်,တော်တော်ကြာမှ၊ ဒီနေ့ခေတ်လူငယ် (ကျောင်းသား) တွေကို အပို့[illegible]တဲ့နေရာ

www.burmeseclassic.com



(ထောင်)ထဲကို၊ ရောက်နေပြီဆိုတာ သိရတယ်။ (ဟား ဟား ဟား ... ထောင် ၁၀–နှစ်တဲ့လေ)။

☼

(အေးသိန်း) မောင်ညိုအေး အဖမ်းခံရတဲ့နေ့ (ညဘက်) နိုင်မျိုးထွန်း ကျွန်တော့်ဆီ လာတယ်။ သူ့ကို၊ ကျွန်တော့်အိမ်မှာ မသိပ်ဘူး။ ရ. ဝ. တ (ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့) ရုံးခန်းမှာ၊ သိပ်လိုက်တယ်။ (သိပ်ခွင့်ရှိတာပေါ့။ ကျွန်တော်က ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်လေ)။

မပြေးသော် ကံရာရှိ။ ရန်ကုန်တက္ကသိုလ် (ပင်မ) (အာ–စီ)ရှေ့မှာ၊ ဆူပူလှုံ့ဆော်ခဲ့တဲ့ ကျောင်းသားကို၊ သတင်းရလို့၊ လာဖမ်းတာပါဆိုရင်၊ ကိုယ်နဲ့ ကိုယ့်သူငယ်ချင်း (၂) ယောက်တည်းတော့၊ ဘယ်,အဖြစ်ခံပါ့မလဲ။

အနည်းဆုံး၊ သစ္စာတော်ခံ၊ ရ. ဝ. တ, ဥက္ကဋ္ဌတို့, ဘာတို့လည်း၊ ပူးတွဲလောက်တော့၊ ပါပေ့စေပေါ့။ အဲဒါကြောင့် ... နိုင်မျိုးထွန်းကို၊ ရပ်ကွက်ရုံးမှာပဲ၊ သိပ်လိုက်တာ။

နောက်နေ့မှ၊ သူ ... ပြည်မြို့ကို၊ သွားရှောင်နေတယ်။

ကျွန်တော်က,တော့၊ တမြတ်တနိုးသိမ်းထားတဲ့၊ ဂျာနယ်ထဲက (အနောက်ဘက်မုခ်ပောာပြောပွဲ) ဓာတ်ပုံတွေ၊ သုံးရောင်ခြယ် ... ခေါင်းစည်းတွေ၊ လက်ပတ်တွေ၊ ခွပ်ဒေါင်းအလံတွေ၊ ပြီးတော့ ... နေ့စဉ်မှတ်တမ်းစာအုပ်နဲ့၊ အန္တရာယ်ဖြစ်မယ့်၊ စာရွက်စာတမ်းတွေ





... စ,တာတွေကို၊ နှမြောတသ,စွာနဲ့ပဲ ဖျောက်ဖျက်ပစ်ရ။ ရင်ထဲမှာ မွှမွှကြေ။

☼

ရပ်ကွက်ထဲက၊ အမျိုးသားဒီမိုကရေစီ ပါတီဝင်တွေ၊ အဖမ်းခံရ။

ကျွန်တော်က ... အရန်မီးသတ်။ တပ်စုတပ်ကြပ်ကြီး။ ရပ်ရေးရွာရေး၊ မီးရေး ထင်းရေး၊ လူမှုရေးတွေ ဆောင်ရွက်။ နောက်ပိုင်း ... ညွှန်စာရင်းစစ်ရင်၊ အရန်မီးသတ်တွေပါ ... လိုက်ရလို့၊ ပြီးတော့ ... နေရာတကာ ပါပါနေလို့၊ အဲဒီ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့က၊ ထွက်ပစ်လိုက်တယ်။ ကျွန်တော်က မီးပဲ သတ်ပေးချင်တာ။ နေရာတကာ ပါချင်တာ မဟုတ်ဘူး။

မိန်းမ,မရခင်တော့၊ နိုင်ငံရေး ... လုပ်တာပေါ့ဗျာ။ အိမ်ထောင်သည်ဖြစ်သွားပြီ။ ဘာနိုင်ငံရေးမှ၊ စိတ်မဝင်စားတော့ဘူး။ သေနတ်နဲ့ပါးစပ် ... ပြိုင်ပစ်။ ကိုယ်ပဲ နစ်နာရုံရှိတော့မပေါ့။ ... ဆိုပြီး ...၊ စကားလာနိုက်တဲ့သူတွေကို၊ အဲဒီလို အသံလွှင့်ပစ်လိုက်တယ်။

ကျွန်တော့်အဖေ ... မ. ဆ. လ လက်ကျန်ကြီးတောင်၊ သူ့အစိုးရကို၊ နားမလည်သလိုလို စကား၊ ထွက်ပေါ်ရှာတယ်။ 'အရေးအခင်းတုန်းကလည်း၊ ကွမ်းယာသည်၊ သေနတ်မှန်သွားတာ၊ ကျောင်းသားခေါင်းဆောင်လို့၊ ယူဆ,ရတဲ့သူ၊ ဒဏ်ရာရသွားတယ် ... တဲ့။



www.burmeseclassic.com

www.burmeseclassic.com





အဲဒီလူ၊ သေသွားတယ်။ အခုလည်း . . .၊ ဒီကောင်တွေ။ ဘာလုပ်တာလဲကွာ။ မဲနိုင်တဲ့သူ လွှဲပေးရမယ့်ဟာ''

တစ်နိုင်ငံလုံး အတိုင်းအတာအရတော့၊ ကျွန်တော့်တော်လှန်ရေး၊ အပြတ်အသတ် မနိုင်ခဲ့ပါဘူး။

ကျွန်တော့် အိမ်ထဲမှာတော့ အဖေ့ရဲ့၊ အမြင်မှန်လေးကို၊ ကြားလိုက်ရတဲ့အတွက်၊ ကျွန်တော် . . .၊ အောင်မြင်မှု အကြီးကြီးရသလို၊ ခံစားကျေနပ်မိပါတယ်။

အဖေ့ကို နိုင်လို့၊ ကျေနပ်တာမျိုး၊ မဟုတ်ပါဘူး။ ကိုယ့်မိဘ, အမှန်တရားကို၊ လက်ခံလာတတ်တာကို၊ ကျေနပ်တာပါ။ (ပြည်သူပြည်သားဆိုတာ၊ မင်းကောင်းမင်းမြတ်ရဲ့ ဖဝါးတော်အောက်၊ ပြားပြားမှောက်ချင်ကြသလို၊ သားသမီးဆိုတာလည်း၊ မိဘ,ကောင်းရဲ့ အရိပ်အောက်မှာ၊ ပျော်မွေ့ချင်ကြတာပါပဲ)။

*

နိုင်ဝင်း ခဏလာတယ်။ မိုက်ကယ်အဲလက်(စ)က၊ သူ့ကို အင်္ဂလိပ်စာ သင်ပေးတယ် . . . တဲ့။ သူ . . . အင်္ဂလိပ်စကား အရမ်းပြောတတ်နေပြီ။ ရော်ပါသေးတယ်။ တက္ကသိုလ် ဆက်မတက်တော့တဲ့ သူ့အတွက်၊ ကမ္ဘာသုံး ဘာသာစကားကို၊ ကျွမ်းကျင်သွားတာ၊ ဝမ်းသာစရာပါ။

နိုင်ဝင်းနဲ့ သုံးလေးခါ . . . တွေ့ပြီး၊ အဆက်အသွယ် . . . ပြတ်။ အဲ . . .၊ ကျွန်တော်က၊ (U.G) ဆိုတော့၊ ဘာတွေလုပ်တယ်ဆိုတာ၊ အသေးစိတ်၊ ပြောမပြတော့ပါဘူးနော်။ လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ မပတ်သက်တာက,လွဲရင်၊ ကျန်တာ အကုန်လုပ်တယ်ပေါ့ဗျာ။

*

အကျဉ်းစံအားလုံးနဲ့ သူငယ်ချင်း အေးသိန်း (မောင်ညိုအေး–ပန်းတော) အတွက်၊ ကျွန်တော် သမ္မာဒေ္ဒဂါထာတော်ကို၊ နေ့တိုင်း၊ အချိန်တိုင်း . . . ရွတ်။ (ခလုတ်ထိမှ၊ ဘုရားတ,တယ် . . . ပြောပြော၊ သိကြား မမ,မယ့်အတူတူ၊ အားလုံးအတွက်၊ ဘုရားတ,မိတာပဲ၊ ကောင်းပါတယ်)။

*

အုပ်ချုပ်ရေး ပြောင်းလဲမှုဖြစ်၊ တချို့သော အကျဉ်းစံများနဲ့ အေးသိန်း (မောင်ညိုအေး–ပန်းတော)၊ ထောင်မှ . . . လွတ်။ ညီညီလှိုင် . . . ထောင်မှလွတ်။

ကျွန်တော့်ရင်ထဲမှာ . . . ကမ္ဘာမကျေ။ အားလုံးရင်ထဲမှာ ဗမာပြည်။

*

''ရပ်ကွက်ထဲမှာ၊ မြင့်နိုင်ဆိုတဲ့ သူငယ်ချင်း တစ်ယောက်။ ၁၇–ရက်၊ ၃–လ၊ ကိုးဆယ့်တစ်ခုနှ

www.burmeseclassic.com 



ကာ၊ သေသွားတယ်ကွ။

၁၆-ရက် နေ့ညကာ၊ လက်နက်ကိုင်တွေ၊ ရပ်ကွက်ထဲလာပြီး၊ သူ့အဖေကို၊ မတွေ့လို့ . . . တဲ့၊ သားဖြစ်တဲ့၊ ဒီကောင့်ကို ခေါင့်ကန်၊ ရိုက်ပုတ်သွားတာ။

နောက်နေ့ညနေ (၃) နာရီ၊ သေရော . . . ။ မနက်ပိုင်း . . . လာသယ်ကြတယ်။ ဆေးရုံပို့ဖို့၊ ငါပါ . . . သယ်ပေးလိုက်တယ်။ ညနေ . . . သေတဲ့သတင်း ကြားတာပဲ''

''ဘာအမှုမှ မဖြစ်ဘူးလား''

''မဖြစ်ဘူး။ မင်းတို့လည်း . . . မရှိ၊ ဘာလုပ်ပိုင်ခွင့်မှလည်း၊ ငါ့မှာ မရှိ၊ ငါ . . . မျက်ရည်ကျတယ်ကွ''

အေးသိန်းတို့နဲ့ စားမြုံ့ပြန်။ စကားဖောင်ဖွဲ့။ အနာဂတ် . . . ခရီး။ မှောင်ရီ . . . ပိုးတဝါး။

ဒါပေမဲ့ . . . အဲဒီအခါကာလ,မှာ၊ စိတ်လက်ချမ်းသာစွာနဲ့၊ ကြီးပွားနေတဲ့သူတွေ၊ မရှိဘူးလို့၊ မထင်ပါနဲ့။

✳

၁၉၉၆- အောက်တိုဘာ (၁၅/၁၆)။

စာရေးဆရာ-ပေါက်စ၊ မောင်ညိုအေး (ပန်းတော)နဲ့ ကဗျာဆရာပေါက်စ ကျွန်တော်။ ပြီးတော့ . . . လှိုင်မြို့နယ် ဘူတာရုံ[illegible] စိုးလွင် (ကျူရှင်ဆရာပေါက်စ) တို့တစ်တွေ။

ညဘက်၊ ရန်ကုန်မြို့လယ်ကောင်ကို၊ စီတန်းလှည့်လည်ဆန္ဒပြကြတဲ့အထဲ၊ မပေါ်မလွင်၊ မထင်မရှား။ တက်တက်ကြွကြွ။ (ကဗျာဆရာ-နေဇော်နိုင်ကိုလည်း တွေ့လိုက်သေး)။

သီတင်းကျွတ်ကျောင်းပိတ်ရက်ဆိုပြီး၊ ကျောင်းပိတ်လိုက်လို့ ပြီးတော့ . . . တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေက၊ အေးအေး ဆေးဆေး၊ ဘာမှ . . . မလုပ်ကြဘူးဆိုတာမျိုး၊ တစ်ယောက်ယောက်က၊ (တိုင်းပြည်ကြီး အေးချမ်းနေသယောင်) ပြောလိုက်တာကို၊ မဟုတ်မမှန်ကြောင်း . . . ပြကြဖို့၊ စီတန်းလှည့်လည် ဆန္ဒပြကြတာပါပဲ။

''နိုင်ငံရေးအကျဉ်းသား၊ ပြန်လွှတ်ရေး''

''တို့အရေး . . . တို့အရေး''

''ဖမ်းဆီးကျောင်းသား၊ ပြန်လွှတ်ရေး တို့အရေး . . . တို့အရေး''

''. . .''

သိမ်ကြီးဈေး ကုန်းတံတားပေါ်တက်ပြီး၊ အော်ဟစ်တရားဟောမယ်လုပ်တော့၊ အားလားလား . . . ။

ကျွန်တော် အမြန်ပြန်ဆင်းလိုက်ရတယ်။

''မောင်ညိုအေး၊ စိုးလွင်ရော''

''ဟိုမှာ''

''အမြန်ခေါ်လိုက်''





www.burmeseclassic.com

www.burmeseclassic.com





စိုးလွင် ရောက်အလာ။

"ဟိုမှာ ... တွေ့လား။ အဲဒီကောင်။ လက်သီးလက်မောင်း။ သူ ... အတန်းဆုံး"

"အေး ... တွေ့တယ်။ ဘာဖြစ်လို့လဲ"

"အဲဒါ၊ ငါ့လမ်းထဲက၊ ထောက်လှမ်းရေး"

"ဩော် ...။ သူလည်း ... တာဝန်ထမ်းဆောင်တာနေမှာပေ့ါ"

မောင်ညိုအေး ... ရယ်လျက်ပြောပြီး ...

"အဲဒီတော့ ... ဘာလုပ်ကြမလဲ"

"ငါတို့၊ နေခဲ့ကြမယ်။ ဟိုးနောက်မှာ၊ ထွန်းလှက၊ ကားနဲ့ လိုက်လာတယ်။

အဲဒီ့ကားပေါ် ... တက်လိုက်ကြတော့။ ညဘက်လည်း ဖြစ်။ အရောရော အနှောနှောနဲ့၊ ..."

စိုးလွင်က ...

"ငါ ...၊ ချာတိတ်တွေကို၊ ဒီအတိုင်း၊ မလွှတ်လိုက်ချင်ဘူး။

တစ်ယောက်တော့၊ အနစ်နာခံမှ၊ ဖြစ်မယ်။

ငါ ... ချာတိတ်တွေနဲ့၊ နေခဲ့လိုက်မယ်"

စစ်မြေပြင်မှာ၊ ရဲဘော်တစ်ယောက်၊ နေကျန်ရစ်ခဲ့မယ်လို့ ပြောလိုက်သလိုမျိုး၊ ကျွန်တော် ခံစားရတယ်။ ဒါပေမဲ့ ... ရင်နာနာနဲ့ပဲ ဆုံးဖြတ်ကြရတာလေ။



"တစ်ခုမှာလိုက်ချင်တယ်။ တစ်ညလုံး ... ဆက်လျှောက်။ မလျှောက်နိုင်တော့ရင်။ လှုစုခွဲ။

အဲဒီလိုမှ၊ မဟုတ်ဘဲ၊ လေးဖက်လေးတန် အဝန်းအဝိုင်းထဲတော့၊ မဝင်နဲ့။

ဥပမာ။ ။ ဘုရားပေါ်၊ တက်သွားတာမျိုး။ မလုပ်နဲ့။ အဝိုင်းခံရလိမ့်မယ်"

"အခြေအနေအဲရှပေါ့ကွာ"

"..."

"..."

*

နောက်တစ်နေ့ မနက်၊ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) ကို၊ ကျွန်တော် သွား။

ကျောင်းပိတ်တာလား ... မဖွင့်တာလား၊ တရားဝင်၊ ကျောင်းပိတ်ရင်၊ ပိတ်တဲ့အကြောင်း ကြေညာဖို့၊ ကျောင်းသားတချို့ကို၊ အကြံပြု။

နိုင်ဝင်းနဲ့ ... တွေ့။

"ငါတို့ ... အောင်မြင်တယ် ရန်မျိုးအောင်၊ ထိရောက်တယ်"

"ပြည်သူလူထု၊ မပါတော့ဘူး နိုင်ဝင်း၊ ပြည်



www.burmeseclassic.com

www.burmeseclassic.com



သူလုံ့ထု မပါဘဲ၊ ဘယ်တော်လှန်ရေးမှ၊ မအောင်မြင်ဘူး''

လမ်းမ,ပေါ်မှာ၊ အပြေးအလွှား ပြောကြ၊ မှာကြ၊ မေးကြ၊ နှစ်ယောက်သား၊ မျက်ရည်ဝေ့ဝေ့တွေနဲ့၊ ခွဲကြရ။

☼

စိုးလွင် ... အိမ်ပြန်မလာကြောင်း ကြား။ ထွန်းလှ၊ မောင်ညိုအေးနဲ့ ကျွန်တော်၊ ကျိုက်ထီးရိုးဘုရားပေါ်တက်။

(အဲ ... ပြောဖို့ကျန်ခဲ့တယ်။ မိန်းမနဲ့ ... ကွဲ။ နိုင်ငံရေးနဲ့တော့ မဆိုင်ပါဘူး။ တခြားမိသားစုအရေးနဲ့ ကွဲတာပါ။ သေသေချာချာတော့၊ မကွာရှင်းရသေးဘူးပေါ့။ ငွေများများရှိမှ ... လက်မှတ်ထိုးပြီး၊ ကွာမယ်။ နိုင်ငံရေးနဲ့ မဆိုင်တဲ့၊ အိမ်တွင်းရေးကြောင့်၊ ကွဲမှာ)။

☼

စိုးလွင် ... ဝန်ခံလက်မှတ်ထိုးပြီး၊ အိမ်ပြန်ရောက်နေတယ် ... သတင်းကြား။

☼

ကျွန်တော် တစ်ကိုယ်တော် လေလွင့်။ အကြောင်းကြောင်းကြောင့်၊ မိန်းမနဲ့ ပြန်ပတ်သက်။ တိုင်းပြည်ကို၊ အသိပေးစရာရှိလို့၊ 'စစ်သွေးသစ္စာ' အမည်ရှိ၊ ရုပ်မြင်သံကြား ဇာတ်လမ်းကို၊ ဇာတ်ညွှန်း





ရေး။ ဇာတ်လမ်းရဲ့၊ အစပိုင်းနဲ့၊ ဇာတ်သိမ်းပိုင်းကို၊ သက်ဆိုင်ရာ ဖြတ်တောက်။

လိပ်ပြာသန့်ချင်လို့၊ မည်သည့်အခ,ကြေးငွေမှ၊ မယူ၊ [illegible] သည့်ဂုဏ်ပြုလက်ဆောင်မှ မယူဘဲ၊ ရေးခဲ့တာပါပဲ။

တိုင်းပြည်ကို၊ ပြောချင်ရာစကားတွေ၊ နည်းနည်းပါးပါး ထည့်ရေးခွင့်ရလို့၊ နည်းနည်းတော့၊ ကျေနပ်ပါရဲ့။

☼

တဲစုတ်နဲ့ ... နေ။ ကြိုးစား။

ချမ်းသာတာနဲ့ ... ကွာရှင်းဖို့ ပြင်ဆင်။

☼

....

....

.... ....။

☼ ☼ ☼



www.burmeseclassic.com

www.burmeseclassic.com

U.G 18

# ရွှေဝါရောင်တော်လှန်ရေး

www.burmeseclassic.com

www.burmeseclassic.com 

(၁၁)

နိုင်ငံရေးကို၊ နားစွန်နားဖျားပဲ၊ နားစွင့်နိုင်ပါတော့တယ်။
နိုင်ငံအစိုးရက,လည်း။ တဲပေါ်က,နေ တိုက်ပေါ်ရောက်အောင်လုပ်။
ကျွန်တော်က,လည်း။ တဲစုတ်က,နေ၊ တိုက်ဖြစ်အောင်လုပ်။

※

ကျွန်တော်ရော၊ မောင်ညိုအေး (ပန်းတော) ရော၊ နိုင်ငံကျော် စာရေးဆရာတွေ ... ဖြစ်။

※

၂၀၀၄ ခုနှစ်မှာ၊ သိန်း (၆၀) နဲ့ လိုချင်တာ အကုန်ပေးပြီး၊ အိမ်ထောင်ဖျက်။ တရားဝင်ကွာရှင်း။

※

၂၀၀၇–ခုနှစ် ၊ ဖေဖော်ဝါရီလမှာ၊ နောက်အိမ်ထောင် ထပ်ပြု။

※



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇–ခုနှစ် (စက်တင်ဘာလ) ရွှေဝါရောင်တော်လှန်ရေးမှာ၊ ဝင်ရောက်ဆင်နွှဲ။ ကဗျာဆရာ–ဆရာအောင်ဝေးနဲ့ ပြန်ဆုံကြ။ ကဗျာဆရာ ဆူးသစ်နီနဲ့ နှုတ်ဆက်။ (ပင်လယ်အော်သံကိုလည်း ကြားတွေ့ရ)။

အာဇာနည် သံဃာတော်များကို၊ ဖူးတွေ့။ နှုတ်ဆက်။

✳

ကဗျာဆရာ–
ဆရာ အောင်ဝေး ပြည်ပသို့ တိမ်းရှောင်။

✳

ရွှေဝါရောင် တော်လှန်ရေး၊ အဖြိုခွင်းခံရ။

✳

မြန်မာ့သမိုင်း ... ကမ္ဘာမှာ လှိုင်းထ။

✳

ကဲ ...။
ကျွန်တော် ... ဘာတွေ တတ်နိုင်ခဲ့သလဲ။
ဘာများ လုပ်နိုင်ခဲ့သလဲ။





ရိုင်းရိုင်းနဲ့ ကိုယ့်ကိုယ်ကိုယ် အပြ[illegible] [illegible]
ကျွန်တော့်ကလောင်နဲ့
ဆင့်ပါးစပ် နှမ်းပက်ခဲ့တယ် ... ဆိုပါတော့။

✳

သူပန်မှ . . . ပန်း

တောတောင်ရေမြေ ဆီးနှင်းတွေခြောက်
လမ်းပျောက်ရှုပ်ထွေး၊ အဝေးတမ္ဘာ
သူ . . . လာမှ လန်း၊ သူ့ခြေလှမ်းမှ
လမ်းကြောင်းဖြစ်မည်၊

အဟန့်အတား
ချောင်းဗျားမြစ်ကူး၊ ဖွက်လူးနေစဉ်
ရင်ခွင်ခံစား၊ သူ . . . ဆန့်လျားမှ
တံတားဖြစ်မည်၊

စည်းစိမ်ဥစ္စာ
ရတနာတိုးပါး၊ စီခြယ်ထားလည်း
သူရောက်မလာ၊ ဟာတာတာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူလာခိုခွဲ၊ သူနှစ်သက်စွာ
သူ…နေသာမှ၊ ဝေဟာဖြစ်မည်။

ခုနစ်စဉ်ရောင်
ယှက်ယှက်နှောင်တန်း၊ ကောင်းကင်လမ်းသို့
သူ့လက်ဆန့်တမ်း၊ သူ…မျှော်တမ်းမှ
သက်တံ ဖြစ်မည်။
ပင်မျိုးစုံလည်း
ပန်းမျိုးစုံပွင့်၊ မာလာဝင့်လည်း…
သူ…မလိုချင်၊ ငြိုငြင်ပယ်ထုတ်
ပန်းရုပ်မပီ၊ သူကြည်ဖြူ၍
မေ့မေ့မူးမူး၊ သူ့ခွတ်ခူးလျက်။

သူ့လက်အလှမ်း၊ သူက, နမ်းမှ
ပန်းဖြစ်တော့သည်။
သူမရှိလျှင်၊ လမ်းလည်း…မရှိ
ချောင်းလည်း…မကူး
အိမ်ဦး…ခြောက်သွေ့
သက်တံ…မြေခွေး
ပန်းမမွှေးတူး။



U.G 18

သူရှိမှသာ၊ ကိုယ့်တမ္ဘာ၌
အရာရာပြည့်၊ ကိုယ် ပျော်မွေ့မယ်
တစ်နေ့မှတို မမေ့ဘူး…။ ။

2001-May-8
[2001.Jun 6 "မေ" သတင်းဂျာနယ် အတွဲ (၃)၊ အမှတ် (၄၁)]
[(မီးပြဖတ်–ကဗျာစာအုပ်) –မှ]

☼

ဆိုဗာ

ဗီထားဆူမျှ
ပိပြားရလည်း
မပီ မထိုင်
သတိယိုင် ညောင်းအထ,မှာ
ဖောင်းကြွလာမြဲ…။ ။

2002-Oct-21 7:45 (p.m)
[(ညလိပ်ပြာ – ကဗျာစာအုပ်)–မှ]

☼



www.burmeseclassic.com

www.burmeseclassic.com



## သစ်တော

အလေ့တျ အပင်တွေ
ဆေးဖက်ဝင်၊
မုန်တိုင်းကြောင့်,
အပင်ကြီးတွေ…၊…၊
ပြို…၊…၊
လဲ…၊
အခါမဲ့မိုးက
တသည်းသည်းရွာ၊
ချုံပုတ်ထဲက…ပန်းတွေ…
ရေရေလည်လည် လန်းတယ်…၊ ၊

2009-Jun-25

[၂၀၀၉–စက်တင်ဘာလ Perfect (အောင်မြင်ခြင်း–မဂ္ဂဇင်း)]

[အလွမ်းပြေငြိမ်းရေးစာချုပ်–ကဗျာစာအုပ်–မှ]

⁂





## မီးဝိုပျံ

အပူပြင်းမှု၊ အမြင့်ပျံ
မှိုင်းမိနေမှု၊ လေတုန်စီး၊
တိုယ်ပိုင်စွမ်းအား
ဘာမျှမရှိ၊
မီးငြိမ်း မှိုင်းတုန်
မော့ကြည့်နေရုံမှ တစ်ပါး၊
သူ…, ဘယ်ရောတ်သွားသလဲ
သိချင်ရင်…
မြေပြင်ပေါ်က,သာ
စောင့်ကြည့်နေပါ…မိတ်ဆွေ…၊ ၊

2009-Oct-3

12:10 (a.m)

[အလွမ်းပြေငြိမ်းရေးစာချုပ်–ကဗျာစာအုပ်–မှ]

⁂

၁၉၈၈–ခုနှစ်ကနေ ဒီကနေ့အထိ ကဗျာအပုဒ်ပေါင်း(၁၀၀၀) ကျော်၊ ရေးဖွဲ့ခဲ့တာ။ အရာမှ၊ ရောက်ရဲ့လား။ အရေးမှ၊ ပါရဲ့လား။ အရေးမပါတဲ့ဟာတွေ၊ အရာရောက်နေတဲ့၊ ကာလမျိုးမှာ၊



www.burmeseclassic.com

www.burmeseclassic.com



ကဗျာနဲ့ တိုက်ပွဲဝင်ခဲ့ရတယ်ဆိုတာ၊ လူ့ရယ်စရာများ ဖြစ်နေလေရော့သလား။

မလိုလားသူကို၊ မဖယ်ရှားနိုင်ခဲ့ရင်တောင်၊ လိုလားသူကို၊ ကြည်ဖြူတဲ့ အပြုံးလေးတော့၊ ပြုံးပြနိုင်ခွင့် ရှိရမယ်။ (ကျွန်တော် ••• ပြုံးပြနိုင်ခဲ့ပါရဲ့လားဗျာ)။

⁕

အကယ်၍များ၊ ကျွန်တော်သာ၊ ကိုလိုနီကျွန်သဘောက် ခေတ်က၊ တော်လှန်ရေးသမားသာဆိုရင်၊ ကျွန်တော်လေ၊ အလိုတော်ရိတွေကို၊ ကြောက်လွန်းလို့၊ ဘာကိုမှ၊ ဘယ်သူနဲ့မှ၊ မတိုင်ပင်ဘဲ၊ တစ်ကိုယ်တော် ••• တော်လှန်ရေးသမားများ၊ လုပ်မိလေမလားပဲ။ တော်လှန်ရေးသမား မဖြစ်ခဲ့ရင်လည်း၊ အလိုတော်ရိတွေကို၊ ပြောက်ကျားစနစ်နဲ့ သတ်ပစ်တဲ့၊ တစ်ကိုယ်တော် လူသတ်သမားတော့၊ ဖြစ်,လောက်တယ်။

သတင်းပေး ••• တို့၊ ဖော်ကောင်တို့၊ အသားထဲက ••• လောက်ထွက် ••• တို့၊ အဲ့ဒီ ဝေါဟာရတွေ၊ တခြားတိုင်းပြည်တွေမှ၊ ရှိမှ ••• ရှိရဲ့လား၊ မပြောတတ်ပါဘူး။ ကိုယ့်တိုင်းပြည်ရဲ့၊ သမိုင်းစဉ်တစ်လျှောက်၊ ကိုယ်ပိုင်ဝေါဟာရတွေများလားတောင်၊ ထင်မှတ်မိပါတယ်။ တကယ်။

နဝတ ခေတ်က၊ ကိုစိုးဝင်း ••• ဆိုတဲ့၊ အစ်ကိုကြီး။ ညဘက် ••• သတင်းကြေညာနေတဲ့၊ အချိန်။ ရုပ်မြင်သံကြားမှာ၊





စကားပြောနေတဲ့၊ လူကို၊ အော်ဆဲ ••• လို့ ••• တဲ့။ တိုင်လိုက်တော လိုက်ကြတာ။ ထောင်ကျသွားပါရောလား။ အဲ ••• တိုင်ချက်ထဲမှာ အဲ့ဒီလူက ••• ၁၉၉၅–ခုနှစ်တုန်းက၊ ဦးသန့်အရေးအခင်းမှာပါ၊ ပါဖူးတယ်ဆိုတဲ့အကြောင်း။ အဆစ်ကလေးပါ ထည့်လိုက်ကြသတဲ့။ (အဲဒါ ••• ဘာစိတ်ဓာတ်တဲ့လဲ)။

အစိုးရကလည်း၊ ဘာတွေလုပ်နေမှန်းမသိဘူး ••• လို့များ၊ တစ်ခွန်းလောက် ကိုယ့်ဘာသာ ညည်းညူမိရင်တောင်၊ တို့မပါဘူးနော် ••• ဆိုပြီး၊ အနားကနေ ••• ရှဲသွားကြတာ။

ဒါ ••• တို့၊ ဗမာတွေ (မြန်မာတွေ) မှ၊ ဟုတ်သေးရဲ့လား ••• လို့၊ ဘယ်ကို သွားမေးရမှန်းမသိ၊ ဖြစ်မိခဲ့တာ အခါခါ။ (အဲဒါ ••• ဘယ်သူ့စနက်လဲ)။

ဟိုးငယ်ငယ်တုန်းက၊ တပ်မတော်နေ့ဆိုရင်၊ တော်လှန်ရေးပန်းခြံထဲမှာ မီးရှူးမီးပန်းဖောက်တာကို၊ မိဘ,တွေက ••• လိုက်ပြ။ ကလေးတိုင်း စစ်ကားဆို အသေကြိုက်။ ကျောင်းတွေ,ကျောင်းတွေက၊ ကျောင်းသူ ချောချောလေးတွေက၊ တပ်မတော်သားတွေကို၊ ဂုဏ်ပြုပန်းကုံးတွေ၊ စွပ်ကြ။ ပြုံးပျော် ••• ရွှင်မြူး။ ကြည်နူး ပျော်ပိုက်ခဲ့ကြတာ၊ အတူတကွပါ။ (အဲ့ဒီ အခြေအနေတွေ၊ ပျက်ပြားခဲ့တာရော၊ ဘယ်သူ့စနက်လဲ) (ဘယ်သူညံ့ဖျင်းမှုလဲ)

တပ်နဲ့ပြည်သူ ကြည်ဖြူခဲ့ကြသမျှ၊ တကွဲစီ ••• သတ်သတ်သီးခြား ••• ဖြစ်သွားအောင်၊ တပ်ကို၊ တပ်အလုပ်, မလုပ်နိုင်အောင်၊ ပြည်သူပြည်သားနဲ့ တိုက်ရိုက်၊ ထိခိုက်မှုမျိုး ကြုံရအောင်၊ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးများက၊ ဘာရည်ရွယ်ချက်နဲ့၊ ဘယ်လိုများ . . . ဦးဆောင်ခဲ့ကြလေသလဲ။ တွေးတောကြည့်ရုံနဲ့ အဖြေမထွက်ရင်၊ ရှာဖွေကြည့်ရင်တော့၊ အဖြေထွက်မှာပါ။ (ဒါမှမဟုတ်၊ အားလုံးသော၊ လုပ်သားပြည်သူ . . . ကျောင်းသား, ကျောင်းသူ, ရဟန်းရှင်လူ, သူတော်ကောင်း, သူတော်မြတ်အပေါင်းတို့တစ်တွေ၊ စာလေး, ပေလေး၊ လေ့လာဖြစ်ကြရင်လည်း၊ အဖြေဆိုတာ အလွယ်တကူ၊ တွေ့တတ်တာပါပဲဗျာ)။

ဘယ်အစိုးရက၊ ဘယ်တိုင်းပြည်ကို၊ ဘယ်လိုနည်းစနစ်နဲ့ အုပ်ချုပ်နေတယ် . . . ဆိုတာ၊ သိချင်ရင်၊ စာလေး . . . ပေလေး၊ နည်းနည်းပါးပါး ဖတ်လေ့ဖတ်ထ, ရှိရုံနဲ့၊ သိနိုင်လောက်ပါရဲ့လေ။

☼

စာအုပ်အမည် – ကမ္ဘာကျော်စာအုပ်တစ်ရာ
ရေးသူ – နွယ်သစ်
ပုံနှိပ်ခြင်း – (ပထမ–အကြိမ်)
ထုတ်ဝေသည့်ကာလ –၁၉၇၅–ခုနှစ်၊ ဖွန်လ
ဖတ်ရှုသည့်ကာလ – ၁၉၉၅–ခုနှစ်၊ ဖွန်လ (၄) ရက်။
ရာဇဝါဒကျမ်း – The Prince
(၁၅၃၂)
နစ်ကိုလို မာကီယာဗယ်လီ – Machiavelli, Niccolo

. . . ယင်းစာအုပ်ကား၊ မာကီယာဗယ်လီ ၁၅၁၃–ခုနှစ်တွင်





ရေး၍ သူ ကွယ်လွန်ပြီး၊ ငါးနှစ်အကြာ ၁၅၃၂–ခုနှစ်တွင်မှ၊ ထုတ်ဝေဖြစ်သော, ရာဇဝါဒ ကျမ်းစာအုပ်ဖြစ်သည်။ ဤရာဇဝါဒကျမ်းစာအုပ်ကို၊ အချို့ကမူ "အာဏာရှူး လက်စွဲကျမ်း" . . . ဟုလည်း ကင်ပွန်းတပ်ကြသည်။ အဘယ်ကြောင့်ဆိုသော်၊ ဥရောပ,သမိုင်းတွင် အာဏာရှူးများဟု၊ တင်စားသမုတ်ခြင်းခံရသော၊ ပြင်သစ်ဘုရင် တတိယမြောက် ဟင်နရီနှင့် စတုတ္ထမြောက် ဟင်နရီတို့သည်၊ အိပ်ရာဝင်ခါနီးတိုင်း၊ မာကီယာဗယ်လီ၏ 'ရာဇဝါဒကျမ်း' ဖတ်သောကြောင့် ဖြစ်သည်။ နပိုလီယံဗိုနာပတ်၏အဆောင်၌လည်း၊ ဤကျမ်းကို တွေ့ရသည်။ ၂၀–ရာစုနှစ်ရောက်သောအခါ၌ပင်၊ ဟစ်တလာနှင့် မွတ်ဆိုလိုနီတို့သည်၊ ဤရာဇဝါဒကျမ်းကို၊ လက်စွဲပြုထားသေးသည်။

(စာ–၄၆/၄၇)

☼

. . . . . . ရာဇဝါဒကျမ်းတွင်၊ အဓိကအဖြစ် ပြောထားသော အချက်မှာ၊ နိုင်ငံကောင်းစားမည်ဆိုလျှင်၊ မည်သို့ပင်လုပ်လုပ်၊ တရားမျှတ,သည်။ နိုင်ငံ၌ အုပ်ချုပ်သော လူတန်းစားသည်၊ နိုင်ငံအတွက်ဆိုလျှင်၊ အကြမ်းဖက်မှုများ၊ လိမ်လည်လှည့်ဖြားမှုများကိုပင်၊ ပြုလုပ်နိုင်သည်။ အများအတွက်၊ လူကျင့်ဝတ်သည်၊ ပုဂ္ဂိုလ်ရေး လူ့ကျင့်ဝတ်နှင့် တသီးတခြားပင် ဖြစ်သည်။ လူ့ကျင့်ဝတ်ကို တစ်ပြေးညီ မထားရ၊ အုပ်ချုပ်သူအတွက် လူ့ကျင့်ဝတ်တစ်မျိုး၊ အအုပ်ချုပ်ခံများ



www.burmeseclassic.com

www.burmeseclassic.com



အတွက်၊ လူ့ကျင့်ဝတ်တစ်မျိုးရှိရမည်ဟူသော အချက်ပင်ဖြစ်လေသည်။ သို့ဖြင့် ... မာကီယာဗယ်လီသည် လူ့ကျင့်ဝတ်ကို နိုင်ငံရေးနှင့် မဆက်စပ်စေဘဲ တသီးတခြား ထားခဲ့လေသည်။

(စာ-၄၈)

※

........ မာကီယာဗယ်လီသည် အုပ်ချုပ်သူလူတန်းစားနှင့် ပတ်သက်၍ ဤသို့ဆိုခဲ့သည်။

"အုပ်ချုပ်သောမင်းသည် ပြည်သူလူထု၏ချစ်ခင်နှစ်သက်ခြင်းကို ခံယူသင့်သလော၊ သို့တည်းမဟုတ်၊ ကြောက်ရွံ့ခြင်းကို ခံယူသင့်သလောဟူသောကိစ္စမှာ ပြဿနာဖြစ်သည်။ ကျွန်ုပ်တို့၏အလိုဆန္ဒက၊ အအုပ်ချုပ်ခံများ၏ချစ်ကြောက်ရိုသေမှုကို ခံယူလိုသောဆန္ဒ ဖြစ်သည်။ သို့ရာတွင် ချစ်ခင်မှုနှင့် ကြောက်ရွံ့မှုသည် တစ်ပြိုင်တည်း ဒွန်တွဲတည်နိုင်ရန် ခက်ခဲလှသည်။ အခွန့်ရှည်စွာ အုပ်စိုးလိုပါက၊ အအုပ်ချုပ်ခံများထံမှ ချစ်ခင်မှုကို မလိုဘဲ၊ ကြောက်ရွံ့မှုကိုသာ ရယူရန် လိုအပ်သည်။"

မာကီယာဗယ်လီက၊ မင်းတို့မည်သည် အကြင်နာမဲ့သည်၊ အညှာတာမဲ့သည်ဟူသော ကျော်စောမှုကို အလေးဂရုမမူအပ်။ အအုပ်ချုပ်ခံလူထုညီညွတ်မှု၊ အမိန့်နာခံမှုအတွက် ရက်စက်ကြမ်းကြုတ်ခြင်းသည် မင်းတို့အဖို့ လက်နက်ကောင်းတစ်ခုသာ ဖြစ်သည်ဟု ဆိုလေသည်။



U.G 18

"ပြည်သူတို့၏ကိုးစားမှုကို မင်းများ မည်သို့ ရယူအပ်သနည်း" ... ဟူသော အခန်း၌ မာကီယာမယ်လီက, –

"ကိုးစားမှုရရန် နည်း (၂) နည်းရှိသည်။ တရားဥပဒေနှင့်အညီ၊ ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် ရယူနည်း။ အင်အားဖြင့် ကွပ်ညှပ်၍ ရယူနည်းတို့ ဖြစ်သည်။ ပထမနည်းသည် လူသားတို့ကို အုပ်ချုပ်ရာ၌ သင့်လျော်သောနည်းဖြစ်သည်။ ဒုတိယနည်းကား သားရဲတိရစ္ဆာန်တို့အတွက် သင့်လျော်သည်။ သို့ရာတွင် ပထမနည်းသည် အကျိုးကျေးဇူး အရာမထင် ဖြစ်တတ်ရကား၊ ဒုတိယနည်းကို ကျင့်သုံးရမည်သာ ဖြစ်သည်။ ထို့ကြောင့် မင်းသည် လူအတွက်နည်းနှင့်၊ သားရဲတိရစ္ဆာန်အတွက် နည်း (၂) နည်းစလုံးကို ကောင်းစွာနားလည်ရန်လိုသည်။ နည်း (၂) နည်းစလုံးကို သဘောပေါက်သည့်တိုင်အောင်၊ တကယ့်ကျင့်သုံးသောအခါ တိရစ္ဆာန်အတွက် နည်းကိုသာ ကျင့်သုံးရမည် ဖြစ်သည်။" ... ဟု ဩဝါဒပေးလေသည်။ မာကီယာဗယ်လီ၏ အလိုအရ အအုပ်ချုပ်ခံတို့ကို တရားဥပဒေနှင့်အုပ်ချုပ်ခြင်းထက် အင်အားသုံးအုပ်ချုပ်ခြင်းက မင်းများအား ကိုးစားမှုကို ဖြစ်စေသည်ဟု သိရသည်။

သို့ဖြင့် မာကီယာဗယ်လီ၏ရာဇဩဝါဒကျမ်းသည် နပိုလီယန်တို့လို၊ ဟစ်တလာ၊ မူဆိုလိုနီတို့လို အာဏာရှင်ကြီးများကို အဆက်မပြတ် မွေးထုတ်ပေးနေလေတော့သည်။

(စာ-၄၉)

※



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ဘဝခရီးကြမ်း - Mein Kampf

(၁၉၂၅-၁၉၂၇)

ဟစ်တလာ - Hitler

(၁၈၈၉-၁၉၄၅)

ဂျာမနီပြည်၏ ဖက်ဆစ်အာဏာရှင် အဒေါ့ဟစ်တလာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည်။ အတ္ထုပ္ပတ္တိဆိုငြားလည်း 'အတ္ထုပ္ပတ္တိက ၁၀ ရာခိုင်နှုန်း၊ တရားသေဝါဒက ၉၀ ရာခိုင်နှုန်း၊ ထို့နောက် ဝါဒဖြန့်ခြင်းက ၁၀၀ ရာခိုင်နှုန်း'' ပါသည့် စာအုပ်ဟု ဝေဖန်ကြသည်။

(စာ-၄၂၈)

※

သူ၏ရည်ရွယ်ချက်များ အောင်မြင်ရန် နည်းသုံးနည်း အသုံးပြုရမည်ဟု ဆိုသည်။ ယင်းတို့မှာ (၁) ဝါဒဖြန့်ခြင်း။ (၂) နိုင်ငံရေးပရိယာယ်နှင့် (၃) စစ်အင်အားတို့ ဖြစ်သည်။ အချို့က ဟစ်တလာသည် ခေတ်သစ်သမိုင်းတွင် ဝါဒဖြန့်လက်နက်နှင့် စည်းရုံးရေး လက်နက်ကို အထိရောက်ဆုံး အသုံးချနိုင်သည့် ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်သည်ဟု အသိအမှတ်ပြုကြသည်။ သူသည် ဝါဒဖြန့်အတတ်ပညာကို ပြည့်စုံစေရန် မတ်ဝါဒသမားတို့၏ ဝါဒဖြန့်နည်းကိုလေ့လာသည်။ ကက်သလစ်ဘာသာရေးဂိုဏ်း၏စည်းရုံးရေးနည်း





လမ်းများကိုလည်းကောင်း၊ ပထမကမ္ဘာစစ်တွင် ဗြိတိသျှတို့ အသုံးပြုခဲ့သည့် ဝါဒဖြန့်နည်းတို့ကိုလည်းကောင်း၊ အမေရိကန်တို့၏ ကုန်ပစ္စည်းကြော်ငြာနည်းကိုလည်းကောင်း၊ ဖရွိုက်၏စိတ်ပညာကိုလည်းကောင်း အသုံးချနိုင်ရန် လေ့လာခဲ့သည်။

ဟစ်တလာကက ဝါဒဖြန့်ချိရေးနှင့်ပတ်သက်၍ ဤသို့ သူ့စာအုပ်တွင် ဖွင့်ဆိုခဲ့သည်။

ဝါဒဖြန့်လုပ်ငန်းတွင် အမှန်တရားကို ရှာဖွေနေရန် မလို။ ကိုယ့်ဘက်က အမှန်တရားအတိုင်း ကျင့်သုံးရန်သာ ရှိသည်။ စစ်ဖြစ်ခြင်းမှာ ကိုယ့်ဘက်၌သာမဟုတ်၊ ရန်သူ့ဘက်၌လည်း တာဝန်ရှိသည်။ ရန်သူကို အပြစ်များများ ဖို့ရမည်။ တကယ့်ဖြစ်ရပ်နှင့် ညီညွတ်ဖို့ မညီညွတ်ဖို့ စဉ်းစားနေရန်မလို၊ ဝါဒဖြန့်လုပ်ငန်းမှာ လူကြီးလူကောင်းများ နားဝင်စေရေးထက် လူထုနားဝင်စေရေးက ပိုအရေးကြီးသည်။

(စာ-၄၃၀)

※

“လူထုသည် ပညာမတတ်။ သို့သော် မေ့လွယ်သည်။ သို့ဖြစ်ရာ ဝါဒဖြန့်ရာတွင် အချက်အလက်များများ ပါဖို့မလို။ ကိုယ်လိုချင်သည့် ကြွေးကြော်သံကိုသာ နားဝင်အောင် နာနာအော်ရမည်။”

“နာနာပြောလျှင် နားဝင်သည်။ လူထုစိတ်တွင် ကောင်းကင်ဘုံသည် ငရဲဖြစ်လာပြီး၊ ငရဲသည် ကောင်းကင်ဘုံ ဖြစ်လာသည်အထိ နားသွင်းနိုင်သည်။ လူထုကြီးမားလေလေ ဉာဏ်ပညာအဆင့်အမြင်



www.burmeseclassic.com

www.burmeseclassic.com 



နည်းသည့်သူများ၊ များလေလေဖြစ်သည်ကို သတိချပ်ရမည်။

ဟစ်တလာက လူထုသည် နကန်းတစ်လုံးမသိသည့် တော်းများဖြစ်သည်။ ခေါင်းထဲတွင် ဘာမျှမရှိသည့် သိုးအုပ်ကြီးဖြစ်သည်။ ထို့ကြောင့် ဝါဒဖြန့်နည်းတွင် အရေးအကြီးဆုံး သဘောတရားမှာ အများဆုံးလိမ်ရန်၊ အကြီးမားဆုံး မုသားစကားသုံးရန်သာ ဖြစ်သည်ဟု ဆိုသည်။

နောက်တစ်နည်းမှာ ဝါဒဖြန့်ရာတွင် ရန်သူကို မများစေနှင့်။ ရန်သူတစ်ဦးတည်း စုစည်းမိအောင် အလင်းရောင်ကွက်ပေးထားပါ။ ဟစ်တလာအဖို့ကား ဂျူးလူမျိုးကို ရန်သူနံပါတ်တစ်နေရာ ဦးတည်ပေးလိုက်သည်။ မိန့်ခွန်းတွင် မတ်ဝါဒ၊ ဗာဆေးစာချုပ်၊ ပြင်သစ်ပြည်စသည်တို့ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ပြောဆိုနေစဉ်မှာပင် ဂျူးဆန့်ကျင်ရေးသည် အမြဲပါနေသည်။ ဂျူးတို့သည် အရိယန်ယဉ်ကျေးမှုကို ဖျက်လိုဖျက်ဆီး လုပ်သူများ ဖြစ်သည်ဟု စွပ်စွဲသည်။ ပုံစံအားဖြင့် ...

"ပြင်သစ်သည် ကြောက်စရာ အကောင်းဆုံးရန်သူဖြစ်သည်။ ပြင်သစ်တို့သည် တဖြည်းဖြည်း၊ နီဂရိုးသွေးနှောလာပြီ။ တစ်ဆက်တည်းမှာပင် ဥရောပ၌ လူဖြူတို့ ဆက်လက်တည်တံ့ရေးသည် ဂျူးတို့က ကမ္ဘာတစ်ခုလုံး လွှမ်းမိုးရေး ရည်ရွယ်ချက်ကြောင့် အန္တရာယ်ရင်ဆိုင်နေရပြီ။ ရိုင်းနယ်တွင် နီဂရိုးသွေးနှောသည့်နည်းတူ ဂျာမနီတွင်လည်း၊ အမျိုးဂုဏ်မှေးမှိန်သွားရန် ဂျူးတို့က၊ သွေးနှောရေး ကြိုးပမ်းလာနေပြီ"



ဝါဒဖြန့်လက်နက်ကို အသုံးပြုနေချိန်၌ လူအများ၏ပညာရေးကို ထိန်းထားရမည်။ စာအုပ်များများ ဖတ်ခြင်းသည် မကောင်း။ ကိုယ်လက်ကြံ့ခိုင်ရေးကို ဦးစားပေးရမည်။ ဒုတိယအချက်မှာ အမိန့်ကို နာခံတတ်သည့် စစ်သားစိတ်မွေးရမည်။ နောက်ဆုံးတွင်မှ ပညာကို လိုက်စားရမည်။ အမျိုးသမီးတို့မှာ မိခင်ကောင်းဖြစ်ဖို့ ကြိုးစားရမည်။

(စာ-၄၃၁)

✻

ဟစ်တလာကို ၁၈၈၉ တွင် မွေးသည်။ ဆယ့်သုံးနှစ်သား၌ မိဘနှစ်ပါးလုံး ဆုံးသည်။ ပညာတစ်ပိုင်းတစ်စသာ သင်ခဲ့ရသည်။ ဗီယင်နာမြို့တွင် ဆိုရှယ်ဒီမိုကရက်တို့နှင့် ပေါင်းမိကာ မတ်ဝါဒကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သူဖြစ်လာသည်။ ပထမကမ္ဘာစစ်တွင် စစ်ထဲသို့ဝင်သည်။ နှစ်ကြိမ်ဒဏ်ရာရသည်။ တပ်ကြပ်ရာထူးသို့ တိုးမြှင့်ခံရသည်။ ဂျာမနီစစ်ရှုံးသည်မှာ ဂျူးများ မတ်ဝါဒသမားများနှင့် ရွှေပြည်အေးသမားများကြောင့် ဖြစ်သည်ဟု စွဲမြဲနေသည်။ ထို့နောက် ဂျာမန်အလုပ်သမားပါတီသို့ ဝင်သည်။ နောင်သော် နာဇီပါတီ၏အမြုတေပါတီဖြစ်သော အမျိုးသားဆိုရှယ်လစ် ဂျာမန်အလုပ်သမားပါတီ ဖြစ်လာသည်။ တဖြည်းဖြည်း ခေါင်းဆောင်မှုကို ရလာသည်။ ၁၉၂၃- တွင် ပါတီဝင် (၂၇၀၀၀) ရှိလာပြီး မြူးနစ်၌ စထရက်စမန်းအစိုးရကို အာဏာသိမ်းရန် အာဏာဖီဆန်သည်။ သေနတ်နှင့်ပစ် ရိုက်ခွဲရာ



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ခြောက်ယောက်သေပြီး ဟစ်တလာလည်း ထောင်ဒဏ်လေးနှစ် အပြစ်ခံရသည်။

ထောင်ထဲတွင် ဟစ်တလာသည် မိုင်ကမ့်ကို ရေးသည်။ ပထမပိုင်းမှာ ၁၉၂၅–တွင် ပြီးသည်။ ဒုတိယပိုင်းကို ၁၉၂၆ တွင် ပြီးသည်။ ၁၉၃၉ တွင် အင်္ဂလိပ်ဘာသာပြန် ထွက်လာသည့်အခါ လစ်တလာက ပြည့်ပြည့်စုံစုံ ဘာသာပြန်ခွင့်မပြု။

. . . မိုင်ကမ့်ခေါ် ကျွန်ုပ်၏ဘဝခရီးကြမ်းသည် ၂၀ ရာစုတွင် အထက်မြက်ဆုံး စာအုပ်ဖြစ်သည်၊ စာတစ်လုံးအတွက် ၁၂၅ ယောက် သေရသည်။ စာတစ်မျက်နှာအတွက် (၄၇၀၀) သေရသည်။ အခန်းတစ်ခုအတွက် လူ (၁၂) သိန်း သေရသည်၊ ယင်းမှာ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်လူမျိုးတို့၏နိုင်ငံရေးသမ္ဘာကျမ်းကြီးတစ်ခု ဖြစ်ပေသတည်း။

(စာ ၄၃၂–၄၃၃)

✲

စာဖတ်ကျင့်လေးရလာတဲ့အခါ (စာပေလေ့လာတတ်တဲ့အခါ)၊ ကိုယ်ရပ်တည်နေထိုင်တဲ့၊ ကမ္ဘာလောကရဲ့ . . . လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှု . . . စသဖြင့် အလုံးစုံမဟုတ်တောင်၊ တီးမိခေါက်မိရှိလာတာပေါ့။

တီးမိခေါက်မိ သိရှိလာရုံနဲ့တွင်၊ စီးပွားရေးမှာ ဘယ်သူက၊ ကိုယ့်ကို၊ ဘယ်လိုအမြတ်ထုတ်နေသလဲ။ နိုင်ငံရေးမှာ ဘယ်သူက၊





ကိုယ့်ကို . . . ဘယ်လို အနိုင်ကျင့်နေသလဲ၊ လူမှုရေးမှာ၊ ဘယ်သူက . . . ကိုယ့်ကို စော်ကားနေသလဲ။ ဘာသာရေးမှာ . . . ကိုယ့်ကို ဘယ်သူက သွတ်သွင်းနေသလဲ၊ ကျန်းမာရေးမှာ . . . ကိုယ် ဘာတွေ ဖြည့်ဆည်းရမလဲ . . . ဆိုတာတွေအထိ၊ ကျယ်ကျယ်ပြန့်ပြန့်လေး မြင်တတ်, ကြံဆတတ်လာတာပေါ့။

ကျောင်းသင် ပညာရေးလောကနဲ့တော့၊ တစ်ဝမ်းတစ်ခါး စောင့်ရှောက်နိုင်လောက်တာပေါ့။ ဒါပေမဲ့ . . . ထက်သန်တဲ့ဘဝ အတွက်ဆိုရင်တော့၊ ကျောင်းစာအပြင် တခြား,ဆိုင်ရာ ဆိုင်ရာ အသိပညာတွေကို၊ စာဖတ်ခြင်းနဲ့ လေ့လာသင့်တယ်လို့ ခင်ရာမင်ကြောင်းတွေ၊ ငယ်ရွယ်သူတွေကို၊ ကျွန်တော် . . . အကြံပြုလေ့ရှိပါတယ်။

✲

ဘဝမှာ . . . ၊

မုန်းတဲ့လူကို၊ မတွန်းလှန်နိုင်ရင်တောင်၊ ချစ်တဲ့သူတွေကို၊ ကူညီနေရတာလည်း၊ ကျေနပ်စရာ အခြေအနေပဲ . . . လို့ နှလုံးသွင်းပါတယ်၊ မြန်မာပြည်သူပြည်သားအားလုံးဟာ၊ ကျွန်တော် ချစ်တဲ့ ချစ်သူတွေပါဗျာ။

✲

၂၀၁၀–ဇန်နဝါရီလ,မှာ၊ ဒုတိယအိမ်ထောင် ထပ်ပျက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခွင့်ထူးခံ၊ လူတန်းစားတွေနဲ့ ဆက်သွယ်တော်စပ်ပတ်သက်နေသူမို့ အမြင်မကြည်ရင်းက၊ လမ်းခွဲတဲ့အထိ၊ ဖြစ်သွားရတာပါ။

ဆန္ဒပြ . . . ၊ တော်လှန် ဝေဖန်၊ အုံကြွခဲ့ကြတဲ့၊ ရဟန်းရှင်လူ ကျောင်းသား ပြည်သူလူထုအပေါ် ဆူပူအုံကြွသူတွေအဖြစ်၊ ဝေဖန်ရှုပ်ချလေ့ရှိတဲ့၊ အခွင့်ထူးခံ အသိုင်းအဝိုင်းတွေနဲ့ တော်စပ်, ခေါ်ပြော, ပတ်သက်တဲ့ . . . အမှုက၊ ပြိုကွဲခြင်းရဲ့ အခြေခံပဲ . . . ဆိုပါတော့။ သူကိုယ်တိုင်ရဲ့၊ ဖောက်လွဲဖောက်ပြန်၊ ခြေလှမ်းတချို့နဲ့ သူ့ကိုယ်တိုင်ရဲ့၊ ပကာသနမက်မောတတ်တဲ့၊ အရင်းခံစိတ်ထား။

ပြီးတော့ . . . ကျွန်တော့်ရဲ့၊ ကြမ်းတမ်းပြတ်သားတဲ့၊ နှုတ်ထွက်စကားတွေကြောင့်လည်း၊ ဖြစ်နိုင်ပါသေးတယ်။ (ထားတော့။ ဒါက, ကိုယ်ရေးကိုယ်တာ၊ ကိစ္စ။ ပြောလို့ သိပ်မကောင်းဘူး)။ အများအတွက်လည်း၊ ဘာမှ, အကျိုးရှိတဲ့၊ အကြောင်းမဟုတ်ဘူးလေ။ နော်။

မစာနာ၊ မညှာတာ၊ မသနားတတ်တဲ့သူကိုများ၊ ပြောပြနေမိရင်၊ အကဲ့ရဲ့တောင် ခံရဦးမယ့် . . . ကိစ္စ။ ဒါကြောင့် ကိုယ်ရေးကိုယ်တာကို၊ လိုရင်းပဲ ပြောပြီး၊ အများနဲ့သက်ဆိုင်တာကိုပဲ၊ ဆက်ပြောမယ်။ နော်။

※

ကဗျာကို အခြေခံတဲ့၊ ကလောင်တံကိုင်ရင်း၊ စာဖတ်သူ





(ပြည်သူလူထုကို) ပြောဟောခွင့်ရတဲ့အခါတိုင်း၊ ဟိုး . . . ငယ်စဉ်ကတည်းက၊ တမ်းတ, တောင့်တ,ခဲ့တဲ့ "ဒီမိုကရေစီ" . . . ဆိုတာလေး၊ တစ်ခွန်းစ, နှစ်ခွန်းစ ထည့်ပြောဖြစ်ခဲ့တယ်။ နိုင်ငံရေးကြောင့် အကျဉ်းကျနေသူ တစ်ဦးဦးရဲ့၊ အမည်နာမ,ကို၊ စကား မကြုံ,ကြုံအောင်၊ ဆင်ပြီး ထည့်ပြောဖြစ်ခဲ့တယ်။

ဥပမာ။ ။ ကျွန်တော် ခေါင်းတုံး ဆံပင်ပေါက်နဲ့၊ ဟောပြောရင်း။ ကျွန်တော့်ကို၊ လူရှင်တော် ဦးဇာဂနာနဲ့ တူတယ် . . . လို့၊ တချို့က, ပြောကြပါတယ် . . . ဆိုတာမျိုး။ (တမင်) ဦးဇာဂနာကို၊ လူထုမမေ့အောင်၊ ပြောတယ်။ ရုပ်ရှင်မင်းသား . . . ကိုကျော်သူ့နာမည်ကို၊ တစ်ခွန်းလောက်တော့၊ ထည့်ပြောတယ်။

အမှန်ဆို၊ ဒါ . . . ကျွန်တော် (စာပေစင်မြင့်ပေါ်မှာ) ထည့်ပြောဖို့၊ မလိုပါဘူး။ သို့သော် . . .

အကယ်ဒမီ . . . ဆုပေးပွဲတွေမှာ၊ အကယ်ဒမီဆုရုပ်တုလ်များထဲက၊ တစ်ယောက်ယောက်က,ပဲ ဖြစ်ဖြစ်၊ ဆုရသူတိုင်းက . . . ဖြစ်ဖြစ်၊ ကျွန်တော်, ကျွန်မတို့ရဲ့ အစ်ကိုကြီး . . . ဒါမှမဟုတ် လုပ်ဖော်ကိုင်ဖက်။ ဒါမှမဟုတ် ဆရာ ဇာဂနာနဲ့ ကိုကျော်သူတို့ကို၊ ဒီ . . . အကယ်ဒမီ စင်မြင့်ပေါ်က,နေ၊ ဂါရဝပြုပါတယ် . . . ကျေးဇူးတင်ပါတယ်၊ ဘာ . . . ညာ . . . ဆိုတာမျိုး။ ရုပ်ရှင်သမားတစ်ယောက်ယောက်က၊ ပြောဖြစ်ခဲ့ကြရင်၊ ကျွန်တော် ပြောစရာ မလိုတော့ဘူးပေါ့။ နော်။

နောက်ပြီး . . . ဗိုလ်ချုပ်အောင်ဆန်းအကြောင်း မပြော့,ကြ



www.burmeseclassic.com

www.burmeseclassic.com





အောင် ထည့်ပြောဖြစ်ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်း အာဇာနည်မကျ်တဲ့ အကြောင်းမျိုးပေါ့။ (ဟောပြောနေတုန်း၊ မီးတော့ပျက်သွားတာပေါ့)။

၂၀၀၈–ခုနှစ်တုန်းက၊ ရွှေတောင်မြို့ (စာဆိုတော်နေ့) ဟောပြောပွဲမှာ၊ သမ္မတကြီးလုပ်မှ၊ တိုင်းပြည်ချစ်တာ မဟုတ်ဘူး။ လမ်းဘေး ဈေးသည်တွေ ...၊ ဆိုက်ကားသမားတွေလည်း၊ တိုင်းပြည်ချစ်ပြီးသားပဲ ... လို့ စင်မြင့်ပေါ်က၊ ပြောလိုက်တာ၊ ပြည်သူလူထုရဲ့ လက်ခုပ်သံကို ကြားရတော့ ၁၉၈၈–ခုနှစ်တုန်းက၊ ဘဝရဲ့ ပထမဆုံး ဟောပြောခဲ့ဖူးတဲ့ ရန်ကုန်မြို့တော်ခန်းမ,ရှေ့က၊ ပြည်သူ ... လူထုကို သတိရမိပြီး၊ ရင်ထဲမှာ၊ နင့်သွားရတယ်။

(ဩော် ...၊ ငါကတော့၊ အသက်ရှင်လျက် ကျန်ရစ်ခဲ့လို့ ကိုယ် ... နိုင်စွမ်းသလောက်၊ ဆောင်ရွက်ဟောပြောနေရပေမယ့်၊ အဲဒီတုန်းက၊ ငါ့ ... ရှယ်တူတွေ၊ ဘယ်တွေ ... ရောက်ကုန်ကြပြီလဲ၊ ရှိမှ ရှိကြသေးရဲ့လား ... လို့၊ တွေးလိုက်မိတာပါ)။

၂၀၀၉–ခုနှစ်၊ ဒီဇင်ဘာလ၊ ရခိုင်ပြည်နယ်။ တောင်ကုတ်မြို့၊ ဟောပြောပွဲမှာ၊ ဒီမိုကရေစီ ... တို့၊ ဦးဇာဂနာတို့၊ တော်လှန်ရေးတို့၊ မင်းကောင်းမင်းမြတ်တို့ ... စတဲ့၊ စတဲ့ ... စကားလုံးတွေ၊ ဖောဖောသီသီ ပြောမိလို့၊ ဒေသခံ၊ ရဲဝန်ထမ်းများ၊ အထူးအစည်းအဝေး၊ ခေါ်ရတယ် ကြားလို့ နောက်တစ်နေ့ ဆက်မဟောတော့ဘဲ၊ (စီစဉ်သူ ရပ်မိရပ်ဖတွေကို အားနာပြီး) ဟောပြောပွဲ ခန်းမ,ထဲမှာ၊ ငုတ်တုတ်ပဲ၊ ထိုင်နေလိုက်တော့တယ်။ နောက်တစ်နေ့မှာ ''ရွာမ'' ဆိုတဲ့၊ ရွာလေးမှာ၊ ဟောပြီး ...၊ (တစ်ယောက်တည်း) ရန်ကုန်ကို ပြန်လာခဲ့လိုက်ပါတယ်။

၂၀၁၀–ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့။ ရန်ကုန်မှာ၊ အင်းစိန်အကျဉ်းဦးစီးနားက၊ ပိန္နဲကုန်းရပ်ကွက်မှာ၊ ဟောပြောပွဲ စင်မြင့်က, နေ၊ ဒီမိုကရေစီ အကြောင်းပြောမိ၊ ဗိုလ်ချုပ်အောင်ဆန်းကို၊ အလေးပြုမိ။ မင်းကောင်းမင်းမြတ်ကို၊ မမြင်ဖူးသေးဘူး ... လို့၊ ပြောမိလို့ မီးမှောင်ကျသွားရပါသေးတယ်။

ဆက်ပြောချင်ပေမယ့် ...

ရပ်ကွက်စီစဉ်သူတွေကို၊ အားနာလို့ စကားလက်စ, သတ်ခဲ့ရတယ်လေ။ (တောင်ကုတ်မြို့နဲ့ ပိန္နဲကုန်းရပ်ကွက်မှာ၊ ဟောပြောခဲ့တဲ့၊ ခေါင်းစဉ်လေးကို၊ ကျွန်တော် သိပ်သဘောကျတာပဲ။ ခေါင်းစဉ်လေးက ...

"သေရင်အာဇာနည်၊ ရှင်ရင်သူရဲကောင်း" ... တဲ့။

✳

တချို့တချို့သော နေရာတွေမှာ ...

အဲဒီလို ပြောလို့၊ ပရိသတ်က၊ လက်ခုပ်လက်ဝါးတီးချင်တီးမယ်။ ဘဝတူ, စာရေးဆရာ အချင်းချင်း အားပေးတဲ့သူ၊ မရှိသလောက် နည်းတယ်။ ကျွန်တော်က, ပွဲဖျက်တဲ့ကောင် ... ဆိုတဲ့၊ အတင်းစကား။ ပြန်ကြားရတယ်။ (အဲ ...၊အဲဒီ လူတွေက, ငဲ အာဏာရပါတီ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) ထဲတွေ





www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဖွဲ့စည်းထားတဲ့ အစိုးရသစ်လက်ထက် [ဒီမိုကရေစီဖော်ဆောင်မှု အတွက်၊ ဖြေလျှော့မှုတွေလည်း လုပ်လိုက်ရော]၊ ပြောလိုက်ကြတဲ့ ဒီမိုကရေစီ၊ ပြောလိုက်ကြတဲ့ ... နိုင်ငံရေး စကား။

ခွင့်မပြုခင်တုန်းက၊ ဟိုလိုလို ... ဒီလိုလိုလူတွေက၊ ခွင့်ပြု လိုက်ချိန်မှာ၊ သူတို့လောက် အစိုးရကို ဝေဖန်တဲ့လူ မရှိတော့ဘူး။ ထင်ရလောက်အောင်၊ ဟောကြ ပြောကြ လျှောင်ရယ်ကြချိန်မှာ။

ကျွန်တော် ဘယ်ဟောပြောပွဲမှ မဟောတော့ပါဘူး။ (၂၀၁၀ ခုနှစ် ဒီဇင်ဘာလ၊ လှိုင်မြို့နယ်) ဟောပြောပွဲဟာ၊ ကျွန်တော့်ရဲ့ နောက်ဆုံး ဟောပြောပွဲပါ။

အဲဒီနောက်ပိုင်း (အစိုးရသစ်) ရဲ့ ဖြေလျှော့မှုတွေနဲ့အတူ၊ ဟောကြ, ပြောကြတဲ့အခါ၊ ကျွန်တော် မပါတော့ပါဘူး။ ဖိတ်ကြား သူများကိုတော့၊ ကျန်းမာရေး အကြောင်းပြပြီး၊ ကျွန်တော် ငြင်းပယ် ခဲ့ပါတယ်။

အစိုးရကို၊ ထိကပါး, ရိကပါး ပြောတဲ့သူ၊ တစ်ခွန်းပြော၊ ထောင် (ဆယ်နှစ်) ဆိုရင်၊ အဲဒီအခါကျမှပဲ၊ ကျွန်တော် ... ဟော ပြောပွဲ တက်တော့မယ် ... လို့၊ ဆုံးဖြတ်လိုက်မိပါတယ်။

ကျွန်တော့်ထက်၊ ပိုပြီး ပညာရင့်ကျက်တဲ့၊ ဆရာတစ်ယောက် က,တော့၊ ကျွန်တော့်လိုတောင်၊ ရှည်ရှည်ဝေးဝေး၊ ပြောဆို ရင်ဖွင့် မနေပါဘူး။

ဆရာ ... ဘာဖြစ်လို့ စာပေဟောပြောပွဲ မတက်တော့တာ လဲ ... ဆိုတော့။





"ငါ ... သီချင်း မဆိုတတ်လို့ပါ" ... တဲ့။

☼

ဟိုး ... လွန်ခဲ့တဲ့ ၂၀၀၇၊ ဩဂုတ်လ (၅) ရက်နေ့တုန်းက၊ ဆုံးပါးခဲ့တဲ့၊ စာရေးဆရာ တာရာမင်းဝေ (ကျွန်တော်တို့ ညီညီလှိုင် တို့ သိခဲ့တဲ့ တော်လှန်ရေး အမည်နာမက၊ ကိုရွှေဘုန်းလူ) ရဲ့ ဈာ ပနကို၊ ဦးဇာဂနာနဲ့ ကိုမင်းကိုနိုင် ... တို့ လာကြမှာမို့၊ တချို့စာရေး ဆရာတွေ ... မလာကြဘူးလေ။

ဆရာ ... တာရာမင်းဝေ (ကိုရွှေဘုန်းလူ) နဲ့ ကျွန်တော်၊ မရင်းနှီးပါဘူး။ ကျွန်တော့်သူငယ်ချင်း ညီညီလှိုင်နဲ့ သိတာပါ)။

ဒါပေမဲ့ ... ဆရာနဲ့ကျွန်တော် နှလုံးသားဆန္ဒချင်း၊ ရင်းနှီး ကြတယ်လေ။

[ကျော်ဟိန်းသေမယ့် ... နေ့၊ တာရာမင်းဝေ သေမယ့်နေ့၊ မင်းခိုက်စိုးစံသေမယ့်နေ့၊ မောင်ညိုအေး (ပန်းတော) သေမယ့် ... နေ့၊ ပြီးတော့ ... မိဘသေမယ့် နေ့၊ ကျွန်တော် ခရီးထွက်ချင်တယ်။ သူတို့ကို၊ ရှိစေချင်သေးတယ်။ ကျွန်တော်က,တော့၊ စိတ်ဓာတ်ကျ နေတယ်။

2001-July-8, 10:30 (p.m)

ချောင်းလှုပ်လို့ရွာတဲ့မိုး (၂၀၀၁-ဇက်တင်ဘာလ၊ ကလျာမဂ္ဂဇင်း (အခန်းပျက်ဦးနှောက် (နှင့်) ရင်တွင်းဖွဲ့ဝေဒနာများစာအုပ်-မှ)]



www.burmeseclassic.com

www.burmeseclassic.com





လူချင်း . . . မခင်မင်, မရင်းနှီးပေမယ့် ကျွန်တော် စာဝါကျ တွေနဲ့ ဂုဏ်ပြုခဲ့တယ်။

ကျွန်တော့်အဖေ ဆုံးတာ ၂၀၀၄– ခုနှစ်၊ ဇန်နဝါရီ (၂၇) ရက်။ ၂၀၀၇–ဩဂုတ်ကျတော့ ဆရာတာရာမင်းဝေ ဆုံးတယ်။

"ကိုရွှေဘုန်း။

အရှေ့မြို့ရိုးမှာ၊ မိုးရေစက်တွေ

ရှာရစ်စေခဲ့ပြီ" . . . လို့၊

စာတန်းထိုးပြီး၊ လွမ်းသူ့ပန်းခြင်းလေး၊ ကျွန်တော် ပို့ခဲ့ တယ်။ (အဲဒီပန်းခြင်းလေးက စာသားတွေကိုတောင်၊ တာဝန်ရှိ ပုဂ္ဂိုလ် တချို့၊ ဓာတ်ပုံရိုက်နေတာ ကျွန်တော် သိပါတယ်)။ (အရှေ့မြို့ရိုးမှ၊ မိုးရေစက်များ) . . . ဆိုတဲ့၊ ဆရာ့ဝတ္ထုကို၊ ဂုဏ်ပြုရင်း၊ ကျွန်တော်တို့ ရဲဘော်၊ ရဲဘက်တွေရဲ့၊ ရင်ထဲမှာ . . . ပိုကြွေးကျန်ရစ်ခဲ့တယ် . . . လို့ ပြောပြလိုက်တာပါ)။

သတိထားတတ်သူမှ သိမှာပါ။ "ဩဂုတ်" လမှာမှ သူ . . . သေရတယ်လို့။ ဩဂုတ်လဆိုတာ၊ (၈) လပိုင်း။ ကျွန်တော်တို့ ဘယ် လောက်အထိ၊ စိတ္တဇဖြစ်နေမိကြသလဲဆိုရင်၊ (၈) ဂဏန်းကို မြင်တာ နဲ့၊ နှလုံးသွေးတွေ ဆူပွက်လာသလိုပါပဲ။

"ငါတို့ဟာ

ငါတို့အနာကို၊

ငါတို့ဘာသာ

လျှာနဲ့လျက် . . ."



ကိုမင်းကိုနိုင်ရဲ့၊ ကဗျာရွတ် ဂုဏ်ပြုသံ။

. . . မြန်မာနိုင်ငံရဲ့ စာရေးဆရာ တာရာမင်းဝေရဲ့၊ ဈာပနကို မသွားကြဖို့ လက်တို့တဲ့လူတောင် ရှိခဲ့ကြတယ်။

ထားတော့။ ဘယ်သူလာလာ, မလာလာ။ နေထိုင်မကောင်း လို့၊ ခရီးလွန်နေကြလို့၊ မလာတာ . . . လို့ပဲ၊ နှလုံးသွင်းပေးချင်ပါ တယ်။ (လာတဲ့လူတွေရဲ့ အမည်နာမ,တွေ ကျွန်တော့်နှလုံးသားထဲမှာ၊ ရှိသလို၊ (ကြောက်လို့) မလာတဲ့၊ သူတွေရဲ့ စာရင်းလည်း၊ ကျွန်တော့် မှာ ရှိပါတယ်)။

နိုင်ငံရေး၊ ဟောပြောပွဲကြီးမို့၊ မလာရဲကြတာဆိုရင်၊ ကျွန်တော် နားလည်ပေးနိုင်ပါတယ်။ ဒါ . . . ဈာပန၊ နာရေး။ စာပေ ပညာရှင်တစ်ဦးရဲ့ ဈာပန။

ဒါကိုတောင်၊ မလာရဲတဲ့သူတွေက။ (ခရီးလွန်နေသူ၊ အလျဉ်းမသင့်သူ၊ မသိကျွမ်းသူ၊ များကို၊ ကျွန်တော် . . . မဆိုလိုပါ။ ကြောက်တတ်သူများကိုသာ ဆိုလိုပါသည်)။

ကြောက်လို့ မလာရဲတဲ့သူတွေက . . . အခုလေ . . .၊ အခု . . . စာပေစင်မြင့်တွေပေါ်ကနေ . . .၊ တကယ့် တော်လှန်ရေးတပ် ဦးက၊ ဗျူဟာမှူးကြီးတွေလို . . . ဟောပြောနေကြလေမလားလို့ တွေးမိတဲ့အခါ။

ခွင့်ပြုမှ ပြောဝံ့ကြတာပါလား . . . လို့၊ တွေးမိတဲ့အခါ။ ခွင့်ပြုချက်ကို၊ ရရမစိုက်ဘဲ၊ ပြောခဲ့ဆိုခဲ့မိကြလို့၊ ဘဝ . . . နစ်မွန်း သွားခဲ့ကြတဲ့၊ တကယ့်သူရဲကောင်းကြီးတွေကို၊ မျက်ရည်ဝေ့ဝဲဝဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ၊ ကျွန်တော့်အိမ်ထဲက,နေ၊ ကျွန်တော် အလေးပြုနေဖြစ်ပါတော့တယ်။

ဥပမာဗျာ။ ကဗျာဆရာ အောင်ဝေးကို၊ သတိရနေတာမျိုးပေါ့။ (အဟောကောင်း, အပြောကောင်းတွေကို၊ တကယ့် သူရဲကောင်းကြီးတွေလို့ လူထုက ထင်မှတ်သွားချိန်မှာ)၊ တကယ့်သူရဲကောင်းတွေကို၊ အလေးပြုတဲ့အနေနဲ့ ကျွန်တော် . . . ၊ ဘာမှ . . . မဟောပြောတော့ပါဘူးဗျာ။

(သိပ် . . . လိုအပ်တဲ့ နေရာ,ဒေသ။ ခေတ်အဆက်ဆက် လုပ်စား,ဟောစားခဲ့ကြတဲ့ စားဖားကြီးများ၊ မပါဝင်တဲ့၊ ဟောပြောပွဲမျိုးဆိုရင်တော့၊ ကျွန်တော့် သူရဲကောင်းများရဲ့, ကိုယ်စား။ ကျွန်တော် . . . တစ်ခါတစ်ရံ ဟောပြောမိမယ်၊ ထင်ပါရဲ့)။

✳ ✳ ✳



(ဟ)

၂၀၁၁ မေလ ၂၉ ရက်။

တတိယ အိမ်ထောင်ပြု။

✳

ဆယ်ကျော်သက် အရွယ်ကတည်းက၊ ကိုယ်ရပ်နေတဲ့ . . . မြေ၊ ကိုယ့်တတိ၊ ကိုယ့်နိုင်ငံရဲ့ . . . အခြေအနေ အမြင့်,အကြားတွေကနေ တစ်ဆင့်။ လေ့လာ . . . ပါဝင်ပတ်သက် ရင်ဆိုင် ရှောင်ကွင်းခဲ့ရတဲ့၊ လူငယ်တစ်ယောက်ရဲ့ ဘဝဖြတ်သန်းမှုက၊ စိတ်ဝင်စားဖို့ကောင်းပါရဲ့လား။

ဘဝ ပြဿနာ အပြည့်အသိပ်။ မိသားစုပြဿနာတွေ . . . ရှုပ်ရှုပ်ထွေးထွေး။

ဘဝ ခရီး ကြမ်းကြမ်း ရမ်းရမ်း။

ဘယ်သူ့ကိုမှ၊ ဦးမညွှတ်ခဲ့ဘဲ၊ ဘယ်သူ့ဆီကမှ၊ ဘာအခွင့်အရေးမှ၊ မတောင်းခံဘဲ၊ ကျော်ဖြတ် . . . လှမ်းတက်ခဲ့ရတဲ့ (U.G 18) ဆိုတဲ့၊ ကလေးဘာသာ အသိဉာဏ်လေးတွေနဲ့၊ ဖွဲ့စည်းခဲ့တဲ့၊ အဖွဲ့လေးထဲက၊ လူတစ်ယောက်ပြောတဲ့၊ သူ့အမြင်၊ သူ့အကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



သူ့ . . . ဝေဒနာ၊ သူ့ဗီဇ၊ သူ့ . . . သမိုင်း။ (သူ . . . ဖြတ်သန်းခဲ့ရတဲ့ သမိုင်း)။ ပြီးတော့ . . . စနစ်ဆိုးကြီးတစ်ခုကို ဖြတ်သန်းခဲ့ရတယ် . . . ဆိုတာလေး . . . ၊

နည်းနည်းလေး . . . မြင်နိုင်ကြရင်၊ သဘောပေါက်ပါပြီဗျာ။

※

မေး။ ။ နိုင်ငံရေး ပြောရဲသလား။

ဖြေ။ ။ ဂေါ်ဖီထုပ် တစ်ထုပ်, ဖျက်ဆီးပစ်လိုက်တာ။ ဂေါ်ဖီခင်း တစ်ခင်းလုံး ဖျက်တဲ့အမှုနဲ့၊ အရေးမယူဘူးဆိုရင် ပြောရဲတယ်။

မေး။ ။ လူငယ်ဘဝတုန်းက၊ ကိုယ့်နိုင်ငံရဲ့ အစိုးရဟာ၊ ကိုယ့်ဘဝ, ကို၊ ပံ့ပိုးမှုပေးနိုင်ခဲ့တယ်လို့ ထင်သလား။

ဖြေ။ ။ ငယ်ငယ်က၊ ကျွန်တော့် အစိုးရက၊ ကျွန်တော့်ဘဝ, ကို၊ အများကြီး ပံ့ပိုးပေးပါတယ်။ အများကြီးလည်း၊ သင်ကြားပေးပါတယ်။

မေး။ ။ ဘယ်လိုတွေများလဲ။ ပြောပြပါလား။

ဖြေ။ ။ ကတိတစ်ခုပေးပြီး၊ ဖျက်ရတော့မယ့်အခါ၊ ရှက်မိရင်။ ရှက်တဲ့စိတ်ဖြစ်နေရင်။ ကြည့် . . . ငါ့နိုင်ငံ အစိုးရတောင်၊ ပေးတဲ့ကတိ ဖျက်တာတွေ ရှိသေးတာပဲ။ ငါလည်း . . . ရှက်မနေတော့ပါဘူး ဆိုပြီး၊ ပေးပြီးသားကတိ ဖျက်ရဲလာတယ်။ တစ်ယောက်ယောက်ကို၊ လိမ်ရတော့မယ်ဆိုရင်၊ မလိမ်ရဲ





ရင်။ အစိုးရတောင်၊ တချို့ကိစ္စတွေ၊ လိမ်ရ, ညာရသေးတာ ပဲ . . . လို့၊ တွေးပြီး ရဲရဲဝံ့ဝံ့ လိမ်ဖြစ်ပါတယ်။

အဲဒီ့အခါ၊ ကျွန်တော် စီးပွားဖြစ်ပါတယ်။ ဒါပေမဲ့ . . . ဂုဏ်သိက္ခာ တော့ မရှိဘူးပေါ့။ မဟုတ်တာ၊ လုပ်တော့မယ်ဆိုရင် သူများ ဝေဖန်မှာတွေ၊ ဘာတွေ ကြောက်နေမိရင်။ မျက်နှာပြောင် တိုက်တာတဲ့အချိုးအလာတွေ၊ လုပ်ထုံးလုပ်နည်းကို၊ မြင် ယောင်ပြီး ရဲရဲဝံ့ဝံ့လုပ်လိုက်တာပါပဲ။

အဲဒီလို . . . အတတ်ပညာတွေ ကျွန်တော့်အတွက်၊ အထောက်အပံ့ဖြစ်ခဲ့ပါတယ်။ အများကြီး . . . သင်ကြားပေး ခဲ့တာပါပဲ။

ဒါပေမဲ့ . . . အဲဒီ့နည်းစနစ်ကို၊ အသုံးမပြုခဲ့တာ၊ ဆယ့်ငါး နှစ်လောက် ရှိပါပြီ။ ရှုံတတ်သွားလို့ပါ''

မေး။ ။ အိုး . . . ဂုဏ်ယူပါတယ်။ အခုက, ရော . . . ဘာနည်းနဲ့၊ ဘဝကိုတည်ဆောက်ပါသလဲ။

ဖြေ။ ။ ဗုဒ္ဓနည်းနဲ့ ဘဝကို၊ တည်ဆောက်တာ၊ ဆယ့်ငါးနှစ်လောက် ရှိပါပြီ။ စီးပွားမဖြစ်ရင်တောင်၊ အ,ကုသိုလ် မကြီးတော့ပါ ဘူး။ သူတို့တောင် . . . မှားသေးတာပဲ။ ငါလည်း သူတို့လို မှားလိုက်ဦးမယ်ဆိုတာမျိုး။ ဗုဒ္ဓရဲ့အဆုံးအမ,ထဲမှာ၊ မပါ ပါဘူး။

အဲဒါကြောင့်၊ ဘယ်သူလိမ်လိမ်၊ ကိုယ် . . . မလိမ်တော့ဘူး . . . လို့၊ ဆုံးဖြတ်ခဲ့တာပါ''



www.burmeseclassic.com

www.burmeseclassic.com



မေး။ ။ လူ့အခွင့်အရေးကို ဘယ်လို မြင်ပါသလဲ။

ဖြေ။ ။ တရားသဖြင့်သော နှလုံးသားနဲ့ နေထိုင်ဖို့ ဘယ်သူ့ဆီက မှ လက်ဖြန့်တောင်းဖို့ မလိုပါဘူး။ ကိုယ့်ရဲ့ … စိတ်နှလုံး ကောင်းမွန်မှုအတွက်၊ ကျွန်ုပ်ကို၊ စိတ်နှလုံးကောင်းမွန် အောင်၊ လုပ်ပေးပါ … လို့၊ ဘယ်သူ့ဆီကမှ၊ တောင်းခံ စရာ မလိုပါဘူး။ ကိုယ့်ဘာသာ ဆောင်ရွက်ရတာပါ။ ကိုယ်ကောင်းဖို့၊ ကိုယ့်ဘာသာ လုပ်ပိုင်ခွင့်၊ ကိုယ့်မှာပဲ ရှိ ပါတယ်။ အဲဒါ … လူ့အခွင့်အရေးပါ။ ဒါန၊ သီလ၊ ဘာဝနာ … တွေ၊ ဆောင်ရွက်နိုင်တဲ့ လူ့အခွင့်အရေးကို၊ နတ်တွေတောင်၊ မရနိုင်ပါဘူး''

မေး။ ။ အခုရော … ဘာကို၊ တော်လှန်နေပါသလဲ။

ဖြေ။ ။ အရေးအကြီးဆုံး ရန်သူတွေကို တော်လှန်နိုင်ဖို့၊ ကြိုးပမ်း နေပါတယ်။

မေး။ ။ အရေးကြီးဆုံး၊ ရန်သူတွေဆိုတာ၊ ဘယ်သူတွေများလဲ။

ဖြေ။ ။ အိုခြင်း၊ နာခြင်း၊ သေခြင်းဟာ၊ အားလုံးရဲ့၊ အရေးတကြီး ရန်သူတွေပါ။

✳

ဒါ … အလွတ်သဘော၊ မေးမြန်းမှုတစ်ခုကို၊ ကျွန်တော် … ဖြေဆိုခဲ့တဲ့၊ မှတ်တမ်းလေးပါ။

✳



U.G 18

အခု … ကျွန်တော့်အသက် (၄၅) နှစ်ပါ။

အသက် (၂၀) ကျော်လောက်က နေ အတိုင်းအတာ တစ်ခု အထိ ခံယူခဲ့သမျှ အားလုံးအတွက်၊ လုံးဝ … နောင်တ မရပါဘူး။

ဒီနေ့ထက်ထိ၊

''တော်လှန်ရေး'' ဆိုတာကို၊

ကျွန်တော် စိတ်ဝင်စားနေတုန်းပါပဲ။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com

တော်လှန်ရေးခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

## (၄)

"လေးလေးရဲ့သူငယ်ချင်း နိုင်ဝင်း . . . ဆိုတာက,ရော၊ အခု . . . ဘယ်မှာလဲ"

"ရဟန်းဝတ်သွားပြီ"

"ဟင်၊ ကြာပြီလား"

"ကြာပြီထင်တယ်။ အနည်းဆုံး . . . ကိုးဝါ, ဆယ်ဝါလောက် ရှိပြီ။ လေးလေးနဲ့ တစ်ခါပဲ ဆုံတာ။ မတွေ့ရတာ တော်တော်ကြာပြီ"

"သူ . . . စိတ်ဓာတ်ကျသွားတာများလား"

"မဟုတ်ဘူး။ စိတ်ဓာတ် . . . မြင့်သွားတာ"

"ဘယ်လို၊ စိတ်ဓာတ်, မြင့်သွားတာ၊ ဟုတ်လား။ သမီးတို့ နားမရှင်းဘူး"

စီစီ၏ စံပယ်လှိုင်၊ ကျော်စွာမိုး၊ . . . စသဖြင့်သော၊ တူမ, အရွယ်၊ ညီအရွယ်တွေကြားမှာ၊ ကျွန်တော် . . . လူတာဝန်ကြီးလုပ်နေရတဲ့ အရွယ်ရောက်ပြီလေ။

"ကဲ . . .၊ လေးလေး ရှင်းပြမယ်။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ကြ''

✳

အခမ်းအနား တချို့မှာ၊ ကိုမြတ်စံကြီးနဲ့ ပြန်တွေ့တယ်။ ကိုပေါကြီးကိုလည်း တွေ့တယ်။ ဒါပေမဲ့ ကိုပေါကြီးကို၊ ကျွန်တော် မနှုတ်ဆက်တော့ပါဘူး။ ကာလ,တွေ ကြာခဲ့ပြီလေ။

အခမ်းအနားတချို့မှာ၊ အမေစုနဲ့လည်း ဆုံပါတယ်။ ကျွန်တော် ဘယ်သူဘယ်ဝါ၊ ဘယ်တုန်းက ဘာ,ညာ၊ ပြောမနေတော့ပါဘူး။

ဟိုး ... ငယ်စဉ်ကတည်းက၊ ကျွန်တော့်ဆန္ဒ (ကျွန်တော်တို့၊ ဆန္ဒကိုက)၊ သူ့နေရာနဲ့သူ ... ဒူးနေရာဒူး၊ ဖော်နေရာတော်ဖြစ်နေပြီ ... ဆိုရင်၊ ကျွန်တော်တို့၊ ကိုယ့်ဘာသာ နေလိုက်ကြရုံပါပဲ။

ဟိုး ... တုန်းက၊ သာမညဆရာတော်နဲ့ အမေစုနဲ့ ယှဉ်တွဲထားတဲ့၊ ပုံတစ်ပုံကို၊ အများကြီးကူးပြီး ''မေတ္တာရှင်နဲ့သစ္စာရှင်'' တို့ရဲ့ ဓာတ်ပုံဆိုပြီး လိုလားသူတွေကို၊ လိုက်ဝေဖူးပါတယ်။ (တကယ်က၊ အဲဒီအလုပ်ကို၊ အဲဒီ ပါတီဝင်တွေ၊ လုပ်ရမယ် ... လုပ်သင့်တယ် ... လို့များ၊ ပြောမိရင်၊ ကျွန်တော့်ကို စိတ်မဆိုးတန်ကောင်းပါဘူးနော်)။

ဒီပဲယင်းကိစ္စ၊ သတင်းပဲ ကြားရပေမယ့်၊ ကျွန်တော် ဘာမှ မကူနိုင်မယ့်အတူတူ၊ လူတွေလက်ထဲ၊ အမေစုပုံနဲ့ ဆရာတော့်ပုံ



U.G 18

... ရောက်သွားအောင်၊ ဝေပေးခဲ့တာပါ။

အဲဒီတုန်းက၊ မိုက်ကြည့် ကြည့်ခဲ့ကြတဲ့ အဖွဲ့အစည်းက, လူတွေလေ။ ဟိုတစ်လောက ရွှေကောက်ပွဲကို၊ ခွပ်ဒေါင်းခေါင်းစည်းတွေ စည်းပြီး မနက်အစောကြီး၊ သွားကြတာ၊ ကျွန်တော် တွေ့လိုက်တယ်။

အဲဒါ ... ဘယ်လို၊ ပြောင်းလဲမှုလဲ ... ဆိုတာ၊ ကျွန်တော် မတွေးချင်တော့ပါဘူး။ ကျွန်တော်တို့ (ကျဆုံးသွားကြရရှာသော၊ ဘဝ,နစ်မွန်းခဲ့ကြရသော၊ အင်အားစုများ) က၊ ဒီမိုကရေစီကို၊ ၁၉၈၈–ခုနှစ်ကတည်းက၊ ချိုမြိန်သည်ဖြစ်စေ, မချိုမြိန်သေးသည်ဖြစ်စေ၊ အာခံတွင်းထဲမှာ၊ ငုံထားခဲ့ကြသူတွေပါ။

အခုမှ၊ အမဲတုံးပြေးဟပ်သလို၊ ပြေးဟပ်ကိုက်ချီပြီး၊ ပွဲလယ်တင့်ပြကြတဲ့၊ ခါတော်မီ စားတော်ကဲကြီးတွေ၊ ရှိခဲ့သော်၊ ဒါလည်း ... အင်အားစုတစ်ရပ်ပါပဲ ... လို့သာ၊ နှလုံးသွင်းမိပါတော့တယ်။ အခုမှ ... အမေစုနား ပြေးကပ်ကြရကောင်းလားလို့လည်း အဘိဓမ္မာ မပွားချင်တော့သလို၊ (၂၀၁၁–ဇွန်၊ ၁၇) က၊ ကျင်းပတဲ့၊ (တစ်ပါတီ အာဏာရှင် ဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှု (၂၄) နှစ်ပြည့်၊ အထိမ်းအမှတ်) ပွဲမှာ၊ ဦးကိုကိုကြီး ပြောသွားသလို နာကြည်းချက်တွေ ဖြေလျှော့ပြီး၊ ရှေ့ခရီးဆက်တာ၊ အကောင်းဆုံးပါ။

ဦးဇာဂနာရဲ့ လွတ်လပ်ခြင်းအနုပညာ ရုပ်ရှင်ပွဲတော်မှာ၊ နိုင်မျိုးထွန်းနဲ့အတူ၊ ကျွန်တော် ဝင်ရောက်အားဖြည့်ပေးခဲ့ပါတယ်။ ပြိုင်ပွဲဝင်တာမျိုး မဟုတ်ပါဘူး။ ပြိုင်ပွဲဝင် အင်အားဖြည့်ပေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်မျိုးထွန်းက– နိုင်မျိုးထွန်း (ရန်ကုန်တက္ကသိုလ်) ဆိုတဲ့ နာမည်နဲ့ "ဝိမုတ္တိ" ဆိုတဲ့ ဇာတ်လမ်းတိုလေးကို၊ ဒါရိုက်တာလုပ်ပြီး ရိုက်ပါတယ်။ ကျွန်တော်က သရုပ်ဆောင်ပေါ့။ အဲဒီဇာတ်လမ်းတိုထဲမှာ၊ ၁၉၈၈–ခုနှစ်က၊ ဝေခဲ့, ရွတ်ခဲ့တဲ့ ...၊ "မှာတမ်း" ကဗျာကို၊ ထည့်ဖြစ်အောင် ထည့်ခဲ့ကြပါတယ်။

※

ရှေ့ဆက်ပြီး ... ကျွန်တော် ဘယ်သူ့အနားကိုမှ သွားဖို့ မလိုတော့ဘူးလို့ ဆုံးဖြတ်ပါတယ်။ ကိုမြတ်စံကြီးက,တော့၊ အမေစု ... ဆီ သွားခါနီးတိုင်း၊ ကျွန်တော့်ကို ခေါ်ပါတယ်။

ကျွန်တော် မသွားချင်သေးဘူး။ ဘာဖြစ်လို့လဲ ... ဆိုတာလည်း၊ မပြောချင်ပါဘူး။ (သန်းအောင် ပြည်ပ,ထွက်သွားတာ၊ ကြာပါပြီ)။ နိုင်ဝင်း ရဟန်းဝတ်သွားတာကိုလည်း၊ ကျွန်တော် သာဓုခေါ်ပါတယ်။

ဘာဖြစ်လို့၊ ရဟန်းဝတ်သွားရတယ်လို့၊ ကျွန်တော် မမေးလျှောက်ပါဘူး။ အခုအချိန် ပြန်တွေ့ရင်လည်း မေးလျှောက်ဖြစ်မှာမဟုတ်ပါဘူး။

မြင့်မြတ်သော ရဟန်းဘဝကို၊ ခံယူသွားပြီး ဆိုကတည်းက၊ ဉာဏ်, စိတ်, ကံ ... အရာရာ မြင့်သွား မြတ်သွားလို့ပဲပေါ့ ... လို့ နှလုံးသွင်းဆင်ခြင်ဖြစ်ပါတယ်။

※





"ဒါဆို ... လေးလေးက၊ အခု ... တော်လှန်ရေး မလုပ်တော့ဘူးပေါ့။ ..."

"လေးလေး၊ အရေးကြီးဆုံး တော်လှန်ရေး လုပ်ရလိမ့်မယ် ... သမီးရဲ့"

"ဘယ်တော့၊ လုပ်ရမှာလဲ"

"အချိန်တိုင်း လုပ်ရမှာ"

"..."

စံပယ်လှိုင် နားမလည်။

"လေးလေးရဲ့ သူငယ်ချင်း၊ နိုင်ဝင်း၊ အဲ ... ဦးပဥ္စင်း ခေမာ။

စိတ်ဓာတ်တွေ ... ပြိုကျ။ ဘဝ ... ပျက်။ အကြံတုံး ... သွားလို့ သာသနာ့ဘောင်ထဲ ဝင်သွားတယ်ထင်သလား"

"အဲလိုတော့၊ မထင်ပါဘူး။ ဒါပေမဲ့ ... အရွယ်ကောင်းပဲ ရှိသေးတာလေ။

ဟို ... သမီးတို့၊ တွေးမိတာ ပြောရရင်။ မတော်လှန်နိုင်တော့လို့၊ စိတ်ဓာတ်ကျ သွားတာမျိုး လား ... အဲလို"

"ဦးပဥ္စင်း၊ ရှင်ခေမာ၊ နိုင်ဝင်းဘဝတုန်းက၊ သူပြောသာ။ သူ့မိတက၊ အခုထိလည်း ... ကြွယ်ဝ,



www.burmeseclassic.com

www.burmeseclassic.com



တုန်းပဲ။ အဲဒီ ... ဘဝကို ထားပစ်ခဲ့တာ။

စိတ်မာတက်ကျပြီး၊ ထားပစ်ခဲ့တာ မဟုတ်လောက်ဘူး။

လေးလေးကာ၊ တမင် ... မမေးမလျှောက်ခဲ့တာဆိုပေမယ့်။ ခန့်မှန်းကြည့်ရရင်။ သူ့ဉာဏ် မြင့်သွားတာပဲ။

မင်း ... ကေရာဇ်ကို၊ တော်လှန်နေတာမျိုးထက်၊ လူ, နတ်, ဗြဟ္မာ ... သတ္တဝါအားလုံးကို၊ သေအောင်သတ်သတ်နေတဲ့၊ သေမင်းကိုတော်လှန်ဖို့။

သူ ... ရဟန်းဝတ်သွားတာ ဖြစ်မယ်။ လေးလေး ... အဲဒီလိုပဲ တွေးမိတယ်။

သူငယ်ချင်းဆိုပေမယ့် ... လေးလေး ဒီကိစ္စမှာတော့၊ မမေးမလျှောက်ရဲပါဘူး။ သူ ... အပြစ်တင်ရင်တောင်၊ ကိုယ်က ... အဆုံးအမ, ခံယူရမယ့်လူလေ။

မင်း ... အသက် လေးဆယ့်ငါးနှစ်ရှိပြီ။ ဒါလေးတောင်၊ မခန့်မှန်းနိုင်ဘူးလား ... ဆိုရင်။ လေးလေး ... အရှုံးပေးပြီ"

"သူက ... မိန်းမ မယူဘူးလား"

"မယူဘူး။ တမင် ... မယူတာ။ တိုင်းရေးပြည်ရေးကို၊ လွတ်လွတ်လပ်လပ်၊ ဆောင်ရွက်ဖို့ပေါ့။





လေးလေးက,တော့၊ ဘဝမှတ်အုကြီး ဆိုပါတော့"

(ရယ်ကြလေ၏။)

"သူ ... ပြောသလို၊ လူမှန်, နေရာမှန် ဖြစ်သွားပြီဆိုရင် ...၊ သူ ...,တော်တော် ကျေနပ်မှာပါ။ အဲ ...

ခံစားချင်မှလည်း၊ ခံစားတော့မှာပါ။ ရဟန်း ... ဖြစ်သွားပြီလေ"

"လေးလေးလည်း၊ အရေးကြီးတဲ့ တော်လှန်ရေး လုပ်ရမယ်ဆိုတာ၊ ဘုန်းကြီးဝတ်မယ် ပြောတာလား"

"ဝတ်ဖြစ်မယ်၊ မထင်သေးပါဘူး သမီးရယ်၊ လူဝတ်ကြောင်နဲ့ပဲ။ ဆောင်ရွက်ရမှာပေါ့။

လူဝတ်ကြောင်နဲ့၊ ကျင့်ရ,ကြံရတာ ယူနီဖောင်းမပါဘဲ၊ ရှေ့တန်းထွက်ရသလိုပါပဲ။ အရိယာလောက,မှာ၊ မျက်နှာတော့ ... ငယ်တာပေါ့"

"လေးလေး ဘဝမှာ၊ ဘယ်သူ့,ကို၊ အားအကျဆုံးလဲ"

"နိုင်ငံရေးမှာ ဗိုလ်ချုပ်အောင်ဆန်း။ ငြိမ်းချမ်းရေးမှာ သခင်ကိုယ်တော်မှိုင်း။ တော်လှန်ရေးမှာ ... ဂေါတမမြတ်စွာဘုရား"

www.burmeseclassic.com



"အန် ...။ တော်လှန်ရေးမှာ ဟုတ်လား ... လေးလေး"

"ကိုယ့်ဘာသာ ... စဉ်းစားကြ။ မစဉ်းစားနိုင်တော့မှ၊ လေးလေးဆီကို ဖုန်းဆက်"

☼

"ဒီမိုကရေစီ အုပ်ချုပ်ရေးဝါဒ" သည်ပင်လျှင်၊ ဂေါတမဗုဒ္ဓ၏ လက်ထက်ကတည်းက၊ သကျလူမျိုးများတွင်၊ ထွန်းကားနေပြီဖြစ်ကြောင်း ... ကျွန်တော် လေ့လာတွေ့ရှိဖူးလေသည်။

☼

[၁၉၉၆-ရှုလိုင်လထုတ် ညီတော်အာနန္ဒ၏တစ်သက်တာမှတ်တမ်း(ပထမ-တွဲ) ဝဏ္ဏသီရိ-(ဆဋ္ဌမ-အကြိမ်) စာမျက်နှာ-၇]

☼

[ဗုဒ္ဓ (သို့မဟုတ်) အနှိုင်းမဲ့
ဦးရွှေအောင် မဟာဝိဇ္ဇာ (သက္ကတ)၊ ဝဋ္ဋသကာနှင့်သီရောမဏိ
(ဒုတိယအကြိမ်)
၂၀၀၁-ဒီဇင်ဘာ-၁-ထုတ်။ စာမျက်နှာ-၁၀၃]

☼





တခြားအရပ်ဒေသ ... တခြားတိုင်းနိုင်ငံတို့မှ ရထင် ထွန်းကား၊ ပြန့်ပွားလာခြင်း မဟုတ်ဘဲ၊ အနီးအပါးမှ တခြားကို ... ပတ်ပြီး၊ ကိုယ့်ဆီကို၊ နောက်မှ၊ ရောက်လာသော၊ ဝါဒ,ပဲ ... ဟု၊ ဂုဏ်ယူဖွယ်၊ ကျွန်တော် တွေးဖြစ်သည်။

ကျွန်တော် ဆိုလိုချင်တာ၊ ဒီမိုကရေစီ... ဆိုတာ၊ အနောက်တိုင်းက,လာသော၊ ဝါဒ ... မဟုတ်ဘူး ... ဟု ဆိုလိုချင်ပါသည်။

☼

မည်သို့ပင်ဖြစ်စေ ... မည်သည့်၊ ဘဝ, ခရီးသွားမဆို၊ ဂင်္ဂါမြစ်ထဲ၊ မျောနေသော သစ်တုံးပမာ၊ တစ်စုံတစ်ရာက ဆယ်ယူလိုက်ပါက၊ ပင်လယ်သမုဒ္ဒရာသို့ ထို ... သစ်တုံး ရောက်ရှိစံဝင်နိုင်မည် မဟုတ်သကဲ့သို့၊

ဘဝ ... သံသရာထဲ မျောနေသူ အပေါင်းတို့သည်လည်း၊ သောင်တင် ..., ဆွေးမြည့် ..., နစ်မြုပ်ခြင်းဘေးမှ၊ လွတ်မြောက်ကြစေရန်၊

တကယ့်လွတ်မြောက်ခြင်းကို၊ ဂေါတမမြတ်စွာဘုရား ... ညွှန်ကြားဟောဖော်ခဲ့ပေသည်။

☼

ကံ ...မရှိ၊ ဉာဏ်ရှိတိုင်း ...မွဲ ... ဆိုသကဲ့သို့ပင်၊ ဉာဏ်မရှိပြန်လျှင်လည်း ကံတိုင်း ကံတိုင်း မွဲကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . . ဂုဏ်မွဲခဲ့သည့် ကျွန်တော်။

ညာဏ်မမွဲချင်တော့သည့်အခါ . . . အရာရာကို စူးစိုက်ရှုမြင်၊ သုံးသပ်တတ်ဖို့၊ လိုအပ်ပြီ . . . ဟု၊ သိမှတ်ထားခဲ့သည်။

✻ ✻ ✻



(အ)

ဘဝ,သံသရာအဆက်ဆက်၊ ကမ္ဘာအဆက်ဆက်၊ သင္ကြဝါ အဆက်ဆက်တို့ကို၊ အသင်္ချေကာလ,ပေါင်းများစွာ၊

သေအောင် သတ်နေသော . . .

အိုအောင် လောင်နေသော . . .

နာအောင် မြှိုက်နေသော . . .

သဘော . . . သဘာဝအား၊ အပြီးသတ် ရပ်တန့်စေနိုင်စွမ်းသည့်၊ ကမ္ဘာလောက၏ အကြီးမားဆုံး တော်လှန်ရေး ခေါင်းဆောင်ကြီးမှာ၊

ဂေါတမမြတ်စွာဘုရား . . . ဟု၊ ကျွန်တော် သိမြင်ချိန်၌ . . .

အခြားတစ်ပါးသော . . . ရန်

အခြားတစ်ပါးသော . . . ဘေး တို့သည် . . .၊

သံသရာ ကျင်လည်ကြသူတိုင်း၊ ရင်ဆိုင်ကြရသည့် . . . ရန်၊ ကြုံတွေ့ကြရသည့် . . . ဘေးဟု၊ တွေးမိချေ၏။

မင်းဆိုး မင်းညစ်နှင့် ကြုံဆုံရခြင်းသည်လည်း . . . ကိုယ်ပြုခဲ့တဲ့ . . . ကံ။ ဘေးအပေါင်း ရန်အပေါင်းတို့နှင့် ဆုံတွေ့ရခြင်းသည်လည်း . . . ကိုယ်ပြုခဲ့သည့် . . . ကံဟု၊ တွက်ဆ, နိုင်သည့်အခါ၊



www.burmeseclassic.com

www.burmeseclassic.com



အိုဘေး၊ နာဘေး၊ သေဘေးမှ . . .

အားလုံးသော လူ . . . (ပုဂ္ဂိုလ်) တို့အား၊ လုံး၀ . . . လွတ်မြောက်စေလိုပြန်၏။

ထိုဆန္ဒသည်ပင်လျှင် . .  အိုခြင်း
နာခြင်း
သေခြင်း . . . တို့ကို၊

ထပ်မံတော်လှန်နိုင်ရဦးမည် . . . ဟု၊ သန္နိဋ္ဌာန်ချမှတ် ဖြစ်စေသည်။

※

တော်လှန်ရေး ခေါင်းဆောင် မဖြစ်နိုင်ခဲ့သည့်တိုင်၊ တော်လှန်နိုင်သူတစ်ဦးအဖြစ်၊ ကျွန်တော် . . . နေထိုင်သွားချင်သည် . . ။

ပြည်တွင်း ပြည်ပ,ရန်ကို၊ တွန်းလှန်, တော်လှန်နိုင်စွမ်းသူ၊ ဖြစ်လိုသကဲ့သို့၊ ခန္ဓာတွင်း . . . (အဇ္ဈတ္တ)၊ ခန္ဓာပ (ဗဟိဒ္ဓ) ရန်တို့ကိုလည်း၊ ကျော်လွှား၊ တော်လှန်နိုင်စွမ်းသူ၊ ဖြစ်ချင်ပြန်သေးသည်။

※

မင်းဘေး, စိုးဘေးကိုလည်း၊ စွမ်းစွမ်းတမံ မတော်လှန်နိုင်။ အိုဘေး, နာဘေး, သေဘေးကိုလည်း၊ ပြတ်ပြတ်သားသား မတော်လှန်နိုင် . . . ဆိုလျှင် . . .

ကျွန်တော် . .





ဒီဘ၀,

ဒီတစ်သက်,

ဘာကို တော်လှန် "နိုင်" မည်နည်း . . .။

ပြည့်ရန်အပေါင်းခ,ညောင်းစေလျက်၊ မင်းဆိုးရာဇာကို၊ မည်သို့ပင်, တော်လှန်နိုင်ခဲ့စေ၊ မရဏာမင်း . . . ဟု၊ ခေါ်တွင်သော သေခြင်းကို၊ ထိထိရောက်ရောက်၊ မတွန်းလှန်နိုင်ပြန်လျှင်လည်း . . . ကျွန်တော် . . . တော်လှန်နိုင်စွမ်းသူ . . . ဟု၊ ကိုယ့်ကိုယ်ကိုယ်၊ ဂုဏ်ယူစွာ၊ မကြွေးကြော်ဝံ့သေး . . .။ တော်လှန်ရေးသမားကောင်း . . . ဟု၊ နိုင်မာစွာ၊ မယူဆ,ချင်သေး။

※

မည်သို့ပင် ဖြစ်စေ . . .။ 'လူ' ဟူသည်မှာ၊ ဆင်းရဲစေသော မည်သည့်အရာကိုမဆို၊ နောက်ဆုံးထွက်သက်အထိ၊ (စွမ်းဆောင်နိုင်သလောက်)၊ တွန်းလှန်သွားခဲ့သူတွေချည်းသာ ဖြစ်သည် . . . ဟု၊ နိုင်မာစွာ၊ ကျွန်တော် ယုံကြည်ထားလေသည် . . .။ ။

လေးစားခင်မင်လျက်,

မောင်လှမျိုး(ချင်းချောင်းခြံ)
2012-Jun-18
8:10 (p.m)
[mhm.ccc@gmail.com]



www.burmeseclassic.com